
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House

ချုပ်အောင်ဆန်း၏
စတာ်မနှင့်ပတ်သက်သော
ကြောင်းအရာများကို
ဖော်ပြထားသော
သားကြီးဗိုလ်တေဇ
Quality စာစဉ်အစဉ်



ဗိုလ်တေဇ
ဘဝကဗျာ



ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ချမ်းမြည့်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်
ဗိုလ်ချုပ်အောင်ဆန်း
ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)



Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၁၃၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဆုလ်ပေါက်မှု

September 2014 NO.116


ခင်နှင်းရွှေမှုန်

ဒေဝေစီးမြူတို့ ၉

စောဝင်းမှူးကြီး ဆိန်းခင်း

ကျစ်လစ်သည့်ခြင်း ၃၁

ထားရွှေအေး

မမေတ္တာဝင်းမျိုးဝံစေတွေ ၅၁

မောင်ညိုမြိုင်း (ဘာနိုင်ချင်)

မောဝ်ဝေဝင်း ၇၁

ကျော်ဖိုးမိုးဂျီ

ကြိုက်မှာဝင်မှ ကြောဝ်မှာကြိုး ၁၁၁

ရိုးရာစဉ်ကျွန်း

အနော်ဝေပေါ်ဝင်မချိုမကောင်း ၁၃၁

ရဲနွယ်ဆု

နုတ်ကြြာကျွန်းမယ် [illegible]

ရှင်းဂမ္ဘီရကြည်

တစ်ခုတည်းနှုတ်ခမ်း [illegible]

ကင့်ကျွေး(ဇော်ဇော်ဂျီ)

သူသမားနှင့်ဆောင်းရှိုင်းနေရွာမယ် ၂၀၅

မောင်မြင့်အေး (ပိုက်ကဇေး)

ဖူးပြဲလေလေသောဟင်းစားများ ၂၁၁

ကျွန်းကြီးသား ဟင်ဝင်းမိုး

ရွှေဟာပဝင် [illegible]


preview 5


www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဇော်မျိုးမြင့်မောင် (ဝ၉ ၃၁၁၁၆၉၉၉)
အုပ်ချုပ်မှုအယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်ဝင်းထက်
ရုံးအဖွဲ့
[illegible]
[illegible]
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-ဝ၄၂၂၉) Quality Publishing House
အမှတ် - ၅ဝ၈/၅၁၂ (၂၈)လွှာ ပထမထပ်
ကုန်သည်လမ်းနှင့် သိမ်ကြီးဈေးလမ်းဒေါင့် [illegible]
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်ဝင်းထက်
အတွင်းသရုပ်ဖော်
[illegible]
[illegible]
ကွန်ပျူတာနှင့် ဖလင်
Quality
ပုံနှိပ်သူ
[illegible] (ဝဝ၆၅၉)
[illegible]
[illegible] ရန်ကုန်မြို့။
စာအုပ်ချုပ်
တင်မောင်ထွန်း
အုပ်ရေ - ၅ဝဝ
တန်ဖိုး - ၁၅ဝဝ
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် - ၅ဝ၈/၅၁၂ (၂၈)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် သိမ်ကြီးဈေးလမ်းဒေါင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၆၃၃။

## NEXT



မျက်ဖြေလက်ကရုပ်ပုံလွှာ

သိကေ်ာ်သန်းအောင် (မြင်းခြံ)



ဂုဏ်ရာပခက်

ညီညီနိုင်

## MONTH



လွမ်းလွန်းလို့

မောင်ညိုမှိုင်း (သန်လျင်)




ဇော်ဝမ်းဇော်တူး

သက်ဆွေ

## PREVIEW

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အထူးသဖြင့် သူ၏မျက်လုံးများမှာ ခပ်ရီရီခပ်ဝေဝေရှိပြီးလျှင် အနီးပတ်ဝန်းကျင်ကို မကြည့်မမြင်ဘဲ အလွန်ဝေးလံသောအရပ်သို့ ကြည့်ရှုနေသည့်အလား အံ့မှိုင်းလျက်ရှိ၏။ သူ၏မျက်လုံးများမှာ နဂိုအားဖြင့် စူးရှတောက်ပဟန်ရှိသော်လည်း ကြည်လင်အေးမြသော ရေပြင်အပေါ်ယံမှ မှုန်နှောက်ထားသကဲ့သို့ ပင်ကိုတောက်ပခြင်းကို ငေးမောတွေဝေခြင်းတည်းဟူသော အနည်အနစ်များက ဖုံးလွှမ်းထားသကဲ့သို့ ရှိလေသည်။

မောင်စိန်ဘန်း၏အမှုမှာ ဇနီးဖြစ်သူအား ရက်စက်စွာ လည်ပင်းကို ဖျစ်ညှစ်သတ်မှုဖြစ်၍ မောင်စိန်ဘန်းကိုယ်တိုင်ကလည်း မိမိပင် သတ်မိကြောင်း။ သို့သော် သတ်သည့်အခိုက်အတန့်တွင် မိမိစိတ်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် သတိလက်လွှတ်ဖြစ်သွားကာ သတ်မိပါကြောင်းဖြင့် ထုချေ၏။ မောင်စိန်ဘန်း၏ရှေ့နေကလည်း သူ၏အမှုသည်မှာ စိတ်မနှံ့သဖြင့် ပြုလုပ်ခြင်းဖြစ်သောကြောင့် အကျိုးအကြောင်း ဆင်ခြင်နိုင်သည့်ဉာဏ်ကင်းမဲ့သည့် အချိန်အခါ၌ ပြုလုပ်ခြင်းတို့မည်သည် ရာဇဝတ်ပြစ်မှုမှ ကင်းလွတ်ပါကြောင်းဖြင့် လျှောက်လဲ၏။

ထို့ပြင် မောင်စိန်ဘန်းအား ဖမ်းဆီးပြီးနောက် အချုပ်၌ ခေတ္တချုပ်ထားစဉ် မောင်စိန်ဘန်းကိုယ်တိုင် သူ၏အဖြစ်အပျက်များကို ရေးသားပြီးလျှင် အမှုစစ်ဆေးသော ပုလိပ်အရာရှိမှ တစ်ဆင့်တရားသူကြီးထံသို့ တင်ပြခဲ့၏။ ထိုတင်ပြချက်မှာ သူ၏ကိုယ်ရေးတိုယ်တာ အထ္ထုပ္ပတ္တိတစ်ခုဖြစ်၍ တရားသူကြီးက မယုံကြည်ကြောင်း၊ အကယ်၍ယုံကြည်စေကာမူ ပြစ်မှုမှ ကင်းလွတ်ခွင့်ကို ပေးနိုင်မည်မဟုတ်ကြောင်း၊ ထို့ပြင် တရားခံရှေ့နေ၏ လျှောက်လဲချက်အရ တရားခံမှာ စိတ်မနှံ့ဟုဆိုခြင်းမှာလည်း တရားခံ၏ရေးသားချက်ကပင် စိတ်ကောင်းကြောင်းထင်ရှားနေသဖြင့် တရားခံသည် သေသူဇနီး၏ဇနီးကိုသတ်ရာ၌ အမှားအမှန်ကို ဆင်ခြင်နိုင်သော အသိဉာဏ်မရှိဟု မဆိုနိုင်ကြောင်း၊ သတ်ဖြတ်ပုံမှာလည်း သေသူ၏လည်မျိုတွင်လက်(၁၀)ချောင်းရာကြီးသည် အညိုအမည်းစွဲ၍ ကျန်ရစ်ခဲ့သည်အထိ ရက်စက်လှသဖြင့် တရားခံသည် သေစေလိုသောစိတ်ဖြင့်မသေမချင်းသတ်သည်မှာ ထင်ရှားကြောင်းစသည် ဖြင့်စီရင်ချက်တွင် နောက်ဆုံးရေးသားဖော်ပြပြီးနောက် ကြိုးမိန့်ပေးလိုက်ခြင်း ဖြစ်လေသည်။

ကြိုးမိန့်ကျပြီးနောက် လွှတ်တော်သို့ အယူခံဝင်လျက်ရှိစဉ် ကျွန်ုပ်မှာ ထောင်မှထွက်ရန် တနင်္ဂနွေတစ်ပတ်သာ ကျန်တော့သဖြင့် ထို(၇)ရက်အတွင်းတွင် မောင်စိန်ဘန်းနှင့် နောက်ဆုံးတွေ့ဆုံ စကားပြောခွင့် ရခဲ့လေသည်။

တစ်နေ့တွင် မောင်စိန်ဘန်းက ကျွန်ုပ်အား နှုတ်ဆက်စကား ပြောလိုကြောင်းဖြင့် ထောင်သားတစ်ယောက်၏ ပြောကြားချက်အရ ကျွန်ုပ်လည်း ထောင်မှူးကြီးထံ အခွင့်တောင်းပြီးလျှင် မောင်စိန်ဘန်း၏ "ကြိုးတိုက်" သို့ သွားခဲ့၏။

မောင်စိန်ဘန်းမှာ တစ်စုံတစ်ရာ စိတ်မနှံ့ဟန်မရှိဘဲ ကျွန်ုပ်အား ကောင်းမွန်စွာ နှုတ်ဆက်ကြိုဆိုပြီးနောက် -

"တွေ့ရတာ ဝမ်းသာပါတယ် - နောင်ကြီးရယ်။ ဒါနဲ့ - နောင်ကြီးက ကျွန်တော်တို့လို အချုပ်သမားတွေ အကျဉ်းသမားတွေဆီက ဇာတ်သုတတွေကို စာနဲ့ပေနဲ့ ရေးပြီးစုဆောင်းနေတယ်လို့ သတင်းကြားရပါတယ် မဟုတ်လား ခင်ဗျာ"

"ဟုတ်ပါတယ် - မောင်စိန်ဘန်း"

"ကျေးဇူးပါပဲ - ခင်ဗျာ။ ကျွန်တော်က မသေခင် ကျွန်တော်ရဲ့အတ္ထုပ္ပတ္တိ ကြောင်းကလေး နောင်ကြီးကို ပေးခဲ့ချင်လို့ပါ"





www.burmeseclassic.com

www.burmeseclassic.com

"အခု ပြောမလို့လား"

"ရေးပြီးသား အသင့်ရှိတယ် – ခင်ဗျ။ နောက်တော့မှ နှောင်ကြီး ဖတ်ကြည့်ပေတော့။ ပြီးတော့လည်း ထောင်က နှောင်ကြီးလွတ်သွားတဲ့အခါ ကျွန်တော့်အတွက် ဆောင်ရွက်ပေးစေချင်တာကလေး တစ်ခုရှိနေတယ်ခင်ဗျ။ ဒီလိုဒုက္ခပေးရတာကလည်း အားတော့နာပါတယ်။ နို့ပေမဲ့ – နှောင်ကြီးကလွဲလို့ တခြားဘယ်သူ့ကိုမှ မမြင်ဘူး ခင်ဗျ။ ကျွန်တော်က သားမရှိ၊ မယားမရှိ၊ ဆွေမျိုးမရှိ တစ်ကောင်ကြွက်ပဲကိုး – နှောင်ကြီးရဲ့ ဩော် – လောက – လောက မယားဆိုတာ မရှိမကောင်း၊၊ ရှိမကောင်းတည့်၊ မပေါင်းလည်းခက်၊ ပေါင်းလည်း ခက်ဆိုပါကလား – နှောင်ကြီး"

မောင်စိန်ဘန်းသည် တံတိုင်းပေါက်မှ တစ်မိုင်ခန့်မျှဝေးသည့်နေရာသို့ စောင့်မျှော်ကြည့်ရှုနေသည့်အလား ငေးမောတွေဝေကာ ကြည့်ရှုလျက် ရှိလေ၏။

မောင်စိန်ဘန်းသည် တွေဝေကြည့်ရှုလျက် ရှိရာမှ သတိရလာဟန်ဖြင့် –

"ဒီလိုကိုး – နှောင်ကြီးရဲ့ ကျွန်တော့်အမှုမှာ သက်သေခံအဖြစ်နဲ့ တင်ပြတဲ့ ဘဲဥပုံစားပွဲတင် မှန်ကလေးတစ်ချပ်ရှိတယ် ခင်ဗျ။ အခု – ဒီပစ္စည်းက ရုံးတော်ပစ္စည်းထိန်းလက်ထဲမှာ ရှိတယ်။ လူသတ်မှုဖြစ်တာလည်း ဒီမှန်ကို အကြောင်းပြုပြီး ဖြစ်ရလေတော့ သက်သေခံတင်ရတာပ – ခင်ဗျာ။ ကျွန်တော်ရဲ့အတ္ထုပ္ပတ္တိကို ဖတ်ကြည့်တဲ့အခါ နှောင်ကြီး သိပါလိမ့်မယ်။ ဒီတော့ – နှောင်ကြီး ထောင်က လွတ်သွားပြီးတဲ့နောက် ဒီမှန်ကလေးကို ရုံးတော်ပစ္စည်းထိန်းက လေလံပစ်တဲ့အခါ ရအောင်ဆွဲပြီး ကျွန်တော့်ကို သေဒဏ်ပေးတဲ့ တရားသူကြီး ဦးထွန်းနိုင်လက်ကို မရောက်၊ ရောက်အောင် ကြံပေးစေချင်တယ် ခင်ဗျာ"

မောင်စိန်ဘန်းမှာ သူ၏ရှေ့နေ ထုချေသည့်အတိုင်း အတယ်ပင် စိတ်မနှံ့သူတစ်ယောက်ဖြစ်လေသလော၊ သို့သော် – သူ၏အပြုအမူ အပြောအဆိုများမှာ တစ်ခါတစ်ရံ အလွန်ဝေးလံသောအရပ်သို့ ငေးမောကြည့်ရှုနေတတ်သည်မှတစ်ပါး စိတ်မနှံ့သောလက္ခဏာသော်လည်းကောင်း၊ မိမိစိတ်ကို မိမိ မထိန်းသိမ်းနိုင်သည့်လက္ခဏာသော်လည်းကောင်း မရှိချေ။ သို့နှင့် ကျွန်ုပ်က –

"မောင်စိန်ဘန်းရဲ့အမှုက ကိုယ့်မိန်းမလည်ပင်းကို ကိုယ်ဖျစ်သတ်တဲ့အမှုဆိုမဟုတ်လား"

"ဟုတ်ပါတယ် – နှောင်ကြီး"



www.burmeseclassic.com

"ဒီမှန်ဝိုင်းကလေးကို ဘာဖြစ်လို့ သက်သေခံပစ္စည်းအဖြစ်နဲ့ တင်ရတာလဲ - မောင်စိန်ဘန်းရဲ့ ကျုပ် - နားမလည်သေးပါဘူး"

"ဒါကြောင့် - ကျွန်တော်ရဲ့အတ္ထုပ္ပတ္တိကို ဖတ်ကြည့်တဲ့အခါ သိပါလိမ့်မယ်လို့ နောင်ကြီးကို ကျွန်တော်ပြောတာပေါ့။ ကျွန်တော့်အမှု ဆုံးခန်းတိုင်တဲ့အခါ ဒီမှန်ကလေးကို ရုံးတော်ပစ္စည်းထိန်းက လေလံတင်ပြီး ရောင်းလိမ့်မယ် ခင်ဗျ"

"ဟုတ်တာပေါ့"

"ပိုင်ရှင်မရှိတဲ့ပစ္စည်းတွေကို ထုံးစံအတိုင်းရုံးက လေလံတင်တဲ့အခါ ကျွန်တော်အမှုက အဲဒီမှန်ဝိုင်းကလေးကို လေလံပွဲမှာ မရရအောင် နောင်ကြီးက ဝယ်ရမယ်။ ဝယ်ပြီး တစ်နည်းနည်းနဲ့ ဦးထွန်းစိန်လက်ထဲရောက်အောင် ပို့စေချင်တယ် ခင်ဗျ။ ကျွန်တော် အစီရင်ခံတာ ရှင်းရဲ့မဟုတ်လား နောင်ကြီး"

"ရှင်းပါတယ်"

"ဝယ်ဖို့ငွေကတော့ - ကျွန်တော့်တာဝန်ပဲ"

မောင်စိန်ဘန်းသည် သူ၏ခါးတွင် ကြိုးကလေးတစ်ချောင်းဖြင့် သိုင်း၍ချည်ထားသော လက်စွပ်တစ်ကွင်းကို ကျွန်ုပ်အား ထုတ်ပေးပြီးနောက် -

"စားပွဲတင်မှန်ကလေး လေလံဆွဲဖို့ကတော့ ဒီလက်စွပ်ကိုရောင်းပြီး ဆွဲဖို့ပါပဲ - နောင်ကြီးရဲ့"

လက်စွပ်ကလေးမှာ လက်သည်းခွံခန့်ရှိ အလွန်အရည်အသွေးကောင်းလှသော ပတ္တမြားကို ကွင်းထားသည့် လက်စွပ်ကလေးဖြစ်၍ ပြတင်းပေါက်ထိုးဝင်လာသော နေရောင်တွင် ရဲရဲနီကာ တပြောင်ပြောင် တလက်လက် တောက်ပလျက်ရှိလေ၏။



"ရှမ်းပြည်ကရခဲ့တဲ့ မိုးကုတ်ပတ္တမြားအစစ်ပဲ - နောင်ကြီးရဲ့။ တစ်ခါက စိန်ဘာဘူကုလားတစ်ယောက်က (၁၅၀၀၀) ပေးဖူးတယ်။ ကျွန်တော်က မရောင်းလိုက်ဘူး။ ဒီလက်စွပ်ကို နောင်ကြီးသဘောအတိုင်း ထုခွဲပြီး မှန်ကလေးကို မရ၊ ရအောင်ဝယ်ရတဲ့အခါ စက်ရှင်မင်းကြီး ဦးထွန်းစိန် လက်ရောက်အောင် တစ်နည်းနည်းနဲ့ ကြံဖန်ပြီး ပေးပါတော့ ခင်ဗျား"

"နေပါဦး - မောင်စိန်ဘန်းရဲ့ ဒီမှန်ကလေးကို ပေးတာက ဘာရည်ရွယ်ချက်ရှိသလဲ"

"ရည်ရွယ်ချက်ကယ်လို့ မရှိပါဘူး ခင်ဗျာ။ နို့ပေမဲ့ - ဒီမှန်ကလေးသာ သူ့အိမ်ရောက်သွားရင် ကျွန်တော့်အစစ်ခံချက်ကို သူယုံကြည်ပြီး ကျွန်တော့်ကို ကြိုးမိန့်ပေးမိတာ မှားပြီလို့ နောင်တရကောင်း ရပါလိမ့်မယ်။ အဲဒါ - ရည်ရွယ်ချက်ပဲဆိုပါတော့"

မောင်စိန်ဘန်းသည် ကျွန်ုပ်အား စကားပြောလျက်ရှိရာမှ သံတိုင်ပေါက်မှ အလွန်ဝေးလံသောအရပ်တွင် တစ်စုံတစ်ရာကို ကြည့်နေသည့်အလား ငေးမောတွေဝေကာ ကြည့်ရှုလျက် ရှိပြန်လေ၏။ သူ၏ရည်ရွယ်ချက်ကို မသိရသည်မှတစ်ပါး သူ၏စကားများမှာ တစ်စုံတစ်ရာ ဖိတ်ဖောက်ပြန်သည့် လက္ခဏာမပါချေ။ ထို့နောက် မောင်စိန်ဘန်းသည် တည်ငြိမ်အေးဆေးသော အမူအရာဖြင့် ဆက်လက်၍ -

"သြော် - တစ်ခုတော့ရှိတယ် - နောင်ကြီးရေ။ ဒီမှန်ကလေး သူ့လက်ထဲရောက်သွားပြီးတဲ့ နောက်မှ ကျွန်တော်ရေးထားတဲ့ စာရွက်တွေကို နောင်ကြီး ကြည့်ရမယ်နော်။ ဒီဟာတစ်ခုတော့ နောင်ကြီး ကတိပေးပါ ခင်ဗျာ"

"ကောင်းပါပြီဗျာ - ကတိပေးပါတယ်။ ဒါထက် - မောင်စိန်ဘန်း - စာရွက်တွေကကော - ဘယ်မှာလဲ"

"ထောင်မှူးကလေး ဦးဘတင်လက်ထဲမှာ ရိုတ်ပိတ်ပြီး အပ်ထားတယ် နောင်ကြီးရဲ့။ နောင်ကြီးလက်ကို ပေးလိုက်ဖို့ သူ့ကို ပြောပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် – ကျုပ်တောင်းယူပါ့မယ်"

"ကိုင်း – တစ်ခါဖြင့် စိတ်အေးရပေပြီ၊ ကျေးဇူးတင်လိုက်တာ နောင်ကြီးရယ်၊ ကျွန်တော့်စိတ်ထဲမှဖြင့် ကြိုးစင်မတက်ခင် အလုံးကြီးတစ်လုံး ကျသွားတာနဲ့ အတူတူပဲ"

ကျွန်ုပ်လည်း တစ်စကာမျှ မောင်စိန်ဘန်းနှင့် တွေ့ရာလေးပါးစကားများကို ဖြေပြောဆိုလျက်ရှိရာ မောင်စိန်ဘန်းသည် အထက်ပါ အကြောင်းများကို အသေးစိတ်မှာကြားပြီးနောက် ကျွန်ုပ်မှာ အချိန်စေ့သည်နှင့် ထွက်ခဲ့ရလေ၏။

— ◎ —

ထောင်မှ ကျွန်ုပ် ထွက်ခဲ့ပြီးနောက် တစ်လခန့်မျှ မောင်စိန်ဘန်းအား "ကြိုးပေးလိုက်ပြီ" ဟူသောသတင်းကို ကြားရ၏။

ကျွန်ုပ်သည် ထောင်မှထွက်ခဲ့၍ သင်္ဘောဆိပ်အနီးရှိ ထမင်းဆိုင်ကလေး တစ်ဆိုင်၌ တည်းခိုကာ စားသောက်နေထိုင်လျက်ရှိစဉ် မောင်စိန်ဘန်းအား ကတိထားလိုက်မိသည့်အတိုင်း ဆောင်ရွက်ရန် ပြင်ဆင်ရတော့၏။

မောင်စိန်ဘန်းသည် သေခါနီးဆဲဆဲတွင် သူပိုင်ဆိုင်ခဲ့သော စားပွဲတင်မှန်ဝိုင်းကလေးကို ရုံးတော်ဘီလစ်ထဲမှ ကျွန်တော်က မရရအောင် ဝယ်ယူပြီးလျှင် သူ့အား သေဒဏ်အမိန့်ချမှတ်လိုက်သူ စက်ရှင်တရားသူကြီး ဦးထွန်းစိန်လက်သို့ မရောက်၊ ရောက်အောင် ထိုပစ္စည်းကို ပေးပို့စေလို၏။

ထိုပစ္စည်းမှာ မည်ကဲ့သို့ ပစ္စည်းဖြစ်လေသနည်း၊ မည်သည့်တန်ဖိုး အာနိသင်ရှိလေသနည်း၊ မည်သည့်ရည်ရွယ်ချက် ရှိလေသနည်း၊

ထိုပစ္စည်းကို လေလံဆွဲဝယ်ယူရန်အတွက် သူ၏လက်စွပ်ကို ထုခွဲရောင်းချရန် ကျွန်ုပ်အား ပေးအပ်ခဲ့၏။ ဤအကြောင်းအရာများကို ပေါင်းစပ်ကြည့်လိုက်သောအခါ အတော်ပင် ထူးဆန်းလှ၏။



သို့သော် မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်မှာ ၎င်းအား ကတိပေးလိုက်မိပြီဖြစ်၍ အစမှအဆုံးတိုင် ဆောင်ရွက်ရပေတော့မည်။

မောင်စိန်ဘန်းအား ကြိုးပေးပြီးသည့်နောက် ရက်သတ္တသုံးပတ်ခန့်မျှ ကြာသောအခါ ကျွန်ုပ်လည်း ဘီလစ်ရုံးသို့ သွားရောက်စုံစမ်းရာတွင် လာမည့် စနေနေ့နံနက် (၁၀) နာရီ၌ ပိုင်ရှင်မရှိသော တိုလီမိုလီပစ္စည်းအချို့ကို လေလံတင် ရောင်းချမည့်အကြောင်း ကြားသိရ၏။

သို့နှင့် ကျွန်ုပ်လည်း မိတ်ဆွေတစ်ယောက်၏ အကူအညီဖြင့် မောင်စိန်ဘန်း၏ ပတ္တမြားလက်စွပ်ကို ကျောက်ကုန်သည်ကြီးတစ်ဦးထံ သွားရောက်ရောင်းချရာ ငွေရှစ်ရာရရှိခဲ့၏။

စနေနေ့သို့ ရောက်သောအခါ ကျွန်ုပ်သည် ငွေရှစ်ရာကို ပိုက်ပြီးလျှင် ဘီလစ်ရုံးသို့ (၉) နာရီအချိန်ကပင် ရောက်ရှိလေ၏။

လေလံတင်မည့်ပစ္စည်းများကို ရုံးဝင်းအတွင်း ရှေ့ဥပစာတွင် အချို့ကို စားပွဲပေါ်၌လည်းကောင်း၊ အချို့ကို မြက်ခင်းပေါ်၌ ချလျက်လည်းကောင်း လေလံပစ်ရန် စီစဉ်လျက်ရှိသည်ကို တွေ့ရ၏။ ပစ္စည်းများမှာ အိုးခွက်များ၊ ချိုင့်များ၊ မီးအိမ်များ၊ သေတ္တာကြီးငယ်များ၊ ဓားအမျိုးမျိုးများ၊ ပန်းကန်ခွက်ယောက်များ၊ ကုလားထိုင်များ စသည်ဖြင့် အမျိုးမျိုးပါဝင်၏။

ဘီလစ်စာရေးလုပ်သူသည် နောက်ဆုံး၌ ပေါင်အဖြူကွပ်ထားသည့် ဘဲဥပုံစားပွဲတင်မှန်တစ်ချပ်ကို ထုတ်လာ၍ ကျွန်ုပ် အနီးရှိ စားပွဲတစ်လုံးပေါ်တွင် တင်ထားလိုက်၏။

ထိုမှန်တစ်ချပ်တည်းသာ လေလံပစ္စည်းများထဲတွင် ပါဝင်သည့်ပြင် ပုံသဏ္ဌာန်မှာလည်း မောင်စိန်ဘန်းပြောသည်နှင့် ကိုက်ညီသဖြင့် ၎င်းမှာ ကျွန်ုပ် လေလံဆွဲဝယ်ရမည့်ပစ္စည်းဖြစ်ကြောင်း သိရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုဘဲဥပုံ စားပွဲတင်မုန်ကလေးကို ကျွန်ုပ်လည်း နီးနီးကပ်ကပ် ကြည့်၍ လျှက်ရှိရာ မုန်မှာ ဘီလပ်ထွက်အကောင်းဆုံး ကျောက်သားမုန်မျိုးဖြစ်၍ အချင်းမှာ လက်မ(၂၀)ခန့်ရှိပြီးလျှင် အနံအားဖြင့် အကျယ်ဆုံးနေရာတွင် (၁၂)လက်မ၊ (၁၃)လက်မ ခန့်ရှိ၏။

ကွပ်၍ထားသောဖေါင်မှာ နောသားကဲ့သို့ဖြူဖွေးချောမွေ့သော အသား တစ်မျိုးဖြစ်၍ အရောင်တင်၍ထားသည်မှာလည်း ဆင်စွယ်ရောင်ထလျက် ရှိ၏။

အောက်ခံခုံကလေးနှင့် နံဘေးတစ်ဖက်တစ်ချက်ရှိ တိုင်ကလေးနှစ်ခု အလယ်တွင် ရှေ့တိုး၊ နောက်ငင်ပြုလုပ်နိုင်ရန် ဝက်အူတပ်ထား၏။

ဖေါင်တွင် အပေါ်နှင့်အောက်၌လည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်၌ လည်းကောင်း ယိုးဒယားပန်းခက်များကို လှပစွာ ထုလုပ်ထားရာ ပထမ၌ နိုင်ငံခြားမှလာသောဖေါင်တစ်ခုဟု ထင်မိသော်လည်း အနီးကပ်၍အကဲခတ် ကြည့်ရှုသောအခါ မြန်မာပန်းပုဆရာတစ်ဦး၏ပြောင်မြောက်သော လက်ရာ တစ်ခုဖြစ်ကြောင်း ကျွန်ုပ်ပြောနိုင်၏။

သို့ဖြစ်၍ မုန်မှာ ဘီလပ်ထွက်ပစ္စည်းဖြစ်သော်လည်း တပ်ဆင်ထားသော ဖေါင်မှာ မြန်မာလက်ရာဖြစ်ကြောင်း သိရလေသည်။

ပစ္စည်းမှာ လူကုံထံများအိမ်တွင် ထားတတ်သော မင်းကြိုက်၊ စိုးကြိုက် ပစ္စည်းမျိုးဖြစ်၍ ခန့်မှန်းခြေအားဖြင့် လေးငါးဆယ်တိုက်တန်သည်ဟု ကျွန်ုပ် မှန်းမိ၏။

အခြားပစ္စည်းအချို့တစ်ဝက်ကိုရောင်းချပြီးနောက် စားပွဲတင်မုန်ကလေး ကို စတင်ပစ်တော့၏။ ပထမဦးစွာ တန်ဖိုး(၅၀)မှစ၍ လေလံပစ်ရာ နောက် ဆုံး ကျွန်ုပ်က အဖိုးငွေ(၈၀)နှင့် ဆွဲဝယ်လိုက်လေသည်။ ထို့နောက် ကျွန်ုပ်



လည်း ဘီလပ်စာရေးကြီးအား ငွေပေးချေပြီးသော် မုန့်ကို ဂုန်နီစတစ်ခုဖြင့် ထုပ်၍မြင်းလှည်းတစ်စီးဖြင့် ကျွန်ုပ်နေထိုင်သောအိမ်ခန်းသို့ ယူခဲ့၏။

အိမ်သို့ရောက်၍ အထုပ်ကို ဖြေပြီးသော် ကျွန်ုပ်လည်း မုန့်ကလေးကို အဝတ်တစ်ခုဖြင့် ကောင်းစွာ ပွတ်တိုက်ပြီးနောက် အခန်းထောင့်ရှိ စားပွဲ တလေးတစ်လုံးပေါ်၌တင်ထားလိုက်လေ၏။ မုန့်ကလေးမှာ အတော်ပင်လှပ ၍ လူကုံထံများအိမ်တွင် အလှအပပြင်ဆင်ထားပါက အကယ်ပင်လှပသော ပစ္စည်းကလေးတစ်ခုပင် ဖြစ်လေသည်။

ကျွန်ုပ်လည်း မောင်စိန်ဘန်းကို အမှတ်ရလျက် မုန့်ကလေးမှာ သူ၏အမှု တွင် မည်ကဲ့သို့ပါဝင်၍ အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် စက်ရှင်တရား သူကြီး ဦးထွန်းစိန်၏လက်သို့ရောက်အောင် ပေးရမည်ဟု မှာထားခဲ့လေ သနည်းဟု စဉ်းစားမိ၏။ ထိုအခါ ကျွန်ုပ်လည်း သူပေးခဲ့သော စာရွက်ထုပ် တလေးကို သွား၍သတိရပြီးလျှင် သူရေးထားခဲ့သည့် အတ္ထုပ္ပတ္တိထဲတွင် အနည်းဆုံး အရိပ်အငွေ့မျှပါရမည်ဟု ယူဆမိ၏။

သို့နှင့် ကျွန်ုပ်လည်း အဝတ်အစားထည့်သော သေတ္တာထဲတွင် တရိုတသေသိမ်းထားသည့် သူ၏စာရွက်ထုတ်ကလေးကိုကိုင်၍ကြည့်မိ၏။ သို့သော် –

“သြော် – တစ်ခုတော့ရှိတယ် – နောင်ကြီးရေ့၊ ဒီမုန့်ကလေး သူ့လက်ထဲ ရောက်ထားတဲ့အခါကျမှ ကျွန်တော်ရေးထားတဲ့ စာရွက်တွေကို နောင်ကြီး ကြည့်ရမယ်နော်၊ ဒီဟာတစ်ခုတော့ ကတိပေးပါ – နောင်ကြီးရယ်”

ဟု နောက်ဆီမှ မောင်စိန်ဘန်း၏အသံဖြင့် ယခုပင် ပြောနေဘိသကဲ့သို့ ကျွန်ုပ်နားထဲတွင် ကြားယောင်လျက်ရှိနေရကား ကျွန်ုပ်မှာ ထိုအကြောင်းကို စဉ်းစားရင်း ကြက်သီးမွေးညင်းထလာပြီးလျှင် စာရွက်ထုပ်ကလေးကို သေတ္တာထဲသို့ပြန်၍ထည့်ထားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ညသ၌ ကျွန်ုပ်သည် အောက်ထပ်ထမင်းဆိုင်ကလေးတွင် ထမင်းစားပြီးနောက် ကျွန်ုပ်အိပ်သော အခန်းသို့ တက်လာခဲ့ပြီးလျှင် ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ထိုင်ကာ ကျွန်ုပ်၏ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားရာမှဆက်၍ မောင်စိန်ဘန်းအကြောင်းကို သတိရမိ၏။ အချိန်မှာ ပုဒ်ကိုက်သောတပေါင်းလဖြစ်သဖြင့် လဆန်း (၁၃)ရက် လမင်းသည် ထိန်ထိန်သာလျက်ရှိသည်ဖြစ်ရာ အေးမြသော လရောင်များသည် ပြတင်းပေါက်ဆီမှ ထိုးဝင်ကာ မောင်စိန်ဘန်း၏မှန်ဗိုင်းကလေးပေါ်သို့တစ်ပိုင်းတစ်စ ကျရောက်လျက်ရှိ၏။

ကျွန်ုပ်သည် မောင်စိန်ဘန်း၏အကြောင်းကို စဉ်းစားလျက်ရှိရာမှ မှန်ဗိုင်းကလေးဆီသို့ လှည့်၍ကြည့်လိုက်ရာ မှန်ပေါ်တွင် မြူခိုးများ ယှက်သမ်းသကဲ့သို့ မှုန်မှိုင်းမှိုင်းရှိနေသည်ကို မြင်ရသဖြင့် ညနေခင်းကပင် အဝတ်ဟောင်းတစ်ခုဖြင့် ကျွန်ုပ်ကိုယ်တိုင် ပွတ်တိုက်ထားသည်ကို သတိရမိ၏။

သို့နှင့် ကျွန်ုပ်လည်း မှန်ကလေးအနီးသို့ သွားရောက်ကာ အံဆွဲတစ်ခုအတွင်းမှ အဝတ်ဖြူတစ်ခုဖြင့် မှန်၏မျက်နှာပြင်ကို ပွတ်တိုက်ပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်တွင် ပြန်၍ထိုင်ပြန်၏။ တစ်ခဏမျှ ကြာလတ်သော် မှန်ကလေးသည်ယခုပင်ကျွန်ုပ်ပွတ်တိုက်ထားသဖြင့်ကြည်လင်လျက်ရှိရာမှ တစ်ဖန် မှုန်မှိုင်းမှိုင်းဖြစ်၍လာသည်ကို ထူးဆန်းစွာ တွေ့မြင်ရပြန်၏။ သို့သော် ကျွန်ုပ်ကား မှန်ကလေးရှိရာသို့ မသွားတော့ဘဲ ဆေးလိပ်တစ်လိပ်ကို မီးညှိ၍ သောက်ပြီးနောက် ထိုပက်လက်ကုလားထိုင်ပေါ်၌ပင် အိပ်ပျော်၍သွားလေ၏။

ကျွန်ုပ်၏ဒုတိယဆောင်ရွက်ရမည့်ကိစ္စမှာ မှန်ကလေးကိုစက်ရှင်မင်းကြီး ဦးထွန်းစိန်လက်ထဲသို့ မရောက်၊ ရောက်အောင် ပို့ဆောင်ရမည်ဖြစ်၏။ ဤကိစ္စကား မလွယ်လှချေ။ လွယ်မယောင်နှင့် ခက်သောကိစ္စဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် စက်ရှင်မင်းကြီး ဦးထွန်းစိန်ကိုလည်း ကျွန်ုပ် မသိချေ။ သို့ဖြစ်၍ ထိုပစ္စည်းကို အကယ်၍ ကျွန်ုပ် လက်ဆောင်အဖြစ် ပေးစေကာမူ မသိသောသူတစ်ယောက်၏ လက်ဆောင်ကို တရားသူကြီးတစ်ဦးသည် မည်ကဲ့သို့ လက်ခံပေမည်နည်း။

မောင်စိန်ဘန်းအား ကတိပေးလိုက်စဉ်အခါက ကျွန်ုပ်သည် ဤမျှလောက် နက်နက်နဲနဲ မစဉ်းစားမိခဲ့ချေ။ နောက်ဆုံး၌ ကျွန်ုပ်သည် နည်းလမ်း (၂)ခုကို စဉ်းစားမိ၏။

ပထမနည်းလမ်းမှာ ကျွန်ုပ်ကိုယ်တိုင် တိုလီမိုလီကုန်ဟောင်းများရောင်းချသူတစ်ယောက်အနေနှင့် စက်ရှင်မင်းကြီးအိမ်သို့ သွားရောက်ရောင်းချမည်ဖြစ်၏။ ဒုတိယနည်းလမ်းမှာ သူနှင့်ပလဲနံပသင့်သောသူတစ်ယောက်ထံ ချဉ်းကပ်ပြီးလျှင် ဦးထွန်းစိန်အား လက်ဆောင်ပေးစေရမည်ဖြစ်၏။ အထက်ပါအကြောင်းများကိုစဉ်းစားပြီးနောက်ကျွန်ုပ်လည်း၎င်း၍လွယ်ကူမည်ထင်သော ဒုတိယနည်းလမ်းကို နောက်ဆုံး ရွေးချယ်လိုက်တော့၏။

သို့နှင့် ကျွန်ုပ်သည် စက်ရှင်မင်းကြီး ဦးထွန်းစိန်၏အိမ်သို့ဝင်ထွက်သွားလာသူများနှင့်တကွ အိမ်သူအိမ်သားအကြောင်းကိုပါ သိရှိအောင်ပြုလုပ်ရတော့၏။ စက်ရှင်မင်းကြီးဦးထွန်းစိန်၏ ဇနီးမင်းကတော်မှာ အသက်(၄၀) ခန့်သာရှိသေး၍ရုပ်ရည်အလွန်နုပျိုပြီးလျှင် မင်းပွဲသဘင်၊ ကပွဲသဘင်၊ အလှူအတန်း၊ မင်္ဂလာဆောင်၊ ဂါးဒင်းပါတီ၊ တီးပါတီတို့၌ အလွန်ဝါသနာထုံကာ အပျော်အပါးကြိုက်သူတစ်ယောက်ဖြစ်၏။ ဦးထွန်းစိန်မှာမူ အလွန်ရိုးသား၍ မည်သူ့ကိုမဆို ခပ်မှန်မှန်ခပ်တန်းတန်း နေထိုင်တတ်သူဖြစ်လေသည်။

အထက်ပါအကြောင်းများကို ကျွန်ုပ်သည် သူ၏ဘဏ္ဍာစိုးဖြစ်သူ ကိုတင်စိုးဆိုသူထံမှ ကြားသိရလေသည်။ ကိုတင်စိုးမှာ ဦးထွန်းစိန်၏ကားဒရိုင်ဘာလည်း မောင်းရသူဖြစ်၍ တစ်နေ့သ၌ ကျွန်ုပ်သည် အခါကောင်း အခွင့်ကောင်းကို ချောင်းမြောင်းနေသူ တစ်ယောက်ဖြစ် သည့်အတိုင်း ကားစောင့်



www.burmeseclassic.com

www.burmeseclassic.com

ရင်း အနီးရှိ တရုတ်ဟိုတယ်တစ်ခုသို့ ၎င်းအားခေါ်သွားပြီးလျှင် အရက်ဖြင့်လောကဝတ်ပြုကာ မိတ်ဖွဲ့ခဲ့လေ၏။ သို့နှင့်သူ့အား နှစ်ကြိမ်သုံးကြိမ်မျှ ရှိန်းချက်တွေ့ဆုံကာကျွန်ုပ်က ဖောဖောသီသီတိုက်ကျွေးသောအခါကိုတင်စိုးနှင့်ကျွန်ုပ်မှာ အတော်ပင် အကျွမ်းတဝင် ဖြစ်ခဲ့လေသည်။

တစ်နေ့သော တနင်္ဂနွေနေ့ နေ့လယ်၌ ကိုတင်စိုးသည် အားလပ်ခွင့်ရသဖြင့် ကျွန်ုပ်နေသော အခန်းကလေးကို ရောက်ရှိလာရာ ကျွန်ုပ်က ဘီယာ(၂)ပုလင်းမှာထားပြီးလျှင် တရုတ်အကြော်ဆိုင်မှာ ဘဲကင်၊ ဝက်ကင်များနှင့် ဧည့်ဝတ်ပြုလေ၏။ ထိုအခါ အခွင့်အသာဆုံးအချိန်သို့ ရောက်လာပြီဖြစ်၍ ကျွန်ုပ်က ကိုတင်စိုးအား -

"ဩော် - ဒါထက် - ကိုတင်စိုး - ကျုပ်တစ်ခုမေးချင်တာ ရှိတယ်ဗျာ၊ ခင်ဗျားတော့ ဆောင်ရွက်ပေးနိုင်ပါလိမ့်မယ်"

"ဘာများလဲ - ဆရာရဲ့၊ ဆရာ့ကိစ္စရှိရင် ကျွန်တော် အသက်နဲ့လဲပြီး ဆောင်ရွက်နိုင်ပါတယ်"

"ကျုပ် - တစ်ခါက မန္တလေးမှာ လူသတ်မှုဖြစ်ဖူးတယ် - ကိုတင်စိုးရဲ့၊ အမှုကတော့ အမှုမှန်ပဲ၊ နို့ပေမဲ့ - သက်သေမလုံလောက်တာနဲ့ လွှတ်ပစ်လိုက်တယ်၊ အဲဒီလွှတ်ပစ်လိုက်တဲ့တရားသူကြီးဟာ တခြားသူမဟုတ်ဘူး၊ အခု ခင်ဗျားဆရာ ဦးထွန်းစိန်ပဲ"

"ကျွန်တော့်ဆရာကတော့ မမှန်တာ ဘယ်တော့မှ မလုပ်ပါဘူးခင်ဗျာ၊ သူ့စိတ်ထဲမှာ မှန်တယ်ထင်ရင် မှန်တဲ့အတိုင်းလုပ်တာချည်းပဲ ခင်ဗျ၊ လာဘ်သပ်ပကာဆိုတာလည်း ဘယ်တော့မှ လက်ခံတဲ့လူ မဟုတ်ဘူး၊ တစ်ခါ တရုတ်သူဌေးတစ်ယောက် ငွေ(၅၀၀၀)လာပေးတာ အိမ်ကမောင်းချလို့ အတော်ကလေးတောင် ဂယက်ရိုက်သွားဖူးတယ်၊ ကျွန်တော် အစင်းသိကလား ခင်ဗျာ"



"အဲဒါကြောင့် ခက်တာပေါ့"

"ဆရာက ဘာပြောချင်လို့လဲ"

"ကျုပ်ပေးချင်တာက လာဘ်မဟုတ်ပါဘူးဗျာ၊ လာဘ်ပေးဖို့လည်း ကျုပ်မှာ အမှုမရှိပါဘူး၊ သူ - အရင်က ကျုပ်ကို လွှတ်ပစ်ထားတာ ကျုပ်စိတ်ထဲ တန့်နေ့ သူ့ကို ကျေးဇူးတင်ပြီး အရှင်မင်းကြီးကိုတော့ ဂါတစ်ခုစုပေးရဦးမယ်လို့ အောက်မေ့တာ အခု ခင်ဗျားနဲ့ မိတ်ဆွေဖြစ်တော့မှ အထမြောက်တော့မှာပဲ"

"ဘာလက်ဆောင်များ ပေးချင်လို့လဲ - ဆရာရဲ့"

"အဖိုးတော့ မတန်လှပါဘူး၊ ဟောဟို စားပွဲပေးမှာ တင်ထားတဲ့ မှန်ကလေးပါ"

"စားပွဲတင်မှန်ကလေး မဟုတ်လား"

"ဟုတ်ပါတယ်လေ ...၊ ကျုပ်လည်း မျက်စိထဲမှာ လှလှရှိတာနဲ့ လေလံပွဲတစ်ခုက ဆွဲလာခဲ့တယ်"

"ဘယ်လောက်ပေးရမလဲ - ဆရာရဲ့"

"(၃၅)ကျပ်ပေးရတယ်"

ကိုတင်စိုးသည် စားပွဲရှိရာသို့ ထသွားပြီးလျှင် မှန်ကလေးကို ကိုင်တွယ်ကြည့်ရှုလျက်ရှိလေ၏။

"ဘီလပ်လုပ်ထင်တယ် - ဆရာ"

"မပြောတတ်ပါဘူးဗျာ၊ လှတာနဲ့ ဝယ်ခဲ့တာပဲ"

"အမှုလွတ်ပြီးတဲ့နောက်မှ ဒီလိုကျေးဇူးသိတတ်တဲ့လူ အင်မတန်ရှားတယ် - ဆရာရဲ့"

"ကျုပ်က ကျေးဇူးမေ့တတ်တဲ့လူတစ်ယောက် မဟုတ်ဘူး - ကိုတင်စိုးရဲ့၊ ကျုပ်အပေါ်မှာ အမှုစစ်တုန်းက အတော်ပဲ ညှာညှာတာတာနဲ့ စစ်ဆေးခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com

တွေ ကျုပ်တစ်သက် မမေ့နိုင်ဘူး။ မန္တလေးမှာတုန်းက ကိုတင်စိုး မရောက်သေးဘူးမှတ်တယ်"

"ဟုတ်ကဲ့ - ကျွန်တော်ရောက်တာ မကြာသေးပါဘူး။ တစ်နှစ်လောက်ရှိပါသေးတယ်၊ ဒါထက် - ဆရာ့နာမည်ကို ပြောဖို့လိုသေးသလား"

"လိုမယ်တော့ မထင်ပါဘူးဗျာ၊ ပြောလို့လည်း မှတ်မိမယ် မဟုတ်ပါဘူး၊ လူသတ်မှုတစ်မှုက လွတ်သွားတဲ့ တရားခံတစ်ယောက်ဆိုရင်တော်လောက်ပါပြီ"

"ဆရာ့ လက်ဆောင်တော့ သဘောကျမှာပဲ - ဆရာရေ၊ မင်းကတော်က အင်မတန် အလှအပကြိုက်တယ်၊ ဖိနပ်ဆိုလည်း မန္တလေးကမှ မှာစီးတယ်၊ ထီးဆိုလည်း ပုသိမ်က မှာယူတယ်၊ သနပ်ခါးတောင်မှ တောင်တွင်းကြီးက သနပ်ခါးမှ မှာပြီးလိမ်းတယ်"

ထို့နောက် ကျွန်ုပ်လည်း မောင်တင်စိုးအား လိမ့်လက်စဖြင့် ဆက်၍လိမ့်လျက်ရှိလေရာ မောင်တင်စိုးမှာ ဘီယာ၏တန်ခိုးကြောင့်လည်းကောင်း၊ ကျွန်ုပ်အား ခင်မင်ရင်းရှိသဖြင့်တစ်ကြောင်း၊ ကျွန်ုပ် လုပ်ကြံပြောဆိုသော ဇာတ်ထုပ်ကို ယုံကြည်လျက်ရှိလေ၏၊ သို့နှင့် ထိုနေ့ညနေ၌ ကျွန်ုပ်လည်း စားပွဲတင်မှန်ကလေးကို ဂုန်နီအိတ်အသစ်တစ်လုံးဖြင့် သပ်ရပ်စွာထုပ်ပိုးပြီးသော် မြင်းလှည်းဖြင့် မောင်တင်စိုးအပြန်တွင် ပေးလိုက်လေ၏။

— ◎ —

နောက်တနင်္ဂနွေနေ့၌ မောင်တင်စိုးသည် ကျွန်ုပ်ထံ ရောက်လာ၍ ကျွန်ုပ်ပေးလိုက်သော မှန်ကလေးကို မင်းကြီးနှင့် မင်းကတော်တို့က အလွန်ကြိုက်နှစ်သက်ကြောင်း၊ အထူးသဖြင့် မင်းကတော်မှာ မှန်ကလေးကို အလွန်နှစ်သက်ပြီးလျှင် ဧည့်ခန်းတွင် အမြတ်တနိုးထားကြောင်း မင်းကြီးကမူ ထိုမှန်ကလေးကို အမှုတစ်ခုတွင် သက်သေခံတင်ပြသော ပစ္စည်းတစ်ခုအနေဖြင့် သူမှတ်မိသည်ဟု ပြောပြကြောင်း၊ သို့သော် မည်သို့ပင်ဖြစ်စေ မှန်ကလေးမှာ မင်းကြီးနှင့် မင်းကြီးကတော်တို့ အမြတ်တနိုးထားခြင်းကို ခံရပြီးလျှင် ယခုအခါ မင်းကြီးဦးထွန်းစိန်၏ နေအိမ်ဧည့်ခန်းတွင် ရှိနေပြီဖြစ်၍ ကျွန်ုပ်မှာ ကျေနပ်လျက်ရှိလေ၏။

ထို့နောက် ကျွန်ုပ်လည်း မောင်တင်စိုးအား ဘီယာတစ်လုံးဖြင့် ထပ်မံနှစ်သိမ့်ပြီးသော် ထိုစကား လက်စပြတ်အောင် အခြားရယ်မောစရာ စကားများကို ပြောဆိုခြင်းဖြင့် အချိန်ကို ကုန်လွန်စေ၏။

နောက်ရက်သတ္တတစ်ပတ်ခန့်အကြာ၌ ကျွန်ုပ်လည်း မန္တလေးသို့ ခေတ္တသွားဦးမည့်အကြောင်းဖြင့် မောင်တင်စိုးအား မလိမ့်တစ်ပတ် ပြောဆိုပြီးလျှင် အစုန်စာပို့သင်္ဘောဆိုက်သော နေ့တစ်နေ့၌ ပြည်မြို့သို့ ရုပ်ဖျက်စုန်ဆင်းခဲ့လေ၏၊ ပြည်မြို့သို့ ရောက်သောအခါ ယခင်က ကျွန်ုပ် နေခဲ့ဖူးသော "ဘုရားကြီး" စေတီအနီးရှိ ကွမ်းခြံတွင် သာယာအေးချမ်းစွာ နေထိုင်လျက်ရှိခဲ့လေသည်။

ဤသို့နေထိုင်လျက်ရှိစဉ် ကျွန်ုပ်သည် မောင်ပိန်ဘန်း၏ အကြောင်းကို လုံးဝသတိမရဘဲရှိနေရာ တစ်နေ့၌ ကျွန်ုပ်နေသော ခြံနှင့်ကပ်လျက်ရှိသော အခြားကွမ်းခြံမှ မိန်းမတစ်ယောက်သည် မင်္ဂလာဆောင်တစ်ခုအတွက် စားပွဲတင်မှန် (ဘဲဥပုံ) တစ်ချပ်ကို ခေါင်းပေါ်တွင် ရွက်လာသည်နှင့် ကျွန်ုပ်လည်း စကိုင်မင်းကြီးဦးထွန်းစိန်လက်သို့ ရောက်အောင် ပေးပို့ခဲ့သည့် မောင်စိန်ဘန်း၏ မှန်ဝိုင်းကလေးကိုလည်းကောင်း၊ ထိုအကြောင်းနှင့်ဆက်၍ ကျွန်ုပ်လက်သို့ ပေးအပ်ခဲ့သော မောင်စိန်ဘန်း၏ စာရွက်များကိုလည်းကောင်း ရုတ်ချည်း ပြေး၍သတိရမိ၏၊ သို့နှင့် ကျွန်ုပ်သည် ထိုည၌ ကျွန်ုပ်သေတ္တာထဲတွင် အဝတ်

www.burmeseclassic.com

အစားများအောက်ဆုံး၌ တရိုတသေ သိမ်းဆည်းထားခဲ့သော မောင်စိန်ဘန်း၏စာရွက်ထုပ်ကလေးကို ထုတ်ယူဖတ်ရှုလေသည်။

(အောက်ပါ အကြောင်းအရာများမှာ မောင်စိန်ဘန်းလက်မှတ်ဖြင့် ရေးသားခဲ့သော စာများဖြစ်ပါကြောင်း၊)

"လွန်ခဲ့သော(၁၂)နှစ်ခန့်က ကျွန်တော်သည် မြန်မာဇာတ်ပွဲတစ်ခုနှင့် အတူ အထက်မြို့ကျေးရွာသို့ လိုက်ပါသွား၍ ရှမ်းပြည်မြောက်ပိုင်းရှိမြို့တစ်မြို့၌ ကပြလျက်ရှိစဉ် "အင်းလေး" ခေါ် ရှမ်းရွာကလေးတစ်ရွာမှ ကျွန်တော်တို့ ဇာတ်ပွဲကိုကြည့်ရှုရန် လာသော မနန်းညွန့်ဆိုသူ မိန်းမပျိုတစ်ယောက်နှင့် အတော်အတန် အကျွမ်းတဝင်ဖြစ်ခဲ့လေသည်။ မနန်းညွန့်မှာ ရှမ်းလူမျိုးအစစ်ဖြစ်၍ ဖခင်မရှိဘဲ မိခင်ကြီးနှင့်အတူ ထိုအင်းလေးရွာတွင် ရှမ်းတို့ဘာဝဖြင့် တောင်ယာ၊ ပဲခင်းအလုပ်များကို လုပ်ကိုင်နေကာ ဈေးနေ့များတွင် မြို့သို့ လာရောက်ရောင်းချခြင်းဖြင့် သားအမိနှစ်ယောက်တို့မှာ ဆင်းရဲစွာ အသက်မွေးကြရ၏။

အသိအကျွမ်းဖြစ်ပြီးနောက် (၁၀)ရက်ခန့်ကြာလတ်သော် ကျွန်တော်သည် မနန်းညွန့်အတွက် လှပသော အဝတ်အစားကလေးများ၊ ပေါင်ဒါ၊ မျက်နှာချေနှင့် ရေမွှေးများကို ဝယ်ယူပြီးလျှင် အင်းလေးရွာသို့ လိုက်သွားကာ မနန်းညွန့်အား လက်ဆောင်ပေး၏။

သို့နှင့် တစ်စတစ်စ ခင်မင်ရင်းနှီးလာရာမှ တစ်နေ့တွင် ကျွန်တော်က မနန်းညွန့်အား ချစ်ကြိုက်စကားပြောကြားလေရာ မနန်းညွန့်သည် ကျွန်တော့်အား တစ်ရွာသားဖြစ်သဖြင့် ကြောက်ရွံ့ပါကြောင်းနှင့် ငြင်းပယ်ပြီးနောက် ကျွန်တော်က အတည်တကျ လက်ထပ်ကာ ရိုးမြေကျ ပေါင်းသင်းပါမည့် အကြောင်း အတန်တန် တောင်းပန်လေရာ နောက်ဆုံးတွင် ကျွန်တော့်အလိုသို့ လိုက်လျောရရှာ၏။



သို့နှင့် ကျွန်တော်သည် ဇာတ်ထဲမှထွက်ခဲ့ပြီးလျှင် မနန်းညွန့်နှင့် တိတ်တဆိတ် ပေါင်းသင်းနေထိုင်ခဲ့ရာ မနန်းညွန့်မိခင်ကမူ အရည်ကို မျှော်တွေးလျက် ကျွန်တော်တို့ ပေါင်းသင်းနေထိုင်ခြင်းကို သဘောမတူချေ။

ဤသို့ဖြင့် ရက်ပေါင်း (၂၀)ခန့်မျှ နေထိုင်မိသောအခါ ကျွန်တော့်တွင် ပါသမျှပစ္စည်းများမှာ ကုန်ခန်းလေတော့၏။ ရှိသမျှအဝတ်အစားများကို ရောင်းချပေါင်နှံရတော့၏။

ကျွန်တော်သည် ရှေ့နောက် မစဉ်းစား၊ ကမ်းမမြင် လမ်းမမြင် အချစ်ရေယာဉ်တွင် မျောပါလျက်ရှိတော့၏။ ကျွန်တော်လိုက်ပါလာခဲ့သောဇာတ်သည် မန္တလေးမြို့သို့ ပြန်၍ဆင်းသွားသောအခါ ဇာတ်ဆရာသည် ကျွန်တော်၏ အကြောင်းကို ကျွန်တော့် မိဘများအား ပြောကြားလေ၏။

ကျွန်တော်မှာ နဂိုဝါသနာအလျောက် ဇာတ်ထဲတွင် ဇာတ်ထုပ်ရေးဆရာ၊ သီချင်းရေးဆရာအဖြစ်ဖြင့် လိုက်ပါလာခဲ့သော်လည်း မိဘများမှာ ဆင်းရဲသူများမဟုတ်ဘဲ အခြားလူများနည်းတူ စားနိုင်သောက်နိုင်သူများ ဖြစ်ကြ၏။

ကျွန်တော်၏အကြောင်းကို ကြားရသောအခါ ယူကြုံးမရဖြစ်လျက် ကျွန်တော်၏ဖခင်ကြီးသည် ချက်ချင်းလိုပင် ကျွန်တော်နေသောရွာကလေးသို့ အဖော်တစ်ယောက်နှင့်အတူ ရောက်ရှိလာလေ၏။

ထို့နောက် ကျွန်တော့်အား အမျိုးမျိုး ဖျောင်းဖျပြောဆိုကာ နားချလျက် သူသည် ကျွန်တော်တို့၏ချစ်ခြင်းကိုခွဲရန် လာရောက်ခြင်းမဟုတ်ကြောင်း၊ ဝါသနာအလျောက် ကျွန်တော်လုပ်ခဲ့သောအလုပ်ကိုလည်း စွန့်ပစ်ရန် မလိုကြောင်း၊ သို့သော် မန္တလေးသို့ပြန်ပြီးလျှင် (၁၀)တန်းစာမေးပွဲကိုအောင်သည်အထိ ကြိုးစားသင်ကြားပြီးနောက် မနန်းညွန့်အား လာရောက်တောင်းဆိုပေးမည်ဖြစ်ကြောင်း၊ မိန်းကလေးတစ်ယောက်အား ဤကဲ့သို့ တိတ်တဆိတ် ယူခြင်းမှာ လူကြီးလူကောင်းသားသမီး မပီသသည့်ပြင် "ပုဏ္ဏတန်းတင်"

www.burmeseclassic.com

ပေးစားသောလင်မယားမှသာလင်မယားအရာမြောက်ကြောင်းဖြင့်ဖျောင်းဖျ ပြောဆိုလေ၏။

ကျွန်တော် (၁၀)တန်းအောင်သည်နှင့်တစ်ပြိုင်နက် မနန်းညွှန့်အားလာ ရောက်တောင်းရမ်းပေးပါမည်ဟု ဖခင်ကြီးထံမှ ကတိရသောအခါ ကျွန်တော် လည်း နောက်ဆုံး သဘောတူညီလိုက်ရတော့၏။

သို့သော် မနန်းညွှန့်ကသော်လည်းကောင်း၊ သူ၏မိခင်ကြီးကသော် လည်းကောင်း တစ်စုံတစ်ရာ ယုံကြည်ခြင်း မရှိချေ။ နောက်ဆုံးတွင် အပြော ကောင်းလှသော ကျွန်ုပ်၏ဖခင်ကြီးသည် လက်ထပ်တောင်းရမ်းခြင်းကိစ္စ မပြုမီ မနန်းညွှန့်တို့သားအမိ သုံးစွဲစားသောက်ရန်ဆိုကာ ငွေသုံးရာကို ပေး ခဲ့သေး၏။ သို့ဖြင့် နောက်ဆုံးတွင် ကျွန်တော် မနန်းညွှန့်အား မကြာမီ လာ ရောက်တောင်းဆိုပါမည့်အကြောင်း၊ ဖခင်ကြီးမှာလည်း ကျွန်ုပ်တို့ချစ်ခြင်းကို မည်သည့်နည်းနှင့်မျှ ခွဲမည့်သူ မဟုတ်သဖြင့် တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိ ကြောင်း အတန်တန် အားပေးစကားပြောကြားပြီး ဖခင်ကြီးနှင့်အတူ လိုက်ခဲ့ ရလေ၏။

မီးရထားပေါ်တွင် ကျွန်တော်၏ ဖခင်ကြီးက -

"ဘယ့်နှယ်လဲဟေ့ - မောင်စိန်ဘန်း၊ မင်းယောက္ခမလောင်းကြီးအကြောင်း ကြားရတာ တယ်မကောင်းပါကလားကွယ်"

"ဘာလဲ - ဖေဖေ - ဘာဖြစ်လို့လဲ"

"ရပ်သိရွာသိ ကဝေမကြီးတစ်ယောက် ဆိုပါကလားကွယ့်"

"အလကားသက်သက် မနာလိုလို့ပြောကြတာပါ - ဖေဖေ၊ မဟုတ်ပါဘူး"

"ငါသတင်းကြားရတာကဖြင့် သမီးလုပ်တဲ့လူတောင် သူ့ပညာတွေ သင် ပေးထားသတဲ့ - မောင်"

"မဟုတ်တာ - ဖေဖေရယ်၊ ဟုတ်ရင် - ကျွန်တော် သိမှာပေါ့"



"ဒါမျိုးက သိဖို့ အခက်သားတလားကွယ့်"

"ဒါလည်း - ဟုတ်ပါတယ် - ဖေဖေ၊ နို့ပေမဲ့ - သူတို့သားအမိကတော့ ရိုးရိုးပါ - ဖေဖေ၊ ကျွန်တော့်အပေါ်မှာ အားလုံးခင်ရှာကြပါတယ်"

"ခင်တယ်ဆိုတာက ရှေ့ကိုမျှော်လင့်ချက်နဲ့ ချစ်ဟန်ခင်ဟန်ဆောင်တာ မျိုးလည်း ရှိတာကိုးကွယ့်"

"တကယ့်လူရိုးလူကောင်းတွေပါ - ဖေဖေရယ်၊ ဖေဖေ အထင်မှားတာ ဖြစ်ပါလိမ့်မယ်၊ မနန်းညွှန့်ကလေးက ရွာထဲမှာ အချောဆုံး၊ အလှဆုံးဖြစ်လေ တော့ သူ့ကိုပိုးတဲ့ပန်းတဲ့လူ အများကြီးရှိတာကို - ဖေဖေရဲ့၊ ဒီတော့ - ကျွန်တော် နဲ့မပေါင်းရအောင် ဖေဖေ့ကို တိုင်ကြမှာပေါ့"

"ရုပ်ချောတာကိုတော့ ဖေဖေ ဝန်ခံပါတယ်၊ နို့ပေမဲ့ - မိန်းမဆိုတာ ရုပ် လှတိုင်း သဘောဖြူစင်တာ မဟုတ်ဘူး - သားရဲ့"

ထို့နောက် ကျွန်တော်၏ဖခင်ကြီးသည် ကျွန်တော်အား ဆုံးမစကား များကို ဆက်လက်ပြောကြားလျက်ရှိလေရာ ကျွန်တော်လည်း ရက်ပေါင်း (၂၀)ခန့်သာ ပေါင်းသင်းခဲ့ရသော ကျွန်တော်၏ဇနီး မနန်းညွှန့်အကြောင်း တိုသာ အပြန်ပြန် အလှန်လှန် စဉ်းစားလျက်ရှိနေလေ၏။

ကျွန်တော်က မျက်စိမှိတ်၍ ငြင်းလိုက်ရသော်လည်း မနန်းညွှန့်၏မိခင် ကြီးမှာ စုန်းမတစ်ယောက်ဖြစ်ကြောင်းနှင့် ရွာထဲတွင် လူပြောများသည်ကို ကျွန်တော် သိပါ၏။ သို့သော် မနန်းညွှန့်မှာမူ သန့်ရှင်းသောသူကလေးတစ် ယောက်ဖြစ်ကြောင်း ကျွန်တော် ကောင်းစွာယုံကြည်လေသည်။

ဖခင်ကြီး စီစဉ်ကပြမည့်ဇာတ်လမ်းအား တစ်မျိုးတစ်ဖုံ ဖြစ်တော့၏။ မြို့လေးသို့ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်အား ကျောင်းတွင်ဆက် လက်မထားတော့ဘဲ အရောင်းအဝယ်နှင့် အတွက်အချက်များကို သင်ပေး ၏။ အိမ်မှထွက်ခွင့်ဟူ၍လည်း အလျဉ်းမပြုဘဲ တစ်လခန့်မျှကြာလတ်သော်

www.burmeseclassic.com




ပွဲစားတစ်ဦး၏သမီး မစောရင်ဆိုသူကလေးတစ်ယောက်နှင့် ဇစ်စပ်တော့၏။

(၂)ပတ်ခန့်အကြာတွင် ဆွေမျိုးတစ်စုနှင့် အိမ်နီးပါးချင်း လူကြီး (၁၀) ယောက်ခန့်ကို ဖိတ်ကြားကာ ကျွန်တော့်အား မစောရင်နှင့် တစ်ခါတည်း လက်ထပ်လိုက်တော့၏။ မင်္ဂလာသတင်းကိုလည်း သတင်းစာများတွင် ကြေညာ၏။ ဤသို့ဖြင့်ကျွန်တော့်မှာမနန်းညွန့်နှင့်တစ်နေ့တခြားဝေးကွာခဲ့ပြီးလျှင် မစောရင်အား အချစ်စစ်ပင်မဟုတ်စေကာမူ မယားတစ်ယောက်အနေဖြင့် ချစ်ခင်၍လာရတော့၏။ ဤနည်းအားဖြင့် ကျွန်တော်၏အချစ်ဇာတ်လမ်းမှာ ပြီးဆုံးခဲ့ရလေသည်။



မစောရင်မှာ ကျွန်တော့်အား ချစ်ကြိုက်၍မဟုတ်ဘဲ မိဘများ သဘောတူပေးစားသဖြင့်သာ ယူရခြင်းဖြစ်၏။ ဤအချက်ကို ခွင့်အရေးယူကာ မစောရင်သည် အပေါင်းအသင်းများနှင့် လည်ပတ်ခြင်း၊ ပွဲလမ်းသဘင်သို့ သွားခြင်း၊ အပျင်းပြေဖဲကစားခြင်းတို့ကိုပြုလုပ်တော့၏။ တစ်ခါတစ်ရံမစောရင်သည်ကျွန်တော့်အားပွဲကြည့်မည်ဟုအကြောင်းပြကာ နံနက်မိုးလင်းမှပင် ပြန်လာတော့၏။ ဤသို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် မကြာခဏစကားများပြီးလျှင် ကျွန်တော်၏အိမ်ထောင်ရေးမှာ အဆင်မပြေရှိခဲ့လေသည်။

ယင်းကဲ့သို့ အဆင်မပြေရှိနေသောအချိန်၌ ပို၍အဆင်မပြေဖြစ်စေရန် အကြောင်းတစ်ရပ်ပေါ်ပေါက်လာပြန်၏။ တစ်နေ့သောနံနက်ခင်း၌ ကျွန်တော်သည် အိမ်ရှေ့ဧည့်ခန်း၌ထိုင်ကာ ကျွန်တော်၏ရေးဟောင်းနှောင်းဖြစ်များကို ငေးစားစိတ်ကူးလျက်ရှိစဉ် အိမ်ရှေ့သို့မြင်းလှည်းကလေးတစ်စီး ရုတ်တရက် ဆိုက်လာ၍ လူတစ်ယောက်သည် ဂုန်နီအိတ်နှင့် ထုပ်ပိုးထားသော အထုပ်တစ်ထုပ်ကိုထမ်းကာ အိမ်တွင်းသို့ဝင်လာလေသည်။ ကျွန်တော်လည်း ဧည့်သည်အား နေရာထိုင်ခင်းပေးလေရာ ဧည့်သည်သည် ပခုံးပေါ်မှ အထုပ်ကို ချပြီးနောက် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်လေသည်။

"ဘယ့်နယ်လဲ - ဆရာကလေး - မာရဲ့နော်"

"ဟုတ်ကဲ့ - မာပါတယ်။ ဗြော် - ခင်ဗျားက - နေပါဦး"

"ဆရာကလေး ကျွန်တော့်ကို မမှတ်မိတော့ဘူး ထင်တယ်။ ကျွန်တော် မောင်ဝဏ္ဏလေ။ ဆရာလေးနဲ့ မနန်းညွန့်တို့ လက်ထပ်တုန်းက ..."

"ဗြော် - ဟုတ်ပါရဲ့ သတိများ မကောင်းလိုက်တာ - ဦးဝဏ္ဏရယ်။ စိတ်ကလည်းမကောင်း၊ သတိလည်းမကောင်း - အို - ဘာမှမကောင်းတော့ပါဘူး ခင်ဗျာ"

www.burmeseclassic.com

"အင်း – ဆရာလေးလည်း ဒုက္ခပဲ၊ အခု – ဒီအိမ်မှာ ဆရာလေးရဲ့အဖေနဲ့ပဲ အတူနေသလား"

"မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော့်အဖေနဲ့ ခွဲပြီး ဒီမှာ ကျွန်တော့်မိန်းမနဲ့ အတူနေတယ် ခင်ဗျ"

"ဟုတ်ကဲ့ – ကျွန်တော်တို့ရွာ စာဖတ်ခန်းက သတင်းစာထဲမှာတွေ့မှ ဆရာလေးလက်ထပ်လိုက်တာ သိရတာပါ၊ အခု – ဆရာလေးကို ပြောရမှာကတော့ မကောင်းသတင်းပဲခင်ဗျ၊ အဲဒီကတည်းကစပြီး မနန်းညွှန့်လည်း မမာတာ အခု ဆုံးသွားဆုံးရော၊ တစ်နေ့မှ ဆရာကလေးအကြောင်း မပြောဘဲနေတဲ့နေ့ မရှိပါဘူး"

"ဗြော် – ဆုံးပြီ – ဟုတ်စ၊ ဘာရောဂါနဲ့လဲ"

"ရောဂါကတော့ ဘာရယ်လို့မဟုတ်ပါဘူး – ဆရာလေးရယ်၊ အမှန်တတော့ – ဆရာလေးကို လွမ်းဖျားလွမ်းနာကျပြီး သေရရှာတာပါပဲ"

"ဖြစ်မှဖြစ်ရပလေ – ဦးဝဏ္ဏရယ်၊ အသည်းနာစရာ ကောင်းလိုက်လေ ခင်ဗျာ"

"အခုမှတော့ အသည်းနာမနေနဲ့တော့ – ဆရာလေးရယ်၊ ဘယ်သူမပြု မိမိမှုဆိုတာ – ဒါပေါ့"

"ဒီဟာကတော့ ဖေဖေ့သဘောအတိုင်း လုပ်ရတာပါ – ဦးဝဏ္ဏရယ်၊ ကျွန်တော်ဟာ အခုထက်ထိ မနန်းညွှန့်ကို စိတ်ထဲက မပြတ်ပါဘူး"

"သူကလည်းမပြတ်ပါဘူး – ဆရာလေးရဲ့၊ ဒါကြောင့်လည်း ဒီမုန်ကလေးကို ဆရာလေးလက်ထဲရောက်အောင် ပို့ပေးပါ၊ သူ့ကိုလွမ်းရင် ဒီမုန်ကလေးကိုပဲကြည့်ပြီး အလွမ်းဖြေပါလို့ သေခါနီးမှာ တဖွဖွပြောလို့ ကျွန်တော် လာပို့ရတာပါ"



"ဒီမုန်ကလေးဟာ ကျွန်တော် သူနဲ့ တိတ်တိတ်ပုန်း ညားခါစက ကျွန်တော်က သူ့ကိုခန်းဝင်ပစ္စည်းအဖြစ်နဲ့ လက်ဖွဲ့တဲ့ မုန့်ဘူးလေးပေါ့ခင်ဗျာ၊ ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်"

"ဒါကြောင့်လည်း သူကပြန်ပြီး ဆရာလေးကို လက်ဖွဲ့လိုက်တာထင်ပါရဲ့..."

"ကျွန်တော် – ဒီမုန်ကလေးကိုကြည့်ပြီး ဘယ်လိုအလွမ်းဖြေနိုင်ပါ့မလဲ ဦးဝဏ္ဏရယ်၊ မုန်ကလေးကိုကြည့်လေ – သူ့ကို သတိရလေ မဖြစ်ပေဘူးလား"

"ဒီမုန်ကလေးကိုနေ့တိုင်းသာကြည့်ပါ၊ သူနဲ့တွေ့ရပါလိမ့်မယ်လို့တောင် သေခါနီးမှာ ကျွန်တော့်ကို အထပ်ထပ်မှာရှာတယ် - ဆရာလေးရဲ့"

"ဗြော် – မနန်းညွှန့် – မနန်းညွှန့် – သေခါနီးဆဲဆဲတောင် ကျွန်တော့်ကို စွဲလမ်းသွားရှာတာပဲနော်"

"ပြီးတော့ – သူက ကျွန်မဟာ လူသာသေတယ်၊ ဝိညာဉ်က ဘယ်တော့မှ မသေဘူးတဲ့၊ ကိုစိန်ဘန်းကို ကျွန်မဝိညာဉ်က ဒီမုန်ကလေးထဲကနေပြီး စောင့်နေမှာပဲတဲ့၊ ဒါကြောင့် – ဦးလေးဦးဝဏ္ဏ – ဒီမုန်ကလေးကို သူ့လက်ထဲမရောက်၊ ရောက်အောင် ဆောင်ကြဉ်းပေးပါလို့ပြောတော့ ကျုပ်လည်း ပို့ပေးပါမယ့်ဆိုတဲ့ အကြောင်း အာမခံတာခံလိုက်ရတယ်၊ ဒါကြောင့် ကျုပ်လည်း ခင်ဗျားဆီရောက်အောင် မေးစမ်းလိုက်လာခဲ့တာပဲ"

ထို့နောက် ဦးဝဏ္ဏလည်း ဂုန်နီထုပ်ကိုဖြေ၍ ဘဲဥပုံ မုန်ဝိုင်းကလေးကို ကျွန်တော့်လက်သို့ ပေးအပ်ပြီးလျှင် သူ၏တဲအိမ်သို့ ပြန်သွားလေ၏၊ အိမ်သို့ မစောရင် ပြန်ရောက်သောအခါ လေလံပွဲတစ်ခုမှ သူ့အတွက် ကျွန်တော် ဆွဲယူလာကြောင်းဖြင့် လှည့်ပတ်ပြောဆိုရလေ၏၊ မစောရင်သည် မုန်ကလေးတို့ အလွန်သဘောကျသည့်လက္ခဏာဖြင့် အိမ်ရှေ့ဧည့်ခန်း ကျွန်တော်၏ အလုပ်စားပွဲနှင့် မနီးမဝေးရှိ လေးထောင့်စားပွဲကလေးပေါ်တွင် တင်ထား လိုက်လေ၏၊

—◯—



www.burmeseclassic.com

www.burmeseclassic.com

မုန့်ကလေးကို ရရှိပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ တစ်နေ့သော စနေနေ့ညဉ့်၌ ကျွန်တော်သည် အိမ်ရှေ့ညဉ့်ခန်းရှိ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ကာ ဝတ္ထုစာအုပ်ကို ဖတ်လျက်ရှိရာ စာထဲတွင် စိတ်ဝင်စားသည်နှင့် အချိန်အတော်ကြာ၍သွားလေ၏။ မစောရင်မှာ ထိုညက အိမ်နီးချင်း မိန်းမတစ်ယောက်နှင့် ပွဲကြည့်ရန်သွားသဖြင့် အိမ်၌ ကျွန်တော်တစ်ယောက်တည်းသာ ရှိနေလေသည်။ တိုင်ကပ်နာရီမှ (၁၁) နာရီထိုးသံကြားသောအခါမှ ကျွန် တော် သည် စာအုပ်ကို ချထားလိုက်ပြီးလျှင် ကိုယ်လက်များ ဆန့်တန်းကာ သမ်းဝေလိုက်၏။ ထိုနေ့မှာ လဆန်း (၁၂) ရက်နေ့ဖြစ်သဖြင့် မြူတိမ်ကင်း စင်သောလမင်းသည် အိမ်ရှေ့ပြတင်းပေါက်မှ ထိုးဖောက်ကာ ကြည်လင်အေးမြသောလရောင်များသည် အိမ်ရှေ့ခန်းကို ထိန်လင်းစေလျက် ရှိလေသည်။

ကျွန်တော်ထိုင်နေသော ပက်လက်ကုလားထိုင်အနီးရှိ ပြတင်းပေါက်မှ လရောင်သည် အခန်းထောင့်ရှိ စားပွဲပေါ်တင်ထားသော မုန့်ကလေးပေါ်သို့ တည့်တည့်ကြီး ကျရောက်လျက်ရှိရာ မုန့်မျက်နှာပြင်ပေါ်တွင် မီးနိုးမြူများ ယှက်သမ်းနေသကဲ့သို့ ဖြူသောအငွေ့များ ယှက်သမ်းနေသည်ကို ရုတ်တရက် မြင်လိုက်ရသဖြင့် အံ့အားသင့်၍ သွားမိ၏။

အဘယ်ကြောင့်ဆိုသော် ထိုနေ့ညနေက ကျွန်တော်သည် စားပွဲကလေးကို ရှင်းလင်းသုတ်သင်၍ မုန့်ကိုလည်း အဝတ်တစ်ခုဖြင့် စင်ကြယ်အောင် ပွတ်တိုက်ထားခဲ့သည်ကို သတိရမိသောကြောင့် ဖြစ်လေသည်။ သို့နှင့် ကျွန်တော်သည် မုန့်ကလေးရှိရာသို့ ထ၍သွားပြီးလျှင် အံဆွဲအတွင်းမှ အဝတ်ကို ထုတ်ယူပြီးလျှင် မုန့်သားမျက်နှာပြင်ကို ပွတ်တိုက်ပြီးနောက် နေရာသို့ ပြန်လေ၏။



သို့သော် ပက်လက်ကုလားထိုင်ပေါ်၌ ပြန်၍ ထိုင်မိလျှင်ထိုင်မိခြင်း ကျွန်တော်ကိုယ်တိုင် စင်ကြယ်အောင် ပွတ်တိုက်ထားသော မုန့်သားသည် ယခင်ကအတိုင်း အဖြူငွေ့များ သမ်းနေသည်ကို ထူးဆန်းစွာ တွေ့ရပြန်၏။ ထိုအချိန်၌ကား အဖြူငွေ့များသည် မုန့်ကလေး၏အလယ်၌သာမဟုတ်၊ မျက်နှာပြင်တစ်ခုလုံးပင် ပြည့်လုမတတ်ရှိနေလေသည်။ သို့နှင့် ကျွန်တော်သည် မုန့်ကလေးဆီသို့ ထ၍သွားပြန်၏။ ထို့နောက် အံဆွဲအတွင်းမှ အဝတ်စကို ထုတ်ယူကာ မုန့်ကိုပွတ်တိုက်ရန် ရှေ့တွင် ရပ်လိုက်လေသည်။

နီးကပ်စွာ ကြည့်သောအခါ၌မူ မုန့်မျက်နှာပြင်၌ရှိသော အဖြူရောင် အငွေ့များသည် ငြိမ်သက်၍မနေဘဲ နံဘေးပတ်ဝန်းကျင်မှ မုန့်၏အလယ်ဗဟိုသို့ တဖြည်းဖြည်း ရွေ့လျားစုရုံးလျက်ရှိနေလေရာ ကျွန်တော့်မှာ ယခင်ကထက် အံ့အားသင့်ကာ ကြည့်ရှုနေမိ၏။ အဖြူငွေ့များသည် ကျွန်တော်ကြည့်၍နေရင်း နံဘေးပတ်လည်မှ အလယ်သို့ စု၍စု၍လာလျက် အလယ်တွင် အဖြူလုံးကလေးတစ်ခုဖြစ်၍လာလေ၏။ ထိုအဖြူလုံးကလေးသည် သေးရာမှ ကြီးမား တျယ်ပြန့်၍လာပြီးလျှင် ပထမဦးစွာ လူတစ်ယောက်၏ ဦးခေါင်းသဖွယ်ဖြစ်၍ လာပြီးနောက် တဖြည်းဖြည်း လူတစ်ယောက်၏ သဏ္ဌာန် ပေါ်လာလေသည်။

ထိုသဏ္ဌာန်သည် လူတစ်ကိုယ်လုံး မြင်နိုင်လောက်အောင် နောက်ဆီသို့ ရွေ့လျားသွားပြန်၏။ ထိုအခါ ပတ်ဝန်းကျင်ရှိ အခိုး အငွေ့များသည် တဖြည်းဖြည်း ပျောက်ကွယ်သွားလျက် မိန်းကလေးတစ်ယောက်သည် သူ၏မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ကျွန်တော့်အား ကြည့်ရှုလျက်ရှိလေသည်။ တစ်ခဏ ချင်းပင် သူသည် လက်များကို အောက်ချလိုက်ရာ ကျွန်တော့်အား ပြုံးယ



www.burmeseclassic.com

www.burmeseclassic.com

သောမျက်နှာဖြင့်ကြည့်၍နေသောမနန်းညွန့်ကိုမြင်ရသဖြင့်ကြက်သေ,သေ၍နေမိ၏။

"ညွန့် – ညွန့်ရေ – ညွန့် – အို – မောင်ခေါ်တာ မထူးဘူးလားကွယ်"

ကျွန်တော်သည် မှန်အနီးသို့ကပ်၍သွားမိ၏။ မနန်းညွန့်သည် မျက်ရည်များကျကာ ကျွန်တော်ခေါ်သည်ကို မထူးနိုင်သည့်လက္ခဏာဖြင့် ဦးခေါင်းကို ရမ်း၍ပြလေသည်။

"ညွန့်ရေ – မင်းနဲ့တော့ ဘဝခြားနေပြီကွယ်။ ခြော် – သူလည်း ဒါကြောင့်မထူးနိုင်တော့ ထင်ပါရဲ့"

မနန်းညွန့်က ဦးခေါင်းကို ညင်သာစွာ ညိတ်လိုက်၏။

"ဒီအနား တိုးခဲ့စမ်းပါဦး – ညွန့်ရယ်"

မနန်းညွန့်သည် ကျွန်တော်နှင့်လူချင်းထိမတတ် ရှေ့သို့တိုး၍လာ၏။

ထိုအခါ ကျွန်တော်လည်း အနီးသို့ချဉ်းကပ်လာသော မနန်းညွန့်အား ပါးပြင်ကိုကြူကြူမွှေးလိုက်ရာကျွန်တော်၏နှုတ်ခမ်းများသည်မှန်သားပြင်နှင့်ထိခိုက်မိသောအခါမှ ကျွန်တော်လည်း သတိပြန်၍ရလာ၏။ ထိုအချိန်၌ကား မနန်းညွန့်သည် ယခင်ကနေရာသို့ ပြန်၍ဆုတ်ခွာသွားလေပြီ –

"မောင်နဲ့ အစုလို ညတိုင်းတွေ့နိုင်သလား"

အရိပ်သည် ဦးခေါင်းကို ညိတ်ပြ၏။

"ညတိုင်းနော်"

ဦးခေါင်းကို ညိတ်၍ပြ၏။

"ဒီအချိန်ပဲလား"

ဦးခေါင်းကို ညိတ်၍ပြ၏။

"မောင့်ကို အရင်ကလို ချစ်သေးသလား"

ဦးခေါင်းကို ယမ်းခါ၍ပြ၏။

"ဘာဖြစ်လို့လဲ"

လက်ညှိုးနှစ်ချောင်းကို ယှက်၍ပြ၏။

"မောင့်မှာ မိန်းမရှိလို့လား"

ဦးခေါင်းမှာ ညိတ်ပြန်၏။

"ဒါဖြင့် – မိန်းမ မရှိရင် ချစ်ဦးမယ်ဆိုပါတော့"

အရိပ်သည်ပြုံး၍ဦးခေါင်းကိုညိတ်ပြန်၏။ ထို့နောက်အခြားစကားများကို ခြေရိပ်လက်ရိပ်ပြ၍ ပြောဆိုကာရှိနေလေရာ အချိန်အတန်ကြာလတ်သော် အရိပ်သည် အလွန်ဝေးလံသောအရပ်သို့ကြည့်ကာ လက်ညှိုးပြပြီးနောက် သွားရတော့မည်ဟူသောလက္ခဏာဖြင့် ကျွန်တော့်အား နှုတ်ဆက်ဟန် ပြလေ၏။

ထိုကောဇ္ဇံဘောင်းပတ်ဝန်းကျင်မှ အခိုးအငွေ့များသည် အရိပ်ရှိရာအလယ်ဗဟိုသို့ တရွေ့ရွေ့စု၍ လာပြီးနောက် မနန်းညွန့်၏အရိပ်သည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်၍သွားလေရာ ကြည်လင်သော ကြေးမုံပြင်ကလေးသာ ကျန်ရစ်လေတော့၏။

— ◯ —





www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မှစ၍ကျွန်တော်သည် "မနန်းညွန့်" ၏ဝိညာဉ်နှင့် ကြေးမုံပြင်တွင် ဲကားပြောဆိုလျက် ရှိနေခဲ့ပြီးလျှင် ဇနီးဖြစ်သူ မစောရင်အပေါ်တွင် မုန်းတီး ိတ်များ ပေါ်လာတော့၏။ ညဥ့်တိုင်းပင် (၁၀) နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် မှန်ဝိုင်းကလေးရှေ့သို့ ရောက်နေကာ အစိုးအငွေ့များ သမ်း လာသည့်ကြားမှ ရုတ်တရက် ထွက်ပေါ်လာမြဲဖြစ်သော မနန်းညွန့်၏အရိပ် ြင့် ယခင်က ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက်ရှိလေ၏။

အရိပ်သည် ကျွန်တော်မေးသမျှ မေးခွန်းများကို ခြေဟန်လက်ဟန်ဖြင့် ဖြေဆို၏၊ ကျွန်တော်က နီးကပ်စွာတွေ့လိုကြောင်း ပြောသောအခါ သူသည် ရှေ့သို့တိုးကပ်လာ၍ ကျွန်တော်၏နှမ်းရှုပ်ခြင်းကို ခံယူရန် အသင့်ရှိနေ၏။

ကျွန်တော်၏နှုတ်ခမ်းများသည် အေးစက်သော မှန်သားပြင်ကို တွေ့ထိ သည်နှင့်တစ်ပြိုင်နက် သူသည် နောက်သို့ဆုတ်၍သွားတတ်၏၊ တစ်ခါတစ်ရံ လည်း ရုတ်တရက်ပျောက်ကွယ်၍ သွားတတ်၏။ ဤသို့ဖြင့် ကျွန်တော်သည် ထိတွေ့ခြင်းမပြုနိုင်သော ဝိညာဉ်၏ အရိပ်အရောင်နှင့်သာ ပျော်ပါးကာ အချိန်များကို ကုန်လွန်စေခဲ့၏။ မနန်းညွန့်အပေါ်တွင် စွဲမက်သောအာသာ ဆန္ဒများ ပြင်းထန်လေလေ၊ မစောရင်အပေါ်တွင် မုန်းတီးသည့်စိတ်များက သတက်ထမ်းပိုး တိုး၍လာလေလေ ဖြစ်တော့၏။

တစ်နေ့သောညဥ့်၌ ကျွန်တော်သည် ခါတိုင်းကဲ့သို့ပင် မှန်ထဲမှ မနန်းညွန့် ၏ဝိညာဉ်ဖြင့် ချစ်တင်းနီးနှော စကားပြောဆိုလျက်ရှိစဉ် ရုတ်တရက် တံခါး ပွင့်လာ၍ မစောရင်သည် ညှော်ခန်းထဲသို့ ဝင်လာလေ၏။ မစောရင်သည် ုန်ဆီသို့ ချက်ချင်းပင် ရောက်လာပြီးနောက် မှန်ထဲက အရိပ်ကိုလည်း မြင်၍ သွားဟန်ရှိလေသည်၊ ထိုခဏ၌ အရိပ်သည် ပျောက်ကွယ်သွားလေ၏။



"ဒါကဘာလဲ – ကိုစိန်ဘန်း၊ ဘာအဓိပ္ပာယ်လဲ – မျက်လှည့်လား"

မစောရင်မှာ ထိုစကားတစ်ခွန်းသာ ပြောနိုင်ခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် သမင်မငယ်အား နန်း၍အုပ်သောကျားတစ် ကောင်ကဲ့သို့ ကျွန်တော်သည် မစောရင်အား ခုန်၍ အုပ်လိုက်ပြီးနောက် ၎င်း၏လည်မျိုကို တအားဖျစ်ညှစ်လျက်ရှိတော့၏။

အပြင်မှ မည်သည့်အသံကိုမျှလည်း မကြားရချေ။ သူ၏ဟစ်အော်သံ များလည်း လည်ချောင်းအတွင်းမှ တဂူးဂူး ထွက်ပေါ်လာသော ချွဲသံများနှင့် ထွေးလုံးရောယှက်ကာ အခန်းတွင်း၌ပင် ငြိမ်သက်ပျောက်ကွယ် သွားဟန် တူလေသည်။

ကျွန်တော်ကိုယ်တိုင်မှာမူ အပြင်မှဝိညာဉ်တစ်ရသည် ကျွန်တော့်ဝိညာဉ် နှင့်လာရောက်ပူးပေါင်းကာ တိုက်ခိုက်နေသည့်အလား ယခင်ကထက် တန်ခိုး အင်အား ကြီးမားပြီးလျှင် မစောရင်၏လည်မျိုကို မလွှတ်ဘဲ ရှိနေလေသည်။

ထို့နောက်ကျွန်တော်၏အသိဉာဏ်တည်းဟူသော အလင်းရောင်သည် မှန်ထဲတွင်တွေ့မြင်ရသော မြူမိုးများကဲ့သို့ တဖြည်းဖြည်း အုံ့မှိုင်းကာ ကျွန် တော့်အား ဖုံးအုပ်သွားပြီးနောက် မည်သည့်အရာကိုမျှ ကျွန်တော် မသိတော့ ချေ။

အထက်ပါအကြောင်းများကို ကျွန်တော်သည် တရားသူကြီးအား ဟုတ် တိုင်းမှန်ရာ လျှောက်ထားပြီးနောက် မှန်ကလေးကိုပါ သက်သေခံ တင်ပြခဲ့ပါ သည်၊ သို့သော် သူသည် ယုံကြည်ခြင်း မရှိခဲ့ပေ။ မနန်းညွန့်၏ ဝိညာဉ်သည် ညဥ့်တိုင်း (၁၀) နာရီအချိန်၌ ဤမှန်ထဲတွင် ပေါ်လာတတ်ကြောင်း၊ သို့ဖြစ်၍

www.burmeseclassic.com

ရုံးချိန်မဟုတ်သော ည (၁၀)နာရီအချိန်တွင် အိမ်သို့ယူ၍ ကြည့်ရှုပါမည့် အကြောင်းနှင့် ကျွန်တော် လျှောက်ထားသော်၏၊ သို့သော် ဤလျှောက်ထား ချက်မှာ အရှုးစကားဖြစ်သည့်ပြင် လူသတ်မှုနှင့်လည်း တစ်စုံတစ်ရာ မသက် ဆိုင်ကြောင်းဖြင့် အစိုးရရှေ့နေကြီးတ ကန့်ကွက်၏၊ တရားသူကြီးတလည်း အစိုးရရှေ့နေကြီးနှင့် သဘောကိုက်ညီ၏။

သို့ဖြစ်၍ကျွန်တော့်အားအမိန့်ချမှတ်အပြစ်ပေးစီရင်သော တရားသူကြီး အား လက်တွေ့စမ်းသပ်နိုင်ခွင့် ရနိုင်စေရန် နောင်ကြီးအား ကျွန်တော် မရှိ သည့်နောက် ကျွန်တော့်အလိုအတိုင်း ဆောင်ရွက်ပေးပါမည့်အကြောင်းနှင့် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ပါသည်၊ အမျိုးမျိုးသော အကြောင်းအရာများကြောင့် နောင်ကြီး မဆောင်ရွက်မည် စိုးသဖြင့်လည်း စာကို မှန်မှန်ပို့ပြီးနောက်မှ ကြည့်ရှုရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခု ဤစာကို ဖတ်သောအချိန်တွင် ကျွန်တော်မှာ ဘဝတစ်ပါးသို့ ပြောင်းသွားပြီးဖြစ်သော်လည်း ကျွန်တော်သည် နောင်ကြီးအနီး၌ပင် ရှိနေ၍ နောင်ကြီးအား ကျေးဇူးတင်စကား ပြောကြားနေသည်ဟူ၍ ယူဆစေလိုပါ သည်၊

နောင်ကြီးကိုလည်း နောင်ကြီး၏ ဆောင်ရွက်မှုအတွက် ရောက်လေ ရာဘဝမှနေ၍ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

စိန်ဘန်း

အထက်ပါစာကို ဖတ်ပြီးသည့်အဆုံးတွင် ကျွန်ုပ်မှာ ကြက်သီးမွေးညင်း များထကာ အနီးပတ်ဝန်းကျင်တို့ပင် ကြည့်ရှုမိသေး၏၊ မောင်စိန်ဘန်းက ကျွန်ုပ်အား မှာထားခဲ့ပုံတို့ကို တစိမ့်စိမ့်တွေး၍ ကြည့်မိ၏၊ ထိုမှန်ကလေးကို သူ့အား အပြစ်ပေးစီရင်သော တရားသူကြီး လက်သို့ရောက်အောင် ပေးပို့စေ လိုသည်ဆိုသော စကားအဓိပ္ပာယ်ကို ထိုအခါမှ သိရှိရိပ်မိတော့၏။


မောင်စိန်ဘန်း၏ရည်ရွယ်ချက် အထမြောက်သည်၊ မမြောက်သည်ကို လည်းကောင်း၊ မောင်စိန်ဘန်းရေးခဲ့သောစကား ဟုတ်မှန်သည်၊ မဟုတ်မှန် သည်ကိုလည်းကောင်း အောက်ပါအကြောင်းအရာတစ်ခုကို အထောက် အကူပြုကာ ကျွန်ုပ်တို့ ဆုံးဖြတ်နိုင်လေသည်၊

မောင်စိန်ဘန်း၏အတ္ထုပ္ပတ္တိကို ကျွန်ုပ်ဖတ်ရပြီးနောက် (၃)လခန့်မျှကြာ သောအခါ စက်ရှင်မင်းကြီး ဦးထွန်းစိန်သည် ရုတ်တရက် ရူးသွပ်သွားပြီးလျှင် သူ၏မင်းကတော်အား လည်မျိုကိုညှစ်၍ သတ်လိုက်ကြောင်းဖြင့် ထူးဆန်း သော လူသတ်မှုတစ်ခုဟု ခေါင်းစဉ်တပ်ပြီးလျှင် သူရိယသတင်းစာ၌ ပါလာ သည်ကို တွေ့မြင်ရလေသတည်း။

→ ဒုက္ခငွေများ

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

တောတွင်းပေါက်ရောက်သော
သစ်သီးသီးနှံများ ချက်ပြုတ်စားသောက်ခြင်း
ညဘက် တောလည်ထွက်ကာ ယုန်ရှာခြင်း
တောလိုက်အတွေ့အကြုံများဖြင့်
ရေးသားစီကုံးထားသောတွေ့ကြုံ...

**ကျွန်တော့်**မိခင်ရဲ့ အမျိုးတွေက ယခင် ငမိုးရိပ်ချောင်းတစ်ဖက်တစ်ချက် ဆင်ဖုံ ပေါက်တလောက် ထားဝယ်ချောင်း စစ်ပင်ရွာတွေဘက်ကများ။ အခုတော့ မြောက်ဒဂုံ၊ တောင်ဒဂုံနေရာတွေ ဖြစ်မှာပေါ့။ ကျွန်တော်တို့ငယ်စဉ်က အဲဒီရွာတွေဘက် ကျောင်းပိတ်ရက် သွားလည်ရတာ အလွန်ပျော်ဖို့ကောင်းတယ်။ အုတ်ပုံဆိပ်ဆိုတဲ့ ငမိုးရိပ်ချောင်း၊ ဒီမှာဘက်ကမ်းအုတ်ရောင်း၊ သဲရောင်း၊ ဝါးခနီးရောင်းတဲ့ မော်တော်ဆိပ်ကနေ တစ်ဖက်ကမ်းကူးရတာ ငမိုးရိပ်ချောင်းကလည်း အတော်ရှည်ပြီး ကျယ်တယ်။ တစ်ထပ်မော်တော်ကလေးတွေနဲ့သွားရတာ၊ မော်တော်ကလေးတွေက လူ(၂၀)၊(၂၅)ယောက်ဆန့်တယ်။ အရင်တုန်းက ပွဲထောင်မပေါ်သေးဘူး။ ချောင်းထဲမှာ တစ်ဖက်ကမ်းကပ်ပြီး မောင်းရတာ၊ မော်တော်နစ်စီး ကောင်းကောင်းရှောင်သာ

တယ်။ ကမ်းစပ်မှာတော့ လမု၊ လမုည်း၊ ကိုရန်ကြီး၊ ကနစိုစတဲ့ ရေချိုရေငန်စပ်ကြိုက်တဲ့ ကမ်းစပ်သဘာဝတောက ချောင်းစပ်တစ်လမ်းလုံးပဲ။ အိုးပုတ်ပင်၊ ငုက်ကြီးတောင်ပင်၊ ဖျိုင်းခြေထောက်၊ ရိုးခြေထောက်၊ ပဲပြားပင်နဲ့ ဇေဒါဝင်တွေက ရေစပ်မှာ တောထနေတယ်။ အချို့နေရာတွေမှာတော့ ကိုင်းပင်တွေနဲ့ ဓနိပင်၊ ကျူပင်တွေက နေရာယူထားတယ်။ အဲဒါတွေနဲ့ ဓနိပင်၊ ကျူဝင်တွေက နေရာယူထားတယ်။ အဲဒါတွေနဲ့ အိမ်မိုးဓနိ၊ အကာ၊ ကျူဖျာတွေကို နယ်သားတွေက လယ်ယာကိစ္စပြီးတာနဲ့ အပိုဝင်ငွေရအောင် လုပ်ကြတယ်။ ဒါကြောင့် – သူတို့ဒေသမှာ ရွာသူ၊ ရွာသားတွေဟာ အလုပ်နဲ့ လက်ပြတ်တယ်ကို မရှိပါဘူး။ အဓမ္မဘက်က အမျိုးတွေကတော့ လယ်ဧကများစွာပိုင်တဲ့အပြင် ခနီးခြံတွေပါ အများကြီးရှိတဲ့ တောသူဌေးတွေပါ။ မျိုးရိုးကလည်း သူကြီးမျိုး၊ ဆေးဆရာမျိုး။ အဘိုး ဦးရွှေမွန်းဆိုရင် ဆင်ဖုံရွာမှာ နေတယ်။ ဆင်ဖုန်၊ မဒ(၂)ရွာအုပ်သူကြီး၊ အင်္ဂလိပ်ခေတ်ကတည်းက နှစ်လုံးပြူးကိုင်ရွှေစလွယ်ရသူကြီး။ သူကြီးဆိုပေမယ့် လယ်လုပ်တယ်။ ဝါသနာအလျောက် ဗိုတိုးတယ်၊ ဗိန္ဓော၊ ပယောဂ၊ စေတနာနဲ့ကုတယ်။ မြွေဆိပ် အလွန်နိုင်တယ်၊ တစ်နာရီအတွင်းသာ သူ့ဆီရောက်၊ ဘာမြွေကိုက်ကိုက် အဖိတ်အစဉ် လုံးဝမရှိစေရဘူး။

အခု – လျော်ကားကန် (သာဓုကန်)တောဆိုတာ မင်္ဂလာဒုံထောက်ကြန့်ဖြည့်လမ်းဘေးမှာရှိတယ်။ ပဲခူးရိုးမနဲ့ဆက်ပြီး အလွန်နက်တဲ့တောကြီးပဲ။ ဘျား၊ ဆင်၊ တောဝက်၊ သမင်၊ ချေ၊ ဆတ်၊ တောကောင်မျိုးစုံရှိတယ်။ ရွာသားတွေက လျော်ကားကန်ကို အစွဲပြုပြီး ကန်တွင်းတောလို့ ခေါ်ကြတယ်၊ သယ်န်းကျွန်းကြီးရွာနဲ့နီးတယ်။ အိမ်ဆောက်၊ တဲဆောက်၊ သစ်ဝါး၊ ထင်းအတွက် ကန်တွင်းတောက ခုတ်ကြတာများတယ်၊ သယ်န်းကျွန်းကြီးရွာကလည်း လယ်စိုက်ပြီး လယ်နားချိန်မှာတော့ ကန်တွင်းတောက သစ်ဝါး၊ ထင်းခုတ်ပြီး ပြန်ရောင်းတယ်။ ဆင်ဖုံ၊ မဒ၊ စစ်ပင်၊ ထားဝယ်ချောင်းရွာတွေက ကန်တွင်းတောနဲ့ဝေးတော့ ဝယ်ပြီးသုံးကြရတယ်။

www.burmeseclassic.com

တစ်ခုသော နွေရာသီကျောင်းပိတ်ရက်တွင် ကျွန်တော်တို့ညီအစ်ကို သုံးယောက် အမေ့ညီမနေထိုင်ရာ စစ်ပင်ကျေးရွာသို့ ညအိပ်အလည်သွားကြသည်။ အုတ်ပုံဆိပ် ဆိပ်ကမ်းမှာ မော်တော်စီးရသည်။ ကျွန်တော်နှင့် ကျွန်တော့်ညီတွင် လေးခွ၊ လောက်စာလုံး လွယ်အိတ်နှင့် ကိုယ်စီပါသည်။ အစ်ကိုကြီးက ငယ်စဉ်က ငှက်ပစ်ဝါသနာပါ၍ လက်လည်းဖြောင့်သည်။ ယခုတော့ မပစ်တော့ပါ။ သို့သော် ညီငယ်များ၏ ဝါသနာကိုတော့ မတားပါ။ ကျောင်းပိတ်ရက်များတွင် နယ်တကာမှ ဆွေမျိုးမိတ်ဆွေများထံ အလည်လိုက်ပို့တတ်သည်က အစ်ကိုကြီး၏အလေ့အထ၊ ဆွေမျိုးမိသဂ်ဟများနှင့် စကားပြောပြီး တောစာ၊ တောင်စာ စားရသည်ကို အစ်ကိုကြီး အလွန်သဘောကျသည်။ ညီငယ်များ စိတ်ချမ်းသာ ပျော်မြူးသည်ကို လွန်စွာနှစ်သက်သည်။ အစ်ကိုကြီးနှင့်ကျွန်တော်တို့က အသက် (၂၀)ကျော် ကွာပါသည်။

မော်တော်ခုတ်မောင်းနေစဉ် ကမ်းစပ်မှ သဘာဝပေါက်ပင်များနှင့် အသုံးဝင်ပုံများကိုလည်း ရှင်းပြသည်၊ ကမ်းစပ်လဲတာပြင်ပေါ်မှ ခရုစုပ်ငှက်၊ ဖွိုင်း၊ ရေစစ္စလီ၊ ရေကြက်မ၊ ဘိုစားငှက်၊ ဘုတ်ငှက်များကိုလည်း ခွဲခြားပြသည်၊ ကျွန်တော်တို့ညီအစ်ကိုက လက်လှမ်းမီရာ လေးခွနှင့် ပစ်သည်။ မော်တော်က သွားနေတော့မထိ။ သို့သော် ထိုသို့ပစ်ရသည်ကိုပင် လွန်စွာကျေနပ်သည်။ ဆင်ဖုန်၊ မဒ၊ ထားဝယ်ချောင်ရွာကြီးများကိုလွန်ပြီး (၁)နာရီကျော်ခန့်ကြာတော့ စစ်ပင်ဆိပ်ကမ်းသို့ မော်တော်ဆိုက်သည်။ ရေဆင်း တံတားကောင်းစွာမရှိ။ လတာပေါ်ဆင်း၍ ကမ်းပေါ်တက်ရသည်၊ ရွှံ့ဗွက်က ဒူးဆစ်ခန့်နက်သည်။ ရေတက်ရေကျရှိသောချောင်းဖြစ်သဖြင့် နွေရာသီတောင် ရွှံ့ဗွက်က ရှန်းရသေးသည်။ မိုးရာသီတွင်တော့ ကမ်းပေါ်အထိ ရေကအပြည့်၊ တစ်ရွာလုံး ရေမြုပ်နေတတ်သည်။ ဆရာသိပ္ပံမောင်ဝရေးသော ပစ္စန္တရာဇ်အရပ်မှပင်။ မိုးရာသီတွင် အိမ်ပေါ်၌ မွေးမြူထားသော ကြက်၊ ဝက်၊ ခွေးတို့က အိမ်ကြပ်ပေါ်တက်၍ အတူနေကြသည်၊ တည့်လည်း တည့်သည်။ လူများက အိမ်မကြီးပေါ် တစ်ပြေးတည်း၊ တစ်သားတည်း။



ယခုလို နွေဦးပေါက်ရာသီကျတော့ ခြံကျယ်ကြီးများအတွင်း ခြေခင်းလက်ခင်းသာသည်။ ခြံစည်းရိုးတွင် ဝါးမျိုးစုံနှင့် ထန်းပင်တန်းက နယ်စည်းရိုး၊ မိုးရာသီ ရွှံ့နွံ ဖုံးနေသောမြေက ယခုတော့ ပပ်ကြားအက်နေပြီး ရေအစိုဓာတ်ကျန်သော နေရာကလေးများတွင် မိကျောင်းကွမ်းဖတ်ပင်ကလေးများက စိမ်းစိုစွာစုဝေးပေါက်ရောက်နေတတ်သည်၊ ထိုအပင်ကလေးများမှာ အရွက်စိမ်း၊ ဖားဖားဖြင့် အသီးတောင့်ကလေးများ အပြွတ်လိုက် သီးတတ်သည်၊ အသီးတောင့်ကလေးများအား အညှာအရင်းမှ ကပ်ခြွေပြီး ရေခွက်ထဲတွင် စိမ်ထားပါက ရေဝင်သည်နှင့် တဖောက်ဖောက်မြည်ပြီး ပေါက်ကွဲသည်မှာ နားထောင်၍ အလွန်ကောင်းသည်။

ကျွန်တော်တို့ညီအစ်ကို ခြံရှေ့ရောက်သည်နှင့် တစ်ဝိုင်းလုံး ဆူညံသွားသည့်ကျေးရွာကလေးမှာ အိမ်ခြေ လေးငါးဆယ်သာရှိသဖြင့် ဧည့်သည်ရောက်လျှင် တစ်ရွာလုံးသည် ကျွန်တော်တို့အစ်ကိုဝမ်းကွဲများက ချက်ချင်းပင် အိမ်ဝိုင်းထဲ၌ မွေးမြူထားသော ကြက်များကို လင်းလေးဖြင့် လိုက်ပစ်ကြသည်၊ ကျွန်တော်တို့ညီအစ်ကိုများ ဧည့်သည်ရောက်သဖြင့် ဟင်းစားချက်ရန်ဖြစ်ပေသည်။

အမေ့ညီမ ဒေါ်လေးမြတင်က "တူကြီးတွေ - မင်းတို့မိဘတွေကော ကျန်းမာကြရဲ့လား၊ အလုပ်အကိုင်ကော ကောင်းကြရဲ့လား"

"အားလုံးကောင်းကြပါရဲ့ - ဒေါ်လေး။ ဒေါ်လေးကို တစ်ပတ်လောက်လာလည်ဖို့လည်း မှာလိုက်ပါတယ်"

"အေးကွယ် - ဒေါ်လေးတို့ မြခင်၊ မြတင်၊ မြရင်ဆိုတဲ့ ညီအစ်မတွေ အိမ်ထောင်ရက်သားကျကြတော့ ခင်ပွန်းသည်တွေရဲ့ ဦးဆောင်ရာမှာ နေထိုင်လုပ်ကိုင်စားသောက်ကြရရင်း မင်းတို့ကတော့ မြို့သားဖြစ်၊ ဒေါ်လေးသားတွေကတော့ တောသား၊ လယ်သမားဖြစ်ပေါ့။ အခုဆို - ဒေါ်လေးတို့မိဘတွေ ဆောင် ဆင်ဖုန်ရွာမှာ မနေကြတော့ဘဲ မင်းတို့နဲ့အတူ မြို့ပေါ်တက်နေကြတာ ဆင်ဖုန်ရွာအိမ်ကြီးမှာ အငယ်မ မြရင်တို့ အိမ်ထောင်စုပဲ ကျန်ရစ်တော့တယ်။ ဒူတို့လည်း လယ်ယာနားတာနဲ့ ခန်းခြံကလေးရှိတော့ စီးပွားရေး အဆင်ပြေကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဝမ်းသာပါတယ် - ဒေါ်လေး၊ ဒေါ်လေးတို့ကော အဆင်ပြေကြရဲ့လား"

"လယ်သမားပဲကွယ် - လက်လုပ်လက်စား မငတ်ပါဘူး၊ စပါးရှိတော့ ဆန်ရှိတယ်၊ လယ်ယာရှိတော့ သူ့ဟာနဲ့သူ တောသဘာဝ ဟင်းချက်စရာလည်း ရှိပါတယ်၊ မိုးရာသီမှာ သားငါးပေါသလို ဆောင်းရာသီမှ ရေခန်းငါးသားပုစွန်နဲ့ တွင်းအောင်းသတ္တဝါတွေ ရှိပါတယ်၊ နွေရာသီမှာတော့ ငမိုးရိပ်ချောင်းထဲ ငါးရှာ၊ လယ်ထဲက ကောက်ရိုးနွယ်နဲ့ ခြံပိုင်းထဲက အလေ့ကျပေါက်တဲ့ ခွေးတောက်၊ ကင်းပုံနွယ်၊ ကြွက်ဟင်းညွန့်တွေက ခြံစည်းရိုးဟင်းပင်တွေပါပဲ၊ ဧည့်သည်လာတော့လည်း လျှာရင်းမြက်အောင် အိမ်မှာမွေးထားတဲ့ ကြက်ကလေး၊ ဝက်ကလေးက အသုံးတည့်ပြန်ပါတယ်၊

ထိုနေ့ နေ့လယ်က ချက်ချင်းလတ်ဆတ်စွာချက်သော ထမင်းဟင်းများကြောင့် ကျွန်တော်တို့ ညီအစ်ကိုတတွေ နေ့လယ်စာ ထမင်းစား၍ အလွန်မြိန်သည်၊ စားသောက်ပြီး လူကြီးများ လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့စကား ပြောကြတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဒေါ်လေးမြတင်သား အငယ်ကောင် ဖိုးလုံး ဦးဆောင်၍ လေးခွကိုယ်စီဖြင့် နွေနေပူကျဲကျဲထဲ ငှက်ပစ်ထွက်ခဲ့ကြတော့သည်၊

ရွာနှင့် ကွင်းစပ်တွင် ဝါးရုံများနှင့် သရက်ပင်များ၊ ဥနဲ၊ ဆေးရိုးပင်၊ မြန်မာ့ကုက္ကိုပင်နှင့် ထိန်ပင်ခေါ် (မအူပင်)များ တောဖြစ်နေသည်၊ ထိုရွာခြံစည်းရိုးတောတွင် မျက်လုံးနီနီဖြင့် ကျီးကန်းလို အမွေးရောင် နက်မှောင်နေသည့် နွေဦးတေးသံရှင် ကိုရွှေဥဩ၊ နွေနေပူပူတွင် လေးတွဲစွာ ပျင်းကြောဆွဲ၍ ကူနေသော ရှိုးလည်ပြောက်နှင့် ရွှာအနောက်မြောက်ထောင့် ညောင်ပင်ကြီးနှင့်ယှဉ်၍ မြင့်မားစွာ ပေါက်ရောက်နေပြီး နီရဲသောအပွင့်များ ရဲရဲတောက်၊ တစ်ပင်လုံး ပွင့်အာနေသော လက်ပံပင်ကြီး၊ လက်ပံပင် ဆက်ရက်ကျဆိုသလို ဆူညံစွာ အော်ဟစ်ရင်း လက်ပံပွင့်များကို ထိုးဆိတ်စားသောက်ချနေသည့် ဆက်ရက်ငှက်များ၊ ဆက်ရက်ငှက်များတွင်လည်း (၂)မျိုးရှိသည်၊ မြို့ဆက်ရက်ငှက်များက နှုတ်သီးဝါ၍ အသံအလွန်ဆူသည်၊ တောဆက်ရက်ငှက်များက နှုတ်သီးမည်းပြီး အကောင်ကြီးသည်၊ အသံမထွက်၊ ဆက်ရက်ငှက်နှင့် ပုံစံတူသာလိကာလည်း ရှိသေးသည်၊ သူက အသံမျိုးစုံ အော်မြည်တတ်သည်၊ နားရွက်က အသားပိုအဝါကလေး တွဲကျနေသည်၊ လျှောင်အိမ်ကလေးဖြင့် မွေးမြူပြီး လူ့စကား သင်၍ ရသည်၊

ဆက်ရက်ငှက်အုပ်နှင့် ကျီးကန်းများက လက်ပံပွင့်များကို ထိုးဆိတ်ချ၍ လက်ပံပွင့်များ၊ ပင်ခြေတွင် နီရဲပြန့်ကျဲနေသည်၊ ရွာသူများက လက်ပံပွင့်များကိုကောက်၍ ပွင့်ဖတ်များကိုခြွေကာ လက်ပံခေါင်းကို ငါးဖြင့် ချက်စားရာ အလွန်စားကောင်းသည်၊ ကျွန်တော်တို့ မုဆိုးပေါက်စများကတော့ လက်ပံပင်မှ ဆက်ရက်နှင့် ကျီးကန်းများအား ပစ်ချပြီး ဆက်လျှောက်နေသည့် ညောင်ပင်မှ ညောင်သီးစားသည့်ငှက်များနှင့် ငှက်မျိုးစုံကို ညောင်ပင်အောက်မှာ အထိုင်ချ၍ ပစ်သည်၊ အစာမက်သောငှက်များမှာ ပျံသွားလိုက်၊ ပြန်နားလိုက်ဖြင့် တရုန်းရုန်း၊ ကျွန်တော်တို့ ငှက်ပေါင်းစုံ၊ အကောင်စုံ အတော်ရသည်၊ ထိုအချိန် ကျွန်တော်တို့ အလွန်ပျော်သည်၊ နွေနေပူသည်မှာ ကျွန်တော်တို့ကိစ္စမဟုတ်၊ ကျွန်တော်တို့ အလွန်ပျော်သောရာသီဖြစ်သည်၊ ထိုနေ့က ငှက်ပေါင်းစုံ အကောင် (၅၀) ခန့်ရသည်၊

ညနေစောင်း အိမ်ပြန်တော့ မုဆိုးချွတ်၍ ငှက်ထုပ်ကြီးက တစ်ထုပ်၊ လက်ပံခေါင်းများက တစ်ထုပ်၊ ညီအငယ်ကောင် ဖိုးလုံးတက်၍ ခူးထားသော မြန်မာကုက္ကိုရွက်နုများ၊ မန်ကျည်းသီးရှမ်းပြင်းများနှင့် ဟင်းချက်စရာ အသီးအနှံများက တစ်ထုပ်၊ ထို့အပြင် တောငါးပိရည်ချိုဖြင့် တို့ပြုတ်စားရန် အလွန်လိုက်ဖက်သော ကွင်းစပ်မှ ကောက်ရိုးနွယ်ညွန့်များကိုလည်း ရှာဖွေခူးဆွတ်ကြသေးသည်၊ ကောက်ရိုးနွယ်ဆိုသည်မှာ နွေဦးကာလ စပါးရိတ်သိမ်းပြီး ငုတ်တိုကျန်နေခဲ့သည့် ရိုးပြတ်ငုတ်တိုများကို လယ်မြေပပ်ကြားအက်ထဲမှ ရှန်းကန်ထွက်ပြူပေါက်ရောက်နေသော လွန်စွာဖွံ့ကောင်းသည့် နွယ်ပင်ကလေးများ ဖြစ်ကြသည်၊ ကောက်ရိုးနွယ်များ နှူးပြီးတော့ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ပြုံးစေ့စေ့ကြည့်မိကြသည်၊ ရွှေ့နေလောင်

www.burmeseclassic.com

နံ့နှင့် ရိုးပြတ်နံ့က ကျွန်တော်တို့ကိုယ်တွင် စွဲနေသည်။ ထိုအနံ့က ကျွန်တော်တို့ကလေးများ နှစ်သက်သော သဘာဝအနံ့ဖြစ်ပါသည်။

ညနေပိုင်းတွင် ကျွန်တော်တို့ရှာဖွေပေးသော ဟင်းလျာများကို ဒေါ်လေးမြတင် ချဉ်ရည်ဟင်းချက်ပေးသည်။ ငှက်ကလေးများအား နန္ဒင်းလူး၍ အကောင်လိုက် ကြော်၏။ မြိန်လိုက်သည့် ညစာထမင်း။ ထမင်းစားပြီးတော့လည်း ဒေါ်လေးမြတင်က ငမိုးရိပ်ချောင်းနှင့် ပတ်သက်သော ရှင်မွေ့နွန်း၊ မင်းနန္ဒာပုံပြင်၊ မလက်တိုပုံပြင်၊ ငမိုးရိပ်မိကျောင်းကြီးပုံပြင်တို့ကို မမောနိုင်၊ မပမ်းနိုင် ပြောပြသည်။ ကျွန်တော်တို့မှာ (၁၀) နှစ်သားခန့်ရှိပြီဖြစ်သော်လည်း ထိုပုံပြင်များကို မရိုးနိုင်ပါ။ လာတိုင်းတောင်းဆိုရသည်မှာအမော။ အပ်ကြောင်းထပ်နေပြီဖြစ်သော်လည်း ကျွန်တော်တို့အတွက် မရိုးနိုင်ပါ။ အလွန်နားဝင်



ချိုလှသောပုံပြင်များ ဖြစ်သည်။ ထိုပုံပြင်များ နားထောင်ပြီး အိပ်ရာဝင်ရသည်မှာ အလွန်အိပ်ပျော်သည်။

ဒေါ်လေးတို့ရွာတွင် ခြင်ထောင်ထောင်၍ မအိပ်ကြ။ သည်အတိုင်း အိမ်မကြီးအပေါ်တွင် တန်းစီ၍အိပ်ကြသည်။ ငမိုးရိပ်ချောင်းနှင့် ကွင်းပြင်က သဘာဝလေ တဟူးဟူးဝင်တော့ ခြင်လည်း မကိုက်။ မိုးတွင်းရေဝပ်မှသာ ခြင်ကိုက်သဖြင့် ခြင်ထောင်ဖြင့် အိပ်သည်ဟု သိရသည်။ နွေရာသီတွင် ဘူးခါးရေနှင့် ကြမ်းကြားလေမှာ အလွန်အေးမြသည် ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။

နောက်တစ်နေ့မနက်စောစောတွင် ဒေါ်လေးက ကောက်ညှင်းငချိတ်ပေါင်းနှင့် ငါးဖင်ရိုင်းငါးခြောက်ကြော်၊ ထန်းမြစ်မီးဖုတ်တို့ဖြင့် မနက်စာ ကျွေးသည်။ ဒီကနေ့မနက်တော့ အစ်ကိုကြီးများက လှေတစ်စင်း၊ ပိုက်တစ်ဖုံဖြင့် ငါးရှာထွက်ကြသည်။ ကျွန်တော်တို့ ညီအစ်ကို (၃) ယောက်ကတော့ ဝါသနာအရ ကွင်းပြင်တွင် ငှက်ပစ်ထွက်ကြမည်။ ယနေ့တော့ ငှက်ကလေးများ မပစ်၊ ငှက်ကြီးများရှိသော ရွာအနောက်ဘက် စစ်ပင်ကန်ကြီးနှင့် ထင်းတောဘက်သို့ သွားကြမည်ဖြစ်သည်။ စစ်ပင်ကန်ကြီးမှာ ရွာများအတွက် သောက်သုံးရေကန်ဖြစ်ပြီး နွေမိုးဆောင်း ရေမခန်း။ အနီးတွင်လည်း တိရစ္ဆာန်များ သောက်သုံးရန် ရေမခန်းသောကြာကန်ကြီး ရှိသေးသည်။ ပဒုမ္မာကြာပင်ကြီးများ သာမက ကြာဖြူ၊ ကြာနီ၊ ကြာညိုပင်ကလေးများလည်း ရှိသည်။ ထိုကြာမျိုးက အရိုးကို ဟင်းချက်စား၍ ရသည်။ ပဒုမ္မာကြာပင်ကြီးများက ကြာပွင့်ပြီးသည်နှင့် ကြာဖူးသီးမှာ ရင့်သည်နှင့် ကြာဆံများက အလွန်မွှေးသည်။ ထိုကြာတောတွင် ကြာဖက်နင်းငှက်ကြီးများ၊ ဗျိုင်းနှင့် ရေကြက်မ ငှက်ကြီးတုံးစပ်များ အလွန်ပေါသည်။ ဆက်စပ်နေသည့်ထင်းတောမှာ စစ်ပင်များ မဒမနှင့်



www.burmeseclassic.com

www.burmeseclassic.com

လမုပင်၊ ထမင်းဆုပ်ပင်၊ မြရာပင်၊ ရေတမာနှင့် ခပေါင်းပင်၊ ခအောင်းပင် အတော်စုံသည်။ အစဉ်အဆက်ထင်းတောဖြစ်သော်လည်း ရွာများက စည်းကမ်းတကျ ခုတ်ပြီး မိုးရာသီတွင် စနစ်တကျ ပြန်စိုက်ကြသဖြင့် တောက မပြုန်း၊ အစဉ်ဝေစည်လျက်ရှိသည်။ အဝေးကကြည့်လျှင် ကွင်းပြင်ထဲမှ တကယ့်တောတန်းကြီးအတိုင်းပင်၊ ကျယ်ဝန်းလှသော တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင်ကျယ်ကြီးအထဲမှ နွေရာသီ စိမ်းလန်းစိုပြေသော အိုအေစစ် ကလေးသဖွယ် ဖြစ်ပါသည်။

ထိုနေ့က စစ်ပင်ကန်ကြီးတွင် လူရှင်းနေသဖြင့် တစ်ဖက်က ကြာကန် ကြီးတွင် ငှက်များကျနေသည်။ ကျွန်တော်တို့ သောက်ရေကန်အပေါ်မှ မန်ကျည်းပင်၊ ကုက္ကိုပင်ကြီးများအား အကာအကွယ်ပြု၍ ကြာကန်ဘက် သို့ တဖြည်းဖြည်း ကပ်သည်။ ကြာကန်ထဲတွင် ပျော်မြူးနေသော ရေကြက်မနှင့် ဖိုင်းအောက်များ၊ ပေါ်စ်ငှက်များ၊ ရေစစ္စလီများကို ရှောင်းကြသည်။ ကျွန် တော်တို့က ကန်ပေါ်က ငှက်များက ကန်ထဲကဖြစ်သဖြင့် အပေါ်စီးတ ဖြစ် သည်။ ထိုနေ့က သုံးကြိမ်ခန့် ပစ်ခွင့်ရရာ ရေကြက်မ (၂)ကောင်၊ ဖိုင်းအောက် (၂)ကောင်၊ ရေစစ္စလီ (၃)ကောင်ရသဖြင့် ကျွန်တော်တို့ အလွန်ပျော်သည်။ ဆက်ရက်ငှက်များလိုမဟုတ်ဘဲ အကောင်ကြီးသဖြင့် ယနေ့ရရှိသော ငှက် (၇)ကောင်မှာ ကျွန်တော်တို့အုပ်စုအတွက် ဆီပြန်ဟင်းတစ်အိုးစာ ကောင်း ကောင်းရချေပြီ။ ထိုစဉ် အငယ်ကောင် ဖိုးလုံးက –

"အစ်ကိုတို့ရေ – ထင်းတောဘက်သွားရအောင်ဗျာ။ အဲဒီမှာ ရှဉ့်ပေါ်တယ်၊ ခွေးတောက်ရွက်နဲ့ အရည်သောက်ချက်ရင် အလွန်အရသာရှိတာဗျ။ ငှက် သားဆီပြန်ဟင်းနဲ့လည်း အလိုက်ပဲ၊ ကံကောင်းရင် ဘုတ်ငှက်တွေတောင် ရနိုင်တယ်"

"ဘုတ်ငှက်က ဘာကောင်းလို့လဲကွ"

ကျွန်တော်ကမေးတော့ –



"ဘုတ်ငှက်က ဆေးဖက်ဝင်တယ် – အစ်ကိုလော်ရဲ့၊ သူ့အသားကိုစားရင် မြွေဆိပ်ပြေတယ်တယ်၊ သူ့အရိုးကို ခြံပတ်လည် စွန့်ပစ်ထားရင် မြွေမလာဘူး၊ မြွေကြောက်တယ်၊ ဘုတ်ငှက်က မြွေကို နိုင်တယ်လေ"

"ဘယ်လိုပုံစံလဲ – ဖိုးလုံးရဲ့"

ကျွန်တော့်ညီက မေးတော့ –

"ကိုယ်လုံးက နီညိုရောင်၊ အမြီးနဲ့ အတောင်ပံများက အနက်ရောင်၊ ချုံတွေထဲမှာနေတယ်၊ ရေတက်၊ ရေကျ တအီအီအော်တယ်၊ လိုက်ပစ်ရင် လည်း ခုန်ဆွခုန်ဆွနဲ့ ဝေးဝေးကို မပျံဘူး – ရတာလွယ်ပါ့ရည်းပဲ"

"ဒါနဲ့ – ညီလေး – အဲဒီထင်းတောဘက်က နတ်ကြီးတယ်ဆို၊ ဒေါ်လေး မြတင် ပြောဖူးတယ်"

"အပေါ့အလေးသွားရင် မတ်တတ်ရပ်မသွားနဲ့၊ တောင်းပန်ပြီး သွားရ တယ်ပြောတာပါဗျာ၊ ကျွန်တော်တို့က ငှက်ပစ်ရုံပဲ၊ ဘာလုပ်မှာမှတ်လို့ ..."

"ကဲ – အဲဒါဆိုလည်း ရှေ့က ကြွပါဗျာ"

ထင်းတောမှာ သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းမနေသော်လည်း ကွင်းပြင် ထဲမှ အင်တိုင်းဆန်ဆန်တောဖြစ်သဖြင့် ကြာကန်မှ လယ်ကွင်းပြင်ကိုဖြတ်၍ အင်တိုင်းတောထဲဝင်သည်နှင့် အရိပ်အာဝါသကောင်းသောကြောင့် ချက်ချင်း အေးမြသွားသည်။ လယ်ကွင်းကျယ်ထဲက အိုအေစစ်ကလေး မဟုတ်ပါလော"

တောစပ်အဝင် စစ်ပင်ကြီးပေါ်၌ ရှဉ့်ငပေါ(၂)ကောင်ကို တွေ့ရသည်။ ကျွန်တော်တို့ စစ်ပင်ကြီးအောက်ခြေကို ဝိုင်းလိုက်ကြသည်။ ရှဉ့်ကလေးများ က အထွက်ကိုင်းတက်များပေါ်သို့ တက်ပြေးကြသည်။ ကျွန်တော်တို့ ဝိုင်း ပစ်ကြသော်လည်း မထိပါ၊ သစ်ကိုင်းများကို ကွယ်၍ ကပ်ထားကြသဖြင့် လေးခွဖြင့်ပစ်၍ မလွယ်ပါ၊ ထို့ကြောင့် ဖိုးလုံးက စစ်ပင်ပေါ်သို့ တက်ရန်ပြင် သည်။

"ညီလေး – နတ်စင်ရှိတယ်ကွ၊ မတက်ကောင်းဘူးထင်တယ်"

www.burmeseclassic.com

"အစ်ကိုလတ်ရာ – နတ်စင်ဟောင်းကြီးပါ၊ ဘယ်သူမှလည်း မကိုးကွယ်ပါဘူး"

ဖိုးလုံးက သစ်ပင်ပေါ်တက်၍ပြောက်တော့ ရုဉ့်ကလေးနှစ်ကောင် အောက်သို့ ဆင်းလာကြပြီး နတ်စင်ဟောင်းအတွင်းသို့ဝင်သည်။ ကျွန်တော်တို့ညီအစ်ကိုက ဝိုင်းပစ်ကြရာ ထိသလိုတစ်လုံးတည်းသော မြေပန်းအိုးကြီးလည်း လောက်စာလုံးထိမှန်၍ ကွဲသည်။ ဘယ်သူ့လက်ချက်မှန်းတော့ မသိ၊ အသေအချာလေ့လာကြည့်တော့မှ နတ်စင်ဟောင်းအတွင်းပိုင်းတွင် သစ်ခေါင်းရှိသည့် နတ်စင်မှ ရုဉ့်ကလေးတွေအိမ် ဖြစ်ရေသည်။ ကျွန်တော်တို့ရှဉ့်သေ(၂)ကောင် ကောက်၍ပြန်ခဲ့ကြရာ ဘုတ်ငှက်တစ်ကောင်ကို ဖိုးလုံးက စ၍တွေ့ပြန်သည်။ နီညိုရောင်ငှက်ကြီးဖြစ်သည်။ ကျွန်တော်တို့ ဝိုင်းပစ်ကြရာ ချုံခံနေသဖြင့် မထိ၊ တရွေ့ရွေ့ ရွာဘက်ရှိ သစ်ပင်တန်းသို့ ကူးသွားသည်။

ထိုအခြေအနေကို ကျွန်တော်က လေ့လာ၍ ချုံအတွင်းဝင်ရောက်နေစဉ် မပစ်၊ ညီငယ်များ ဝိုင်းပစ်၍ ချုံတစ်ချုံမှ နောက်တစ်ချုံသို့ အကူးတွင် Fly Shop ပစ်ရာ ထိသည်၊ မသေ၊ ချုံခြေတွင် လျှောက်ပြေးနေသဖြင့် ဝိုင်းပစ်မှရတော့သည်။ ကျွန်တော်တို့ငှက်များ တစ်ပွေ့တစ်ပိုက်နှင့် ပျော်ရွှင်စွာ ပြန်ခဲ့ကြတော့သည်။ ရွာအိမ်ပြန်ရောက်တော့ အစ်ကိုကြီးတို့လည်း ငါးရှာရာမှ ပြန်ရောက်နေကြပြီ။ သူတို့လည်း ငါးရှဉ့်၊ ငါးလင်ပန်း၊ ငါးရံ့၊ ငါးဘတ် အကောင်ကြီးများ အတော်စုံအောင်ရသည်။ ဒေါ်လေးက ငါးရှဉ့်နှင့် ငါးလင်ပန်းတို့ကို ရင်ခွဲ၍ ကျပ်တင်ပေးသည်။ ကျွန်တော်တို့ အိမ်အပြန် ယူဆောင်သွားရန်ဖြစ်သည်၊ ထိုနေ့က ငှက်မျိုးစုံ အသားဆီပြန်ဟင်း၊ ငါးဟင်း၊ ငါးကြော်၊ ချဉ်သားနှင့် ခွေးတောက်ရွက်အရည်သောက်၊ ကောက်ရိုးနွယ်၊ ခံတက်ရွက်အိုးစရာ၊ တောငါးပိရည်ဖြင့် အတော်ထမင်းမြိန်သည်။

ထိုညက ညအိပ်ရာဝင် ဒေါ်လေး ပုံပြောနေစဉ် ဒေါ်လေးသမီး အကြီးမအား နတ်ဝင်ပူးသည်။



"ဟဲ့ – ငမိုက်သား (၃)ကောင် – ထိုင်ကြစမ်း၊ ငါ့နတ်စင်က ပန်းအိုးကိုခွဲပြီး ငါမွေးထားတဲ့ အကောင်လေးတွေကို သတ်သွားတယ် ငါမကျေဘူး၊ နင်တို့ကို ကိုင်မယ်၊ မနက်ဖြန် အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ လာတောင်းပန်ပြီး ပန်းအိုးအသစ်လဲပေး၊ အမွှေးနံ့သာထွန်းပေးမှ ငါကျေနပ်မယ်၊ ကလေးတွေမို့နော် – ဟင်း၊ အကြောက်အလန့်လည်း မရှိဘူး၊ လူကြီးတွေက မဆုံးမကြဘူးလား"

ထိုအချိန်တွင် ဒေါ်လေးမြတင်မှာ လွန်စွာကြောက်လန့်ပြီး –

"မှန်ပါ့ – မယ်တော်ကြီး၊ အမိုက်အမဲကလေးတွေ မွေမယူပါနဲ့၊ တပည့်တော်မ – မနက်ဖြန် နတ်စင်အသစ်ရော၊ ညောင်ရေအိုးအသစ်ပါ ပန်းများဝေဝေဆာဆာ ကန်တော့ပွဲ၊ အမွှေးတိုင်ပြည့်စုံအောင် စီရင်ပြီး ပူဇော်ပါ့မယ်၊ ခွင့်လွှတ်တော်မူပါ – မယ်တော်ကြီး"

"အိမ်း – တစ်ကြိမ်တစ်ခါမို့ ခွင့်လွှတ်မယ်၊ နောက်တစ်ခါဆိုရင် အသေပဲ မှတ်ထား"

ရွာတော်ရှင်ထွက်သွားတော့ ကျွန်တော်တို့ ကြောင်စီစီဖြင့် ကျန်ခဲ့ကြသည်၊ ဤသို့မျိုး တစ်ခါဖူးမျှ မကြုံခဲ့ဘူးခဲ့ပါ၊ ကျွန်တော်တို့ မှားမှန်းသိသော်လည်း ဒေါ်လေးက မဆူပါ၊ သစ်ပင်ကြီးများ၊ လယ်ကွင်းများ၊ ရေကန်များတွင် ပိုင်ရာဆိုင်ရာ အစောင့်အရှောက်များရှိကြောင်း၊ တောဟောင်းသစ်ပင်ကြီးများ အောက်တွင် ညစ်ညမ်းသောစကား မပြောရ၊ မဆဲဆိုရ၊ အပေါ့အလေး သွားချင်လျှင်ပင် တောင်းပန်ပြီးမှသွားရန် သွန်သင်ဆုံးမပါသည်။

နောက်တစ်နေ့မနက်စောစောတွင် ဒေါ်လေး မော်တော်ဖြင့် အုပ်ဆိပ်ဆိပ်ကမ်းသို့တက်သွားသည်၊ ရွာတော်ရှင်အား ပူဇော်ရန်ပစ္စည်းများဝယ်ရန်ဖြစ်သည်၊ ကျွန်တော်တို့ ထမင်းကြော်စားပြီး လွယ်အိတ်ကိုယ်စီဖြင့် ထွက်ခဲ့ပြန်သည်၊ သည်တစ်ခါတော့ အစ်ကိုကြီးတို့လည်း ပါသည်၊ စစ်ပင်တန်းကြီးသို့သွား၍ ကြာပန်းများ ခူးသည်၊ ပဒုမ္မာကြာဆံများ အား ခူးကြွေးသည်၊

www.burmeseclassic.com

ကန်ဒေါးမှ ညောင်ချဉ်ဖူးများနှင့် မြန်မာကုက္ကိုရွက်နများ ခူးကြသည်။ မန်ကျည်းသီးရှမ်းပြင်းများ ခူးစားကြသည်။ ထင်းတောဘက်သို့ ခြေဦးမလှည့်ရဲတော့၊ မနက် (၁၀)နာရီခန့် တည်းအိမ်ပြန်ကြ၍ ညောင်ချဉ်ဖူးသုပ်၊ ကုက္ကိုရွက်နသုပ်လုပ်ကြပြီး နေ့လယ်တွင် ငါးဟင်းဖြင့် ထမင်းစားကြသည်။ ဒေါ်လေးက မွန်းလွဲ (၁)နာရီခန့်မှ ကန်တော့၊ ပစ္စည်းအစုံအလင်ဖြင့် ပြန်ရောက်လာသဖြင့် မော်တော်ဆိပ် ဆင်းကြိုရသည်။

ထိုနေ့ညနေစောင်းတွင် အိမ်ရှိလူကုန် ထင်းတောသို့သွား၍ နတ်စင်အသစ်၊ ညောင်ရေအိုးအသစ်၊ အုန်းငှက်ပျောကန်တော့ပွဲ၊ လက်ဖက်ပွဲ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်ကန်တော့ပြီး တောင်းပန်ရသည်။ ထင်းတောမှာ တိတ်ဆိတ်နေသည်။ ငှက်သံပင် မကြားရ။ သို့သော် ထင်းတောထဲ၌ ရှဉ့်ပေါက်ကလေးများ အုပ်လိုက်မြူးနေကြသည်။ ကျွန်တော်တို့လက်ယားနေသော်လည်း လေးခွများ ပါမလာကြပါ။ ဒေါ်လေး ဆူမှာစိုးသောကြောင့် ဖြစ်ပါသည်။

နောက်တစ်နေ့မနက် အိပ်ရာကထ၍မနက်စာ ကောက်ညှင်းပေါင်းစားပြီး ကျွန်တော်တို့ ဘယ်သွား၍ ဘာလုပ်ရမှန်းမသိ။ ထိုစဉ် ဒေါ်လေး မြတင်သားအကြီး၊ အစ်ကိုကြီး ကိုတိုးက –

"ကဲ – ဒီနေ့တော့ ညီလေးတို့အပြင်မသွားကြနဲ့တော့၊ အစ်ကိုတို့မိသားစု ခနိခြံထဲသွားမှာမို့ လိုက်ခဲ့ကြတော့၊ အဲဒီမှာပဲ နေ့လယ်စာစားမှာ၊ ခနိထိုးသမားတွေကို ဒီနေ့ တစ်ပတ်စာ လုပ်ခရှင်းပေးရမယ်"

မနက်(၇)နာရီခန့် မိသားစုအကုန် အိမ်မှလက်ထိုးလှေကလေးဖြင့် စုန်ဆင်းခဲ့ကြသည်။ ဒေါ်လေးတို့ ခနိခြံမှာ ဆင်ဖုံနှင့် မဒရွာအနီးတွင် ရှိသည်။ ကုန်းလမ်းက လှည်းဖြင့်သွားလို့လည်း ရသည်။ နေပူသောကြောင့်ဖြစ်သည်။ ရေလမ်းက အရိပ်ကောင်းသည်၊ သက်သာသည်။ ခနိပင်များမှာ မိုးရိပ်ချောင်းရိုးတစ်လျှောက် အလေ့ကျပေါက်ရောက်နေသော်လည်း ခနိခြံများမှာ



လူတို့ စိုက်ပျိုးမွေးမြူထားသောခနိပင်အုပ်စု ဖြစ်သည်။ ခနိပင် များမှာ ရေချိုရေငန်ကိုကြိုက်သည်။ ချောင်းကမ်းစပ်မှ ရေငန်ရောက်သော ချောင်းရိုးရေဝင်ဒီရေတောတစ်လျှောက် သန်စွမ်းစွာ ပေါက်သည်။ လိုင်နံပင်လည်းဖြစ်သည်။ ထန်းဖိုဖူးလို အဖူးတံလည်း ထွက်သည်။ ထန်းမခိုင်လို စုစုဝေးဝေး အသီးခိုင်ကြီးလည်းထွက်သည်။ အဖိုခိုင်က ထန်းရည်ချိုခံ၍ ရသည်။ အမခိုင်က ခနိသီးနှင့် မျိုးပွားရန် ခနိဆံရသည်။ ခနိသီးက ရေငန်းသီးနှင့်တူသည်။ ထန်းသီးဆံစားရသလို ဖြစ်သော်လည်း များများစားပါက ဝမ်းကိုက်တတ်သည်။

ခနိလက်များအား မိုးနှင့် ဆောင်းရာသီတွင် မရဘဲ မွေးမြူထားပြီး နွေဦးပေါက်တွင်ခနိလက်များ ခုတ်သည်။ တစ်ပင်တွင် လေးငါးလက်ရသည်။ ခနိပေါင်များအား တုပ်စီး၍ လှည်းဖြင့်တင်ပြီး နေရာကျယ်ပြန့်သော အရိပ်ကောင်းသောနေရာတွင် ကနားဖျင်းထိုး၍ ခနိပျစ်များ ထိုးကြခြင်းဖြစ်သည်။ ခနိပျစ်ထိုးရန် ဝါးအနှောင့်လိုသည်။ သီတံကတော့ ခနိရွက်မှ အရိုးတံသာဖြစ်သည်။ ခနိပျစ်ကို အတောင်နှင့် အရှယ်အစားလုပ်ပြီး အရောင်းအဝယ်လုပ်သည်။ အိမ်မိုးခနိကောင်းကောင်းကို လပွတ္တာက ထွက်သည်။ သူတို့ကထိုးပြီးခနိကို ရေငန်ပြန်စိမ်သဖြင့် ခနိပိုးမထိုးတော့ ဧပ်စိပ်စိပ်မိုးလျှင် (၂)နှစ်သေချာပေါက်ခံသည်။ ခနိရွက်ကနုလျှင် ပိုးစားသည်။ ရင့်လွန်းလျှင်လည်း မာဆတ်ဆတ်ဖြင့် အခေါက်မခံ၊ ခနိခုတ်သမားက အနုအရင့်ကို ရွေးတတ်ရပေသည်။ ခနိရွက်ခုတ်လျှင်လည်း အန္တရာယ်အလွန်များသည်။ ရေပိုးရေမြွေ အဆိပ်ရှိသောအကောင်များ၊ မိကျောင်းများက ခနိခြံတွင်း အအေးဓာတ်ကိုအလွန်ကြိုက်ကြသည်။ ခနိခုတ်သမားကတော့ ခနိဖက် ရလိုဇောနှင့် လျင်မြန်စွာခုတ်ကြသည်။ ဦးသူက နိုင်စတမ်း၊ သို့သော် အတွေ့အကြုံရင့်သော ခနိခုတ်သမားက ဓားထက်ထက်ဖြင့် အနိုင်ရသည်က များပါသည်။

ထိုနေ့ နေ့လယ်စာကို ခနိခြံတွင် ငါးပနော်ငါးနှင့် လမုသီးချဉ်ရည်ဟင်း၊ ညောင်ချဉ်ဖူးသုပ်၊ မန်ကျည်းရွက်နသုပ်၊ ငါးရှဉ့်ဆီပြန်ဟင်း၊ ကြက်သားနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဘူးသီးကာလသားချက်၊ ငါးဘတ်မွှေဟင်း အဓတော်စုံသည်။ အတို့အမြုတ်က သရက်ကင်းနုနှင့် ကြာစွယ်၊ ငါးရံ့မီးဖုတ်ငါးပိရည်၊ ငရုတ်သီးမိုးမျှော်ခပ်နှင့် အလွန်ထမင်းမြိန်ကြသည်။ နေ့လယ်ကျတော့ဒေါ်လေးမြတင်စီစဉ်ထားသည့် ကောက်လှိုင်းတီမုန့်မည်းမည်းနှင့် ထန်းသီးမုန့်ဝါဝါကိုစားရပြန်သည်။ ကောက်လှိုင်းတီပင်က ကန်သင်းရိုးပေါ်တွင်ပေါက်သော အပွင့်ပြာပြာအပင်။ ထန်းသီးမုန့်ကတော့ ထန်းသီးကို အမှည့်ခံ၍ ဆန်မှုန့်ကြိတ်၍လုပ်ခြင်းဖြစ်သည်။ ထန်းသီးနံ့ကလေး သင်းနေသည်။ ထိုနေ့က ခနိုရွာတွင် တစ်နေကုန် အနားယူ စားသောက်ပြီး နေအေးမှ ရွာသို့ ပြန်ကြသည်၊

အပြန်တွင် အစ်ကိုကြီးက -

"ညီလေးတို့ မနက်ဖြန်ပြန်ကြမယ်ဆိုတော့ အပြန်တောလက်ဆောင်ပေးလိုက်ရအောင်။ ညကျရင် ကွင်းထဲမှာ ယုန်နဲ့တောကြောင် လိုက်မယ်။ တောယုန်ပြာကြီးတွေနဲ့ တောကြောင်ကြီးတွေက တစ်ကောင်ကို တစ်ပိဿာကျော်၊ နှစ်ပိဿာလောက် ရှိတယ်။ တစ်ညလိုက်ရင် လေးငါးကောင်ရတတ်တယ်။ ညီလေးတို့ မှဆိုးဝါသနာပါတော့ လက်တွေ့မြင်ရအောင် လိုက်ခဲ့ကြပေါ့၊ ကွင်းထဲမှာ သေးမတ်တတ်မပေါက်ရဘူး။ မဆဲရဘူး။ စကားမပြောရ၊ ဆေးလိပ်မသောက်ရ၊ လူချင်းကွဲအောင် မနေရဘူး။ ဒါတွေဟာ ကွင်းရဲ့ စည်းကမ်းချက်ပဲ"

"ဟုတ်ကဲ့ပါ - အစ်ကိုကြီး"

ရွာပြန်ရောက်တော့ အစ်ကိုကြီးက လက်နှိပ်ဓာတ်မီးများ ပြင်ဆင် စစ်ဆေး၍ ဓာတ်ခဲလဲသည်။ (၂)တောင်ခန့်ရှိသော ဝါးစိမ်းတုတ်လေးငါးချောင်း ခုတ်သည်၊ လမ်းပြရန်အတွက် ဓရနံ့ဆီမီးခွက်၊ မီးအုပ်ဆောင်းနှင့် အကောင်များထည့်ရန် လွယ်အိတ်ကြီးတစ်လုံးနှင့် ငှက်ကြီးတောင်ဓား(၂) လက်လည်း ပါသေးသည်၊ အစ်ကိုကြီးနှစ်ယောက် လိုရမည်ရ ကိုင်ရန်ဖြစ်သည်၊ အစ်ကိုလတ်ကတော့ ဝါးစိမ်းတုတ် (၅)ချောင်းအား ကျောလွယ် အိတ်ထဲ ထည့်ပိုး၍



(၅)တောင့်ထိုး လက်နှိပ်ဓာတ်မီးကိုညာပခုံးတွင်ကြိုးချည်၍လွယ်ထားသည်။ အငယ်ကောင် ဖိုးလုံးက သောက်ရေဘူးလွယ်၍မီးအုပ်ဆောင်းကို ကိုင်ရပေမည်။ ကျွန်တော်က တောထုံးစံအတိုင်း လောက်လေးခွ၊ လောက်စာလုံးလွယ်အိတ်၊ ရေပုလင်းနှင့် (၂)တောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက် ကိုယ့်ဘာသာကိုင်ရန် ပြင်ဆင်ထားသည်။ ညမီးလည့်ခြင်းမှာ ကျွမ်းကျင်ရန်နှင့် အတွေ့အကြုံများရန် လမိုက်ရက်ဖြစ်ရန် လို အပ်ပါသည်။

ည(၉)နာရီ လူသံတိတ်ချိန်ခန့် ကျွန်တော်တို့အုပ်စု ရွာအနောက်ဖျားမှ လယ်ကွင်းများဘက်သို့ ထွက်ခဲ့သည်။ လကွယ်ညဖြစ်၍ လတစ်ခြမ်းမဲ့လေးက သန်းခေါင်ကျမှ ထွက်ပေလိမ့်မည်၊ ကျွန်တော်တို့ လယ်ကွင်း၌ ယုန်လိုက်၊ ကြောင်လိုက်ရန် အချိန်(၃)နာရီခန့် ရပါသည်။ အငယ်ကောင် ဖိုးလုံးက လူ တန်းအလယ်က မီးအုပ်ဆောင်းကိုင်ထားသဖြင့် လူသွားလမ်းကို အရှေ့ အနောက် မြင်နေရသည်၊ ကွင်းနှင့် ငမိုးရိပ်ချောင်းစပ်နားရောက်တော့ အစ်ကိုကြီးက တစ်နေရာတွင် စုဝေးစေပြီး မီးအိမ်ကို မှုတ်သည်။ ထိုအခါမှ (၅)တောင့်ထိုး လက်နှိပ်ဓာတ်မီးကို အစ်ကိုလတ်က မိုးပေါ်သို့ ထောင်ထိုးပြီး တဖြည်းဖြည်း ချုံပုတ်များရှိသော ကမ်းစပ်ဘက်သို့ မီးကွက်ချ၍ ကစားသည်၊ သို့ကစားသွားရာ တစ်နေရာရောက်သော် မျက်လုံးစိမ်းစိမ်းဖြင့် တောယုန်ပြာကြီး(၅)ကောင် ချုံပုတ်ထဲမှ ပြေးထွက်လာပြီး မီးကွက်အတွင်းဝင်၍ တစားသည်။ မီးကွက်ဆွဲရာ နောက်သို့အပြေးလိုက်သည်။ ကိုလတ်က ကျွမ်းကျင်စွာ နီးစပ်ရာသို့ ဆွဲခေါ်သည်၊

လက်လှမ်းမီသည့်အနီးသို့ရောက်သော် ဝါးဆစ်ပိုင်း(၂)ပိုင်းအား အဆင်သင့်ကိုင်ထားသော အစ်ကိုကြီးက လွှဲယမ်း၍ တစ်ပိုင်းပြီးတစ်ပိုင်း တစ်ပိုင်းသဏ္ဍာန်လွှဲပြီး မြေတွင် ရပ်၍ပစ်သည်။ ဝါးဆစ်ပိုင်း(၂)ပိုင်းက တစ်ပိုင်းနောက်က တစ်ပိုင်းလိုက်၍ ပစ်မှတ်နေရာအသီးသီးအား သိမ်းကြုံး၍ မှတ်သွားသည်။ ပထမတုတ်ရိုက်ချက် မသေရှာပါက ဒုတိယတုတ်က အဆင်

www.burmeseclassic.com

သင့် ကျွမ်းကျင်သူများဖြစ်သဖြင့် ယုန်(၅)ကောင်စလုံးရသည်။ အသက်နေနည်းသောသတ္တဝါကလေးများ ဖြစ်ပါသည်။

ဒုတိယက တောကြောင်ကြီးများ၊ ကောက်သင်းကောက်စဉ် ကျန်ရှိခဲ့သော စပါးကို လယ်ကြွက်ကြီးများက ထွက်စားစဉ် ချောင်း၍ဖမ်းသော ကြောင်နံ့သာ၊ ကြောင်ဝံပိုက်၊ ကြောင်မြင်းကြီးများ ဖြစ်သည်။ သူက ယုန်လို မဟုတ်၊ အလွန်လျင်သည်။ လယ်ကွင်းအတွင်း မျက်လုံးဝါဝါကို အဝေးက မြင်သည်နှင့် အဝေးမှပင် ပတ်ပိုင်းရသည်။ နောက်ဆုံး လူအုပ်ကောင်း၍ ပြေးမလွတ်ပါက လယ်ကန်သင်းရိုးမှ ဆီးပင်၊ ဝါးပင်များပေါ်သို့ တက်ပြေးတတ်သည်။ လေးခွသမားက ပစ်ချပြီး ဓားသမားက ဓားဖြင့်ခုတ်၊ တုတ်သမားက တုတ်ဖြင့်ရိုက်ရသည်။ အလွန်အသက်ပြင်းသည်။ တောကြောင်တစ်ကောင် ရရန် အချိန်အလွန်ကုန်ပြီး ဖမ်း၍မလွယ်ပါ။ သို့သော် ထိုညက ကျွန်တော်တို့အုပ်စု တောယုန်(၈)ထုပ်နှင့် ကြောင်ဝံပိုက်တစ်ကောင် ရလိုက်သည်။ အိမ်ပြန်ရောက်၍ ညလယ်စာ ယုန်သားချက်စားကြတော့ ယုန်သားမှာ အလွန်ချိုပြီး နူးညံ့လှပေသည်။ မြို့ပြန်လက်ဆောင်လည်း ရပေပြီ။ ကျွန်တော်တို့ ညီအစ်ကိုတွေ စားသောက်ပြီး အိပ်ရာဝင်တော့ နောက်တစ်နေ့ မနက်(၃)နာရီခန့်ရှိပြီ ဖြစ်သတည်း။

→ **ထောင်မှူးကြီးဘိန်းဝင်း**



www.burmeseclassic.com

ညဘက် အငှားယာဉ်မောင်း
တစ်ယောက်၏ကြုံရ ဆုံရ လူမှုဘဝ
အတွေ့တွေ့ ဒုက္ခသုခကို စိတ်ဝင်စားဖွယ်
ဖော်ပြထားခြင်းဖြစ် ..

**ကျွန်တော့်**နာမည်က ရန်အေး။ ညတက်စီမောင်းသမား။

ကျွန်တော့်ကားက "တက" ...။ ဆူပါရှဖ် နိုင်တီးဗင်၊ (Super roof 90 van)ဆိုကား။

နာမည်က "ရန်အေး" ဆိုပေမယ့် ရန်မအေးသလို ရန်လည်း မဝေးဘူးဗျာ။

ညကားသမားဆိုတော့ အချိန်နဲ့အမျှ အန္တရာယ်က ရှိနေနိုင်တာကိုး။

ကြားဖူးတယ်မို့လား။ နေ့ခင်းကြောင်တောင်တောင်မှာ တက်စီသမားကို ဓားထောက်လုတာတို့၊ လူရိုက်ပြီးကားယူပြေးတာတို့၊ နောက် ... သူက ကိုယ့်ကိုတိုက်တာ၊ ကိုယ်က သူ့ကိုတိုက်တာ။ ဟာ - ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တဲ့ အန္တရာယ်ပေါင်းကို စုံနေတာပဲ ခင်ဗျ။

ညပိုင်းမောင်းရတာဆိုတော့ ပိုဆိုးတာပေါ့။

သိကြတဲ့အတိုင်း ညဆိုတာ အများအားဖြင့် အမှုသမားနဲ့ ညဥ့်ငှက်နဲ့ […]စရိုက်သမားတွေ ကျင်လည်တဲ့အချိန်လေ။

လူကောင်းသူကောင်းတွေဆိုတာလည်း ညထွက်ပြီဆိုရင်တော့ ဘားဆိုင်တို့၊ နိုက်တလပ်တို့၊ ကာရာအိုကေ၊ မာဆတ်တို့အဲ့ဒီနေရာတွေဆီ အပန်းဖြေ သဝေထိုးကြတာဆိုတော့ အနည်းနဲ့အများ မူးတော့မူးနေကြတာချည်းပဲ။

အဲ - ကိစ္စဝိစ္စ၊ ကျန်းမာရေး၊ လူမှုရေး အကြောင်းကြီးငယ်နဲ့ ထွက်ကြရ[…]သူတွေလည်း ရှိပါတယ်။

ပြောချင်တာက ညဆိုတာ ခရီးသည်အများစုဟာ စောစောကပြောတဲ့ […]မျိုးတွေ အထွက်များတာမို့ လူသူကျဲကျဲ၊ ညအမှောင်ထဲမှာ မောင်းရတဲ့ ညတက်စီသမားအဖို့ နေ့မောင်းသမားထက် ပိုပြီးရန်များတယ်လို့ ဆိုချင်တာ[…]ပျ။

ဒါကြောင့် နာမည်တသာ "ရန်အေး"၊ ရန်တော့ မဝေးဘူး ... လို့ ပြောရ[…]တာပါ။

ညသမား၊ ညမင်းသားဆိုတော့ ညမှာ ပရိယေသနဝမ်းစာရှာရင်း တွေ့[…]ကြုံရတဲ့ညဇာတ်လမ်းတွေက အများသားခင်ဗျ။

ဒီထဲကမှ သည်းထိတ်ရင်ဖိုဇာတ်လမ်းလေးတစ်ခုကို ပြောပြချင်တယ်။

"တက" ပြောတဲ့ညပုံပြင်တစ်ပုဒ်ပေါ့ဗျာ - နော်။

"မကောင်းဆိုးဝါးကွေ့" လို့ ဇာတ်လမ်းအမည်တပ်ထားတဲ့ ရန်မဝေးတဲ့ "[…]အေး" အကြောင်း။

ဖြစ်ပုံက ဒီလိုဗျ။

---

အင်း - ကားထွက်ချိန်ကျပဟဲ့ - ဆို - ဒီမိုးကစပြီ။ ကေန္တ - မိုးမှာ ရိုးလက်စ[…]ရှိုးတယ်ထင်တယ်။ အချိန်ကို မှန်နေတာပဲ။

[…]ရန်အေးမှိုင်းညိုဖြန်သောကောင်းကင်ကိုမော်ကြည့်လိုက်ရင်းမရေ[…] […]တွေးပစ်လိုက်၏။

www.burmeseclassic.com

သူတို့လို ညတက်စီသမားများအဖို့ မိုးက ရန်သူ၊ မိုးနှင့် မတည့်၊ ညနေပိုင်း၊ ညဦးပိုင်း မိုးရွာရလိုက်ပါက လမ်းပေါ်မှာ လူက ပျောက်တော့သည်၊ မလွှဲမကင်းသာ ရုံးပြန်၊ အလုပ်ပြန်၊ ကိစ္စကြီးငယ်ရှိသူများကလွဲ၍ တော်ရုံလူ အပြင်ထွက် နည်းတော့သည်၊ လူမရှိမှတော့ ခရီးသည်လည်း ဘယ်ရပါ့မလဲ၊

နေ့မောင်းသမားက ညနေ (၆) နာရီကျော်လောက်မှ အုံနာအိမ် ကားပြန်ထိုး၏၊ ကားစစ်၊ သန့်ရှင်းရေးလုပ်နှင့် ညမောင်းသမား သူထွက်ရတော့ (၆) နာရီခွဲဝန်းကျင်၊ ကိုရန်အေးတို့ညတက်စီသမားများ ဆွဲချိန်ရသည်က အလွန်ဆုံး ည (၁၁) နာရီလောက်ထိသာ၊ ထို (၁၁) နာရီလောက်အတွင်း အုံနာကြေး (၁၀၀၀၀) မှမရ၊ မပြည့်သေးလျှင်မလွယ်၊ ညဦးပိုင်းမှာ အုံနာကြေး မပြည့်ထားလို့ကတော့ ညလယ်ပိုင်း ကလပ်တို့၊ ကေတီဗီတို့၊ မာဆတ်တို့ ဝင်တိုးရတော့သည်၊

သည်လိုင်းတွေကလည်း သူ့မိတ်၊ သူ့အဆက်နှင့် သူက များသည်၊ ကလပ်တွေမှာ ပုံမှန်ဂိတ်ထိုးတွေကြားထဲ ကိုရန်အေးတို့လို ကြားဖောက်ဝင်ဆွဲသူများမှာ ခရီးသည် အမြဲရရန် မသေချာ၊

ကလပ်တွေ၊ ကေတီဗီတွေ အချိန်ကျော်လျှင် ညမွန်းလွဲကျော်အရက်တက်မှာ သီရိမင်္ဂလာဈေးတို့၊ အဝေးပြေးဂိတ်တို့ဆီ တန်းစီပေရော့၊ ဤသည်ကလည်း သူ့လိုင်းနှင့်သူ၊ သူ့ဒလန်နှင့်သူဖြစ်၍ လူရဖို့ အတော်ဆွယ်ရ၏၊

အုံနာခက ညသမား (၁၀၀၀၀)၊ (၁၁၀၀၀)၊ (၁၂၀၀၀) အစားစား၊ ကိုရန်အေးကားကတော့ (၁၀၀၀၀) တန်းဖြစ်သည်၊ အုံနာခတစ်သောင်းများနှစ်ထောင်လမ်းလောက် လေးငါးခြောက်ခေါက်ဆွဲရလျှင် အုံနာကြေးပြည့်ပြီ ပဲဟု အလွယ်မတွေးပါလေနှင့်၊ ဆီဖိုး၊ ဂက်စ်ဖိုးက ရှိသေးသည်၊

တစ်ညလုံး မအိပ်ပဲမောင်းနေရတော့ အိပ်ပျော်နေစဉ်လိုမဟုတ်၊ လှုပ်နေသလို ဗိုက်ကလည်း နိုးနေ၏၊ မအိပ်သောဗိုက်အတွက် ဟာနေသည့်ဝမ်းကို အစာလေး ဖြည့်ရသေးသည်၊ ထို့ပြင် ကွမ်းစားတတ်သောသူက ကွမ်းဖိုး၊ ဆေးလိပ်သောက်တတ်သူက ဆေးလိပ်ဖိုး၊ လက်ဖက်ရည်ကြိုက်သူက လက်ဖက်ရည်၊ လက်ဖက်ရည်ကတော့ အိပ်ချင်ပြေ၊ မျက်စိကျယ်အောင် မသောက်မဖြစ် သောက်ကြရသည်ကြောင့် တဟီရစရိတ်လေး၊ ကိုယ့်အသုံးစရိတ်လေးတ မရှိဘူးဆို ရွေ့တာသုံးလျှင်ပင် ထောင့်ငါးရာ၊ နှစ်ထောင်လောက်တော့ ကုန်သေး၏၊

သည်တော့ - အုံနာခက တစ်သောင်း၊ ဆီဖိုးက တစ်ဂါလံကို ကီလိုသုံးလေးဆယ်လောက်နှင့် တစ်ညတစ်ည ကီလို တစ်ရာနှစ်ဆယ်လောက် ပျမ်းမျှမောင်းလျှင် ဆီသုံးဂါလံလောက်တော့ ကုန်သည်မို့ ဆီဖိုးချည်း တစ်သောင်းကျော်၊ သောင်းနှစ်ထောင်ခန့်၊ ကိုယ့်အသုံးစရိတ် နှစ်ထောင်ထည့်ပေါင်း၊ အရင်းတင် နှစ်သောင်းခွဲဝန်းကျင် မလွဲမသွေ ရှိလေသည်၊

ကိုယ့်အတွက် အိမ်ကို ငွေပါဖို့ လေးငါးထောင်ပဲထား၊ တစ်ည ကိုရန်အေးရှာရသည့်ငွေက သုံးသောင်းလောက် ရှာပါမှ အိမ်စရိတ် ပါသည်၊ လေးငါးထောင်လောက် ဝင်မည်၊ အုံနာခတစ်သောင်း၊ သောင်းတစ်ထောင်ပဲ၊ သည်လောက်တော့ - ဘယ်လိုရှာရှာ ရသည်ဟု မထင်ပါလေနှင့်၊ တွက်ပြခဲ့သလို ဆီဖိုးနှင့် အသုံးစရိတ်နှင့် ကိုယ့်ဖို့ကျန်အောင် ဟာကယ်ရှာရတာက သုံးသောင်း လောက် ရှာရတာပါ၊

ဆွဲကောင်းသည့်အခါလည်း ရှိတတ်ပါ၏၊ အကြောင်းတည့်လျှင် ရှစ်ထောင်၊ တစ်သောင်းလည်း ဝင်တတ်ပါသည်၊ ဒါပေမဲ့ - ဒါက တစ်ခါတစ်ရံ၊ နှစ်ခါနှစ်ရံ၊ သုံးခါသုံးရံ၊ ပျမ်းမျှဆိုလျှင်တော့ ငါးထောင်၊ ခြောက်ထောင်ဝန်းကျင်ဆိုပါတော့၊ ဒါတောင် - အိတ်စိုက်ရသည့်အခါက ရှိသေး၊ ခုလို မိုးများဆောင်းနေလို့ကတော့ အိတ်မစိုက်ရ ကံကောင်း၊

သည်နေ့ နေ့မောင်းသမားက ခြောက်နာရီခွန်းရုံလေး ပြန်ဝင်လာသဖြင့် တော်သေး ... ဟု ကိုရန်အေး “ဟင်း” ချမည်ကြံဆဲ အဂိုးမရ မိုးက ချတော့သည်၊

အင်း - ဒီမိုးနဲ့တော့ ဆွဲကောင်းဦးတော့မယ်၊ ဈေးရှူးတင်လိုက်တာတွေသားမိုး၊ စိတ်အချဉ်ပေါက်ကာ မိုးကို အငေါ်တူးမိ၏၊

ဒီနေ့တော့ “လက်ညှိုး” နေ့ပါပဲ၊ “စတယ်” လေးနှင့်နေလို့မရ၊ (Style နှင့်နေရ)၊





www.burmeseclassic.com

www.burmeseclassic.com

တွေးရင်း ကိုရန်အေး သူ့လက်ညှိုးလေးသူ ထောင်ကြည့်မိသည်။

ညဆိုသည်က တော်ရုံလူ အထွက်ကျဲရသည့်အထဲ မိုးကပါ သည်းလိုက်လျှင် ခရီးသည်က ပါးပြီ။ သည်တော့ - ကားလမ်းပေါ်တွေ့သမျှလူ၊ လမ်းသွားလမ်းလာများကို ကားပြတင်းမှ လက်ညှိုးလေး တထောင်ထောင်ထုတ်ကာ ကားငှားမလား လှမ်းခေါ်ရတော့သည်။ လမ်းဘေးရပ်နေသူတွေ့လျှင် ကားငှားမည့်လူလား ပြူးတူးပြဲတဲ ရှိုးရသည်။ အရှိုးမတော်၍ ရပ်နေသူက မိန်းကလေးများဖြစ်နေလျှင် ကားငှားမည့်သူလည်း မဟုတ်လျှင် ကိုယ့်ကို နာဘူးကျသလိုလို အထင်ခံရပြီး မျက်စောင်းခဲ၊ ခါးခါးကြီး ဝါးရတတ်၏။ သည့်ထက်ကံမကောင်းချိန်ဆို ကားသမားတွေ နာဘူး - ဘာဖြစ်တယ် - ညာဖြစ်တယ်ဆိုပြီး အတုတ်ခံရသေးသည်။

လူအမျိုးမျိုး၊ စိတ်အထွေထွေ။ တချို့ကားသမားတွေကလည်း သည်လိုမ်းစရိုက်မျိုးရှိတတ်တော့ ပြောသူကို အပြစ်မဆိုသာ။ ဟုတ်တဲ့သူကလည်း ဟုတ်တာကိုး။

ဒါပေမဲ့ - ကိုရန်အေးကတော့ တကယ်မပါပါ။ ဘုရားစူးရစေ့။ လိုက်မည့်ခရီးသည်ကို လက်ညှိုးတထောင်ထောင်နှင့် ကားမောင်းရင်း လမ်းဘေးဝဲယာ မျက်စိရှင်ရှင်ကြည့်ရုံ၊ ရှာရုံသက်သက်ပါ။ ညမနက်မီ အုံနာကြေးပြည့်ဖို့အရေး တို့အရေး၊ ကိုရန်အေးအရေး လုပ်မိရုံပါ။

ခု အသက်လေးဆယ်နီးသည်ထိ အိမ်က မဟေသီ၊ ဒေဝီ၊ ခင်အေးရီကလွဲ၊ ဆန်ကွဲ - အဲ - အဲ - ဖွဲနှင့်၊ ဖွဲနှင့်ဆန်ကွဲပဲ သဘောထားသည့်သူပါ။ တကယ် ဘုရားစူးရစေ့ပါဗျာ။

အများအားဖြင့်တော့ ကားသမားမှာ အုံနာကြေးမှ ပြည့်ပါ့မလား။ သည်နေ့ အိမ်စရိတ်မှ ပါပ့ါမလား သောကပူတွေနှင့်မို့ နာက မပူနိုင်ကြသူတွေပါ။ ကိုယ့်ဖာနှင့်ကိုယ်ပါလေ။

သည်နေ့ ညဦးပိုင်းထိ မိုးရွာလိုက်သော်လည်း ကံကောင်းစွာနှင့် ခရီးသည်ဆက်တိုက်လိုလိုရကာ ညဆယ်နာရီခွဲလောက်မှာပင် အုံနာကြေးပြည့်သွားခဲ့သည်။ သို့ကြောင့် ကိုရန်အေး နည်းနည်းစိတ်အေးသွား၏။ နောက်ဆုံးခရီးသည်ကို တောင်ဒဂုံ (၇၈) ရပ်ကွက်ထဲ ပို့ခဲ့ရသည့်အတွက် ထိုမှ မြို့ထဲသို့ ကိုရန်အေးပြန်ဆင်းလာတော့ ညဆယ့်နှစ်နာရီ ထိုးပြီးခဲ့ပြီ။

ဘုရား - ဟိုကွေ့ရောက်တော့မှာပါလား။

အသွားတုန်းက မြို့ထဲမှ တောင်ဒဂုံ (၇၈) ထိ ကားခ ငါးထောင်နှင့် ဈေးတည့်ကာ အဝေးခရီးသည် ရလိုက်သဖြင့် ပျော်နေမိခဲ့၏။ ဒီနေ့တော့ အိမ်စရိတ်လေးပါပြီပေါ့။ ခု - အပြန်ကျမှ ဟိုကွေ့ကို သတိရပြီး တစ်ယောက်တည်း ဖြတ်ပြန်ရမှာ တွေးလန့်သွားသည်။

ဟိုကွေ့ - မကောင်းဆိုးဝါးကွေ့!

ကိုရန်အေးတို့ ကားသမားများက ပေးထားသော အမည်။

သည်ကွေ့မှာ ခဏခဏ ကားတိုက်တတ်သည်။ ကားချင်းတိုက်လိုက်၊ လမ်းကူးသူ တိုက်မိလိုက်။ တစ်လောက ခရီးသည်တင် ဆိုင်ကယ်တစ်စီး မှောက်ထားသေး၏။ နှစ်ယောက် ပွဲချင်းပြီးသေကာ ဒဏ်ရာရသူတွေလည်း မနည်း။ ဆေးရုံရောက်ပြီးမှ နောက်တစ်ယောက် ထပ်သေသေးသည်ဟု ကြားရသည်။ ပေါင်း သုံးယောက်သေသတဲ့။

အရင့်အရင်ကလည်း လိုင်းကားချင်း တိုက်မိ၍ တစ်စီးက လမ်းဘေးချောက်ထဲကျကာ နှစ်ပတ်လောက် လိမ့်သွားသည်ဆို၏။ ဒဏ်ရာပြင်းသူ၊ သေသူများကာ ညညဆို အခြောက်ကြမ်းလှသည်ဟု ဟိုးလေးတကျော် ရှိခဲ့ပြီးသောကွေ့။

စက်ဘီးနဲ့ကောင်မလေးကို ဝင်တိုက်မိလို့ သေပြန်သတဲ့။ မူးမူးနှင့် လမ်းကူးသူ တိုက်သွားပြန်သတဲ့၊ ကားချင်း ခေါင်းချင်းဆိုင် တိုက်မိလို့ သေကြပြန်သတဲ့၊ ကားဘေးနောက်မြီးမှာ ချိတ်ပါသွားလို့ ဘဝကူးသွားပြန်သတဲ့ - သတဲ့ သတဲ့။ စသည်ဖြင့် မကြာမကြာ ဖြစ်တတ်သောကွေ့။ သည်နေရာက မကောင်းဆိုးဝါး စီးနေပြီဟု ဆိုကြ၏။ ထို့ကြောင့် မကောင်းဆိုးဝါးကွေ့ - တဲ့။

ကိုရန်အေး ကျောတွန့်သွား၏။

သည်ကွေ့ကို မြန်မြန်ကျော်သွားမှ ဖြစ်မယ်။





www.burmeseclassic.com

www.burmeseclassic.com

"ပြီးခဲ့တဲ့အပတ်ကကွာ - ခရီးသည်လိုက်ပို့ရင်း မကောင်းဆိုးဝါးကွေ့ ရောက်သွားတာ သရဲခြောက်လို့ ငါ့မှာ အတင်းမောင်းပြေးခဲ့ရတယ်"

ကိုရန်အေးတို့ကားသမားတစ်စု နေ့သမားနှင့်ညသမား လူချိန်းပြီး အုံနာအိမ်က ထွက်အလာ လက်ဖက်ရည်ဆိုင်မှာ မနက်စာ ဝင်ဖြည့်ကြစဉ်က ဖြစ်သည်။ အုံနာအိမ်တွင် တက်စီက ခြောက်စီးထောင်ထားသဖြင့် ညသမား ကိုရန်အေးတို့ မနက်ကားအပ်ပြီး ကားသန့်ရှင်းရေးလုပ်အပြီး နေ့သမားနှင့် ညသမားများ လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် ခဏထိုင်လေ့ ရှိကြသည်။ ထိုစဉ် ကားတစ်စီးမှ ညမောင်းကိုသန်းက စကားစ,လိုက်ခြင်းဖြစ်လေသည်။

"ဟင် - ခရီးသည်ပါ ပါတာကို ခြောက်တာပဲလား"

အခြားကားသမားတစ်ယောက်က တအံ့တဩ ဝင်မေးသည်။

"အေးပါဆို၊ ဒါပေမဲ့ - ခရီးသည်က မူးနေတာကွ၊ သူက အိပ်လိုက်လာတော့ သိပုံမရဘူး။ ကားမောင်းနေရတဲ့ ငါ့မှာသာ အခြောက်ခံရပြီး ရသမျှ ဘုရားစာတွေဆို၊ စွတ်မောင်းလာရတယ်။ နံလိုက်တဲ့ပုပ်စော်ကွာ၊ ညည်းသံကြီးတွေလည်း ကြားရရဲ့"

"ဒီကွေ့ကတော့ နာမည်ကြီးပဲလေ၊ ငါဆို - ညနက်သွားရင် အဲဒီဘက်ငှားတဲ့ခရီးသည် မတင်တော့ဘူး၊ ခရီးသည်ကတော့ ကားသမား လူပါးဝတယ်၊ ဟိုမလိုက်ဘူး၊ ဒီမလိုက်ဘူးနဲ့ လမ်းရွေးတယ်များ တွေးမလား မသိဘူး၊ တို့မှာတော့ ကိုယ့်အကြောင်းနဲ့ကိုယ်"

ဟို တစ် လ ကလည်း ကြည့် ပါလား၊ ဦးထွန်းအေးကားအုပ်စုက အောင်မြင့်ဟန် ခြောက်ခံရတာ၊ ဒီကောင် လန့်ဖျားပြီး ကားသုံးရက်လောက် မထွက်နိုင်ဘူးလေ"

နေ့သမား မောင်တိုးက ဝင်ထောက်စကားဆိုပြန်၏။ ကိုရန်အေးက လက်ဖက်ရည် တစ်ကျိုက်သောက်လိုက်ရင်း မေးမိသည်။

"ဘယ်လိုခြောက်လို့လဲ၊ ကိုသန်းလိုပဲ အပုပ်နံ့ကြီး ရတာလား"

"အပုပ်နံ့တင် မကဘူး - မောင်၊ သစ်ပင်ရိပ်အောက်က ထွက်လာတာ မည်းမည်းကြီး တွေ့ရသတဲ့၊ အောင်မြင့်ဟန်က အစကတော့ ခရီးသည်မှတ်



လို့ ကားတားတာကို ရပ်ပေးမလို့တဲ့၊ အနားရောက်မှ ခေါင်းမပါတဲ့ကိုယ်ကြီး တားရားကားရားနဲ့ ကပ်လာတာတွေမှ ခေါင်းနားပန်းတွေကြီး၊ ဇောချွေးတွေ ပြန်ပြီး မောင်းပြေးလာရတာဆိုပဲ၊

အဲဒီညက ဆက်မမောင်းနိုင်ဘဲ အုံနာကြေးစိုက်အပ်လိုက်ရပြီး ဒီကောင်လည်း ဖျားရောလေ၊ ဘုန်းကြီးတွေ၊ ဘာတွေ ပင့်ကုလိုက်ရသတဲ့"

ကိုရန်အေး - ဟိုးအရင် လက်ဖက်ရည်ဝိုင်းက စကားများ ပြန်ကြားယောင်မိ၏။ သူက တော်ရုံနှင့် ကြောက်တတ်သောသူတော့ မဟုတ်ပါ၊ အခြောက်ခံရသော အောင်မြင့်ဟန်လည်း ကိုရန်အေးလို မကြောက်တတ်သောသူပင် ဖြစ်ပါ၏၊ သည်လိုလူပင် လန့်ဖျားရသေးသည်ဆိုတော့ ...၊

နောက်ပြီး - ကိုရန်အေးတို့ သွားလာရသည်က လူခြေတိတ်သည့် ညအမှောင်၊ အမှောင်ဆိုသည်က လူကို အလိုလိုစိုးရိမ်ငယ်စေတတ်သည်ပဲ၊

ဟော ...၊

ကိုရန်အေးလိုက်ခနဲဝမ်းသာသွား၏၊ သူ့ကားကို ခရီးသည်တစ်ယောက် တားနေသည်၊ ရှေ့နားမကောင်းဆိုးဝါးကွေ့ကိုဖြတ်ရမည့်မို့ ခရီးသည်ရတော့ အဖော်လည်းရ၊ မြို့ထဲပြန်အဆင်း ခါလီမဖြစ်ဘဲ ငွေလည်းရမို့ သူဝမ်းသာသွားခြင်းဖြစ်ပါသည်၊

ကိုရန်အေးက ကားကို ခရီးသည်နား ထိုးရပ်လိုက်၏၊

"ဘယ်သွားမလဲ ခင်ဗျ"

ခရီးသည်က ပိန်ပိန်ပါးပါးဖြစ်သည်၊ မိုးကာအင်္ကျီရှည်ကြီး ဝတ်ထားပြီး အနားပြားဦးထုပ်တစ်လုံး ဆောင်းထား၏၊

"ထောက်ကြံ့ကိုကွာ၊ ပျဉ်းမပင်အကျော်လောက်ပေါ့၊ ဘယ်လောက်ပေးရမလဲ"

"အင်း - ငါးထောင်ပေးပါ - အစ်ကို"

ခရီးသည်က ခေါင်းညိတ်သည်၊

"မင်း မဆိုးဘူး၊ ဈေးမှန်ပြောသားပဲ" ပြောရင်း -

"နေဦးကွ - နောက်နှစ်ယောက် လိုက်ဦးမှာ၊ သေးသွားနေလို့၊ ဟော - ဟိုမှာ လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

ကိုရန်အေးက ခရီးသည် မေးငေါ့ပြရာဆီသို့ လှမ်းကြည့်လိုက်၏။ သူ့ရှေ့ခပ်လှမ်းလှမ်း ချုံကွယ်မှ လူနှစ်ယောက် ထွက်လာနေသည်ကို မြင်ရသည်။ တစ်ယောက်က ခပ်ဝဝပြည့်ပြည့်။ တစ်ယောက်က ခေါင်တောင်းကောင်း။

ကားတားသော ပထမခရီးသည်က နောက်ခန်းတံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်၏။ ထိုစဉ် ကျန်နှစ်ယောက်က ကားနားရောက်လာကာ နောက်ခန်းဆီသို့ လျှောက်သွားသည်။

"တစ်ယောက် ရှေ့မှာ ထိုင်လေကွာ"

ပထမခရီးသည်က လှမ်းပြောသည်။

"ဟာ – နောက်မှာပဲထိုင်မယ်။ ဟဲ – ဟဲ – ထုံးစံအတိုင်းလေ"

နှစ်ယောက်စလုံး နောက်ခန်းတံခါး ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်ကြ၏။ ပထမလူက ဘာမပြော၊ ညာမပြော တဟားဟား ထရယ်ရင်း ဘေးသို့တိုးရွှေ့ပေးလေသည်။ ကားထဲရောက်သွားသော ကျန်နှစ်ယောက်ကလည်း မည်သည်ကို သဘောကျသည်မသိ၊ သူတို့ကပါ ရော၍ တဟဲဟဲ ရယ်ကြပြန်သည်။

ဘာလဲဟ ...။

ကိုရန်အေးနောက်ကြည့်မှန်မှ လှမ်းကြည့်မိ၏။ နောက်မှ လူသုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါကြည့်ရင်း အတော မသတ် ရယ်နေကြလေသည်။

ဘာတွေလဲဟ ...။

ကိုရန်အေး အူကြောင်ကြောင်ဖြစ်ကာ ထပ်တွေးလိုက်မိရင်း ကားကို မောင်းထွက်လိုက်ရသည်။ သူတို့စကားထဲတွင် သူတော့ ရယ်စရာရှာမတွေ့။ သူက ပန်းတွန့်မိရင်း လီဗာကို ဖိနင်းလိုက်၏။ ဟိုးရှေ့မှာ မကောင်းဆိုးဝါးကွေ့။

ကိုရန်အေးက နောက်ခန်းဆီသို့ ကြည့်မှန်မှတစ်ဆင့် အမှတ်မဲ့ လှမ်းကြည့်လိုက်မိ၏။ နောက်မှ လူသုံးယောက်လုံးမှာ အရယ်ရပ်သွားသော်လည်း ပြုံးစိစိဖြင့် သူ့ကို မှန်ထဲမှ ပြန်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ဟော့ – ကားဆရာ – မင်း – မကြောက်ဘူးလားကွ"

"ဗျာ ..."



နောက်မှ အလယ်လူက ရုတ်တရက် အဆက် အစပ်မရှိ လှမ်းမေးလိုက်သဖြင့် ကိုရန်အေး ကြောင်သွားသည်။ သူလှမ်းကြည့်မိတော့ အားလုံးက ရယ်ကျဲကျဲ။

"ဩော် – ရှေ့နားကကွေ့လေ။ နာမည်ကြီးကွေ့ ဆိုတော့ မင်း မကြောက်ဘူးလားလို့ မေးတာပါ"

"ဗျာ ..."

ကိုရန်အေး ထပ်ဗျာမိသည်။ နောက်တစ်ယောက်က –

"မင်း – ဒီကွေ့အကြောင်း မကြားဖူးဘူးလား"

"မင်း – တက်စီမောင်းတာ ဘယ်လောက်ကြာပြီလဲ"

သူ့နောက်တည့်တည့်မှ လူ၏အပြောကို ဘေးအစွန်ဆုံးလူက ဖြတ်မေးလိုက်သည်။

"ဗျာ – အဲ – ကျွန်တော် – မောင်းတာ – ငါးနှစ်ကျော် – ပါပြီ"

"ဩော် – ဝါရင့်ပဲ။ ဒါဆို – ဒီကွေ့အကြောင်း မင်း ကြားဖူးရမယ်၊ ကြားဖူးတယ်မို့လားကွ"

"ဗျာ – ဟုတ် – ဟုတ်ကဲ့ – ကြားဖူးပါတယ်"

"အလယ်လူက ဟဲခနဲရယ်ရင်း –

"မင်းကလည်းကွာ – တဗျာဗျာနဲ့။ မကြောက်ပါနဲ့ကွ။ ငါတို့အဖော်ပါတာပဲ ဟဲ – ဟဲ"

"တို့က မင်းပျင်းနေမှာစိုးလို့ အဖော်အဖြစ် လိုက်လာတာလေ ..."

"ဗျာ ..."

"ဟား – ဟား – ဟား"

"တို့က ဒီလိုပဲ အဖော်မပါတဲ့ကားသမားဆို တားပြီးလိုက်နေကျ။ တို့သုံးယောက်အတွဲက ဒီနားတစ်ဝိုက်မှာ အမြဲရှိတယ်။ ဥညဆို တက်စီတားစီးရတာ ပျော်လို့လေ – ဟဲ – ဟဲ"

ကိုရန်အေး နောက်ခန်းသို့ ပြူးတူးပြဲတဲ လှမ်းကြည့်မိပြန်၏။ တစ်ဆက်တည်း သူ့မိတ်ဆွေ ကားသမား မောင်သန်းပြောခဲ့ဖူးသောအကြောင်းတစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိသည်။

www.burmeseclassic.com

"ဒိုင်နာမောက်တုန်းကပွဲချင်းပြီးသေတာ နှစ်ယောက်မှာ တစ်ယောက်က ဝဝကြီးကြီးကြီးကို ကားဖိမိထားတော့ ကိုယ်ကြီးတစ်ခြမ်းပြားလို့ သေွးတွေ ဆိုတာ မြင်မကောင်းဘူးတဲ့"

နောက်တစ်ယောက်ကတော့ ပိန်ပိန်ပါးပါး။ ကားထဲက လွင့်စဉ်ကျပြီး နောက်ဘီးနဲ့ ကြိတ်မိတာ အရိုးတွေကို ကြေလို့ဆိုပဲ။

ဆေးရုံရောက်မှ သေတဲ့လူကတော့ အရပ်မြင့်မြင့်ကြီးကို ကားဆောင့်မိပြီး နံရိုးတွေ ကျိုးနေလို့ ပုဒိုက်အိုက်တောင် ဖြစ်သွားသလိုပဲ - တဲ့။

ငါတို့လမ်းထဲကလူတစ်ယောက်၊ ကားမှောက်တုန်းက အဲဒီနားရောက်နေတော့ မြင်ခဲ့ရတာ ပြန်ပြောပြတယ်။

အဲဒီသေတဲ့လူသုံးယောက်ပေါ့။ ညည - အဲဒီကွေ့နားမှာ သုံးယောက်တွဲကြီး တွေ့ရတတ်တယ်တဲ့။ တယ်ခြောက် - ဆိုပဲ။

တော်သေးတယ်၊ ငါခြောက်ခံရတုန်းကတော့ အကောင်အထည်မမြင်ရဘဲ အပုပ်နံ့ကြီးပဲပေးလို့ ..."

ကိုရန်အေး - မောင်သန်းစကားကို ကြားယောင်မိရင်း နောက်မှ လူသုံးယောက်ကိုမျက်လုံးမျက်ဆန်ပြူးတာ နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်မိလိုက်၏။

မောင်သန်းပြောတာ တစ်ယောက်က ဝဝကြီး။

တစ်ယောက်က ပိန်ပိန်ပါးပါး။

နောက်တစ်ယောက်က အရပ်မြင့်မြင့် - တဲ့။ ခု - သူ့ခရီးသည်တွေက အမလေး - ဘုရား - ဘုရား။

နောက်ကသုံးယောက်က ဘာမှန်းမသိ၊ တဟားဟား ရယ်ကောင်းနေကြဆဲ၊ ကိုရန်အေး ချွေးပြန်လာသည်။ သူတို့ ချုံတွေထဲက ထွက်လာတာ မဟုတ်လား။ အနားမှာ ဘာအိမ်မှလည်း ရှိတာမဟုတ်ဘူး။

ဘုရား - ဘုရား - ဒီလူ - ဒီလူတွေ - လူမှ - ဟုတ် - ဟုတ်ရဲ့ကလား - မ - မသိဘူး။

"တကယ်ပါ - မင်းပျင်းမှာစိုးလို့ ငါတို့သုံးယောက် အဖော်လိုက်လာတာ"






"နောက်ကိုခဏခဏလှမ်းကြည့်မနေနဲ့ - ကိုယ့်လူ။ ဟဲ - ဟဲ - တော်ကြာ မတော်တာတွေ မြင်နေရဦးမယ်"

မကြည့်နဲ့ဆိုမှ တစ်ယောက်တစ်ပေါက် ပြောနေကြသောသူတို့ကို ကိုရန်အေး ထိတ်ထိတ်ပျာပျာ ထပ်ကြည့်မိပြန်သည်။ အလယ်လူက ဟားတိုက်ရယ်ရင်း သူ့ဘေးမှ နှစ်ယောက်ကို လှည့်ကြည့်၍ -

"ဟောကောင်တွေ - ငါ ပြူးပြ - လိုက်ရမလား၊ ငါ ပြဲပြ - လိုက်ရမလား"

"ဖုန်းဆက်လိုက်ရမလား" - တေးသွားအလိုက် အဘိုင်း ပြူးပြလိုက်ရမလား၊ ပြဲပြလိုက်ရမလား - ချည်း ထပ်ခါထပ်ခါ အော်လိုက်သည်။

"ဟား - ဟား - ဟား"

"ဟား - ဟား - ဟား"



www.burmeseclassic.com

www.burmeseclassic.com

ကိုရန်အေးမှာ ခေါင်းနားပန်းကြီးကာ ကားထိုးပဲ ရပ်လိုက်ရမလို၊ ဆင်းပြေးရမလိုလို စိတ်ထဲက ဗျာအများကြီး များသွားသည်၊ ဘရိတ်ကို "တော့" လိုက်ခိုက်၍ ကားပင် တုံ့ဆိုင်းဖြစ်သွား၏။

ထိုစဉ် အလယ်လူက မျက်နှာပိုးသတ်ရင်း ဆက်ပြောပြန်သည်။

"ဟဲ - ဟဲ - မကြောက်ပါနဲ့ကွာ၊ ငါတို့က သရဲနဲ့တစ္ဆေတွေပါ၊ အဲ - အဲ သရဲနဲ့တစ္ဆေတွေ မဟုတ်ပါဘူး၊ လူအစစ်ပါကွ"

"ဗျာ - အဲ"

ကိုရန်အေးမယုံသင်္ကာနှင့် လှမ်းကြည့်သည်၊ သူ့စိတ်အတွေးကို သိနေလို့များပြောသလား။

"ဟဲ - ဟဲ - ဟုတ်ပါတယ်ကွ၊ တို့က လူအစစ်ပါ၊ လူယောင်ဆောင်ထားတဲ့သရဲတွေလေ၊ အဲ - မဟုတ်ပါဘူး၊ သရဲယောင်ဆောင်ထားတဲ့တစ္ဆေတွေပါ၊ ဟာ - မှားလို့ - မှားလို့၊ ဘွာတေး - လူမှလူအစစ်ပါကွ၊ မယုံရင်ကြည့်"

ဘေးမှလူကတဟားဟားရယ်ရင်းကိုရန်အေးပခုံးကိုနောက်မှ ဆတ်ခနဲ လှမ်းပုတ်လိုက်၏။

"ဗုဒ္ဓေါ ..."

ထိုလူက ရုတ်တရက် လှမ်းပုတ်လိုက်၍ ကိုရန်အေး ပိုလန့်သွားမိကာ ယောင်ယမ်း ဘုရားတ,မိ၏။

"ဟဲ - ဟဲ - ဟဲ - ငါ့ညီကလည်း ငါတို့က လူအစစ်ဆိုတာ မင်းသိအောင် ပုတ်ပြခါမှ မင်းက ပိုလန့်နေပါရောလားကွ - ဟား - ဟား - ဟား"

သူတို့ ရယ်ကြပြန်သည်၊ ကိုရန်အေးမှာ ကျိုးကြည့်၊ ကြောင်ကြည့်၊ ၎င်းတွင် အလယ်လူက ဝင်ပြောလိုက်သည်။

"မင်းကြားမှာပါ၊ ဟိုတစ်လောက ဒိုင်နာမော်တာပွန်းကလေ ...၊ သုံးယောက်သေတာ၊ သေတဲ့လူတွေက ဝဝတစ်ယောက်၊ ပိန်ပိန်တစ်ယောက်၊ နောက်တစ်ယောက်က ထောင်ထောင်မောင်းမောင်း - တဲ့၊ ဟီး - ဟီး - ငါတို့ သုံးယောက်နဲ့ မတူဘူးလား၊ ဒီမှာ - လှည့်ကြည့်လိုက်စမ်း"

အမလေး - ဟုတ်ပါပြီ၊ ငါတော့ - သရဲအခြောက်ခံနေရတာ - သေ - သေရွာတယ်၊



ကိုရန်အေး သည်တစ်ခါ နောက်လှည့်မကြည့်ရဲ၊ နောက်မှန်ကိုလည်း မော်မကြည့်ဝံ့တော့၊ တော်ကြာ - ဘာတွေမြင် - မြင်နေရမယ်မသိ၊

ဒုက္ခပဲ ...၊ ကားပဲ ဆက်ပြီး အတင်းမောင်းပြေးရမလား၊ ထိုးရပ်ပြီး လှ ဆင်းပြေးရကောင်းမလား၊

နောက်လူတွေက - အဲ - ဘာမှန်းမသိသည့်ဟာတွေက တပြုံပြုံ ရယ်နေဆဲ၊

ထိုစဉ် အလယ်မှလူက အရယ်ရပ်လိုက်ရင်း -

"မကြောက်ပါနဲ့ကွာ ...၊ တို့က ပျော်တတ်လို့ စ,ကာပါကွ - တကယ်ပါ၊ ငါတို့က လူအစစ်ပါ - ငါ့ညီရဲ"

ကိုရန်အေးက ပြုံးကြည့်၏။

"တကယ်လူပါကွ၊ မင်းကို နောက်နေတာပါ"

ဘေးလူတစ်ယောက်ကပါ အရယ်ရပ်ရင်း လေသံအေးအေးဖြင့် တည်တည်ငြိမ်ငြိမ် ဝင်ပြောကာ ကျန်လူများကိုပါ လှည့်၍ -

"ကဲ - မစကြနဲ့တော့ကွာ၊ ဟိုမှာ - ကားဆရာ - လန့်နေရှာပြီ"

"မင်း - အဲဒီကွေ့ကို ကြောက်နေမှာစိုးလို့ ငါတို့က စကားလွှဲရင်း နောက်လာတာပါကွာ၊ အဲလိုဆိုတော့ - ကွေ့ကို ကျော်မှန်းမသိ ကျော်သွားပြီမို့လား တဲ - ဟဲ"

ဟင်း ... သူတို့စကားလွှဲပုံကြီးကလည်း ...၊

ကိုရန်အေး စိတ်ထဲမှ အငေါ်တူးမိ၏၊ သို့သော် ထိုလူများသည် လူအစစ်ဖြစ်ကြောင်းတော့ သူ စိတ်ချသွားသည်၊

"ဒါပေမဲ့ - ကားဆရာရေ"

ဟော - ကိုရန်အေး "ဟင်း" ချမည်မှမကြံသေး၊ အလယ်လူက လှမ်းပြောပြန်သည်၊

"မင်းက တစ်ယောက်တည်း - တို့က သုံးယောက် - မင်းမကြောက်ဘူးလားကွ၊ ခုနေ - မင်းကို တို့လုပ်မယ်ဆိုရင် မင်း ဘယ်လိုလုပ်မလဲ"

ကိုရန်အေးမျက်လုံးများက သူ့ထိုင်ခုံခြေနင်းနေရာတွင် ကပ်ချထားသော သံတိုက်လုံးဆီ အကြည့်ရောက်သွား၏၊ လုပ်ပြန်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com

ဒါတော့ - ဒီလူတွေ တင်ခဲ့မိတာ မှားပြီထင်တယ်။

နောက်တစ်ယောက်က ဆက်ပြန်သည်။

"အဲမှမဟုတ် - မင်းကို ကားခမပေးဘဲ တို့ အခု ဆင်းသွားမယ်ဆိုရင်တော့"

"ဟဲ - ဟဲ - ရှိသေးတယ်။ မင်းကိုရိုက်ပြီး ကားယူသွားလို့လည်း ဖြစ်သေးတယ်။ ကဲ - အဲလိုဆို - မင်း ဘာလုပ်မလဲ"

တစ်ယောက်က ထပ်နောက်ပြန်၏။

ကိုရန်အေး ဟင်းခနဲ သက်ပြင်းချသည်။ သူက ခံချတယ်ပဲထား။ သုံးယောက်နှင့်တစ်ယောက် သူ နိုင်မှာလား။

နောက်ပြီး - သူတို့က နောက်ခန်းမှာထိုင်နေကြတာ၊ သူ့ကိုနောက်ကနေ ဓားထောက်ပြီး ...။

အချိန်က ညသန်းခေါင်ကျော်၊ သွားနေရတာက ထောက်ကြံ့ဘက်။ လမ်းက ကားရော၊ လူရောပြတ်သည့်လမ်း။ လမ်းပေါ်တွင် အသွားအလာ ရှင်းနေသည်။ လမ်းမီးမှအပ ဘေးပတ်ဝန်းကျင်က အမှောင်လွှမ်းနေ၏။ ကြိုကြားရှိနေသော အိမ်အချို့ကလည်း လမ်းနှင့် ဝေးဝေးမှာ မီးရောင်ဆိတ်လျက် အိပ်ကောင်းနေကြသည့်အခြေ။

ကိုရန်အေး - လေပူတွေ ဖူးခနဲ မှုတ်ထုတ်လိုက်ရင်း -

"အေးဗျာ - ယောက်ျားပဲ၊ တတ်နိုင်သမျှခံချမှာဖြစ်ပေမယ့် သုံးယောက်နဲ့တစ်ယောက်၊ ကျွန်တော်က သိုင်းတွေ၊ ကရာတေးတွေ ဘာတွေလည်း မတတ်ဘူးဆိုတော့ ကျွန်တော်ရှုံးရင် ခံရရုံပဲပေါ့၊ ဘာတတ်နိုင်မှာလဲ"

ကိုရန်အေးက နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်လိုက်ရင်း ဆက်ပြောသည်။

"စစ်တိုက်သလိုပေါ့ ခင်ဗျာ။ တိုက်ရင်း သေချင်လည်း သေမှာ၊ သေမှာကြောက်နေရင် စစ်တိုက်လို့မရသလိုပါပဲ။

ကျွန်တော်လည်း ဘဝတိုက်ပွဲဝင်နေရတာ၊ စစ်တိုက်တာနဲ့ အတူတူပါပဲ။ ဝမ်းစာရှာရင်း အလုခံ၊ အသတ်ခံရလို့ သေလည်း သေရုံပေါ့။ မိသားစုစားဝတ်နေရေးအတွက် သမာအာဇီဝနဲ့ အသက်မွေးဝမ်းကျောင်း၊ ကားမောင်းရှာနေရတာ။ ကျွန်တော်တို့လို ညတက်စီမောင်းရတဲ့လူတွေအဖို့ အန္တရာယ်ဆိုတာ လက်တစ်ကမ်းတင်ရယ် ...။

ယာဉ်အန္တရာယ်၊ လူအန္တရာယ်၊ အန္တရာယ်မျိုးစုံကြားထဲက ဝမ်းစာရှာနေရတာဆိုတော့လည်း ဖြစ်လာရင် ရင်ဆိုင်ရုံကလွဲပြီး အခြားမရှိဘူးပေါ့ အစ်ကိုရာ"

မထူးတော့။ ကိုရန်အေး - ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

ဟုတ်တယ်လေ၊ ဖြစ်လာမှတော့ ရှောင်မရရင် ရင်ဆိုင်ရုံပဲပေါ့။

"ဟား - ဟား - ဟား"

"ဟား - ဟား - ဟား"

နောက်လူများက တဟားဟား ရယ်ကြပြန်သည်။ ဘယ်လိုလူတွေလဲ၊

"မင်းတို့ကောင်က အားကိုးရှိပြီးသားကွ"

အလယ်လူက သူ့ဘေးမှ လူနှစ်ယောက်အား လှည့်ပြောလိုက်သည်ကို တွေ့ရ၏။ ကိုရန်အေးက နောက်သို့ စောင်းကြည့်မိသည်။

"ဟိုမှာလေ ... သူ့အားကိုးစရာ အနိုင်အမာက ..."

ထိုသူက နောက်ကြည့်မှန်တွင် စပယ်ပန်းကုံးများနှင့် အတူ ချိတ်ဆွဲထားသော ပုတီးကို လက်ညှိုးထိုးပြလိုက်ရင်း ပြောလိုက်သည်။ ကျန်နှစ်ယောက်က ပြုံးပြီး ခေါင်းတညိတ်ညိတ်နှင့် ရှိနေလေသည်။

"တို့က ရုပ်ကွက်ကို ကိစ္စတစ်ခုအတွက် လာတာပါ။ မင်းကားကို စ,ငှားတဲ့နေရာနားက ရပ်ကွက်ပေါ့။

တို့တွေက ပျော်တတ်လို့ - အဲ - နာမည်ကြီးကွေ့နားလည်း နီးနေတော့ မင်းကို စချင်တာနဲ့ တမင်နောက်ခန်းမှာ ဝင်ထိုင်ပြီး အပျော်နောက်နေတာ"

"ဒီကောင်က သိပ်အစသန်တဲ့ကောင်ကွ - ငါ့ညီရ၊ ဟိုးအရင်ကလည်း ဒီလိုပဲ၊ ညတက်စီသမားတစ်ယောက်ကို ခပ်တည်တည် နောက်ဖူးတယ်၊ တိုမျော တကယ်ကြောက်နေရှာတာ"

ကိုရန်အေး ယုံပါသည်။ ကိုယ့်ကိုယ်တိုယ် သရဲဘာ ရွှေအရာထားပြီး ကောင်ခေသွားတဲ့လူတွေနဲ့ ပုံမှားရိုက် ခြောက်တတ်တဲ့ လူပျော်ကြီးတွေ။



www.burmeseclassic.com

www.burmeseclassic.com

"စိတ်မရှိပါနဲ့ - တားဆရာရေ၊ တို့က ပျော်တတ်လို့နော်၊ တို့ ဖျဉ်းမပင် အကျော်လေးမှာ ဆင်းမယ်ကွ၊ တို့က တပ်ကပါ၊ ငါက ဗိုလ်ကြီး၊ သူတို့နှစ်ယောက်က တပ်ကြပ်ကြီးတွေလေ ...။

တို့ လောလောဆယ် သုဝဏ္ဏကွင်းမှာ တာဝန်ကျနေတယ်ကွ၊ မင်းကြုံရင် ဝင်လာခဲ့၊ ဗိုလ်ကြီး - လို့မေး၊ အကူအညီလိုလည်း ပြော - ဟုတ်ပြီလား"

ကိုရန်အေးက ပြုံးရင်း လှည့်ကာ ခေါင်းညိတ်ပြလိုက်သည်၊ တပ်ကြပ်ကြီးဆိုသူတစ်ယောက်က -

"အဲဒီ့ရှေ့နားမှာ ရပ်တော့ကွ၊ ဟဲ - ဟဲ - မင်းကို စ.ရတာ ပျော်တယ်ကွာ၊ မင်းက ပုတီးချိတ်ထားတော့ အားကိုးရာ အမှန်ရှိနေတာပဲ၊ အန္တရာယ်ကင်းမှာပါ၊ ကဲ - သွားပြီဟေ့ - ငါ့ညီ၊ သုဝဏ္ဏကွင်းမှာ တို့ရှိတယ်၊ ကြုံရင် ဝင်ဖြစ်အောင် ဝင်ခဲ့ကွာ၊ တို့ serve လုပ်ပါ့မယ်"

ပြောပြောဆိုဆို ရယ်ရယ်မောမောနှင့် သူတို့ ဆင်းသွားကြသည်၊ ကိုရန်အေးကိုလည်း ကားခတစ်ထောင် ပိုပေးသွားခဲ့၏၊ ကိုရန်အေး ပျော်သွားပါသည်၊

ကိုရန်အေးကားထွက်လာတော့ သူတို့ ခဏရပ်၍ လက်ပြကျန်နေပြီးမှ လမ်းချိုးထဲသို့ သုံးယောက်သား ဝင်သွားကြသည်ကို ရှိုထောင့်မှန်မှ မြင်လိုက်ရလေသည်၊

═ ☠ ━

အဲဒါပဲဗျ၊

ကားသမားဟာ စရိုးသည်မျိုးစုံနဲ့ ကြုံရတာပါပဲ၊

နု - ပြန်တွေးတော့လည်း အဲဒီတုန်းက ကျွန်တော် ခံစားခဲ့ရပုံတွေကို တွေးတိုင်း ရယ်ချင်မိတယ်၊ အဲဒီတုန်းကတော့ ကျွန်တော့်မှာ တကယ့်ကို သည်းထိတ်ရင်ဖို ဖြစ်ခဲ့ရတာပါ၊

လူ့ဘဝဆိုတာ ဒါပါပဲလေ၊

ဒုက္ခတွေ၊ သောကတွေကို လတ်တလော ရင်ဆိုင်ကြရစဉ်ကတော့ အပူကြီးကြ၊ သေမတတ်ပေါ့၊ တစ်နည်းနည်းနဲ့ ရင်ဆိုင်ကျော်ဖြတ်လာကြပြီးတဲ့နောက် တစ်ချိန်မှာ အဲဒီကာလအကြောင်း ပြန်တွေးမိရင်း အဲဒီတုန်းက အဲဒီ



လိုပဲကွ - ရယ်လို့ ရယ်မောမော ပြန်ပြောလာနိုင်ကြတာပါပဲ၊ အဝေးက "တောင်" သေး၏ - တဲ့၊ ဘယ်လောက်မြင့်တဲ့တောင် ဖြစ်ပါစေ၊ အဝေးက လှမ်းကြည့်ရင် သေးသေးပါပဲ၊

အနာဟက်တက်ကြီး နာနေစဉ်တော့ ငိုရတာပေါ့၊ အနာပျောက်ပြီးတဲ့ တစ်ချိန် အဲဒီအနာအကြောင်း ပြန်တွေးမိတဲ့အခါ ဘယ်လိုနာကျင်ခံစားခဲ့ရတာ - ဆိုပြီး အေးဆေးသက်သာ ပြန်ပြောနိုင်ကြတယ်၊ ခုချိန်မှာမှ မနာတော့တာကိုး၊

ဒါကြောင့် - ကျွန်တော်တော့ အခက်အခဲတွေ၊ ဒုက္ခတွေနဲ့ ရင်ဆိုင်ရတဲ့အခါ အခုပဲ ငါ ပူပန်ရ၊ ရှန်းကန်ရတာ၊ ပြီးသွားတဲ့အခါ ရလဒ်ဟာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တစ်ချိန်ချိန်တော့ ကျော်လွန်သွားရမှာပဲ၊ အချိန်က ရပ်တန့်နေတာ မဟုတ်လို့ တစ်နည်းနည်းနဲ့တော့ ကျော်သွားနိုင်မှာပဲ - ဆိုတဲ့အတွေးနဲ့ ကိုယ့်ကိုယ်ကိုယ် အားတင်းနိုင်လာတယ်၊ ကိုယ်လုပ်နိုင်သမျှ အကောင်းဆုံးလုပ်ပြီး ရင်ဆိုင်နိုင်ဖို့ပဲ တွေးတော့တာပဲလေ၊

အဲဒီနေ့က ကျွန်တော့်အတွက် တစ်သောင်းကျော်လောက် ကျန်ပါတယ်၊

တကယ်လို့ အဲဒီလူတွေဟာ တကယ်လုမယ့်သူတွေ၊ လူဆိုးတွေများ ဖြစ်နေခဲ့မယ်ဆိုရင် ကျွန်တော် "ရန်အေး"၊ "ရန်မအေး" ဘဝပြောင်းရချိမ့်၊

ဒါပဲကြည့်တော့၊ ကားသမားဆိုတာ ဝမ်းစာရှာတော ရင်းရတဲ့အရင်းအနှီးက မသေးပါဘူး၊

ဒီလို - ဒီလို - ထူးခြားဖြတ်လမ်းလေးတွေ အများကြီး ကြုံခဲ့ရတာပေါ့ဗျာ၊ နောက်ကြုံရင် "ကက" ပြောတဲ့ ညပုံပြင် နောက်တစ်ပုဒ် ထပ်ပြောပြဦးမယ်၊

ကျွန်တော့်နာမည်က "ရန်အေး"၊ ရန်မပေးတဲ့ "ရန်အေး"၊ ညတက်စီသမား၊

ကျွန်တော့်ကားက "ကက"၊ ဆူပါရူဇ်နိုင်တီးဗင် - နော်၊

ကေးဦးသို့


www.burmeseclassic.com

www.burmeseclassic.com

# တောင်ထမင်း

# မောင်ညိုမှိုင်း

(သန်လျင်)





ကျွန်တော်တို့ ကျောင်းသားအရွယ်ဘဝတုန်းက
အချင်းချင်း ရန်ဖြစ်စကားများ၊ ထိုးကြ ကြိတ်ကြ ကွဲပြဲငိုရတယ်။
အမေသိသွားရင် ပွက်လောရိုက်ပြီး ဟစ်ပါလေရောဗျာ။
"နင်တို့က လူမှမဖြစ်သေးဘူး။ ရန်ဖြစ်သတ်ပုတ်နေကြတော့
"နင်တို့က ဘာလဲ၊ လူမိုက်ကြီးတွေလား"
"နင်တို့ တောင်ထမင်းစားချင်လို့လား - ဟုတ်လား"
အမေက ကျွန်တော်တို့ညီအစ်ကိုကို ရိုက်လည်းရိုက်၊ ပါးစပ်ကလည်း ပြော။
"နင်တို့ - တောင်ထမင်း စားချင်လို့လား"
ငယ်ရွယ်စဉ်ကတည်းက အဲဒီစကားကို ကြားခဲ့ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြွေဆန်၊ တမာကြည်ဆန်၊ ဘောင်ပျံဆန်တို့နဲ့ ချက်ထားတဲ့ ဖွေးဖွေးဖြူဖြူ ထမင်းလုံးရှည်ရှည် ရနံ့မွှေးမွှေးထမင်းကို ပြောတာလား။

ဆန်ကောင်းလေးနဲ့ဆိုရင် ဟင်းကောင်းများနဲ့ ကျွေးမှာပေါ့။ ငါးပိရည်၊ တို့စရာ၊ ချဉ်ရည်ဟင်း၊ အသုပ်စသည်တို့နှင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျွေးတာလား။

ကျွန်တော် အလယ်တန်းကျောင်းသားဘဝက ထောင်ထမင်းပွဲ အကြောင်းကို အဲဒီလိုစဉ်းစားခဲ့ဖူးတာပေါ့။

အမေ့လည်း မမေးရဲ ...။

ဘာလဲ - နင်က ထောင်ထမင်း စားချင်လို့လားဆိုပြီး ထ,ပွဲကြမ်းရင် မလွယ်။

သို့သော် ...။

ကျွန်တော် အသက်(၁၅)နှစ်ဝန်းကျင်ခန့်တွင် အချုပ်ထမင်းကိုလည်း ကောင်း၊ ထောင်ထမင်းကိုလည်းကောင်း စားခဲ့ရသောအခါ -

အမေ - ရှိုက်၍ငိုတော့တယ်။

အမေ - ကြိတ်လို့ငိုခဲ့ရတယ်။

အမေ့ကို ကျွန်တော် သနားလိုက်တာရယ်။

ဇနီးသည်နှင့် သမီးသားတို့ကို လွမ်းလိုက်ရတာလေ။ မျက်ရည်သုတ် လိုက်ပါ - အမေရယ်။

— ❐ —

ကျွန်တော့်ဇာတာက အချုပ်နှင့်ထောင် ရင်းနှီးနွယ်ယှက်ရတဲ့ဇာတာနဲ့ တူပါရဲ့ဗျာ။ အကျဉ်းထောင်အချို့ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့ရလေရဲ့ခင်ဗျာ ...။

ကျွန်တော် ...

မော်လမြိုင်အကျဉ်းထောင်ဝန်းထဲ ရောက်ဖူးတယ်။



သာယာဝတီထောင် ချည်ရိပ်သာမှာ ကောင်းစွာစားသောက် တစ်ည အိပ်ခဲ့ဖူးတယ်။

ပြီး - မန္တလေးအိုးဘိုအကျဉ်းထောင်ချည်ရိပ်သာမှာ ကောင်းမွန်စွာ အိပ်စက်ခဲ့ရဖူးတယ်။

အင်းစိန်အကျဉ်းထောင်ကနေ ပုဒ်မ ၅(ည) ပြစ်ဒဏ်နဲ့ ကိစ္စပြီးလွတ်မြောက်လာခဲ့တော့ ...

ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချခဲ့လိုက်တယ်။

ထောင်နဲ့ ဝေးဝေးနေတော့မယ်။

အမေရယ်၊ ဇနီးသည်ရယ်၊ သားသမီးသုံးယောက်ရဲ့ဆင်းရဲဒုက္ခဘဝတွေကို ငါအကောင်းဆုံးတည်ဆောက်ပေးရမယ်။

ယုံကြည်ချက်ကို အလိမ္မာနဲ့ ပညာနဲ့ လုပ်ရမယ်။

အဓိဋ္ဌာန် မအောင်ခဲ့ပါဘူးဗျာ။

အမေ လေဖြန်းလို့ အကြောဆေးသွင်းတာ ဆေးထိုးအပ် ပြန်အနုတ် အသက်လည်း တစ်ခါတည်း ထွက်သွားခဲ့ရတယ်။

အမေ့ကိုအကြောဆေးထိုးပေးတဲ့ သူနာပြုဆရာမ ယနေ့အထိ အသက်ရှင်လျက် ရှိသေးတယ်။

ဆရာဝန် ဆေးသွင်းတဲ့နေ့က အမေ ဘာမှမဖြစ်ခဲ့၊

ကောင်းလို့၊ လန်းလို့၊ အားလုံးသတိရလို့ ...။

ဆရာဝန်မကြီး မလာပဲ သူ့တပည့်မ သူနာပြု လူတော်မကြီး ဆေးထိုးထော့မှ ရှင်လန်းပျော်ရွှင် ကြည်နူးနေတဲ့အမေ၊

ချက်ချင်း အသက်ပျောက်ခဲ့ရတယ်။

သင်းကို ကျွန်တော် သွားရင်းလာရင်း တွေ့နေရတယ်ဗျာ။ သတ်ချင်လိုက်တာရယ်၊ ဒေါသကို မနည်းထိန်းထားရတယ်။

သူတို့ဆေးသမားဘဝမှာ ကချော်ကချွတ်ဖြစ်ပြီး လူနာတစ်ယောက် သေဆုံးသွား အရေးမဟုတ်ပေမဲ့ ...

ဘဝမှာ အမေအရင်းဆိုတာ ဒီတစ်ယောက်ပဲ ခေါ်ခွင့်ရှိတဲ့ ကျွန်တော်တို့ဘဝ၊ အမေလို့ အားရပါးရ ခေါ်စရာမရှိခဲ့တော့ဘူး။

www.burmeseclassic.com

မမှားသောရေစုနဲ့ ...။

မသေသောဆေးသမားတဲ့ ...။

လူနာ မသေတဲ့ဆေးသမား မရှိပါဘူးဆိုတဲ့ စကားပုံကို လက်ကိုင်ပြုပြီး ပေါ့ပေါ့ဆဆ လုပ်နေကြရင် ...။

(ဆရာဝန် ပေါ့ဆလို့ လွဲမှားလို့ သေရတဲ့လူနာလည်း မနည်းတော့ဘူး ဗျာ)

ဒီစကားပုံ အသေယူဆပြီး ဆေးသမား ပေါ့ပေါ့ဆဆ လုပ်နေမယ်ဆိုရင်တော့ ဆေးပညာရဲ့အနာဂတ်၊ ဆေးသမားရဲ့အနာဂတ် ကောင်းတော့မှာ မဟုတ်ဘူး။

ဆရာဝန်တစ်ယောက်ရဲ့ရင်ထဲမှာ ...

လူနာဟာ ငါ့အမေ၊ ငါ့အဖေ၊ ငါ့မောင်၊ ငါ့အစ်ကို၊ ငါ့ညီ၊ ငါ့ညီမ၊ ငါ့သား၊ ငါ့သမီးပါပဲလားဆိုတဲ့ ဆွေမျိုးအရင်းအချာကို ကုသပေးရတာမျိုး နလုံးသွင်းနိုင်မှ လူနာရဲ့ဘဝ အလားအလာ ကောင်းမှာပါ။

ငွေမျက်နှာ ကြည့်ကုသတာမျိုး ...

တာဝန်ကျေရုံမျှ ကုသပေးတာမျိုး လုပ်နေကြရင် ဆေးပညာကိုရော၊ ဆေးပညာရှင်ကိုရော၊ လူနာရယ်၊ လူနာရဲ့အပိုင်းအဝန်းရယ်က ရွံရှာကြောက်လန့် စိုးရိမ်သောက ရောက်နေကြဦးမှာ ...။

ဒါကြောင့် ...

ဆေးရုံဆေးခန်းများ မလွှဲသာလို့ တက်ခဲ့ရ၊ ကုသခံခဲ့ရရင် ...

လူနဲ့တူတဲ့ဆရာဝန် ...

ဖကောင်း၊ မိကောင်းနဲ့တူတဲ့ နလုံးလှဆရာဝန်နဲ့သာ တွေ့ရပါလို၏လို့ တထိတ်ထိတ် ဆုတောင်းခဲ့ရတယ်။

အမေ ဆုံးသွားပြီးနောက် ...

ဖနီးသည် ကွယ်လွန်သွားခဲ့တယ်။

ဖနီးသည် ... ပြီးတော့ ... အငယ်ဆုံး၊ အချစ်ရဆုံးသမီးလေး (မဖွားဖွန်သင်) ဦးနောက်အမြှေးရောင်ရောဂါနဲ့ ကွယ်လွန်သွားခဲ့ရတယ်။



သားရဲ့ချစ်ခြင်း။

လင်ရဲ့ချစ်ခြင်း။

အမေ့ရဲ့ချစ်ခြင်း ကြင်နာခြင်းတို့ကို သူတို့ အထိုက်အလျောက်မခံစားရဘဲ ဘဝတစ်ပါးကို ပြောင်းသွားခဲ့ကြတယ်။

ထောင်ထမင်းကို မစားစေချင်တဲ့အမေ။

ထောင်ထွက်မယားဆိုတဲ့အမည်သစ်ကို မခံယူချင်ဘဲ ခံယူခဲ့ရတဲ့ဇနီးသည်။

ထောင်ထွက်ပဲဖြစ်နေဖြစ်နေ ...

လူဆိုးလူကြမ်းကြီးပဲ ဖြစ်နေဖြစ်ပါစေ ...

"အဖေ" လို့ အားရပါးရ ခေါ်ပြီး အဖေရဲ့လည်ပင်းကို လက်သေးသေးနဲ့ သိုင်းဖက်ပျော်ရွှင်လေ့ရှိတဲ့ အချစ်ဆုံးသမီးငယ်လေး။

သူတို့ မျက်ရည်စိုရွှဲနှင့် မျှော်လင့်တမ်းတနေတဲ့ ကျွန်တော်လူမိုက်အတ္တသမားကြီးရှိရာကို လုံးဝပြန်မလာကြတော့ ...။

အမေ - ကျွန်တော့်ကို ခွင့်လွှတ်ပါ - အမေရယ် - နော်။

သမီးရေ ...။

အဖေ - သမီးရဲ့ပါးဖောင်းဖောင်းလေးကို နမ်းချင်လွန်းလို့၊ ပြီး - အဖေ့ရဲ့ ပိန်ချိုင့်ချိုင့်ပါးကို သမီးရဲ့နှာခေါင်းသေးသေးလေးနဲ့ အားရပါးရ နမ်းရှိုက်တာ ခံချင်လွန်းလို့။

နေ့တိုင်း၊ ညတိုင်း။

သမီးအလာကို အဖေအရူးကြီး မျှော်နေတယ်ဆိုတာ သမီးလေး - ဘယ်ဘဝကိုရောက်ရောက် အကြွင်းမဲ့ယုံကြည်လိုက်ပါ - သမီးရယ် - နော်။

အဲဒီလောကဓံအလိုက် အလွမ်းတွေကို ပွေ့ပိုက်ပြီး မခံချင်စိတ်နဲ့ စိတ်ကြီးစားခဲ့လိုက်တာ ...။

သုံးနှစ်အတွင်း ကျွန်တော် အောင်မြင်တဲ့စာရေးဆရာဘဝကိုရောက်ရှိလာခဲ့တယ်။

www.burmeseclassic.com

ကြည့်စမ်း ...။

ထောင်ကို ရှုရာစက်ဆုပ်တဲ့ကျွန်တော် ...

စာဇပလောကကို ရောက်လာတော့ အကျဉ်းထောင် ကိုယ်တွေ့ဝတ္ထု တွေ ရေးနေတဲ့ အကျဉ်းထောင်စာရေးဆရာ ထောင်မှူးကြီးတွေ၊ ထောင်ပိုင်ကြီးတွေနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ရပြန်ပါရောဗျာ။

သံသရာက မပြတ်ချင်သေးဘူး တူပါရဲ့လေ။

အဲဒီမှာ ...

စာရေးဆရာ ထောင်မှူးကြီး သိန်းဝင်း၊

စာရေးဆရာ ထောင်မှူးကြီး ဖေယျမင်းသျှင်၊

စာရေးဆရာ ထောင်မှူးကြီး ပဟိုဇော၊

ထောင်မှူးကြီး(ထောင်ပိုင်) စာရေးဆရာ စိုးဝေ၊

ထောင်ပိုင်ကြီး စာရေးဆရာ မောင်မြဦး(မြောင်းမြ)၊

စသည့် ထောင်မှူးကြီး၊ ထောင်ပိုင်ကြီးများနဲ့ စိတ်ကူးသစ်စာပေမှာ ဆုံကြ၊ ရေးကြ၊ ရင်းနှီးကျွမ်းဝင်ကြ၊

ဒီလိုနှင့် ( )နှစ် ထောင်မှူးကြီးသိန်းဝင်းနှင့် သထုံ၊ ဇင်းကျိုက်၊ မော်လမြိုင် လေ့လာရေးခရီး သွားရင်းက ထောင်မှူးကြီးသိန်းဝင်းရဲ့မိတ်ဆွေ ထောင်ပိုင်ကြီးရှိရာသို့ သွားလည်ရင်း -

မော်လမြိုင်အကျဉ်းထောင် ဧရိယာမြေကြီးပေါ် ကျွန်တော် ခြေချခဲ့ရပြီ၊

ဩော် - ဒါ - မော်လမြိုင်အကျဉ်းထောင်ကြီးပါလားဆိုတာ သိရှိခဲ့ရတယ်။ ညနေစာကို ထောင်ပိုင်ကြီး ( )က ရန်ကုန်သစ် စားသောက်ဆိုင်မှာ ဟင်းပွဲ ပေါင်းများစွာနဲ့ ဧည့်ဝတ်ပြုခဲ့တာကို လွန်စွာ ကျေးဇူးတင်ရပါကြောင်း၊ ရေးသား လိုက်ရပါတယ် - ထောင်ပိုင်ကြီးခင်ဗျာ၊

(နေ့စွဲ၊ ရက်စွဲတွေတော့ မေ့ကုန်ပါပြီ - ဆရာတို့ရေ)

နောက်တစ်ခါကတော့ ...


ထောင်မှူးကြီးသိန်းဝင်းကလည်း အလဲတောင်ကို သွားချင်တယ်။ သူ့ တပည့် မျောက်တင်သောင်းဆိုသူကို တွေ့ချင်လို့တဲ့၊



ကျွန်တော်ကလည်း ဆရာစံ လယ်သမားသူပုန် အကြောင်းရေးချင်လို့ ဆရာစံလယ်သမားသူပုန်တွေကြီးစိုးခဲ့ရာ ဌာနချုပ်ထူထောင်ခဲ့ရာ အလဲတောင်ကို သွားချင်နေတယ်၊

အင်္ဂလိပ်နယ်ချဲ့အစိုးရကို ခေါင်းလုံကိုင်စွဲပြီး တော်လှန်ခဲ့တဲ့နေရာတွေကို လေ့လာချင်တယ်။

ပြီး - လယ်သမားသူပုန် သူရဲကောင်းတို့ရဲ့ကျန်ရှိသေးတဲ့ သွေးမျိုးဆက်တွေ၊ ဂဠုန်တပ်ဖွဲ့ဝင် သူရဲကောင်းသက်ကြီးတွေနဲ့ စကားပြော မေးမြန်းချင်တယ်၊ ပြီး - ဖြစ်ရပ်မှန်သမိုင်းနောက်ခံဝတ္ထု ရေးချင်လို့ပါ။ ဒီချဉ်ခြင်းကို ထောင်ပိုင်ကြီး(ငြိမ်း)ဦးမြဦး၊ စာရေးဆရာ မောင်မြဦး(မြောင်းမြ)က ဖြည့်ဆည်းပေးပါတယ်၊



www.burmeseclassic.com

ထောင်ပိုင်ကြီး(ငြိမ်း) ဦးမြဦးရဲ့စီစဉ်ပေးမှုနှင့် သာယာဝတီဒေသက အလံတောင်ဝန်းကျင်ကို ကျွန်တော်တို့ ရောက်ရှိခဲ့ကြတယ်။

အပြန်ကျတော့ ထောင်ပိုင်ကြီး ဦးမြဦးရဲ့စီစဉ်မှုနဲ့ သာယာဝတီထောင် အရာရှိဧည့်ရိပ်သာမှာ ညအိပ်တည်းခဲ့ကြတယ်။

ကျွန်တော်တို့ လေ့လာရေးအဖွဲ့ခေါင်းဆောင် ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦးက အကျဉ်းထောင် အတော်များများမှာ အုပ်ချုပ်မှုးတော့ အကျဉ်းထောင် အတော်များများမှာ ...

သူ့ရဲ့လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေ ...၊

တပည့်တွေ ရှိနေတော့ ရောက်ရာနေရာမှာ ကောင်းမွန်စွာ ဧည့်ဝတ်ပြုကြတာကို ကြုံခဲ့ရတယ်။

သည့်နောက် ...

မိုးလည်း လင်းရော သာယာဝတီလယ်သမားသူပုန်ခေါင်းဆောင် နယ်ချဲ့ဆန့်ကျင်ရေးသမားကြီး သူပုန်က ဂဠုန်ရာဇာဘွဲ့ခံ ဂဠုန်ဆရာစံကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့တဲ့ ထောင်သင်္ချိုင်းကို သွားရောက်ကြည့်ရှု လေ့လာခဲ့ကြတယ်။

ဆရာစံရဲ့မြေပုံကို ပေါ်ဒီနေရာမှာလို့ ဘယ်သူမှ မပြနိုင်တော့ပါဘူး။

နတော့ - သင်္ချိုင်းက ဂူတွေ၊ ဂူတွေနဲ့ ဖွေးနေတာပဲ။

အင်္ဂလိပ်ခေတ်က အကျဉ်းထောင်အရာရှိကြီးတွေ နေထိုင်ခဲ့တဲ့ တိုက်အိုကြီးတွေအချို့(ဝန်ထမ်းအိမ်ရာ)ကို မြင်ခဲ့ရတယ်။

ပြီး - သာယာဝတီထောင်ကို သူပုန်တွေ ဝင်စီးပြီး ထောင်အရာရှိတွေကို ဖမ်းခေါ်သုတ်သင်ခဲ့ရာမှာ ကျဆုံး(အသတ်ခံ)ရတဲ့ ထောင်အရာရှိ အမှုထမ်းများအတွက် ...

ရည်စူးမှတ်တမ်းတင်စာ ရေးထိုးစိုက်ထူထားတဲ့ အမှတ်တရကျောက်တတိုင်ကိုလည်း မြင်ခဲ့ရတယ် ခင်ဗျ။

ကျွန်တော်တို့က ဆရာစံကိုကြိုးပေးကွပ်မျက်ခဲ့တဲ့ကြိုးစင်ကို ကြည့်ချင်တာပါ၊ သို့သော် ကြည့်ခွင့်မရခဲ့ဘူး။

ကြိုးစင်က ထောင်ရဲ့သီးသန့်နေရာမှာပါ။



ရိပ်သာညမှာတော့ အငြိမ်းစားထောင်အမှုထမ်းအရာရှိတစ်ဦးပြောပြတဲ့ လယ်သမားသူပုန်ခေါင်းဆောင်ဆရာစံရဲ့ လူသိနည်းအကြောင်းအရာတွေကို ကျွန်တော်တို့ မှတ်သားဖွယ် ကြားသိခဲ့ရတယ်။

(အဲဒီဝဟုသုတတွေကို ကျွန်တော် "ဥ - ကမ္ဘာလူ - ဂဠုန်ဆရာစံ - ပြန်လာလိမ့်မည်ပေါ့" ဝတ္ထုတိုလုံးချင်းမှာ အမှတ်တရ ရေးထားပါတယ်)

သာယာဝတီအကျဉ်းထောင်နယ်မြေကို ခြေချပြီးနောက် မန္တလေးအိုးဘိုအကျဉ်းထောင်နယ်မြေကို ကျွန်တော် ထောင်သံသရာမှာတုံးသေးဘဲ ရောက်ခဲ့ပြန်ရော ခင်ဗျာ။

အဲဒီတုန်းက မန္တလေးဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် ခင်ဗျ။

ကျွန်တော်ရော၊ စိတ်ကူးသစ်စာပေပိုင်ရှင်ကိုတင်ထွန်းရော မန္တလေးကို လုံးဝမရောက်ဖူးဘူး။ စစ်ကိုင်းတော့ ဝေလာဝေးပဲ။

စဉ်းစားကြတယ်။

အကယ်၍များ ရုတ်တရက် သေဆုံးသွားခဲ့ရင် ...

အကုသိုလ်နဲ့ ကုသိုလ် အစစ်ဆေးခံဖို့ ယမမင်းရှေ့မှောက်မှာ ရောက်ခဲ့ရင် ယမမင်းကြီးက မေးမယ်။

"ညီမှိုင်း"

"ရှိ"

"သင် - မန္တလေး မဟာမြတ်မုနိ ဖူးမြင်ဖူးလား"

"မဖူးမြင်ဘူးပါ - ယမမင်း"

"ရုပ်ရှင်မင်းသမီး တင့်တင့်ထွန်း မြင်ဖူးလား"

"မြင်ဖူးပါတယ် - ယမမင်း"

"ဟိုကောင်နှာမည် - ဘယ်လိုခေါ်တုံး"

"မောင် - တင် - ထွန်း - ပါ - ဘုရား"

"မင်းက လူ့ပြည်မှာ နေတုန်းက ဘာအလုပ်လုပ်တုံး"

"စာအုပ်ထုတ်ဝေသူပါ - ယမမင်း"

"ဘာစာအုပ်တွေ ထုတ်တာတုံး"



www.burmeseclassic.com

www.burmeseclassic.com

"အဲ - အဲ - ဟို - ဟို - ဂမ္ဘီရဝတ္ထု - တွေ - ပါ ခင်ဗျ"

"ဘယ်စာရေးဆရာတွေ ရေးတဲ့ ဂမ္ဘီရထုတ်တုံး"

"ဟော - ဟိုစာရေးဆရာကြီး မောင်ညိုမှိုင်း - ရေး - ရေးတဲ့ ဂန် - ဂန် ဂမ္ဘီရ - ဝတ် - ဝတ် - ထုတွေပါ - ယ - မ - မင်း"

"ဟိုကောင် - ညိုမှိုင်း"

"ခံ - ခံ - ဗျ"

"မင်းက ဂမ္ဘီရဝတ္ထုရေးရအောင် ကိုယ်တွေ့ကြုံဖူးလို့ ရေးတာလား။ ငါ့ကို မှန်မှန်ပြော - မညာနဲ့"

"အဲ - အဲ - သူများတွေ - ပြော - ပြတဲ့အကြောင်း"

"ဟာ - သူများပြောတာ လျှောက်ရေးရင် အမှန်မဟုတ်ဘူးကွ။ မင်းက လူ့ပြည်မှာ "ခွင်" ချက် "ဘော်ချက်" တဲ့စာရေးဆရာပဲ - ငရဲကိုသွား"

"အမလေး - ယမမင်းကြီးရဲ့"

"ကောင်းပြီ - ကယ်လို့ရတာ ငါကယ်မယ်။ ညိုမှိုင်း - မင်း - စစ်ကိုင်း တောင်းမှုတော်ဘုရား ဖူးဘူးလား"

"မ - မ - ဖူး - ဘူးပါ - ခံ - ဗျ"

"ဟိုကောင် - ထုတ်ဝေသူ တင်ထွန်းရော"

"မ - မ - ဖူးဘူး"

"ဒါဖြင့် - စစ်ကိုင်းတောင်ရိုးက ဘုရားတွေလည်း မဖူးဘူး၊ မမြင်ဖူးဘူး ပေါ့"

"ဟုတ် - ဟုတ်ကဲ့"

"အင်း - မင်းတို့နှစ်ဦး အကုသိုလ်များလှတာကိုး၊ လူ့ပြည်မှာ နေတုန်း က ဘယ်သူတွေနဲ့ ပေါင်းသင်းဆက်ဆံနေလဲ၊ အမှန်အတိုင်းပြောစမ်း"

"ဟို - ဟို - ထောင်မှူးကြီးသိန်းဝင်း၊ ပြီး - မု - မုဆိုးကြီး လေးမောင်၊ ပြီးတော့ - ဝင်းနိုင်(ရွှေပြည်သာ)တို့နဲ့ ပေါင်းသင်းလုပ်ကိုင်သွားလာပါတယ်။ ယ - ယ - မမင်းကြီး ခံ - ဗျာ"

"ထို့ - မင်း အခုပြောတဲ့ကောင်တွေက လူ့လောကမှာ လုံးဝအသုံးမကျ



တဲ့ အကုသိုလ်မိတ္တာကောင်တွေကွ၊ ဟော့ - ငရဲသားတွေ"

"ဘုရား ..."

"ရေနွေးအိုး ပွက်ပွက်ဆူပြီလားဟေ့"

"မှန်ပါ - ယမမင်း။ မီးသွေးက ရေစိုနေလို့ - ခု မီးစွဲစ ရှိပါသေးတယ် ဘုရား"

"အင်း - အင်း - ရေနွေးအိုး မဆူသေးတော့လည်း ဒီကောင်နှစ်ကောင် တံကောင်းသေးတာပေါ့။ ဟဲ့ - ညိုမှိုင်းနဲ့ တင်ထွန်း"

"ခံဗျာ - ခံဗျ"

"မင်းတို့ကို ရေနွေးဖျောဖို့ ငရဲပြည်မှာ ရေနွေးအိုး မဆူသေးဘူးကွယ့်၊ ဒါကြောင့် - လူ့ပြည် ခဏပြန်ပြီး ဘုရားတွေ ဖူးကြ။ ကောင်းမှုကုသိုလ် များများလုပ်ကြ၊ အဲဒီလို ကုသိုလ်ကောင်းမှုတွေလုပ်မှ မင်းတို့နှစ်ယောက် အဝီစိငရဲကို မရောက်မှာ နားလည်လား"

"နားလည်ပါပြီ ခင်ဗျ"

"သိပါပြီ ခင်ဗျ"

"ကိုင်း - ပြန်တော့"

"ဟို - ဟို - ဘာနဲ့ပြန် - ပြန် - ရမှာလဲ - ခင်ဗျ"

အရေးထဲမှာ တင်ထွန်းဆိုတဲ့ ထုတ်ဝေသူကောင်က တုံးကိုတုံးပါ့ဗျာ၊ ဘာနဲ့ပြန်ရမလဲတဲ့၊ ကျုပ်တို့ ငရဲပြည်ကို လာတုံးက လေယာဉ်ပျံတို့၊ မြေအောက်စက်လှေကားတို့နဲ့ လာခဲ့ကြလို့လား ဟ - ဟင်း

ဒီမှာပဲ ယမမင်းက သင်းကိုကြည့်ပြီး -

"မင်းက တရုတ်တင်ထွန်း မဟုတ်လား"

"ဟုတ် - ဟုတ်ကဲ့ ခင်ဗျ"

"လူ့ပြည်ကို မြန်မြန်ရောက်ချင်ရင် မင်းငင်ဝကို စပရိန်တပ်ပြီး မြေအောက်ကနေ ခုန်လိုက်၊ လူ့ပြည်ရောက်ရော - သွား"

ဒါနဲ့ - လျှာမရှည်ရဲတော့ပဲ နောက်ပြန်အဆုတ် က -

"ဟိုကောင် - စာရေးဆရာ"

www.burmeseclassic.com

"ခင် - ခင်ဗျာ - ခင်ဗျာ"

"ထောင်မှူးကြီးသိန်းဝင်းရယ်၊ ဝင်းနိုင်(ရွှေပြည်သာ)ရယ်၊ အကုသိုလ် အကြီးစား မုဆိုးကြီး လေးမောင်ရယ်ကိုလည်း ပြောလိုက်၊ ငရဲပြည်မှာနေရာ ထိုင်ခင်း အသင့်လုပ်ပြီးပြီလို့ ..."

"ဟုတ် - ဟုတ်ကဲ့ - ပြောလိုက်ပါမယ် ခင်ဗျ"

"နေဦး - စိတ်ဓာတ်မြသန်းကို သိလား"

"သိပါတယ် - ယမမင်း၊ ကိုမြသန်းက မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက် မှာ နေပါတယ် ခင်ဗျ၊ ကျွန်တော့်မိန်းမ ဒေါ်မာမာဦးနဲ့ ရင်းနှီးပါတယ်၊ ဘာမှာ လိုက်ချင်လို့ပါလဲ ခင်ဗျ"

"စိတ်ဓာတ်မြသန်းကို ပြောလိုက်၊ သင်း - သင်္ကန်း ဓဏဓဏဝတ်နေပေ မယ့် သင်း ဘာတွေကြံစည်နေတယ်ဆိုတာ ငါသိတယ်၊ ငါ့ရဲ့မွေးသားရေမှာ မှတ်တမ်းတင်ထားတယ် - ပြောလိုက်၊ မြသန်းအတွက် သံတုံးတွေ၊ မီးရဲရဲ ဖုတ်ထားတယ်လို့ - ကြားလား"

"ဟုတ် - ဟုတ်"

"မြန်တော့"

အဲဒီလို အိပ်မက်ဆိုးတွေကို ကျွန်တော်တို့နှစ်ယောက် မကြာခဏ မြင် မက်နေတော့ ထုတ်ဝေသူ ကိုတင်ထွန်းကို ပြောပြတိုင်ပင်ရတယ်၊

"ကျုပ်တို့ မန္တလေးဘုရားဖူးသွားရင် ကောင်းမယ် - ကိုတင်ထွန်း"

"ဟုတ်တယ် - ဆရာ၊ အိပ်မက်ထဲမှာလည်း မဟာမြတ်မုနိဘုရားဖူးဘူး လားပဲ မေးနေတယ်"

"ကိုင်း - ဒါဆို - မန္တလေးမဟာမြတ်မုနိနဲ့ စစ်ကိုင်းဘုရားတွေပါမသေခင် ဖူးကြစို့ - ကိုတင်ထွန်းရေ"

ဒီခရီးစဉ်မှာထောင်ပိုင်ကြီး ဦးမြဦးပဲ ဦးဆောင်မှုခေါင်းဆောင်တင်လိုက် ကြတယ်၊

"မန္တလေးရောက်ရင် မပူနဲ့ - ကိုတင်ထွန်း၊ တည်းခိုခန်းမှာ တည်းစရာ မလိုဘူး၊ မန္တလေး အိုးဘိုထောင် အရာရှိဧည့်ရိပ်သာမှာ အကျအန တည်းရ မယ်၊ မန္တလေးထောင်ပိုင်ကလည်း ကျုပ်လူရင်းပဲဗျ"



"ဟုတ်ကဲ့"

ထောင်နဲ့နွယ်တဲ့ သံသရာက ကျန်နေသေးတော့ မန္တလေးထောင်ပိုင် လည်းဖြစ်ခဲ့ဖူးတဲ့၊ မန္တလေးမှာလည်း နှစ်ပေါင်းများစွာ မန္တလေးသားဖြစ်ရန်းပါး နေခဲ့တဲ့ ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦးရဲ့ ကောင်းမှုနဲ့ ...

မန္တလေးအိုးဘိုထောင်ဧည့်ရိပ်သာမှာ အိပ်ရာ၊ ခုတင်၊ ခြင်ထောင်၊ ရေချိုး ခန်း အထူးစပါယ်ရှယ်နဲ့ တည်းခိုတော်မူပြီး နောက်နေ့ ဘုရားဖူးခရီးစဉ်ကို ထောင်ပိုင်ကြီး ဦးမြဦးရဲ့ အစီအစဉ် အမိန့်အတိုင်း ကျွန်တော်တို့ လိုက်ပါခဲ့ ကြတယ် ခင်ဗျ၊

ကျွန်တော်တို့ ကုသိုလ်တော်ဘုရားဖူးခရီးသွားအဖွဲ့မှာ ပါဝင်ကြသူများ ကတော့ ...၊

ကျွန်တော် မောင်ညိုမှိုင်း ...၊

ထောင်ပိုင်ကြီး ဦးမြဦး၊

ထောင်ပိုင်ကြီး ဦးမြသိန်း(လ/ထ - ညွှန်မှူး - ငြိမ်း)၊

ထောင်မှူးကြီး သိန်းဝင်း၊

ထုတ်ဝေသူ ကိုတင်ထွန်းနှင့် သူ့သား သူရိန်ထွန်း၊

စာရေးဆရာ နန်းထိုက်စိုး (နိုင်ငံခြားသိပ္ပံ)၊

စာရေးဆရာ ဝင်းနိုင်(ရွှေပြည်သာ)တို့ပဲ ခင်ဗျ၊

ထောင်မှူးကြီး ဇေယျမင်းသျှင်က ကျူရှင်ကိစ္စရှိလို့ မလိုက်နိုင်ဘူး၊ ဆရာဇေယျမင်းသျှင်သာ လိုက်ပါခဲ့ရင် မန္တလေးထောင်မှာ ပိုပြီးရှယ်ဖြစ်မှာ ခင်ဗျ၊

ဘာလို့လဲဆိုတော့ ဒီမန္တလေးအိုးဘိုထောင်ရဲ့ဧည့်ရိပ်သာကို လိပ်သည်း ကျောက်တုံးတွေနဲ့ ထူးခြားစွာ ဆောက်လုပ်တော့ သူက တာဝန်ခံအရာရှိ [illegible]ခဲ့လို့ပါ၊

နောက်တစ်ယောက်က ထောင်မှူးကြီး စိုးဝေ၊

သူကလည်း မန္တလေးအကျဉ်းထောင်မှာ အရာရှိတာဝနနှင့် လမ်းတွေ ဆောက်အအုံတွေကိုဦးဆောင်ကြီးကြပ်လုပ်ကိုင်ခဲ့ဖူးသူဆိုတော့ မန္တလေး အနေကို ဟိုဆရာကြီးတို့လိုပဲ စေ့စေ့စပ်စပ် သိကြလို့ပါ။

www.burmeseclassic.com

သို့သော် ထောင်မှူးကြီးစိုးဝေလည်း ကားထွက်ခါနီးအထိ ရောက်မလာခဲ့ပါဘူး။

ဒါကြောင့် ...

ထောင်ပိုင်ကြီး ဦးမြဦးရဲ့ အစီအမံကြောင့် ကျွန်တော်တို့ မေမြို့အနဲ့ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ မန္တလေးဘုရားစုံ၊ နေရာစုံကို ရောက်ခဲ့ဖူးခဲ့ရတယ်။

အင်းဝ ဗားကရာ ကျောင်းတိုက်ကြီး။

မယ်နုအုတ်ကျောင်း။

အင်းဝခံတပ်ဟောင်း။

စစ်ကိုင်းချောင်း၊ စစ်ကိုင်းကောင်းမှုတော်ဘုရား။

ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား၊ စစ်ကိုင်းတံတား။

ဦးပိန်တံတား။

ရန်ကင်းတောင်၊ မန္တလေးတောင်။

မဟာမြတ်မုနိဘုရား၊ ကျောက်စာတော်ရုံ၊

မေမြို့ပွဲကောက်ရေတံခွန်၊ နီးဘုရား၊ ရက္ခပေဒေသဥယျာဉ် - စတဲ့ အဓိက အချက်အချာနေရာတွေကို ရောက်ခဲ့ရတယ်။

ဒီလိုကျတော့လည်း ကျွန်တော် ထောင်ပိုင်ကြီးတို့၊ ထောင်မှူးကြီးတို့ကို ကျေးဇူးတင်ရပြန်ပါရော၊

ယခု - သူတို့က ထောင်အမှုထမ်းတွေမဟုတ်တော့၊

အငြိမ်းစား စာရေးဆရာကြီးတွေ ဖြစ်နေကြပြီ၊

ဘုရားစုံဖူးလိုက်ရ၍ ကျေနပ်ရတယ် ခင်ဗျ။ နောက်တစ်ခါ ယမမင်းကြီးနဲ့ အိပ်မက်ထဲမှာ ပြန်တွေ့ရင် -

မန္တလေး၊ အမရပူရ၊ စစ်ကိုင်းဘုရားတွေ ဖူးပြီးပလား မေးရင် အင်းဝ ခံတပ်အကြောင်းပါ ပြောလိုက်ဦးမျာ၊

ကျွန်တော်တို့ မန္တလေးအိုးဘိုထောင်ရပ်ဝန်းကိုရောက်တော့ ကျွန်တော် လွမ်းစွာတွေ့ချင်တဲ့ ထောင်ပိုင်ကြီးတစ်ယောက် ရှိတယ် ခင်ဗျ။



အဲဒီထောင်ပိုင်ကြီးကတော့ ...

ထောင်ပိုင်ကြီး ဦးစိန်ငွေးပါ။ ဆရာကြီးက အငြိမ်းစားဘဝနှင့် မန္တလေးမှာ အခြေချပြီး အကျဉ်းထောင် ကိုယ်တွေ့ဝတ္ထုတွေ ရေးနေပါတယ်။

၁၉၈၈ - ခုနှစ် မတိုင်ခင်နှင့် ...

(၁၉၈၈ - ၈၉) ခုနှစ်ကာလအစမှာတော့ ရန်ကုန်အင်းစိန်အကျဉ်းထောင်မှာ စည်းကမ်းကြီးပြီး သြဇာလည်းရှိတဲ့ ထောင်ပိုင်ကြီးပါ။

"ရေမှာ ငရွှေ"၊ "ကုန်းမှာ မြွေပွေး"

ထောင်မှာ "စိန်ငွေး" ရယ်လို့ စာဆိုနဲ့ နာမည်ကြီးတဲ့ ထောင်ပိုင်ကြီး ပေါ့။

(၁၉၈၈) အရေးတော်ပုံအပြီးမှာ ကျွန်တော် ပုဒ်မ ၅(ည) နဲ့ အရေးယူခံရပြီး အင်းစိန်အကျဉ်းထောင် "တိုက်" ထဲမှာ လအနည်းငယ် တိုက်ပိတ်ခံ အချုပ်သား ဖြစ်ခဲ့ရတယ်။

တိုက်ထဲက အဆောင် (၇) ကို ပြောင်းရွှေ့လာတော့ နာမည်ကျော် ထောင်ပိုင်ကြီး ဦးစိန်ငွေးကို စ,တွေ့ဖူးတာပါ။

ကျွန်တော်တို့ အချုပ်သားတွေ ပုံစံတန်းစီထိုင်နေတဲ့အချိန် ထောင်ပိုင်ကြီး ထောင်မှူးကြီးတွေ၊ ဝါဒါတွေနဲ့ ရောက်လာခဲ့တာရယ်။

ကျွန်တော်တို့ (၇) ဆောင်ထဲမှာက နိုင်ငံကျော် ပုဒ်မ ၅(ည) ဒေသပေါင်းစုံက အချုပ်သားတွေရယ်၊

(၈၈) အရေးအခင်းမှာ လူသတ်ခေါင်းဖြတ်လုပ်ကြံတဲ့ လက်မရွံ့ရာဇဝတ်သားတွေရယ်။ ပြီး - မုဒိမ်းမှု၊ ဓားပြမှု စတဲ့ အမှုကြီးကြီး အချုပ်သားတွေ ရှိနေတယ်လေ၊

ဝင်လာတာနဲ့ တန်းစီပုံစံထိုင်နေတဲ့ အချုပ်သားအားလုံးကို အခန်းဝက နေ ရပ်ကြည့်၊ အကဲခတ်ပြီး -

"အားလုံး မှတ်ထားကြဟေ့၊ ငါကတော့ ထောင်ပိုင်ကြီး စိန်ငွေးပဲ၊ မင်းတို့အားလုံးကြားဖူးကြမှာပါ၊ ကုန်းမှာ မြွေပွေး၊ ရေမှာ ငရွှေ၊ အင်းစိန်ထောင်မှာ စိန်ငွေးတဲ့၊ အဲဒီစိန်ငွေးက ငါပဲ၊ အင်းစိန်ထောင်ကိုရောက်ရင် ထောင်

www.burmeseclassic.com

www.burmeseclassic.com

စည်းကမ်းအတိုင်း လိုက်နာနေထိုင်ကြ၊ ကိုယ့်အမှုအကြောင်း ကိုယ်တွေး၊ ဒီလိုမဟုတ်ပဲ ထောင်ထဲမှာ အကောင်လိုလို၊ ယောင်လိုလို လာလုပ်ရင်တော့ စိန်ဌေးအကြောင်း သိရမယ် - ကြားကြလား"

"ဟုတ်"

ဩော် - နာမည်ကျော် ထောင်ပိုင်ကြီး ဦးစိန်ဌေးဆိုတာ အနီးပုဂ္ဂိုလ်ပါကလား၊ ထောင်ကျတွေအားလုံး ဖိန့်ဖိန့်တုန်နေအောင် ကြောက်ရသည့် ထောင်ပိုင်ကြီးဆိုတာ သူပါကလား၊

ကျွန်တော် အကျဉ်းထောင်ကနေ အမှုပြီးမြောက်ပြီး စိတ်ကူးသစ်စာပေမှာ လုံးချင်းဝတ္ထုတွေ ရေးနေတဲ့အချိန်၊

အင်းစိန်အကျဉ်းထောင်ကိုယ်စားပြု "နရသိန်မဂ္ဂဇင်း" ဆိုတာ ပေါ်လာတော့ ထောင်အမှုထမ်းစာရေးဆရာတွေ၊ အကျဉ်းကျဖူးတဲ့ စာရေးဆရာတွေ နရသိန်မဂ္ဂဇင်းမှာ ပါဝင်ရေးသားကြပါလို့ စာမူဖိတ်ခေါ်လို့ ...၊

ကျွန်တော် အင်းစိန်အကျဉ်းထောင် ကိုယ်တွေ့ပုဒ်မ ၅(ည) ဘဝ ဝတ္ထုတိုတွေ စဉ်ဆက်မပြတ် ရေးသားနေစဉ် -

စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းက -

"ကိုညိုမှိုင်း - (၈၈) အရေးအခင်းပြီးတော့ အင်းစိန်ထောင်မှာ ထောင်ပိုင်ကြီး ဦးစိန်ဌေး မအုပ်ချုပ်တော့ဘူးဗျ၊ သူ - ပင်စင်ယူသွားပြီ၊ ခင်ဗျားရေးတာ မှားနေတယ်"

"မမှားဘူး - ထောင်မှူးကြီး၊ မယုံရင် သန်လျင်မှာ ကျွန်တော်နဲ့ အတူ အမှုတွဲဖြစ်ခဲ့ရတဲ့ စာရေးဆရာကြီး ဦးချစ်သန်းမြင့်နဲ့ ကိုလှမြင့်ဦးတို့ အမှုတွဲတွေ သက်ရှိထင်ရှားရှိနေတုန်းပဲ - လိုက်မေးကြည့်"

"ထောင်ပိုင်ကြီး ဦးစိန်ဌေး မဟုတ်ပါဘူး - ကိုညိုမှိုင်းရာ၊ ခင်ဗျား လူမှားအမည်မှားနေလို့ပါ"

ထောင်မှူးကြီးသိန်းဝင်းနှင့် ကျွန်တော် ငြင်းကြရတယ်၊

ကျွန်တော်တို့ တိုက်တန်းလျားရှိရာကို ခေါင်းငုံ့သွားရတော့ မိန်းရေမရောက်ခင် လက်ဝဲဘက်က ကွေ့ဝင်သွားရတယ် ခင်ဗျ၊



တိုက်ထဲမဝင်ခင် မြေစိုက်ဘုရားလေးတစ်ဆူကို အရင်မြင်ရပြီး တိုက်တန်းလျားခေါင်းရင်းရောက်တော့ ...

ဗန်းဒါပင်အောက်မှာ ပုံစံထိုင်၍ မေးသမျှကို ဖြေရတဲ့အကြောင်း၊ ပုံစံထိုင်သည့်အနီးမှာ မြေစိုက်စေတီတစ်ဆူ ရှိသည့်အကြောင်း ပြောပြတော့ သူလည်း ဖဝေဖဝါနှင့် ပြောလိုက်ပုံက -

"မောင်ညိုမှိုင်းကလည်း အင်းစိန်ထောင်ထဲ ရက်ပိုင်းလေးနေရပြီး ထောင်အကြောင်းတွေ စွတ်စွတ်ရေးနေတာပဲ" တဲ့၊

နောင်အခါ စာရေးဆရာ ထောင်မှူးကြီးစိုးဝေနှင့်တွေ့တော့ ဦးစိန်ဌေး (၈၈) အရေးအခင်းအပြီးမှာ အင်းစိန်ထောင်ကို ခေတ္တအုပ်ချုပ်သွားသည်ဟု ထောက်ခံတော့မှ ကိုယ့်ဆရာ သိန်းဝင်း ဘာမှမပြောတော့၊

ဟုတ်ပြီ၊

ကျွန်တော်တို့ မန္တလေး အိုးဘိုထောင် ချည့်ရိပ်သာမှာ တည်းခိုနေကြပြီ၊ ကျွန်တော်တို့ မန္တလေးမှာ ရှိနေသည်၊ အငြိမ်းစား ထောင်ပိုင်ကြီး ဦးစိန်ဌေးတို့တွေ၍ ထောင်မှူးများက ဂါရဝပြုနှုတ်ဆက်ရန် အစီအစဉ်ရှိကြောင်း သိရတော့ ကျွန်တော် ဝမ်းသာလို့ မဆုံးတော့၊

ကျွန်တော် ထောင်ပိုင်ကြီး ဦးစိန်ဌေးကို မေးကြည့်ချင်တာ ရှိတယ်လေ၊

ထောင်ပိုင်ကြီး ဆရာကြီး ဦးစိန်ဌေး (၈၈) အရေးအခင်းအပြီး အင်းစိန်အကျဉ်းထောင်မှာ တာဝန်ယူခဲ့ရတာ ဟုတ်၊ မဟုတ် မေးချင်တယ် ခင်ဗျ၊

ဆရာကြီး ဦးစိန်ဌေးက တာဝန်မယူ၊ မအုပ်ချုပ်ခဲ့ရပါဘူးဟုပြောလျှင် ကျွန်တော် အရှုံး၊ ကျွန်တော်ရေးနေတာ အမှား၊

တာဝန်ယူ အုပ်ချုပ်ရပါသေးတယ်ဟု ဆရာကြီးနှုတ်မှ ပြောခဲ့လျှင် ကျွန်တော် ရေးခဲ့ဖူးတာ မှန်ပါလိမ့်မည်၊

သို့သော် ...

ကျွန်တော်တို့အဖွဲ့ ဆရာကြီး ဦးစိန်ဌေးကို သွားရောက်တွေ့ဆုံ ဂါရဝပြုခြင်းမှာမှ ထောင်အရာရှိကြီးတစ်ဦးရဲ့ ညစာစားသောက်ပွဲမှာ အချိန်တွေကုန်ခဲ့ရကာ၊

www.burmeseclassic.com

ဆရာကြီး ပါဠိသာဝတီ ဦးဝင်းတင်ရဲ့ "နင်လားဟဲ့-ငရဲ" ကို ဖတ်မိလျှင် နိုင်ငံရေးသမားရဲ့ဘဝနှင့် အာဏာရှင်လက်ပါးစေတို့၏ ရက်စက်ကြမ်းကြုတ်မှုကို ရင်တနင့်နင့် ခံစားရမှာ ဖြစ်ပါတယ်။ ဆရာ ကျော်မြသန်းရေးတဲ့ "သာယာဝတီထောင်မှ ကဲ့ခန်းများ" ဝတ္ထုမှာ နိုင်ငံအကျဉ်းသားတွေကို သာယာဝတီ အကျဉ်းထောင်မှာ အကျဉ်းထောင် တာဝန်ရှိသူများက နှစ်ကြီးကျ ရာဇဝတ်အကျဉ်းသားများကို တပည့်မွေးပြီး ရက်ရက်စက်စက် ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းနှိပ်စက်မှုများအကြောင်း စေ့စေ့စပ်စပ်ရေးခဲ့ရာ မြန်မာပြည်မှာ နှစ်ပေါင်းများစွာ အအောင်မြင်ဆုံးနိုင်ငံရေး အကျဉ်းသားတစ်ဦးရေးတဲ့ သာယာဝတီထောင် ကိုယ်တွေ့ ဖြစ်ရပ်မှန်ဝတ္ထုပါပဲ။ စာရှုသူကောင်းကောင်း သဘောကျမယ်ထင်ပါရဲ့။



ရန်ကုန်ပြန်မည့်ကားကလည်း ထွက်ရန်နီးနေပြီမို့ ထောင်ပိုင်ကြီး ဆရာကြီး ဦးစိန်ဋ္ဌေးနှင့် မတွေ့လိုက်ရသည့်အတွက် ယနေ့တိုင် ကျွန်တော့်ရင်ထဲမှာ ခံစားနေရတုန်းပါ။

ဆရာကြီးကိုယ်တိုင် ဝတ္ထုတစ်ပုဒ်ထဲမှာ ရေးသားဖော်ပြနိုင်ပါလျှင် ကျွန်တော်ရဲ့ Yes or No ကိစ္စ ရှင်းလိမ့်မည်ဟု ယုံကြည်ရပါပေတယ်။ ဆရာကြီး ကျန်းမာစေဟု ဆုတောင်းရပါတယ် ခင်ဗျာ။



ထောင်တွေရှိရာကို မမျှော်လင့်ဘဲ ရောက်သွားရင်း ထောင်မှူးကြီးတွေ ထောင်ပိုင်ကြီး (ငြိမ်း) တွေနဲ့ ရင်းနှီးခဲ့ရရင်း သူတို့ပြောပြတဲ့ ထောင်ထဲက ဖြစ်ရပ်တွေအကြောင်း စိတ်ဝင်စားဖွယ် ကြားခဲ့ရ၊ ဖတ်ခဲ့ရပြီး ပဟုသုတတွေ တိုးခဲ့ရတယ်။

ဒါတောင် - ထောင်သံသရာက ဆက်ချင်သေးတယ် ခင်ဗျ။

တစ်နေ့ - ထောင်ပိုင်ကြီး (ငြိမ်း) ဦးမြဦးနှင့်အတူ ရှမ်းပြည်နယ် အကျဉ်းဦးဌာနက ထောင်ပိုင်ကြီးတစ်ဦး စိတ်ကူးသစ်စာပေမှာ ရောက်နေလို့ မိတ်ဆက်ဖြစ်ကြပါလေရော ခင်ဗျ။

ကျွန်တော်ကလည်း ဆရာတွေနဲ့ ရောက်ခဲ့၊ သွားခဲ့ရတဲ့ အကျဉ်းထောင်တွေအကြောင်း ပြောပြတော့ -

ရှမ်းပြည်နယ် အကျဉ်းဦးစီးဌာနက ထောင်ပိုင်ကြီးကား -

သူတို့ အကျဉ်းထောင်ကိုရှိရာ ရှမ်းပြည်နယ်ကို လိုက်ခဲ့ပါလားတဲ့၊ တောင်းရော့ကွယ်၊

— ❐ —

စာရေးဆရာတစ်ယောက် အကျဉ်းထောင်ထဲ ရောက်ရှိသွားခဲ့ရင် ...

တစ်နည်း ထောင်ကျသွားခဲ့ရင် စာရေးဆရာအတွက် အရှုံးမရှိပါဘူး ခင်ဗျာ။

အဲဒါမှ အကျဉ်းထောင်ဘဝ အတွေ့အကြုံစစ်စစ်ပါပဲ။

စာရေးဆရာဖြစ်သူဟာ အကျဉ်းထောင်ထဲမှာ တစ်ရက်နေခဲ့ရင် တစ်ရက်ရဲ့အတွေ့အကြုံကို ခံစားရေးဖွဲ့မှာပါ။

တစ်လ၊ တစ်နှစ်၊ အနှစ်နှစ်ဆယ် ထောင်ကျခဲ့ရင် အဲဒီအကျဉ်းကျကာလ ခွဲခွါသီးစရာဘဝ၊ ပျော်ရွှင်စရာဘဝ၊ မျှော်လင့်ရတဲ့ဘဝတွေကို ခံစားရေးဖွဲ့တာပါပဲ။

ထောင်ဝန်ထမ်း စာရေးဆရာတွေရဲ့ အတွေ့အကြုံ အမြင်ခံစားချက်နဲ့ ရေးဖွဲ့တဲ့ဝတ္ထုတွေ ကျွန်တော် ဖတ်ပါတယ်။

www.burmeseclassic.com

ဆရာကြီး မြောင်းမြမောင်ကို၊

ဆရာကြီး ရန်အောင်မောင်မောင်တို့ကနေ ထောင်အရာရှိတစ်ဦး၊ ဆရာဖေငယ်မြင့်သျှင်၊ ဆရာစိုးဝေ၊ ဆရာ ထောင်မှူးကြီးသိန်းဝင်း၊ ဆရာကြီး ဗဟိုစော၊ ပီတာမြဦး အပါအဝင် ထောင်အမှုထမ်းဖြစ်ခဲ့ဖူးသူ စာရေးဆရာကြီးတို့ရဲ့စာပေဝတ္ထုတွေကို ကျွန်တော် ယနေ့တိုင် တလေးတစား ဖတ်နေတုန်းပါ၊

သူတို့ရေးတဲ့ အကျဉ်းထောင်ဝတ္ထုတွေကို ဖတ်ရတာ ထောင်အမှုထမ်းတို့ရဲ့ဘဝနဲ့ လုပ်ငန်းတွေ၊ သူတို့ စောင့်ကြည့်ထိန်းကွပ် ဖြေရှင်းခဲ့ရတဲ့ လူဆိုးလူမိုက်တွေ၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့အကြောင်းတွေ ထဲထဲဝင်ဝင် သိခဲ့ရတယ်၊

ပြီး - အကျဉ်းထောင် ကိုယ်တွေ့ဖြစ်ရပ်မှန်ခံစားချက်တွေကို ဝတ္ထုဆောင်းပါး ရေးဖွဲ့မှတ်တမ်းတင်ခဲ့တဲ့ ...၊ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားစာရေးဆရာတို့ရဲ့ခံစားချက်တွေကလည်း ဖတ်လေ၊ ရင်နင့်လေပါပဲ၊

စာရေးဆရာ ကျော်မြသန်း၊

ဆရာ ထက်မြက်၊

ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၊

ကိုမင်းကိုနိုင်နှင့် အခြားစာရေးဆရာများ၊

ပြီး - သုံးထောင်စံ ကိုယ်တွေ့မှတ်တမ်းကို ရေးသားခဲ့သည့် စာရေးဆရာကြီး (ကျွန်တော် အမည်များမှာစိုး၍ နာမည်ချန်ခဲ့ပါသည်)

ဝန်ကြီးချုပ် ဦးနု၊

ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ရဲ့ "နင်လားဟဲ့ - ငရဲ" ကို ဖတ်မိလျှင် နိုင်ငံရေးသမားရဲ့ဘဝနှင့် အာဏာရှင်လက်ပါးစေတို့၏ ရက်စက်ကြမ်းကြုတ်မှုကို ရင်တနင့်နင့် ခံစားရမှာ ဖြစ်ပါတယ်၊

ဆရာ ကျော်မြသန်းရေးတဲ့ "သာယာဝတီထောင်မှ ငရဲခန်းများ" ဝတ္ထုမှာ နိုင်ငံအကျဉ်းသားတွေကို သာယာဝတီ အကျဉ်းထောင်မှာ အကျဉ်းထောင်တာဝန်ရှိသူများက နှစ်ကြီးကျ ရာဇဝတ်အကျဉ်းသားများကို တပည့်မွေးပြီး



ရက်ရက်စက်စက် ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းနှိပ်စက်ပုံများအကြောင်း စေ့စေ့စပ်စပ် ရေးခဲ့ရာ မြန်မာပြည်မှာ နှစ်ပေါင်းများစွာ အအောင်မြင်ဆုံး နိုင်ငံရေးအကျဉ်းသားတစ်ဦးရေးတဲ့ သာယာဝတီထောင် ကိုယ်တွေ့ဖြစ်ရပ်ဝတ္ထုပါပဲ၊ စာပေဆုတောင် ရသွားတယ်ထင်ပါရဲ့၊

သို့သော် ...

မျက်မှောက်ခေတ်ကိုရောက်လာတော့ သာယာဝတီထောင်ထဲက ညှဉ်းပန်းနှိပ်စက်မှုတွေဟာ ထောင်အမှုထမ်းတွေ လုပ်ခဲ့ကာ မဟုတ်ပဲ အဲဒီအချိန်ကာလတုန်းက ပြည်ထဲရေးဌာန စစ်ကြောရေးက တာဝန်ရှိသူတွေ၊ ထောင်ရဲ့မူဝါဒကို ကျော်လွန်ပြီး အာဏာအလွဲသုံးစားနှင့် နိုင်ငံရေးအကျဉ်းသားများကို စနစ်တကျနှိပ်စက်ခြင်းသာဖြစ်ကြောင်းကို အကျဉ်းထောင်၊ အမှုထမ်း စာရေးဆရာကြီး ဆရာ ဖေငယ်မြင့်သျှင်က ပြန်လည်ဖွင့်ဆို ရေးသားတာကို ဖတ်ရတော့ ...

အင်း - စစ်ကြောရေးက လူကြမ်းတွေရဲ့ လူမဆန်တဲ့ လုပ်ရပ်တွေကို သဘောပေါက်ခဲ့ရပြီ၊

ယနေ့တိုင် စစ်ကြောရေးသမား၊ ထောက်လှမ်းရေးကို ကျွန်တော်တို့ ရွံမုန်းစက်ဆုပ်ခဲ့ရပါတယ်၊

ထောင်၊

အကျဉ်းထောင်၊

ရှေးတုန်းကတော့ "နရသိန်" တဲ့၊

မြန်မာမင်းလက်ထက် ထောင်ကို "နရသိန်" လို့ အမည်ပေးခဲ့၊ ခေါ်ခဲ့ပုံလေးက အလွန်ကဗျာဆန်ပါပေရဲ့၊

ဆရာ ဇန်းဖော်တင်အောင်တို့၊ ဆရာ မြသန်းတင့်တို့ ကာလတုန်းက ထောင်ကို ဘဝတက္ကသိုလ် ဟူ၍လည်းကောင်း၊ အင်းစိန်တောရ ဟူ၍လည်းကောင်း၊ ရာဇဝတ်သားတွေက မော်စကို ဟူ၍လည်းကောင်း အမည်ပေး ခေါ်ဆိုခဲ့ကြတယ်၊

www.burmeseclassic.com

သန်လျင်မှာတော့ ကျွန်တော်တို့ငါးဦးကို အရေးပေါ် အက်ဥပဒေပုဒ်မ ၅(ည)နှင့်အရေးယူလိုက်တဲ့အကြောင်းတရားသူကြီးက တရားခွင်မှာ ရှင်းပြတော့ -

ပုဒ်မ ၅(ည)။

အင်း - ၅(ည)ဆိုတော့ မြန်မှာပါ၊ (မ)ညဆိုရင် ပြန်လွှတ်မယ်ထင်ပါရဲ့ပေါ့၊ ထောက်လှမ်းရေးကလည်း ပြောတယ်လေ။

ခဏလေးပါတဲ့။

လူလိမ်လူညာတွေပြောတဲ့စကားဆိုတာကို နောင်တော့မှ သိခဲ့ရတယ်။ အစကနဦးက သန်လျင်အချုပ်ထဲမှာပေါ့ဗျာ။

အဲဒီမှာ အချုပ်ပုံစံ ထမင်းစပြီးစားရတာပဲ။

ပျော့ပျော့ပြဲပြဲ ထမင်းမဝ၊ တဝ တစ်ပုံစံပေါ်မှာ အဖတ်လုံးဝမမြင်ရတဲ့ နိုင်လွန်ပိတ်စရောင်ဖေါက်နေတဲ့ ပဲဟင်းအရည်ကြဲနဲ့ စတင်စားသောက်ခဲ့ရတယ်။

အချုပ်ထဲမှာ ငါးပိစိမ်းစား မပေးဘူး၊ ဆားလက်သန်းဖျားသာသာ ပုံပေးတယ်၊ ကိုယ့်လူတွေက သံပန်းကန်ပြားထဲက ထမင်းပျော့ပြဲနဲ့ ရေသာသာပဲဟင်းကိုကြည့်ပြီး စိတ်ညစ်သွားကြတယ်။

တော်ပါသေးရဲ့။

ကျွန်တော်တို့အမှုကို ရုံးတင်တရားစွဲမယ်လို့ဆိုတော့ ကျွန်တော်တို့ မိသားစုများထံက အိမ်ထမင်းဟင်း ပို့ခွင့်ပြုခဲ့လို့ ကျွန်တော်တို့ အရသာရှိရှိလေး စားခဲ့ရတယ်။

ကျွန်တော်တို့ရတဲ့ ပုံစံထမင်းဟင်းကိုတော့ ရပ်ဝေးအချုပ်သား အိမ်ကလာမတွေ့နိုင်တဲ့လူတွေကို မျှဝေပေးလိုက်တော့ ...

ခမျာမျှား ဝမ်းသာကြလွန်းလို့။

ကျွန်တော်တို့ ထင်ထားတာက သန်လျင်အချုပ်ထဲမှာပဲ နေရမယ်၊ ထောက်လှမ်းရေးနဲ့ ရဲသတင်းတပ်ဖွဲ့က ပြောသလို ခဏလေးနေရမှာ၊ ပြီးရင် ပြန်လွှတ်မှာပေါ့။



မကြာပါဘူးဗျာ။

သုံးခွမြို့နယ်က "ရန်ကြီးအောင်ဦးစိန်ဝင်း" သန်လျင်အချုပ်ထဲ ရောက်လာပါလေရော။ ရန်ကြီးအောင်ဦးစိန်ဝင်းက ပါတီခေါ်တုန်းက ကိုကိုးကျွန်းအကျဉ်းထောင်မှာ ဆရာမြသန်းတင့်တို့ ဗန်းမော်တင်အောင်တို့၊ ဆရာထက်မြက်တို့နဲ့ ထောင်သက်ရှည်ကျခဲ့တဲ့ ကျွန်းပြန်ကြီးပဲ ခင်ဗျ။

(ရန်ကြီးအောင်စိန်ဝင်းအကြောင်းသိလိုပါလျှင် ဆရာထက်မြက်ရေးတဲ့ ရန်ကြီးအောင်စိန်ဝင်း (၁)၊ (၂)၊ (၃)မှာ ဖတ်ရှုပါရန်)

ဦးစိန်ဝင်းလည်း ပုဒ်မ ၅(ည)နဲ့ အဖမ်းခံရတာ။

သူက (၈၈)အရေးအခင်းမှာ အရေးပါတဲ့ ခေါင်းဆောင်၊ လက်နက်တွေတောင် သိမ်းယူရရှိခဲ့တာတဲ့။

ဦးစိန်ဝင်းမှာ ခါးနာရောဂါ ရှိတယ်၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားအရေးအခင်းမှာ လုံထိန်းတွေရဲ့နံပါတ်တစ် တုတ်စာမိပြီး ခါးရိုးဒဏ်ရာ ရခဲ့တာလို့ ကြားသိရတယ်။

တစ်နေရာမှာ ကြာကြာထိုင်လို့ မရရှာဘူး။

ဒါနဲ့ - သမ္မာရင့် ဝါရင့် ကျွန်းပြန်ကြီး ဦးစိန်ဝင်းကို မေးရတော့တယ်။

"ဦးစိန်ဝင်း - ကျွန်တော်တို့ ပုဒ်မ ၅(ည)တွေ အခြေအနေကရော ဘယ်လိုရှိလဲဗျာ"

"ကျွန်တော် အတွေ့အကြုံအရ ဆရာမှိုင်းတို့၊ ဦး ချစ်သန်းမြင့်တို့ ပုဒ်မ ၅(ည)တွေ ထောင်ကျမှာပဲ - ဆရာ"

"ဗျာ - ဘယ်လိုကြောင့်လဲ - ဦးစိန်ဝင်းရာ"

"ကျွန်တော်တို့ရဲဘော်တွေလည်း ပုဒ်မ ၅(ည)နဲ့ အဖမ်းခံရတာပဲ၊ ပြန်မလွှတ်ဘူး၊ ဒို့ပြင် - ပုဒ်မက လွတ်လမ်းရှိသေးတယ်၊ ပုဒ်မ ၅(ည) တပ်လိုက်ရင် ရက်အကန့်အသတ်မရှိ ချုပ်ထားလို့ရသလို၊ လွှတ်ချင်လည်း ချက်ချင်းပြန်လွှတ်လို့ရတယ်၊ သို့သော် ခင်ဗျားတို့၊ ကျုပ်တို့ကိုတော့ လုံးဝလွှတ်မှာမဟုတ်ဘူး၊ ဒီပုဒ်မက အနည်းဆုံး ထောင်ဒဏ် (၇)လကနေ အများဆုံး ထောင်ဒဏ် (၇)နှစ်အထိ ပြစ်ဒဏ်ချလို့ရတယ် - ဆရာမှိုင်း"



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကြပြီပေါ့ဗျာ – ဟူး၊

အေးလေ – လုပ်မိ၊ ဖြစ်မိမှတော့ စိုးရွံ့မနေနဲ့၊

အမေက မွေးပြီးပြီ၊

ဒီနေ့ – ထောင်က ကျေးရုံပေါ့၊

ကံဇာတာ မြင့်ချင်တော့ ကျွန်တော်တို့ပုဒ်မကြီးတွေ၊ အင်းစိန်အကျဉ်းထောင်ကို ပြောင်းရမယ်တဲ့၊

မြတ်စွာဘုရား ...၊

ထောင်ဆိုတာ ဘယ်လိုသဘောရှိလဲ ဟင်၊

ရန်ကြီးအောင် ဦးစိန်ဝင်းက ထောင်ရဲ့သဘောသဘာဝ၊ "တိုက်"ရဲ့သဘောသဘာဝကို ရှင်းပြတယ်၊ သူက ကိုကိုးကျွန်းကနေ အင်းစိန်အကျဉ်းထောင် ပြန်ရောက်ခဲ့တော့ နှစ်ပေါင်းများစွာ တိုက်ပိတ်ခံရပြီး နောက်ဆုံးတိုက်ထဲမှာ လေဖြတ်သွားလို့ မလှုပ်နိုင်တော့တဲ့ဘဝ ရောက်ခဲ့ရသတဲ့၊

ဒီမှာ ပါတီအစိုးရရဲ့ထောက်လှမ်းရေးက သူ့ကို ကပ်နဲ့ထမ်းပြီး မော်တော်ကားနဲ့ သုံးခွမြို့က အိမ်ကို ပို့ပေးခဲ့တယ်တဲ့၊

သုံးခွမှာရှိတဲ့ မိဘများက ကိုကိုးကျွန်းထောင်ထဲမှာ သေပြီလို့ကြားရလို့ ကိုစိန်ဝင်းအတွက် သပိတ်တောင် သွပ်ပြီး ကြာပြီတဲ့၊

အခု – လေဖြတ်၊ ထ,လို့မရတော့ပဲ မသေမရှင် ပြန်ရောက်လာတော့ ဝမ်းသာအံ့ဩ ရှိုက်ကြီးတငင် ငိုကြ၊

ကံကောင်းပါတယ်၊

ဆရာကောင်းတွေရဲ့ကုသပေးမှုကြောင့် သေရွာပြန် ကိုစိန်ဝင်းအသက်ပြန်ရှင်ခဲ့ပြီး (၁၉၈၈) အရေးအခင်းအပြီး ပြန်အဖမ်းခံရတာ၊ သူက ကျူရှင်ဆရာလည်း လုပ်ခဲ့ဖူးတယ်၊

ရန်ကြီးအောင် ဦးစိန်ဝင်းက အလျင် အင်းစိန်ထောင်ကို ပြောင်းသွားရပြီ၊ နောက်နေ့မှာ ကျွန်တော်တို့ စာရေးဆရာအဖွဲ့ အင်းစိန်အကျဉ်းထောင်ကို ရောက်ခဲ့ရတယ်၊

နောင်တော့ ဦးစိန်ဝင်းပြောတာ သိပ်မှန်တယ်ဗျ၊ ကျွန်တော်တို့ ထောင်ဒဏ် အပြစ်ခံရတယ်လေ၊



ထောင်ဘူးဝဆိုတာ ဘယ်လိုမှန်းမသိရအောင် မျက်နှာကို ငုံ့ပြီး ဘူးတံခါးတွေကို ကျော်ဝင်ခဲ့ရတယ်၊

ထပ်ပြီး ကံကောင်းချင်တော့ ပုံစံခန်းကို မသွားရပဲ

အကျဉ်းတိုက်ထဲကို တန်းဝင်ခဲ့ရတယ်၊

ကျွန်တော် အခန်း(၅)(၄)တို့၊ (၃)တိုက် စသည်တို့မှာ နေခဲ့ရတယ်၊ နောင်မှ ကျွန်တော်တို့ငါးဦး အတူစုပေါင်းပြီး အခန်း(၅)မှာနဲ့တူရဲ့ နေခွင့်ရခဲ့တယ်၊

လာပါပြီဗျာ – ထောင်ထမင်း၊

(၆)ပေပတ်လည်သာသာ အခန်းထဲမှာ အုတ်ရိုးသုံးဖက်က ရေမှာ သံတိုင်စိပ်စိပ်စိုက်ပြီး သော့တွေ ခတ်ထားတာလေ၊

တိရစ္ဆာန်ရုံက ကျားလှောင်အိမ်ထဲ နေရသလိုပါပဲဗျာ၊ ကျားလှောင်အိမ်ထက် ကျယ်ပါသေး၊

ခြေရင်းမှာ ချေးအိုးနဲ့ သေးအိုး ရှိတယ်၊

ဒီထဲမှာ ချေးပါ၊ ဒီထဲမှာ သေးပေါက်၊ ဒီထဲမှာ ရေသောက်၊

အဲဒါ အကျဉ်းတိုက်ပဲ၊ ရှယ်မှ တကယ့်ရှယ်ဗျာ၊

အခင်းက ရွာအသုဘအိမ်မှာခင်းတဲ့ နှီးကြမ်း၊ ဖျာစုတ်၊ ဒီလိုနဲ့ မနတ်သမင်း ဆွဲအော်သံကြားလို့ တိုက်ထဲမှာ တန်းစီကြရတယ်၊

ဒီမှာပဲ လက်သုံးလုံးခန့် လွတ်နေတဲ့ သံတံခါးအောက်ခြေကနေ ထမင်းအညှိထားတဲ့ သံပန်းကန်ပြား (၁)ချပ် ဝင်လာတယ်၊

"ဘယ်နယောက်လဲဟေ့"

"ငါးယောက်"

"ရော့"

ထမင်းပုံပေါ်မှာပဲဖတ်က လေးငါးဖတ်ပဲပါတယ်၊ အရည်ကတော့ များရဲ့၊ သံပန်းကန်ရဲ့နှုတ်ခမ်းမှာ ငါးပိစိမ်းစား၊ အစိမ်းအတိုင်း လက်သန်းဖျားခန့်ကို ဝါးယောင်းမလိုဟာနဲ့ ကပ်တင်ပေးလိုက်တယ်၊

ဟူး ...၊



www.burmeseclassic.com

www.burmeseclassic.com

သန်လျင်အချုပ်ထဲမှာတုန်းက ဆားနည်းနည်းနဲ့ ...။

အခု - လောက်တက်နေတဲ့ မည်းမည်းညစ်ညစ် ငါးပိစိမ်းစားနဲ့၊ ကိုအေးသိန်းက အန်တယ်၊ ကိုကျော်မြင့်က မျက်ရည်စို့နေတယ်၊ ကိုလှမြင့်ဦးက မျက်နှာညှိုးလို့ ...။

ဒီမှာ ရေနေ ကိုခင်မောင်လေးက -

"ဒီထောင်ပုံစံထမင်းကို စားမလား၊ မစားဘူးလား"

"... ... ..."

"မစားရင် ငတ်မှာပဲ၊ ငတ်ပြီးရင် လဲမှာပဲ၊ ငါတို့ ရှေ့ဆက်လုပ်စရာတွေ ရှိသေးတယ်၊ ကျုပ်တော့ စားမှာပဲ၊ ဘယ်နဲ့ ..."

"ကျွန်တော် စားမယ်"

ကျွန်တော်က ပြောရင်း ပုံစံထမင်းပန်းကန်ကို ဆွဲယူစားပြလိုက်ရော ကျန်တဲ့လူတွေလည်း မစားချင်၊ စားချင် ချေးစော်၊ သေးစော် နံဟောင်တဲ့ နေရာမှာ တစ်လုတ်စီ မျက်စိမှိတ် မျိုချကြတယ်၊

တစ်ပန်းကန်ကုန်အောင် မစားနိုင်ကြဘူး၊

အနီးရှိ ချေးအိုး(ဂံဖလား)က နံနေတာကိုး၊

နောက်နေ့ ပိုဆိုးတယ်ဗျာ၊

တာလပေါ်ဟင်းတဲ့၊

ချဉ်ပေါင် အရွက် အရိုး အပင် ထက်ပိုင်းဖြတ်နဲ့ ပဲပင်ပေါက် နည်းနည်း ရောချက်ထားတာ၊ ငံပြာရည်၊ အချိုမှုန့်၊ လုံးဝမထည့်ဘူး၊ ဆားပဲခပ်တဲ့ဟင်း၊ ငံချဉ်စုတ်၊

ဘုရားရေ ...၊

ချဉ်ပေါင်အမြစ်မှာ ရွှံ့တွေ ပါလို့ပါလား၊

အလို - ဒါပါလဲဟ၊ အမလေးဗျ - ဒါ - ဒါ - တီကောင်အသေပါလား၊

"အော့ - ဝေါ - အော့ - ဝေါ"

"ဝေါ - ဝေါ"



နောင် မေးမြန်းကြည့်တော့ တောင်ယာဘုတ်က ချဉ်ပေါင်တွေကို နုတ်၊ ရေနဲ့ တော်ရုံရောင်ရုံဆေး၊ သုံးဖြတ်လောက်ဖြတ်ပြီး ရေနွေးဆူဆူအိုးထဲ ထည့်ချက်တာတဲ့၊ အပြင် ဟိုတယ်ချက် လိုက်မမီပေါင်ဗျာ၊

ထောင်နဲ့ရှိနေတဲ့အချုပ်သား အကျဉ်းသားတွေ အချိန်မီစားဖို့အတွက် သန့်သန့်ပြန့်ပြန့် လုပ်မနေနိုင်ဘူးလေ၊

ပြီး - ဒါ - အရာရှိသားတွေကို ကျွေးမှာမဟုတ်ဘူး၊

သူတော်စင်တွေကို ကျွေးမှာမဟုတ်ဘူး၊

ရာဇဝတ်သားနဲ့ ဆိုးသွမ်း၊ ဆူဆူပူပူ လူတွေကို ကျွေးမှာ၊ စားချိန် နောက်ကျရင် အချုပ်သားတွေ ဆူချင်သေးတယ်၊ ဒီတော့ - အမြန်နှုန်းနဲ့ အချိန်မီ စားရအောင် ချက်ရတော့ ရွှံ့နည်းနည်း ပါတာပေါ့ဗျာ၊ ဒါ - အပြစ်ပြော ချင်လို့ရမှာလား၊

တီကောင်အစား ပိုးကောင် မွှားကောင်၊ မျော့၊ ကျွတ်ပဲပါပါ အထဲမှာ ပျော်နေသွားရင် အရသာရှိတာပဲ၊

ပုဇွန်ခြောက်ခပ်ထားတဲ့အတိုင်းပဲ၊

ကြာတော့ - အဲဒီတာလပေါ်ဟင်းတယ်စားလို့ကောင်းပဲ၊ အစကနဦးမှာ ရွံလို့ အော့အန်ဖြစ်ရတာ၊ စားပါများတော့ ငါးပိစိမ်းစားလေးနဲ့တို့ပြီး စားရတာ မြိန်ပေါ့ဗျာ၊

စားလို့ကောင်းတုန်း ထမင်းက ကုန်သွားပါရော၊

တိုက်ပုံစံထမင်းပဲဖြစ်ဖြစ်၊ အဆောင်ပုံစံထမင်းပဲဖြစ်ဖြစ် တစ်ပုံစံပဲ ရတယ်၊ ထပ်တောင်းလို့ မရဘူး၊

(အဲဒါ ၁၉၈၈ - နှစ်ကုန်ခါနီး အခြေအနေပါနော်၊ အခုတော့ ထောင်မှာ ကျွေးတာ ရှယ်ပဲလို့ သိရပါတယ်၊ အိမ်သာတောင် ရေသုံးအိမ်သာတဲ့၊ စာကြည့်တိုက်ရှိသတဲ့၊ ကောင်းလေစွ)

ခြောက် - အမေပြောတဲ့စကား သွားသိရတယ်ဗျာ၊

နင်တို့ ထောင်ထမင်းစားချင်လို့လားတဲ့၊

အခု - ထောင်ထမင်း စားနေပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com

မဝရင် ထပ်တောင်းလို့မရ၊ ဟင်းမှာ ဆီနဲ့ပင် မရ၊ ကံကောင်းမှ ပဲဆန်လေး၊ အသီးအရွက် အရိုးလေး စားရတယ်၊

(အမှန်က ဖိုကြီးမှာ ပဲဟင်းချက်တာ ရှယ်ချက်တာပါ၊ ဆီကို ငရုတ်သီးတောင့်နဲ့ နနွင်းတက်နဲ့ ဆီသပ်ပြီး ပဲအိုးထဲကို ထည့်ပေးတာ၊ အဆောင်ရှိလူဦးရေအလိုက် ဆီသပ်ဆီနဲ့ ငရုတ်သီးတောင့်ရယ်၊ ငါးပိစိမ်းစားကိုလည်း ဆီသပ်ရန်လေးလောင်းလို့ ဖိုကြီးက ပေးလိုက်တာပါပဲ၊ ထောင်ထမင်းက ရေခန်းချက်တဲ့ ပေါင်းထမင်းမို့ စားရတာ မွှေးပြီး အားကို ဖြစ်စေတယ်၊

သို့သော် ...

ထမင်းဘုတ်ကိုင်အချို့ရဲ့မသင့်မလျော် လုပ်ရပ်အချို့ကြောင့်အချုပ်သားတွေစားရတဲ့ဟင်းမှာဆီ၊ ငရုတ်သီး၊ စိုစိုစွတ်စွတ် မမြင်ရတာပါ၊ အမှန်တကယ် ထောင်ပုံစံ ကျွေးတာက အာဟာရပြည့်ဝအောင် စီစဉ်ပေးတာပါ)

ထောင်ထဲမှာ အပိုင်သား ကိုယ့်လူလည်း ရှိနေမယ်၊ ထမင်းဘုတ်ကိုင်အဖွဲ့နဲ့လည်း ပဏ္ဏာစားမယ်၊ ဆေးလိပ်လေး၊ ဘာလေး ပေးကမ်းလဲလှယ်ဝယ်မယ်ဆိုရင် ထောင်ထဲမှာ ဆီရွှဲရွှဲ ပဲများများ ငရုတ်သီးကြော်တောင့်လေးကိုက်စားရင်း ဆက်ရက်မင်းစည်းစိမ်တောင် ခံစားလို့ရပါရဲ့ခင်ဗျာ၊

ခုတော့ - ထောင်ထဲမှာ ဘာညာသာရကာမရှိတဲ့ ကျွန်တော်တို့ အမေ့စကားကို ပြန်ကြားရင်း -

အိမ်ထမင်းဝိုင်းလေးကို လွမ်းခဲ့ရပေါ့၊

— □ —

တော်သေးတယ်ဗျို့ ( )နေ့ရောက်ရင် ထောင်မှာ အသားဟင်း ကျွေးတယ်ခင်ဗျ၊ ဝက်သားစားသူဆိုရင် ကြက်ဥနှစ်လုံး အသားတစ်တုံး စားရတယ်၊

ဝက်သားမစားသူ၊ ဘဲဥပြုတ် မနက်ညှ ပေးတယ်၊

အဲဒီအသားစားရတဲ့နေ့လေးမြန်မြန်ရောက်ပါစေလို့ညတိုင်း ဆုတောင်းရတယ်ဗျာ၊ ထောင်ဝင်စာကလည်း ပိတ်ထားတော့ အိမ်က ဘာမှပို့လို့မရဘူး၊ ထောင်ဝင်စာ လာတွေ့လို့ မရဘူး၊



ဆေးလိပ်တောင် ဈေးအိုးဖုံးထဲက ဖွဲပြာထဲ ရောပါလာတဲ့ ဆေးလိပ်ဖင်စီးခံကို အရသာခံ ဖွာရတယ်၊

ကံတော့ ကောင်းချင်သားဗျို့

ကျွန်တော်တို့အားလုံး ဝန်ထမ်းအကျဉ်းသား အချုပ်သားတွေ သီးသန့်ထားတဲ့ တိုက်(၃)ဆိုတဲ့အခန်းကို ရောက်သွားကြပါရောဗျာ၊ တိုက်ထဲမှာ နေရတာလည်း အတည်တကျ မရှိပါဘူး၊

အဲဒီတိုက်ရဲ့နောက်မှာ ကြိုးသမားအကျဉ်းသားတွေ ထားတယ် ခင်ဗျ၊ ကံကောင်းလိုက်လေခြင်းဗျာ၊ ကြိုးသမားတွေ ရေချိုးတဲ့ အုတ်ကန်မှာ ကျွန်တော်တို့ ပုဒ်မ ၅(ည) ငါးဦးရေကို တစ်ဝကြီး ချိုးရဝယ်ဗျို့၊ ဝမ်းသာလိုက်လေခြင်းရယ်၊

ဒီအခန်းကို မရောက်ခင်တုန်းက ရေကို ပုံစံနဲ့ တန်းစီပြီး (၄)တိုက်ရှေ့ ရေဘုံဘိုင်မှာ ချိုးရတာဗျ၊ အဝတ်မလျှော်ရဘူး၊ အခု - အဝတ်အကျီတွေကြိုက်သလို လျှော်စမ်း၊ ရေချိုးရင်း သီချင်းညည်းစမ်း၊

ကျွန်တော်တို့ ရေချိုးချိန်ဆို ကြိုးသမားအကျဉ်းသားတစ်ဦးလည်း ရေချိုးချတယ်ဗျ၊ အုတ်ကန်မှာ မျက်နှာချင်းဆိုင် ရေချိုးရတယ်၊

သို့သော် ကြိုးသမားကို လုံးဝစကားမပြောရဘူး၊

စကားလှမ်းပြောတာကို ထောင်ဝါဒါတာဝန်ကျမြင်သွားရင် အရေးယူခံရတယ်၊ နောက်ထပ်ပြစ်ဒဏ်တိုက်ကို သွား၊

တစ်နေ့ - ထမင်းဆွဲချိန်ပေါ့ဗျာ၊

ပဲအိုး မ,လာသူ ထမင်း သယ်လာသူတွေ ကျွန်တော်တို့ (၃)တိုက်ရှေ့ ရောက်လာတယ်၊ ဒီမှာ ထမင်းဘုတ်ကိုင်က -

“ခင်ဗျားတို့က သန်လျင်က ပုဒ်မ ၅(ည)တွေ ဒါတာလားဗျ”

“ဟုတ်ပါတယ် ခင်ဗျာ”

“စာရေးဆရာတွေ ပါတယ်ဆို ...”

“ဟုတ်ကဲ့ - ကျွန်တော်တို့ပါ ခင်ဗျ”

“ကောင်းတာပေါ့ဗျာ၊ ကျုပ်လည်း ၅(ည)ပဲ - စာရေးဆရာတို့ရေ၊ ကျုပ်က မော်ဘီ( )အလုပ်ရုံကဗျ၊



www.burmeseclassic.com

www.burmeseclassic.com

၅(ည) ချင်းတွေရင် စောင့်ရောက်ရမှာ ကျုပ်တို့အပိုင်းပဲ၊ ရော့ – ပဲနှိုင်းချင်းလေးနဲ့ စားစမ်း၊ အားရပါးရ စားကြစမ်းဗျာ"

ကြည့်စမ်းပါဗျာ၊

မော်ဘီ ၅(ည) ထမင်းဘုတ်ကိုင်လူကြီးရယ်၊ ပုံစံထမင်းကို မောက်မောက်ကြီးထည့်ပြီး ပဲဟင်းကို ဖွေးနေအောင် ဆပ်ထည့်ပေးလိုက်တာဗျ၊ ချင်းဖတ်၊ နနွင်းတက်နဲ့ ငရုတ်သီးတောင့်တောင် ပါလိုက်သေးဗျာ၊ ကျွန်တော်တို့ အားလုံး အံ့သြကြပေါ့ဗျ၊

သောက်ကျိုးနည်းဗျာ၊

ကျွန်တော့်အိမ်မှာတောင် အခုလိုပဲ ဆန်ဖွေးဖွေးများများနဲ့ ပဲဟင်း မစားဘူးပေါင်ဗျာ၊

"မော်ဘီ အစ်ကိုကြီး"

"ဗြော – စာရေးဆရာ၊ ပဲဟင်း ယူဦးမလား – လာလာ"

"အစ်ကိုကြီးကို ကျေးဇူးတင်လို့ပါဗျာ"

"ရတယ် – စာရေးဆရာ၊ ထောင်ဆိုတာပတ်သက်ရာပတ်သက်ကြောင်း ရှိမှ နေလို့ကောင်းတဲ့နေရာဗျ၊ လူစံလူရင်းရှိရင် ငါးနဲ့ ဒန့်ဒလွန်သီးချဉ်ရည်ဟင်းတောင်မှာစားလို့ရတယ်၊ လူစံမရှိရင်တော့ ခါးဆီးခံရောပဲ၊ စာရေးဆရာတို့၊ ကျုပ်တို့က သူခိုးဓားပြ လူသတ်သမားတွေ မဟုတ်ဘူး၊ တစ်ပါတီအာဏာ ရှင်စနစ် သုံးဆက်ပြုတ်ကျအောင် တိုက်ခဲ့တဲ့ အရေးတော်ပုံရဲဘော်တွေ အချင်းချင်း ကြည့်ရမှာပဲ၊ နောက်နေ့လည်း ကျုပ် – ဒီတိုက်တွေဘက်ကျတယ်၊ စားရေး၊ သောက်ရေး ဘာမှမပူနဲ့ – သွားပြီဗျို့"

ကျွန်တော်တို့အားလုံးက လှမ်းပြောကြတယ်၊

"မော်ဘီ ၅(ည)အစ်ကိုကြီး – ကျေးဇူးကမ္ဘာ"

ဒီမှာ အစ်ကိုကြီးက ပြုံးရယ်ရင်းက လက်မကို ထောင်ပြီး –

"တောင့်ထား – အောင်မောင်းတို့"

— □ —

ဘဝဆိုတာ ရေတက်၊ ရေကျ ရှိတယ်ဗျ၊ ပြီး – ဘဝဆိုတာ တိုက်ပွဲပဲ၊

နောက်နေ့တွေမှာ ကျွန်တော်တို့ ပဲကို မုန်းနေအောင် စားရတယ်၊ ကိုကျော်မြင့်ကြီးဆိုရင် ထမင်းနည်းနည်းနဲ့ ပဲများများကို ငရုတ်သီးတောင့်လေးကိုက်လိုက်၊ ဆီချက်လူးထားတဲ့ ငါးပိစိမ်းစားလေးနဲ့ မြုပ်စားလိုက်နဲ့ တစ်ပတ်အတွင်း အသားအရည် ဝစိုလာခဲ့တယ်၊ အိမ်က မိန်းမရော သတိရသေးရဲ့လားလို့မေးရရဲ့…၊

ထောင်အမှုထမ်းဝါဒါတွေကလည်း ကျွန်တော်တို့အပေါ် ကောင်းကြပါတယ်ဗျာ၊ ဆေးလိပ်လာတိုက်တယ်၊ ကျေးဇူးပါပဲ – ဆရာတို့ရယ်၊ ပျော်ရာမှာ နေလို့မရရင် ရောက်ရာမှာ ပျော်အောင်နေရမှာပဲ၊

ရေလည်း ဝဝလင်လင်ချိုးရ၊

ထမင်းလည်းပဲများများ၊ အရွက်များများ ဆီနံ့လေးနဲ့ စားရတော့ ရှေ့ခရီးအတွက် အားရှိသွားခဲ့ပြီပေါ့၊

အမေရေ…

အင်းစိန်အကျဉ်းထောင်ရဲ့ထောင်ထမင်းဟာ စုတော့ စားလို့ကောင်းပြီး အမေ့သား စာရေးဆရာ ဝပြီးနေပျိုနေပါကြောင်း အမေ့ထံ အကြောင်းကြားလိုက်ရပါကြောင်း – အမေ ခင်ဗျား၊

(ကွယ်လွန်သွားသည့် အမေနှင့် ဇနီးအပါအဝင်။ ပုဇွန်တောင် ၅(ည)။ အဖေ၊ အမေများနှင့် ချစ်ဇနီးများသို့ အမှတ်တရ)

→ မောင်ညိုမှိုင်း (သန်လျင်)



တောတွင်းမုဆိုးများအဖို့
တောကြက်တောင်နည်း ညွှတ်ပြုလုပ်နည်း
များဖြင့် ဝေဝေဆာဆာ ဖော်ပြထားရာ
တောကြက်ကို ခေါင်းချောက်ဆင်
ဖမ်းနည်းမှ မပျော်လင့်ဘဲ ..

**မြာသီုလ**၏ အေးချမ်းသောညတစ်ညက ရိုးမတောကြီး၏ နေရာဒေသအားလုံးလိုလိုကို နှင်းများဖြင့် လွှမ်းခြုံလျက်ရှိသည်။ အထူးသဖြင့် မရန်းကုန်းသစ်ကွင်းရှိရာ စခန်းတစ်ခုလုံးမှာ နှင်းများကအုံ့ဆိုင်းမှုန်မှိုင်းနေသကဲ့သို့ချောင်း၏တစ်ဖက်သစ်ကြီးဝါးကြီး အမြဲစိမ်းတောများတွင် မိုးသီးကြွေသလို တပေါက်ပေါက်တဖြောက်ဖြောက်ဖြင့်တစ်ပေါက်နောက်တစ်ပေါက် အစဉ်မပြတ်ကျနေသည်မှာမိုးရွာနေသလား ထင်မှတ်များရလောက်၏။

အေးလွန်းသည့်အတွက်ကြောင့် မည်မျှပင် ကြိုးစား၍အိပ်စေကာမူ အိပ်ပျော်ဖို့ ဝေးစွ။ ခြေဖျားလက်ဖျားကိုထားဦး၊ ဟိုအကြား သည်အကြားတွေကပင် မနွေးနိုင်။ ပါလာသည့်ခေါင်းစွပ်၊ ခြေအိတ်ရှည်၊ လက်အိတ်များဝတ်၍ ဂွမ်းစောင်ထူထူကြီးကို ခေါင်းမြီးပါ ခြုံထားသည့်တိုင်

www.burmeseclassic.com

အနွေးဓာတ်က ရမလား၊ ဒါတောင် အဘက သူ့၏ Coleman Tent(ရွက်ဖျင်တဲ) မိုးလုံ၊ လေလုံ၊ နှင်းလုံ နှစ်ထပ်တဲအတွင်း ခေါ်၍သိပ်သည့်အတွက် ကြောင့်သာ သက်သာသေး၏၊ အပြင်မှာသာ အိပ်ရလျှင် မလွယ်၊ ဒါလောက် အေးရသည့်အထဲ ကိုစိုးဆိုတဲ့ လူက မရန်းချောင်း၊ ချောင်းရိုးနှင့် ကိုလူကွဲ ချောင်းရိုးတွင် စွာရေစိမ်ရန်ဆင်းမည့် ဆတ်ပစ်ရန် သူ့တာပည့် ကျော်ဝင်းကို ခေါ်၍ မီးထိုးသွားလေသည့် ဒီလူ ချောင်းရိုးကို ဘယ်လိုလျှောက်မည်လည်း သူ စဉ်းစား၍မရ၊

အိပ်၍မပျော်နိုင်၊ ဟိုလှည့် သည်လှည့်ဖြင့်ဖြစ်နေသည်၊ ညနေမှည(၉) နာရီခန့်တိုင် သူ၊ အဘ၊ ကိုစိုး၊ ကျော်ကျော်တို့နှင့် ဝီစကီတစ်ပုလင်းကို ရှက်လှည့်ခံ မော့ခဲ့ကြ၍သာ တော်တော့သည်၊

တစ်ချက်မှူ သူ့ကိုယ်သူ ငြိမ်သွားသည်ဟုထင်ပြီး သတိရ၍ သူ့လက်မ နာရီကို အနီးတွင် ချထားသော ဓာတ်မီးဖြင့်ထိုး၍ကြည့်လိုက်ရာ နံနက်(၃) နာရီပင် ထိုး၍နေပေပြီ၊ ဟော - လင်းကြက်ပင် တွန်တော့မည်၊

ဒီလိုတောကြီးမျက်မည်းအတွင်းမှ သစ်စခန်းအနီးတွင် တောကြက်များ မှာပေါလှသည်၊ ဒီတော့ - ကြက်ပေါသည့်နေရာကို သူ မက်သည်၊ ထို့ကြောင့် တရင်ပြည်နယ် ဘားအံမှပင် ပဲခူး(တောင်) သစ်ထုတ်နယ်မြေသို့ အဘနှင့် ကိုစိုးတို့၏ ဖိတ်ကြားခေါ်ယူချက်အရ ဤကဲ့သို့ ဇန်နဝါရီလ (ပြာသိုလ) တောပစ်ရာသီတွင် သူ ရောက်လာခြင်းဖြစ်၏၊ ယခုတော့ - အအေးဒဏ်ကို အလူးအလဲခံနေပေပြီ၊ ဟယ် - တတ်နိုင်ပါဘူး၊ အသီးကြိုက်မှတော့ အပင်တက်ရူးလျှင်ရူး၊ တံချူနှင့် ရူးပေါ့၊ မရူးဘဲတော့ မစားရနိုင်၊

သည်လိုနှင့်စခန်းအနီးမှ တောကြက်တွန်မည့်အသံကို အိပ်ရာအတွင်းမှ နားစွင့်ရင်း ဟိုးလွန်ခဲ့သည့် နှစ်ပေါင်း(၄၀) ခန့်ဆီသို့ သူ့စိတ်များကပြန်လွင့်၍ သွားလေ၏၊

— —

ဦးခင်မောင်ရင်၊ ထိုစဉ်က သူ့အား ဦးခင်မောင်ရင်ဟု ကျောင်းသားများနှင့် ဆရာ၊ ဆရာမများက တလေးတစား ခေါ်ကြသည့်တိုင် အသက်မှာ (၂၀) ကျော်ရုံမျှသာ ရှိသေးသည်၊ မက်ထရစ် (တက္ကသိုလ်ဝင်တန်း) အောင်ပြီး၍ ဘားအံတွင် အလယ်တန်းပြဆရာကလေးအဖြစ် စတင်ဝင်ရောက်လုပ်ကိုင်နေသည့်အချိန်၊

တစ်ခုသော ကျောင်းပိတ်ရက် တနင်္ဂနွေနေ့တွင် သူသည် ကရင်အဘိုးအိုတစ်ယောက်နှင့်ဆုံရလေ၏၊ ထိုလူမှာ သူ၏ဆရာဖြစ်လာမည့်ဦးစောဖားကွ ဆိုသူ ဖြစ်လေ၏၊

သူသည် ရွှေဝွန်းဇာတိဖြစ်၍ သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် မိဘများရှိရာ ရွှေဝွန်းသို့ ပြန်၍လည်၏၊ သီတင်းကျွတ်လဖြစ်၍ ရွှေဝွန်းရွာအနီးတစ်ပိုက်တွင် တောကြက်က ပေါပေါတွန်သည်၊ လယ်များ၊ ကွဲ၊ နွားစားကျက်များနှင့် တောင်ခြေတောတန်းတစ်ပိုက်တွင် ကြက်သည် ဝါသနာပါသောသူ ဘ ရှိသည်၊

တစ်မနက် သူက ရွာတွင်းလျှောက်လာရာ ကြက်တစ်ကောင်ကို ဝဲလက်ဖြင့် ရင်ခွင်တွင် ပိုက်၊ ယာလက်ဖြင့် ညှတ်များကိုင်၊ လွယ်အိတ်တစ်လုံးကို လွယ်၊ ဆေးတံကို ခဲ၍လာနေသော ကရင်အဘိုးအိုတစ်ဦးနှင့် လမ်းတွင် ဆုံမိသည်၊ အဘိုးအို၏ တည်ငြိမ်သောမျက်နှာ၊ တည်ကြည်သောမျက်လုံးကို အတဲခတ်မိရုံမျှဖြင့် လောကကြီးတွင် စိတ်ချမ်းသာမှုကို အလေးထားသော ကရင်အဘိုးအိုတစ်ဦးဖြစ်မှန်း ဦးခင်မောင်ရင် အကဲခတ်မိသည်၊ ထို့ကြောင့် လည်း အဘိုးအိုက အသက်ပင် ရနေစေကာမူ မိမိ ဝါသနာပါရာ ကြက်တည်သည့်အလုပ်ကို သူတစ်ပါးအား အနှောင့်အယှက်မပေးဘဲ မိမိစိတ်ကူးဖြင့် လုပ်နေပုံရ၏၊ အဘိုးလက်တွင်းမှ ကြက်မှာလည်း ကြက်တိန်ညင်ဖြစ်ကာ ကြက်တည်ဖို့ သွားသည်ပဲဖြစ်ရမည်၊ ကြက်မှာ ကြက်နီရိုးတ်ဖြစ်ကာ ဦးခေါင်းတယမ်းယမ်းဖြင့် အဘိုးအို၏ရင်ခွင်ထဲမှ တက်ကြွနေပုံ ရနေပေသည်၊

ဤမြင်ကွင်းကိုသူတွေ့ရသောအခါသူ့တွင် ဘယ်တုံးကမှမဖြစ်ဘူးသော စိတ်တက်ကြွမှုမျိုးကို ပေါ်ပေါက်လာသည်မှာ သူပင် အံ့သြရသည်၊ သူက

www.burmeseclassic.com

အဘိုးအိုနှင့်အတူ ကြက်တည်လိုက်ချင်လာသည်။ ဝါသနာငုပ်ကောင် က ခေါင်းထောင် ထိုးထွက်လာခြင်း ဖြစ်ပေမည်။ ထို့ကြောင့် သူကပင် စ၍ အဘိုးအိုအား စကားစမိ၏။

"ဖထီး - ဘယ်သွားမလို့လဲ၊ ကြက်သွားတည်မလို့လား"

"ဟုတ်တယ်ဝေ့"

အဘိုးအိုက တစ်ခွန်းတည်းသာ ပြန်ပြောရင်း ဆက်၍လျှောက်သွားသည်။ သူက အဘိုးအိုလျှောက်လာရာဘက်သို့ပြန်လှည့်၍ လှမ်းချင်းယှဉ်ကာ မေးပြန်သည်။

"ဖထီး - ဒီရွာကလား"

"ဟုတ်တယ်ဝေ့၊ ဟိုဘက်ရွာဖျားမှာ နေတယ်"

"ဖထီးနဲ့ ကျွန်တော် တစ်ရွာတည်းသားတွေပဲ၊ ဖထီး ကြက်သွားတည်တာကို ကျွန်တော် လိုက်ပါရစေ"

"မိုးစွားက ဒီရွာကဆိုပေမယ့် ငါ မမြင်ဘူးပါလား"

"ဟုတ်တယ် - ဖထီး၊ ကျွန်တော်က ငယ်ငယ်ကတည်းက ဘားအံမှာ ကျောင်းသွားနေတာ၊ ကျွန်တော့်နာမည် ခင်မောင်ရင်ပါ၊ အလယ်တန်းပြ ဆရာလေးပါ"

"ဝေ့ - ကျောင်းဆရာက ငယ်ငယ်လေး ဝေ့"

ဦးခင်မောင်ရင်က ထိုသို့ ကိုယ်တိုင်မိတ်ဆက်ပေးပြီးနောက် အဘိုးအိုအား လက်ဖက်ရည်ဆိုင်တစ်ဆိုင်ပေါ်သို့ခေါ်သွားကာ တစ်မတ်(၂၅)ပြားသာ ပေးရသော လက်ဖက်ရည်တစ်ခွက်နှင့်ဆယ်ပြား(၁၀ပြား)မျှသာ ပေးရသော အီကြာကွေးတစ်ချောင်းကိုကျွေးကာ ကြက်တည်(တယ်)လိုက်နိုင်ရန် စည်းရုံးပြီးနောက် အဘိုးနှင့် လိုက်ခဲ့သည်။

ထိုနေ့က သူနှင့် အဘိုးအို ကြက်တည်ကြရာ ကြက်ဖ(၃)ကောင်နှင့် ကြက်ဖတစ်ကောင် မိသည်။ ကြက်တည်စဉ် နေရာရွေးပုံ၊ ညှတ်စိုက်ပုံ၊ တည်ကြက်ကိုထားပုံ၊ လူက ချုံတွင်း လုံအောင်ပုန်းရပုံ၊ တည်ကြက်က ကြက်တွန်



သံပေးရာ တောကြက်ဖက သူ့နယ်သို့ တစိမ်းကြက် ကျူးကျော်လာ၍ ဒေါပွကာ တွန်သံပေးပြေးလာပုံ၊ ညှတ်ကွင်းတွင် မိပုံများကို မျက်စိတွင် စွဲသွားကာ အဘိုးအိုထံမှ ကြက်တည်သည့်ပညာသာမက ကြက်မွေးပုံ၊ လေ့ကျင့်ပုံ၊ ညှတ်ပြုလုပ်ပုံတို့ကိုပါ အောက်ခြေသိမ်း၊ ကျောင်းပိတ်ရက်တိုင်း ရွာပြန်၍ သင်ယူခဲ့သည်။ ကြက်တည်တတ်လာသောအခါ ဘားအံရှိ ဇွဲကပင်တောင်ခြေရွာများကိုလှည့်ကာ တည်ခဲ့သည်။

ထိုမှတစ်ဆင့် လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဘားအံ၊ မော်လမြိုင် ကားလမ်းနံဘေးရှိ တောများကို သူမရောက်သည့်နေရာ မရှိ။

သူ၏ဘဝမှာလည်း အလယ်တန်းပြဆရာကလေးမှ အထက်တန်းပြဆရာ၊ ထိုမှ ပြည်နယ်ကောင်စီဝင်ပြီးနောက် - ကုန်သည်၊ ယခုအခါ ဘားအံမြို့ပေါ်မှ တည်းခိုခန်းများပိုင်ရှင်၊ ကရင်ပြည်နယ်ကုန် သည်ကြီးများအသင်း၊ ဥက္ကဋ္ဌ၊ ဒူးရင်း၊ ကြက်မောက်၊ ကျွဲကောခြံများပိုင်ရှင်၊ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာသည့်တိုင်အောင် ကြက်တည်သည့် ဝါသနာက ရှိတုန်း၊ ကြက်များကိုလည်း မိမိခြံတွင် မွေးထားသည်သာမက မိတ်ဆွေ၊ တပည့်သားမြေးတို့၏ ခြံများတွင်လည်း မျိုးပေး၍ မွေးစေသည်။ တည်ကြက်နာမည်ကြီးသိလျှင် မြန်မာပြည်တစ်နံတစ်လျား ဘယ်ဒေသများသို့ သွားရ၊ သွားရ သွား၍ကြည့်ကာ သူကြိုက်ပါက ဈေးသောင်းချီးပေး၍ ဝယ် သည်။

ညှတ်အလုပ်ကောင်းသူဆိုလျှင် စရိတ်စကနှင့် လက်ခကို မက်လောက်အောင် ပေး၍ခေါ်ယူကာ ညှတ်ကို လုပ်စေသည်။ ကြက်တည်လိုက်ရမည်ဆိုလျှင်လည်း အနီမှိန့်၊ အမြင့် တောထူတောပါ၊ အပူ၊ အအေး၊ အနီး၊ အဝေး မရှောင်လိုက်ခဲ့သည်။ တစ်ခါတစ်ရံ စရိတ်ဖြင့် တွက်ကြည့်လျှင် သူရသည့် တော ကြက်တစ်ကောင်မှာ ငွေတစ်သိန်းမျှပင် ကျတတ်လေသည်။ ဒါကို သူမမှု။

ဩော် - ယခုဆိုလျှင် ထိုဝါသနာအလျှောက် ကြက်တည်လာခဲ့သည်မှာ နှစ်ပေါင်း(၄၀)ပင် ပြည့်ပါပကော၊ လူလည်း အသက်(၆၀)၏ တံခါးဖက်စွန်း



www.burmeseclassic.com

www.burmeseclassic.com

သို့စွန်းခဲ့ပြီ။ သို့သော် တောကြက်ပေါသည်။ တောကြက်တည်ရမည်ဆိုလျှင် အသက်နှင့်ငွေကို ဘေးဖယ်ထား၊ ရှေ့ကသွားလျှင် နောက်က လိုက်မည့်သူ။ ထို့ကြောင့် အဘနှင့် ကိုစိုးခေါ်ရာ ရိုးမတောပေါ်သို့ ဘားအံမှပင် လိုက်ခဲ့လေသည်။

— ❦ —

ကျွန်ုပ်နှင့် ဦးခင်မောင်ရင် သိကျွမ်းရသည်မှာ အဘ၏ မိတ်ဆက်ပေးမှုကြောင့် ဖြစ်သည်။ တစ်ခုသော ကာရင်ပြည်နယ်နေ့ (နိဝင်ဘာလ ၇ ရက်) ပွဲတော်ပြုလုပ်ရာသို့ တက်ရောက်ရန် အဘနှင့် ကျွန်ုပ် ဘားအံသို့လာခဲ့ရာ တွေ့ဆုံမိကြခြင်း ဖြစ်၏။

ဦးခင်မောင်ရင်မှာ အသက်(၆၀)ကျော်လာပြီဟု ဆိုသော်ငြားလည်း လူငယ်တစ်ယောက်လို ဖျတ်လတ်သွက်လက်ဆဲ။ အရပ်(၅)ပေ၊ (၅)လက်မခန့် အသားလတ်လတ်၊ ပေါင်(၁၃၅)ပေါင်ခန့် ခန္ဓာကိုယ်နှင့် ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြီးထားတတ်၏။ ကြက်တည်တော်သကဲ့သို့ ကားမောင်းလည်း တော်လှသည်။

ကျွန်ုပ်တို့က ဘားအံရောက်သောအခါ သူ၏ တည်းခိုခန်းတစ်ခုခုတွင် တည်းရမည် ထင်သည်။ သို့သော် သူက ကျွန်ုပ်တို့အား လွတ်လွတ်လပ်လပ် တည်းရန် ဘားအံမှ (၆)မိုင်ခန့်ဝေးသည့် သူ၏ ကျွဲကောခြံ ဘန်ကလိုလေးတွင်တည်းရန် စီစဉ်ပေးသည်။ ခြံမှာ ဖွဲကပင်တောင်တန်း၏တောင်ကြား ဘားအံ – ကော့ကရိတ်သွားရာလမ်းနံဘေးတွင်ရှိ၍အရှေ့ဘက်နှင့်အနောက်ဘက်တွင် တောင်နံရံကြီးများ ကာဆီးနေကာ အေးချမ်းလှသည့်ကျွဲကောပင်များ အစီအရီတွင် ကျွဲကောသီးများက အညီညီ သီးလျက်ရှိသည်သာမက သူမွေးထားသည့်ကြက်တိန်ညင်များက ရဲရဲနီလျက် ရှိလေသည်။ ဘန်ကလိုအိမ်နံရံတွင်လည်း ညွှတ်များ စီကာစဉ်ကာ ချိတ်ဆွဲထား၏။



သူ့ခြံနှင့်ဘားအံ(၆)မိုင်ခန့်ခရီးကို သူ၏ဟိုင်းလပ်ကားဖြင့် မညည်းမညူ ခေါက်တုံ့ခေါက်ပြန်သွားကာ လိုသမျှပစ္စည်းကို သယ်လာပေး၏။ နံနက်ဝိုင်း ခြံသို့ရောက်လာပြီဆိုလျှင် သူပထမဆုံးလုပ်သည့်အလုပ်မှာ သူ၏တယ်ကြက်များကို အစာကျွေးခြင်း ဖြစ်ပြီး သူလိုသည့်အကောင်ကို ညွှတ်ဖြင့်ဖမ်းကာ ပွတ်သပ်ချော့မော့၍ ကြက်တစ်ကောင်လုံးကို အမောက်မှ အမြီးဖျားထိ ဟိုကြည့်၊ သည်ကြည့်လုပ်ကာ ပြန်လွှတ်ပေးလိုက်၏။

သူ ထိုကဲ့သို့ လုပ်တတ်သည်ကို ကျွန်ုပ်က တစေ့တစောင်းကြည့်ထားမိရာမှ သူ့အား မေးမိ၏။

"ဦးခင်မောင်ရင်ကြက်ကို ဘာ့ကြောင့်ဒါလောက် သေသေချာချာကြည့်တာလဲ"

"ကြက်သိမ် ကောင်း၊ မကောင်း ကြည့်တာပါ"

"သိမ် – ဟုတ်လား။ ဘာကိုပြောတာလဲ။ ကျွန်တော် နားမလည်ဘူး"

"ဟုတ်တယ် – ကိုစိုး၊ ကြက်တည်ရင် တည်ကြက်ဟာ သိမ် ကောင်း၊ မကောင်း လေ့လာရတယ်"

"ဆိုပါဦး"

"ကိုစိုးတို့အမြင်မှာ ကျွန်တော့်တည်ကြက် (တိန်ညင်) တွေဟာ အားလုံး အတူတူပဲလို့ ထင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ခင်ဗျားကြက်ဖ (၂၀) လောက် ကြည့်ရတာ အတူတူလိုလိုချည်းပဲ၊ အတက် တိုတာ၊ ရှည်တာနဲ့ လည်ဆံဝါတာ၊ နီတာလောက်ပဲ ကွာတာ မဟုတ်လား"

"ဟုတ်ပါတယ်။ သာမန်အားဖြင့် ဒီလိုပဲ မြင်ပါမယ်။ အဲ့ဒါတွေက အရေးကြီးတဲ့အချက်တွေ မဟုတ်ပါဘူး"

"ဒါဖြင့် – အရေးကြီးတာက"

"အရေးကြီးတာက သိမ်၊ကောင်းဖို့ပါ။ သိမ်၊ကောင်းတယ်ဆိုတာ တော ကြက်ကို ဆွဲဆောင်နိုင်တဲ့ ဆွဲဆောင်မှု ဟန်ပန်၊ အသံနဲ့ အမူအရာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟောဗျာ - အဲ့ဒီလိုရှိတယ်လား။ တောကြက်လာအောင်ရန်လိုတဲ့အသံနဲ့ တွန်တတ်ရင် မပြီးဘူးလား။ သိမ့်ဆိုတာ ရန်လိုတာ မဟုတ်ဘူးလား"

ကျွန်ုပ်က ထင်မြင်ချက်ကို ပြောမေးမေးမိ၏။

"မဟုတ်ဘူးဗျ။ သိမ့်ဆိုတာ ဆွဲဆောင်မှုဆိုရင် ပိုနီးစပ်တယ်၊ တည်ကြက်တစ်ကောင်ဟာ တောင်ပံရိုက်တဲ့ တဖျန်းဖျန်းအသံနဲ့ ဆွဲဆောင်တတ်တာမျိုးရှိသလို တွန်သံနဲ့ ဆွဲဆောင်တာမျိုးလည်း ရှိတယ်။ တစ်ခါ ကြက်ကမြေကြီးဖတ်တွေကို တရှုံရှုံယက်တဲ့အသံနဲ့လည်း ဆွဲဆောင်နိုင်စွမ်းရှိတယ်။ ပြီးတော့ - ကိုယ်ဟန် အမူအရာ လမ်းလျှောက်ဟန်နဲ့လည်း ဆွဲဆောင်နိုင်တယ်"

"တိန့်ညင်တစ်ကောင်ဟာအသံပေးရုံနဲ့တောကြက်ကညှတ်ဆီကိုလာမယ်မထင်နဲ့၊ လူသာ လာနီးနီးနဲ့ ပုန်းပြီး ချောင်းကြည့်နေရာက ကျားလာကိုက်သွားရင် သွားမယ်၊ တောကြက်ကလာမှာမဟုတ်ဘူး။ အဲ - သိမ့်ကောင်းတဲ့အကောင်ကျတော့ ဘယ်လောက်မြန်သလဲဆိုရင် ညှတ်စိုက်နေတဲ့ (၅) မိနစ်လောက်အတွင်းမှာ အသံမထွက် တောင်ပံမရိုက်ရလေအောင် တည်ကြက်ကို ပုဆိုးအဝတ်နဲ့ ထုပ်၊ အုပ်ထားရတယ်၊ အဲ - ညှတ်လည်းစိုက်ပြီး တည်ကြက်ကို ညှတ်အလယ်မှာ ငုတ်စိုက်ချည်ပြီး ပုဆိုးလှစ်လိုက်တာနဲ့ လူက မြန်မြန်ပုန်းနေရတယ်၊ သူ တစ်ခွန်းနှစ်ခွန်းတွန်၊ တောင်ပံတစ်ချက်နှစ်ချက်ရိုက်၊ ဖက်ကိုတစ်ချက်နှစ်ချက် ယက်လိုက်တာနဲ့ ဘယ်လောက်ကပ်တဲ့တောကြက်ပဲဖြစ်ဖြစ် ချက်ချင်းရောက်လာတာနဲ့ ညှတ်ကိုတိုးပြီး မိတော့တာပဲ၊ ညှတ်မပြတ်ဖို့ပဲ အရေးကြီးတယ်"

"သြော် - ညှတ်က ပြတ်တတ်သေးသလား"

"ပြတ်တတ်တာပေါ့၊ တောကြက်ကအရှိန်နဲ့ပြေးတိုးတာဆိုတော့ ညှတ်ရဲ့ထိပ်မှာရှိတဲ့ ကွင်းနဲ့ အခြေမှာရှိတဲ့ ချည်ကြိုးတွေက ခိုင်ဖို့လိုတယ်"

"ချည်ကြိုးအစား နိုင်လွန်၊ တက်ထရွန်၊ ပိုးကြိုး စတာတွေသုံးရင်ကောဗျာ"



"ရပါတယ်၊ ဒါပေမဲ့ - အဲ့ဒီကြိုးတွေက အောက်ခြေမှာနေပြီး ပျော့တော့ ကွင်းထိပ်ပိုင်းကို ကြက်တိုးအောင် ထောင်ထားတဲ့ကြိုးက လိုသေးတယ်၊ အဲ့ဒါကို ခင်ဗျားပြောတဲ့ကြိုးတွေနဲ့ လုပ်လို့မရဘူး။ ကျွန်တော် ပြမယ်"

ဟုဆိုကာ အိမ်ပေါ်သို့တက်၍ညှတ်များကို ယူလာပြီး ပြလေ၏။ ထိုအခါ တစ်ချိန်လုံး ကျွန်ုပ်တို့နှစ်ဦး ပြောသည်ကို နားထောင်နေသော အဘက -

"ကိုစိုးရေ - ခင်ဗျားတော့ ကြက်ထောင်တဲ့ပါရဂူနဲ့တွေ့ပြီး လက်ရှာတွေ မိနေပြီ၊ သူ့ကြက်ငှိုကာက တစ်နေ့ကုန်သွားလိမ့်မယ်နော် - သတိထား"

"ပြောပါစေ - အဘရာ၊ ဒါမှ - ကျွန်တော်လည်း ဝတ္ထုထဲ ထည့်ရေးရမှာ၊ ကြက်တည်တဲ့ပညာရပ်တွေပေါ့"

"အင်း - အင်း - ဟိုလူကလည်း လေရှည်ရှည်၊ ခင်ဗျားကလည်း ဝတ်လုံရှေ့နေစာရေးဆရာ လျှာက ခပ်ရှည်ရှည်ဆိုတော့ ချဉ်သီးနဲ့ဆား တွေ့နေပြီပေါ့ဗျာ"

"ဒီလိုဗျ - ကိုစိုးရေ၊ ကျွန်တော် - ညှတ်တစ်ဖုံကို ခင်ဗျားရှေ့မှာ ထောင်ပြမယ်"

ဟုဆိုကာ ညှတ်များကို စိုက်လေရာ စိုက်ပြီးသောအခါ ကြက်ရင်ညွန့်တစ်တိုက်ခန့် (၆) လက်မခန့်အမြင့်တွင် ကွင်းကလေးများက အစီအရီ တစ်ဆက်တစ်စပ်တည်း ရှိနေလေ၏။ ညှတ်စိုက်သည့် ငုတ်ကလေးများမှာ ဝါးဖြင့် ပြုလုပ်ထားသည်ကို ကျွန်ုပ် သိသော်လည်း ကြက်ရင်တစ်တိုက်ခန့် အမြင့်ကွင်း၏ထိပ်ပိုင်းတွင် ဝါးကိုင်းကလေးများ ကုန်းထားသလို "ဂ" ငယ်ပုံ ခပ်ကုန်းကုန်း တောင့်တောင့်ကလေးများကို တွေ့ရ၏။

"တွေ့တယ်မို့လား။ ကွင်းလေးတွေက "ဂ" ငယ်ပုံ ကုန်းကုန်းကွေးကွေးလေး ဖြစ်နေတာ"

www.burmeseclassic.com

"ဟုတ်ကဲ့ - တွေ့ပါတယ်။ အဲ့ဒါက ဝါးနဲ့ လုပ်ထားတာလား"

"မဟုတ်ဘူး - ကိုစိုး။ ညှတ်မှာ အရေးကြီးဆုံးက အဲ့ဒီအပိုင်းပဲ၊ ကျန်တာကဝါးငုတ်တို့ကြိုးတို့ဆိုတာလွယ်တယ်။ ဒီလိုကုန်းကုန်းလေးကွေးနေအောင်က ပစ္စည်းရှာရတယ်၊ လုပ်ရတာ လက်ဝင်တယ်"

"ဘာနဲ့လုပ်ရတာမို့လဲ"

"အဲ့ဒါက ရေငန်းမြစ်၊ ဒါမှမဟုတ် - ကြက်ဥကြိမ်နဲ့ လုပ်ရတယ်"

"ဘယ်ဟာက ပိုကောင်းလဲ"

"ဘယ်ဟာကပိုကောင်းလဲဆိုတာထက် ဘယ်ဟာပိုကြိုက်သလဲဆိုတာက ကြက်ထောင်တဲ့လူပေါ်မှာ မူတည်တယ်။ ကျွန်တော့်အကြိုက်ဆိုရင် ရေငန်းမြစ်ကို ပိုကြိုက်တယ်၊ ရှာရတာလည်း ပိုခက်တယ်၊ ကိုစိုး သိသားပဲ၊ ရေငန်းပင်က တော်ရုံတောမှာရှိတာ မဟုတ်ဘူး၊ ခင်ဗျားတို့အမဲကြီးပစ်သွားနေတဲ့ တောင်ပေါ်တောကြီးတွေမှာ ရှိတာ၊ ရွာနီးချုံစပ်တောမှာ မရှိဘူး၊ ပြီးတော့ - ရေငန်းမြစ်တူးရင် ဝံ(ဝက်ဝံ) ကိုက်ခံရတာတတ်တယ်၊ ဘာဖြစ်လို့လဲ သိတယ်မဟုတ်လား"

သူက ကျွန်ုပ်အား စမ်းသည့်သဘော မေးလာဟန်တူ၏၊ ထို့ကြောင့် ကျွန်တော်က ပြုံး၍နေပြီးလျှင် ရှင်းပြလိုက်ပါသည်၊

"အင်း - ရေငန်းပင်သီးချိန်ဆိုရင်အသီးနီနီတွေက ချဉ်ချိုအရသာရှိတော့ ဝက်ဝံကြိုက်တယ်။ လာစားတတ်တယ်။ ရေငန်းမြစ်တူးရင်း ဝံနဲ့တိုးပြီး အကုတ်ခံ၊ အကိုက်ခံရတတ်တာနေမှာပေါ့"

"သိပ်ဟုတ်တာပေါ့၊ တော်ပါပေ့ - မုဆိုးကြီးရယ်"

သူက ကျွန်ုပ်အား မြှောက်၍ပြောမှန်း ကျွန်ုပ်သိပါ၏၊

"ကဲ - ဆက်ပါဦး - ကြက်ပါရဂူကြီးရယ်"

"ဟော - ကိုစိုးက မြှောက်နေပြန်ပြီ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အမြင်ကို ပြောတာပါ၊ ပြီးတော့ - ရိုးကျူးတာလည်းပါတာပေါ့၊ ကျွန်တော့်အမြင်ပြောရရင် တောကြက်ထောင်တယ်ဆိုတာ ရိုးရာအလုပ်တစ်ခု၊ ရိုးရာပညာရပ်တစ်ခုပါ၊ ရိုးရာနည်းစနစ်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်၊ ပြီးတော့ - ကြက်တည်ရင် တောကြက် အဖ သားအမိများတာမို့ တောကြက်မျိုး ပြုန်းသွားမျိုးလည်း မဖြစ်နိုင်ဘူးလေ၊ အချို့က အကုသိုလ်အလုပ်လို့ထင်ရင်ထင်ကြမယ်၊ ကျွန်တော်တော့ဒီလိုမထင်ဘူး၊ အနုပညာဆန်တဲ့အလုပ်တစ်ခုလို့ ထင်တယ်၊ ဘာ့ကြောင့်လည်းဆိုရင် ခင်ဗျား အခု ကျွန်တော်နဲ့ တစ်စိတ်တစ်ဒေသ ပြောနေတာလေးကိုက အနုပညာ ဆန်နေပြီလေ ..."

"ဟုတ်ပါ့ဗျာ၊ ဒီရေငန်းမြစ်တူးပြီးတဲ့အခါ ရေစိမ်ထားရတယ်။ အဲ့ - ညှတ်လုပ်မည့်သူက "ဓားမောက်သေးသေးနဲ့ ရေငန်းမြစ်ကို ခဲတံနဲ့ခဲဆန်လောက်အရွယ်ရောက်အောင်နဲ့ ရေငန်းမြစ်အပြင်ကြောပါအောင် သပ်ရတယ်၊ ရပြီဆိုတော့ တစ်ဖက်က စိုက်မည့်ဝါးငုတ်ဘက်မှာချည်၊ နောက်တစ်ဖက်ကို ကြိုးနဲ့ ရောကျစ်ပြီး ကွင်းလျှောလုပ်ပြီး ညှတ်စိုက်ရတာ"

"ညှတ်မထောင်တဲ့အခါမှာ ဘယ်လိုထိန်းသိမ်းထားလဲ"

"ညှတ်မထောင်ရင် ရေငန်းမြစ် ကြိုးမာမသွားဘဲ အမြဲပျော့နေအောင် ဆီလေးသုတ်ပြီး သိမ်းရတာတယ်၊ ဝါးနဲ့လုပ်တဲ့ညှတ်လည်း အဲဒီအတိုင်းပဲ"

"ဟုတ်ပါပြီ၊ ညှတ်အဖုံတွေများတော့ သွားထောင်တဲ့အခါ ပြန်သိမ်းတဲ့အခါ မရှုပ်ကုန်ဘူးလား၊ မရှုပ်အောင် ဘယ်လိုထိန်းသိမ်းသလဲ"

"ဒါလည်းနည်းရှိတယ်၊ ကြက်ထောင်ပြီးလို့ကြက်နောက်ပါပြီး ရှုပ်သွားရင် အစတစ်စ (တစ်ဖက်စ)ကို ရှာပြီး ရှင်းရတယ်၊ ရှင်းပြီးရင် ယာလက်နဲ့ တစ်ကွင်းချင်းယူ၊ ဝဲလက်နဲ့ထိန်း၊ ကွင်းလျှောပြန်ဆင်ပြီး ဝဲလက်က တစ်ကွင်းချင်းရှင်း၊ အဲ - ညှတ် ၄၊ ၅ ဖုံလည်းစုံရော၊ ပ.တောက်ပုံ (ပ)ပုံ နှစ်ထပ်ရှိတဲ့ (မွ) တစ်ဖက်ပိတ် သစ်သားကွင်းထဲကို တစ်ဖုံစီ သွင်းပြီး သိမ်းရတယ်၊ အဲ့ဒီ (ပ) တောက်နှစ်ထပ်ပုံလေးကိုလည်း ကြက်ဖပုံကလေးနဲ့ အနုပညာဆန်ဆန် ပန်းပု ရုပ်ထု လုပ်ထွေးတတ်ကြတယ်၊ ဒီမှာကြည့်"

www.burmeseclassic.com

ဟုဆိုကာ ကြက်ဖရုပ်ပုံဖော်ထားသည့် ညှတ်စွပ်သည့် အရုပ်မလေးကို ပြလေရာ လှပသည့် အရုပ်ကလေးကို တွေ့ရလေ၏။

"ဒါ့ထက် - ဦးခင်မောင်ရင် - ကျွန်တော်တို့တော့ တောသွားရင် တောကြက်ကို ဟင်းစားပစ်ကြရာမှာ ကြက် (၃) မျိုးလောက်ပဲ တွေ့ဖူးတယ်၊ ဥပမာ လည်ဆံအဝါများလျှင် ကြက်ဝါ၊ အနီဘက်များလျှင် ကြက်နီ၊ အနီတနေ အနီမှောင်မှောင်ဘက်များရင် ကြက်နီရိုတ်လို့ ခွဲကြတယ်၊ ခင်ဗျားတို့ ကရင်ပြည်နယ်ဘက်မှာကော ဘယ်နမျိုးရှိလဲ"

"ကျွန်တော်တို့ဆီမှာတော့ တစ်ခါတစ်ရံ အဲဒီအမျိုးတွေအပြင် ပြောက်ပြောက်ကျားတွေ တွေ့ရတတ်တယ်"

"အဲ့ဒါတော့ ကြက်စစ်စစ် ဟုတ်ရဲ့လား"

"ဒီလိုဗျ - ကျွန်တော်တို့ ကရင်ပြည်နယ်မှာ ရိုးရာဓလေ့တွေ ရှိကြတယ်၊ အိမ်မှာ နေမကောင်းတဲ့သူရှိရင် ယကြာချေတဲ့အနေနဲ့ သချိုင်းကုန်းတွေထဲမှာ ကြက်လွှတ်တတ်ကြတယ်၊ အဲဒီကြက်တွေ ပေါင်းဖက်မိပြီး မျိုးပွားလာတော့ တာပေါ့၊ အဲ့ဒီမှာတင် အိမ်ကြက်အသွေးအမွေးပါတဲ့ ပြောက်တို့၊ ပြောက်ကျားတို့ တွေ့ရတတ်တာ၊ ဒါပေမဲ့ - ရှားတော့ ရှားပါတယ်"

"ထမင်းစားလို့ရပြီ - အဘရေ"

တပ်ကြပ်ကြီး အောင်သန်းညွန့်က ဘန်ကလိုပေါ်မှ လှမ်းအော်လိုက်သံ ကြားရပြီးနောက် အဘက -

"ကြက်ပါရဂူနဲ့ လက်ပါရဂူ (စာရေးဆရာကို ဆိုလိုသည်) တို့ရေ - ထမင်းစားကြရအောင် - လေဖြတ်တော့ဗျို့"



"အောက် - အီ - အီး - အွတ်"

တောကြက်ဖတစ်ကောင်က စခန်းအနောက်ဘက်ချောင်းစပ် ဝါးတောဆီမှ စတင်တွန်လိုက်ပြီးနောက် တစ်အောင့်မျှအကြာ -

"အောက် - အီ - အီး - အွတ်"

"အောက် - အီ - အီး - အွတ်"

"အောက် - အီ - အီး - အွတ်"

စခန်းပတ်လည်တောများ အတွင်းမှလည်းကောင်း၊ ချောင်းကမ်းတစ်ဖက် ဝါးကောက်နှင့် သစ်ကျင်း ရောယှက်ပေါက်ရောက်နေရာ တောတွင်းမှလည်းကောင်း လင်းကြက်များက အသီးသီး တွန်ကြသည်။

ဟော - တောကြက်တွေ တွန်နေပြီကော။

ဦးခင်မောင်ရင်က အိပ်ရာအတွင်းမှပင် တွန်သံများကို နားထောင်၍ အရပ်မျက်နှာအလိုက် စိတ်တွင်းမှ လိုက်လျောရေတွက်ကြည့်နေရာ စုစုပေါင်း (၈) ကောင်မျှဖြစ်သည်။

မိုးလင်းလျှင်လင်းချင်း ဘယ်အကောင်ကို တည့်ရလျှင် ကောင်းမည်လည်း စဉ်းစားရင်း အလင်းရောင်ကတဖြည်းဖြည်းရလာသဖြင့် စောင်ကိုခွာ၍ ထလိုက်သည်။

ဆရာကြီး အောင်သန်းညွန့်က အဘထလာလျှင် မျက်နှာသစ်နိုင်ရန် စခန်းရှေ့ မီးဖိုတွင် ရေနွေးကြိုရင်း မီးလှုံလျက် ရှိ၏၊ နှင်းများက ဝေနေသည် သာမက ချုံနွယ်ပိတ်ပေါင်းနှင့် မြက်ကွင်းများတွင် နှင်းရည်တို့ ပက်ဖြန်းစိုရွှဲနေပြန်သည်။

ဦးခင်မောင်ရင် နိုးနေသည်ကိုသိသော အဘက -

"ဦးခင်မောင်ရင် - ကြက်သွားမတည်နဲ့ဦးနော်၊ မိုးလင်းလာပေမယ့် တောထဲမှာ မှောင်တုန်းရှိသေးတယ်၊ တောကြက်က အောက်ခြေလင်းမှ အိပ်တန်းဆင်းတာ၊ စောစောစီးစီးဘာမမြင်ရ ညာမမြင်ရနဲ့ အန္တရာယ်ရှိတယ်၊ ဒီတောကြီးက ဘားအံတောလိုမဟုတ်ဘူး၊ သားကောင်စုံ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - အဘ၊ လင်းမှ သွားမှာပါ"

"အောင်သန်းညွှန့်ရေ - ကိုစိုး ပြန်လာပြီလား"

အဘက မေးပြန်၏။

"မရောက်သေးဘူး - အဘ"

"ဒီလူ - ည(၁၀) နာရီလောက်ကတည်းကသွားတာ ခုထိပြန်မလာသေးဘူး၊ သူ့မို့ မရျမ်းမစီး"

အဘက ပြောပြီး အိပ်ရာတွင်းမှာပင် ငြိမ်သွားပြန်သည်။

ဦးခင်မောင်ရင်မှာ မျက်နှာသစ်ပြီး တည်ကြက်ကိုပိုက်၊ ညှတ်တွဲကိုကိုင်ကာ စခန်းအနောက်ဘက်သို့ထွက်ရန် ပြင်နေသည်။

"ဦး - ကျွန်တော် လိုက်ခဲ့ရမလား"

ထွန်းလွင်က မေး၏။

"မလိုက်ပါနဲ့ကွာ၊ ငါ - ဒီစခန်းအနောက် တင်းဝါးတောတင်ပါ၊ စခန်းနဲ့ နီးနီးကလေးရယ်"

ဦးခင်မောင်ရင်က ပြောပြောဆိုဆို တစ်ဦးတည်း ထွက်ခဲ့လေသည်။

"အောက် - အီ - အီး - အွတ်"

ကြက်တွန်သံကြားသဖြင့် ကျွန်ုပ်က ကိုလူကွဲချောင်းအတွင်း လျှောက်လာရင်းမှ နားစွင့်လိုက်သည်။ အိပ်တန်းမဆင်းမီ တွန်နေသော တောကြက်ဖ တစ်ကောင်၏ တွန်သံ၊ လက်မှနာရီကိုကြည့်လိုက်ရာ (၆) နာရီ၊ (၄၀) မိနစ်။ အလင်းအားလည်း ကောင်းလာ၍ တောကြက်များ အိပ်တန်းဆင်းတော့မည်။

ကျွန်ုပ်၊ ကျော်ဝင်းတို့ ဆရာတပည့်နှစ်ယောက်တို့မှာ ညကတည်းက ကိုလူကွဲချောင်းရိုးအတွင်း စွာရေစိမ်မည့်ဆတ်ကို ပစ်နိုင်ရန် မီးထိုးထွက်လာခြင်းဖြစ်၏။ သို့သော် မည်သည့်ဆတ်ကိုမျှ မတွေ့၊ ရေခဲတမျှအေးသော ချောင်းရိုးအတွင်း ရေတောတွင် လျှောက်ခဲ့ကြ၍ ဒူးအောက်ပိုင်းမှာ ရေများ



စိုခဲ့ရသည်။ တော်သေး၏၊ ကိုလူကွဲချောင်းအထက်ပိုင်း ထွန်းရီတို့၏ ဆင်စခန်းသို့မရောက်မီ ဂျီ(ချေ) တစ်ကောင်နှင့် ဖြူတစ်ကောင်ကို ကျွန်ုပ်၏ Spring Field နှစ်လုံးပြူးဖြင့် ပစ်၍ရခဲ့သဖြင့် ထွန်းရီတို့ ဆင်တဲသို့ ရောက်သောအခါ ချောင်းရိုးဆက်မလျှောက်တော့ဘဲ အဝတ်များ မီးကင်၊ လူကို မီးလှုံ၍ နွေးလာသောအခါ မီးဖိုနားတွင် အိပ်ခဲ့ရသည်။

ထွန်းရီတို့ ဆင်တဲအဖွဲ့အားလည်း ညတွင်းချင်းပင် ပစ်ထားသည့် ဂျီ(ချေ)ကို သွားထမ်းနိုင်းကာ ဝမ်းကိုဖောက်၍ ဝမ်းတွင်းသားများပေးပြီး ချက်နိုင်းရ၏။ ဝမ်းတွင်းသား မကျက်မီပင် ကျွန်ုပ်မှာ အိပ်ပျော်သွားရာ သူတို့က နိုး၍ကျွေးသော်လည်း မစားခဲ့တော့၊ ယခု နံနက်လင်းသည်နှင့် အဘ စိတ်ပူမည်စိုး၍ အမြန်ပြန်လာခဲ့သည်။ ဂျီ(ချေ)နှင့် ဖြူကိုတော့ နောက်က လိုက်၍ပို့ရန် ထွန်းရီတို့အား မှာခဲ့ရသည်။

"အောက် - အီ - အီး - အွတ်"

ကြက်တွန်သံ နားထောင်ရခြင်းအားဖြင့် ကြက်မှာ နှစ်ကောင်ဖြစ်ကာ တစ်ကောင်က ကြိုပြင်၊ ပျဉ်းမပင်နှင့် နွယ်ပင်များ ရှပ်ယှက်နေရာ ချောင်း၏ လက်ဝဲလက် ကိုက်(၅၀) ခန့်မှဟု ခန့်မှန်းရ၏။

နောက်တစ်ကောင်၏အသံမှာ (၇၅) ကိုက်ခန့်ဝေးရာ ဝါးတောအတွင်းမြေပြင်မှ ဖြစ်၏။ ထိုအကောင်မှာ အိပ်တန်းဆင်းစဖြစ်မည်။ နှစ်ကောင်စလုံး ချောင်း၏ ဝဲဘက်မှချည်းသာ ဖြစ်၏။

"ကျော်ဝင်း - မင်းချောင်းထဲမှာ ခဏစောင့်၊ အဘစားဖို့ ငါ ကြက်ဝင်ပစ်လိုက်ဦးမယ်"

ကျွန်ုပ်က သူ့အဖြေကို မစောင့်တော့ဘဲ နှစ်လုံးပြူးအား ခါးရိုးကား ယာပြောင်းတွင် စရိတ်ကျည်တစ်တောင့်၊ ဝဲပြောင်းတွင် SG တစ်တောင့်ထည့် တာခါးစေ့သောပိတ်ကာအဆင်သင့်ကိုင်ရင်းချောက်ကမ်းပါးယံကိုတက်ကာ တောတိုးဝင်ရောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

"အောက် - အီ - အီး - အွတ်"

ကျွန်ုပ်နှင့်နီး၍ ချုံရှုပ်ရာ ကြို့ပင်ကြီးတစ်ပင်ပေါ်မှ တောကြက်ဖက တွန်လိုက်သည်။

"အောက် - အီ - အီး - အွတ်"

ကျွန်ုပ် ကြို့ပင်သို့ ချဉ်းကပ်လာစဉ်အတွင်း ဝါးတောချုံများကြားမှ တောကြက်ဖနှစ်ကောင်က တစ်ကောင်နှင့်တစ်ကောင် (၁၀)ကိုက်မျှအကွာမှပင် တွန်နေကြပြန်၏။

ဘယ်လိုဖြစ်တာပါလိမ့်။ တစ်တောတည်းတွင် ကြက်ဖ (၃)ကောင်။ ဒါမျိုးက သဘာဝမဟုတ်။ ဦးခင်မောင်ရင်များ ကြက်လာတည်နေသည်လား။ သူ့ကြက်တည်သည်ဆိုလျှင် မြေပြင်မှတွန်နေသည့်နှစ်ကောင်မှာ တစ်ကောင်က တည်ကြက်၊ တစ်ကောင်က တောကြက် ဖြစ်ရမည်။ သို့ဆိုလျှင် ကျွန်ုပ်က အပင်ပေါ်မှ တွန်နေသည့် တောကြက်ကိုပစ်သင့်ပါမည်လား။ ထိုသို့ပစ်လိုက်ပါက သူ့တည်ကြက်ကော၊ လာနေသည့် တောကြက်ပါ လန့်သွားမည်။ သူမှာ ကျွန်ုပ်တို့၏ ဖိတ်ကြားချက်အရ ဘားအံမှပင် ရန်ကုန်၊ ရန်ကုန်မှ ဒိုက်ဦး။ ထိုမှ ပဲခူးရိုးမ၊ ခရီးဝေးကို ကျွန်ုပ်တို့ အားကိုးလာသော ဧည့်သည်။ ကျွန်ုပ်က ကြို့ပင်ကြီးပေါ်မှ တွန်နေသည့်ကြက်ကို မရာတော့ဘဲ မြေပြင်မှ ကြက်များကို ချောင်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဦးခင်မောင်ရင်က ဝါးတောမြေပြောင်ရာ ကုန်းစောင်းတွင် ညှတ်ငါးဖုံကို ဝိုင်း၍စိုက်လိုက်ကာ သူ့ပုန်းရန် နေရာကို မျက်လုံးကစား၍ ရှာလိုက်သည်။ ကြို့ပင်ကြီးနှင့် မနီးမဝေးတွင် ဝါးပင်ပေါက်များ အုံထနေရာကို တွေ့သည်။ ဝါးပင်ပေါက်များဖြစ်၍ အရွက်များစိတ်ကာ ချုံကဲ့သို့ဖြစ်နေသဖြင့် ထိုနေရာသို့သွားကာ ကုန်း၍ချောင်းကြည့်နေလျှင် ကြက်က လူကို မမြင်နိုင်။



သူက ထိုနေရာသို့သွားရန် ဆုံးဖြတ်လိုက်ကာ ညှတ်အလယ်တွင် ငုတ်စိုက်၍ သူ့၏ တည်ကြက်ဖအား ချည်ပြီးနောက် ကြက်ဖအား အုပ်ထားသည့် အဝတ်ကိုဖယ်လိုက်ကာ ဝါးပေါက်တောသို့ အသာရှောင်၍ လာခဲ့ပြီး ဝါးပေါက်တောထဲသို့ဝင်ကာ ထိုင်ပြီးနောက် ကိုယ်ကိုကိုင်းကိုင်း ယို့ယို့ထားကာ သူ့တည်ကြက်ကို စောင့်ကြည့်နေသည်။

တစ်မိနစ်ခန့်အတွင်းမှာပင် တည်ကြက်က တောင်ပံရိုက်ကာ တွန်လိုက်သည်။

"ဖန်း - ဖန်း - ဖန်း"

"အောက် - အီ - အီး - အွတ်"

"အောက် - အီ - အီး - အွတ်"



ကျွန်ုပ် အသေအချာကြည့်ပြန်ရာ ထိုနွယ်တန်းဟု ထင်ရသောအရာမှာ နွယ်တန်းအစစ်မဟုတ်။ မြူညစ်ညစ်ဝါတာတာနှင့် အနက်ရောင်တို့ တစ်လှက်မခန့်စီ အကွင်းလိုက်ရှိနေသောအရာ။ ထိုအရာကို အစမှအဆုံးလိုက်၍ ကြည့်ပြန်ရာ သစ်ရွက်များကြားမှ တံတောင်ကျော်ကျော်မျှရှိသော ကြိုးကဲ့သို့အရာ။ သေချာသည် မြွေတစ် ကောင်။ မြွေဆိုလျှင် ငန်းတော်ကျားသာ ဖြစ်ရမည်။

www.burmeseclassic.com

နစ်ခွန်းမျှသာ တွန်ရသေးသည်။

"အောက် - အီး - အီး - အွတ်"

တောကြက်တစ်ကောင်က ကုန်းတွင်းဝါးတောကိုက် (၅၀)ခန့်မှ ခံ၍ တွန်လိုက်ပြီးနောက် တချောက်ချောက် ပြေးလာသံ ကြားရ၏။ ကုန်းတစ်ဖက်ကိုအရောက်တွင် အသံများ ရပ်သွားကာ -

"အောက် - အီး - အီး - အွတ်" ဟုတောကြက်က တွန်သံပေးပြန်ရာတည် ကြက်ကလည်း ချက်ချင်းပင် "အောက် - အီး - အီး - အွတ်" ဟု တွန်လိုက်ပြန်သည်။

ဦးခင်မောင်ရင်၏ ရင်ထဲတွင် ဗိုးကျိုင်းတုတ် ဖြစ်လျက်ရှိ၏။ သေချာပါသည်၊ ဒီကြက်ညွတ်ကို တိုးကို တိုးပေမည်။

သူ၏အာရုံက ကြက်ဆီမှာသာ ရှိနေ၏။ တခြား ဘာကိုမျှ သတိမရ၊ ဘေးဘီကိုလည်း မကြည့်မိ၊ ကြည့်ရန် အာရုံလည်း မရှိ၊ ကြက် ဘယ်တော့ ညွတ်တိုးမည်ဆိုသည်ကိုသာ။

ကျွန်ုပ်က ဖူဦးမပင်ကြီးတစ်ပင်ခြေရင်းသို့ ပြေးကပ်လိုက်ကာ မြေပြင်တွင် တွန်နေသော ကြက်နှစ်ကောင်ကိုမြင်ရန် ကြိုးစားကြည့်လိုက်သည်။ ကျွန်ုပ်ရှေ့တွင် ကိုးကန်းမန္တယ်များတက်နေရာ ချုံတစ်ချုံက ခံ၍နေသဖြင့် ကြက်တွန်ရာကို မမြင်ရနိုင်၊ ဦးခင်မောင်ရင် ကြက်တည်နေပါကလည်း သူ ချုံတစ်ခုခုတွင် ဝင်ပုန်းနေမည်။

ကျွန်ုပ်က ကိုးကန်းမန္တယ်များတက်နေရာ ဆောက်ချုံကို အသေအချာ ကြည့်ရာ ချုံအတွင်းမှ ထစ်စုံတစ်ရာ လှုပ်ရှားနေသည်ဟု ထင်မိသည်။ ဦးခင်မောင်ရင်များလား။ ကျွန်ုပ်နှင့် (၁၅)ပေမျှသာ ကွာမည်။ သို့သော် ဆောက်ချုံက သိပ်သည်းနေသည်သာမက ပြာသိုလသာ ရှိသေး၍ ရွက်မကြွေ၊ တောမကျဲဖြစ်နေရကား ချုံမှာ ရှုပ်လှသည်။

ကျွန်ုပ်က မုဆိုးမျက်စိဖြင့် ကောက်ကြောင်းခံ၍ကြည့်မိရာ မဖျော်လင့်သော နွယ်တန်းကို မြေတွင် တွေ့ရ၏။ ကျွန်ုပ် အသေအချာ ကြည့်ပြန်ရာ ထိုနွယ်တန်းဟု ထင်ရသောအရာမှာ နွယ်တန်းအစစ် မဟုတ်၊ ဖြူညစ်ညစ်ဝါတာတာနှင့် အနက်ရောင်တို့ တစ်လက်မခန့်စီ အကွင်းလိုက်ရှိနေသော အရာ၊ ထိုအရာကို အစမှအဆုံးလိုက်၍ ကြည့်ပြန်ရာ သစ်ရွက်များကြားမှ တံတောင်ကျော်ကျော်မျှရှိသော ကြိုးကဲ့သို့အရာ၊ သေချာသည် မြွေတစ်ကောင်၊ မြွေဆိုလျှင် ငန်းတော်ကျားသာ ဖြစ်ရမည်၊ လုံးပတ်မှာ အမျိုးသမီး လက်ကောက်ဝတ်ခန့် (သို့) ဓာတ်ခဲလုံးခန့်ဟု ထင်ရသည်။

ကျွန်ုပ် အသေအချာ ကြည့်နေစဉ်မှာပင် ထိုအရာက ယိမ်းနွဲ့လာကာ ဘယ်ညာလှုပ်၍သွားသည်သာမက အထက်အောက်ပါ လှုပ်၍နေပြန်သည်၊ သို့ဆိုလျှင် မြွေမဖြစ်နိုင်ပြန်၊ ဒါဆိုလျှင် ဘာကောင်လဲ၊ အန္တရာယ်ရှိသည့် အကောင်တစ်ကောင် ဖြစ်ပေမည်။

ထို့ကြောင့် ကျွန်ုပ်က သေနတ်ကို ထိုးချိန်လိုက်ကာ ချက်ချင်းဆုံးဖြတ်ရသည်၊ ဒီအကောင် ဘာကောင်လဲ၊ ကျားလော၊ ကျားသစ်လော မဟုတ်နိုင်ပြန်။

ထိုအချိန်တွင် ချုံတွင်းပိုင်းမှ ခပ်ကုန်းကုန်းအရာက အထက်အောက် လှုပ်ရှားနေ၍ ကြည့်လိုက်ရာ သားကောင်တစ်ကောင်၏ စောင်းမွေးများ၊ ကျွန်ုပ်သိပြီ၊ ကြက် (သို့) လူကို ချောင်းနေသော ကြောင်မြင်းကြီးတစ်ကောင်၊

ကြောင်မြင်းများမှာ (၆)ပိဿာ၊ (၇)ပိဿာခန့်ရှိတတ်၍ကြက်၊ ချေ(ဂျီ) တို့မှာ သူ့အစားအရပ်က တစ်ပေခွဲ၊ နှစ်ပေခန့် ရှိတတ်ပါကာ ခွေးကြီးကြီးတစ်ကောင်လောက် ကြီး၏၊ ဦးခေါင်း၊ နှုတ်သီးချွန်၍ အစွယ်မှာ ခွေးစွယ်ထက်

www.burmeseclassic.com

ပိုရှည်သည်၊ တစ်ခါတစ်ရံလူကိုပင် အန္တရာယ်ပေးတတ်သည်၊ တောဝက်ကဲ့သို့ စောင်းမွေးကြီးများထတော ဒေါသကြီးသည်၊ အမြီးတွင် အကွင်းလိုက်ဖြူဝါနှင့် အနက်ကျားရှိ၍ နံဘေးတွင် အစင်းများ ရှိလေသည်၊

ကျွန်ုပ်က သူ၏ ခန္ဓာကိုယ်ရှေ့ပိုင်းသို့ သေနတ်ပြောင်းကိုတည်ကာ ပစ်ခလုတ်ကို ဆွဲရန် ပြင်လိုက်ပြန်သည်၊ သို့သော် မဆွဲဖြစ်၊ ဦးခင်မောင်ရင် ဘယ်မှာလဲ၊ ကျွန်ုပ် မမြင်ရ၊ ကျွန်ုပ် သေနတ်ဦးတည်ရာမှာလား၊ သို့ဆိုလျှင် ကြောင်မြင်းကော ပုန်းနေသည့် ဦးခင်မောင်ရင်ကိုပါ သေနတ်ထိမှန်နိုင်၏၊ Accident မတော်တဆမှု ဖြစ်နိုင်၏၊ စခန်းနှင့်လည်း မဝေးကွာတော့ သတိထားရပေမည်၊

— ❦ —

"အောက် - အီ - အီး - အွတ်"

"ချောက် - ချောက် - ချောက်"

"ဖြော - ဖျော - ဘရော"

"ဟော - မိပြီကွ၊ ဘာတတ်နိုင်သေးလဲ"

"ဒိုင်း"

"အမယ်လေးဗျ"

အသံများ ဆက်တိုက်ထွက်သွားပြီး ငြိမ်သက်သွားသောအခါ -

"ဆရာရေ - ဆရာစိုး - လူပစ်မိပြီလား"

"မင်းအဘ - လူပစ်မိရမှာလားကွ"

"ကိုစိုးလား"

"ဟုတ်တယ် - ဦးခင်မောင်ရင်"



"အမယ်လေး - လန့်လိုက်တာဗျာ၊ ကျုပ်ကို သေနတ်နဲ့ပစ်တယ် အောက်မေ့လို့"

"ဘယ်ဟုတ်ရမှာလဲ၊ ဒီမှာ - လာကြည့်၊ ခင်ဗျားနဲ့ ကြက်ကို ချောင်းနေတဲ့အကောင်ကို ပစ်တာ"

ဦးခင်မောင်ရင်နှင့် ကျော်ဝင်း ရောက်လာ၍ ခြုံတွင်းပြလိုက်ရာ (၇) ပိဿာခန့်ရှိမည့် ကြောင်မြင်း ကျားကျားကြီးမှာ အသက်ပျောက်လျက် ရှိပေပြီ၊

"ကျော်ဝင်းရေ - ဒီကြောင်မြင်းကြီး ခြေလက်တွေကို နွယ်နဲ့တုပ်ကွာ၊ ပြီးတော့ - မင်းထမ်းလာခဲ့၊ ဦးခင်မောင်ရင် - ခင်ဗျား တည်ကြက်နဲ့ရတဲ့ တောကြက်၊ ညွှတ်တွေ သိမ်းပြန်ကြရအောင်"

— ❦ —

စခန်းရောက်သောအခါ အဘနှင့် စခန်းရှိသူများအားလုံး အဖြစ်အပျက်များကို အသေးစိတ် ပြောပြရ၏၊

ကျွန်ုပ်က ကြောင်မြင်းကြီးကို ချိန်ထားသော်လည်း ဦးခင်မောင်ရင်ကိုလည်းကောင်း၊ တည်ကြက်ကိုလည်းကောင်း မမြင်ရ၍ ရမ်းမပစ်ရဲသေးပုံ၊ ထိုစဉ် ကြက်က တွန်လိုက်သံနှင့် ပြေးလာသံ၊ ညွှတ်တိုးသံ ကြားရပုံ၊ တောကြက်မိသဖြင့် ဦးခင်မောင်ရင်က ဝမ်းသာအားရ အော်လိုက်တော့မှ ဦးခင်မောင်ရင် ကျွန်ုပ်၏ လက်ယာဘက်စောင်းစောင်းတွင် ရှိနေမှန်းသိရသဖြင့် လက်ဝဲဘက်စောင်းစောင်းတွင်ရှိနေသော ကြောင်မြင်းကြီးကို ပစ်လိုက်ရပုံ၊ သေနတ်သံကြားသောကြောင့် ဦးခင်မောင်ရင် လန့်အော်ပုံ၊ ကျော်ဝင်းက လူပစ်မိပြီးထင်၍ လှမ်းမေးပုံတို့ကို ပြောပြလိုက်ရာ အဘက -

www.burmeseclassic.com

"တော်သေးတာပေါ့ဗျာ၊ နို့မို့ - ဒီလူကြီးကို ခေါ်လာပြီး ကျုပ်တို့က လုပ်ကြံတယ်လို့ သူ့အဘွားကြီးက ထင်နေဦးမှာ၊ အင်း - ကျားက အရင်လို မပေါ်ဘဲ ရှားသွားလို့ပေါ့၊ ဒါတောင် - ကြောင်မြင်း အကိုက်ခံရရင် မချောင်ဘူး"

ဟု မှတ်ချက်ပြုလိုက်ပါတော့သတည်း၊

(အလွန်ကြက်တည်ဝါသနာပါလှသော ဘားအံကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ရင်သို့ အမှတ်တရဖြင့် ...)

→ ကျော်စိုးဦးလ်


## စာမူများ

## ပေးပို့လိုပါက

**အယ်ဒီတာအဖွဲ့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

အမှတ် (၅၀၈/၅၁၂)၊ (၂/ရ)၊ ပထမထပ်

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊


# အားခဲ
# စေးမဆို ဘူ့ပါ
## စိုး ပ ထွန်း



www.burmeseclassic.com

ဒါ့ကြောင့်
ဘဝတွင် ကြီးမားသောပြောင်းလဲမှု
ဖြစ်တတ်ပုံကို ဖတ်ရှုရမည့်..

**သည့်ဌာန**သည် တာဝန်ဖြင့် ကျွန်ုပ် အလုပ်လုပ်ဖြစ်ရခြင်းအတွက် အကောင်းတစ်ပိုင်းနှင့် သတိသံဝေဂရစရာများပါခံစားရသည်။ ငယ်စဉ်က ညအချိန်တွင် သူငယ်ချင်းအပေါင်းအသင်းများနှင့် တွေ့ဆုံကြပြီး အိပ်ချိန်လွန်မှ အိမ်ကို ပြန်ရောက်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ဆောင့်ကြောင့်ထိုင်၍ပေါက်ဆိန်ပေါက်၊ ဦးသုံးကြိမ်ချပြီး အိပ်ရာပေါ်ပစ်လှဲတတ်သည့်ကျွန်ုပ်မှာ ယခုတော့ နံနက်ကို စောစောထ၍ မျက်နှာသစ်၊ ကိုယ်လက်သန့်ရှင်းပြီး ဘုရားကျောင်းဆောင်ရှေ့တွင် ဖိပြားသေဝပ်စွာထိုင်ပြီး ဘုရားရှင်၏ ရုပ်ပွားဆင်းတုတော်ကို ဂုဏ်တော်တင်၍ ရေချမ်းကပ်လှူခြင်းနှင့် ကြည်ညိုသဒ္ဓါစိတ်ဖြင့် ရှိခိုးဖူးမြော်တတ်နေပြီဖြစ်သည်။ အဖေနှင့်အမေ့ကိုလည်း အလုပ်သွား၊ အလုပ်ပြန်တိုင်း ရှိခိုးကန်တော့တတ်နေပြီဖြစ်သည်။

ထိုသို့ ရှိခိုးကန်တော့စဉ် အမေ၏ပီတိမျက်နှာ၊ အမေ၏ မေတ္တာကရုဏာရောင်များ ပြည့်ရွှန်းနေသည့် မျက်လုံးအကြည့်များသည် ကျွန်ုပ်အတွက် နတ်သုဒ္ဓါကဲ့သို့ အရသာချိုမြိန်ပြီး အန္တရာယ်ကင်းဂါထာသဖွယ် ဖြစ်ခဲ့ရပါသည်။ ကျွန်ုပ် တာဝန်ထမ်းဆောင်နေသော အင်းစိန်အကျဉ်းထောင်ဆိုသည်မှာ မိနီမတ်ကာတ်၊ ပျော်ပွဲစားရုံ၊ ရိပ်သာတစ်ခုမဟုတ်တဲ့နေရာမျိုးပါ၊ နေ့စဉ်နှင့်အမျှ စိတ်ဖိစီးမှုခံနေရသည့် သောကရိပ်မြုံပါ။ နေမထူးများ၊ ဈေးကျရာ ပျော်တတ်သူများ၊ မီးပုံကို ရွှေတောင်မှတ်သူများကိုတော့ ကျွန်ုပ်၏အတွေးထဲကိုမထည့်ပါ။ ကံကြမ္မာရိုင်းကိုတိုးမိကြသူများနှင့်မလွဲမကင်းသာ၍ ဖြစ်လာကြသော အကျဉ်းထောင် ရောက်ကြသူများကိုဖြင့် ကျွန်ုပ်က ဖေးမကူညီမှုပြုသည်။ အဖြစ်ဒဏ်ကျသူ ချင်းတူဖေမယ့် မိုက်တွင်းကို ခပ်နက်နက်တူး၍ ဆင်းသူနှင့် ခြေချော်လက် ချော်ကျရသူဟုလည်း ခွဲခြားသိမြင်သည်။ ဝန်ထမ်းဘဝဖြစ်ခြင်းအတွက်လည်း မျှ၍တော့ ကြည့်ပါသည်။

ကျွန်ုပ် တာဝန်ကျသော အဆောင်ရုံးခန်း သန့်ရှင်းရေးနှင့် ဝေယျာဝစ္စအလုပ်များကို လုပ်ကိုင်ပေးနေသော အေးချိုဆိုသူ အကျဉ်းသားမှာ စကားနည်းသူ၊ လူအေးတစ်ယောက်ဖြစ်သည်။ ရိုးသားသော အသွင်နှင့် အေးအေးလူလူနေတတ်ခြင်းကြောင့်အမြင်အတွေ့တစ်လနီးပါး ထိကိုစကားများများမပြောမိပါ။ ကျွန်ုပ်နှင့် အသက်ချင်း မကွာလှပါ။

"ကိုအေးချို - ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော့်အသက် နှစ်ဆယ့်ရှစ်နှစ်ပါ - ဗိုလ်ကြီး"

"အင်း - ခင်ဗျားနဲ့ ကျွန်တော် နှစ်နှစ်ပဲ ကွာတယ်။ ကျွန်တော်က သုံးဆယ်ပြည့်ပြီ။ မိဘတွေရော ရှိသေးလား။ ဘယ်မှာနေတာလဲ"

"တွံ့တေးဘက်ကပါ။ မိဘတွေ ရှိပါသေးတယ်"

"တွံ့တေးဘက်ကကိုး ...။ သီချင်းတော့ ဆိုတတ်မှာပေါ့၊ တွံ့တေးသိန်းတန်ရဲ့ရွာနဲ့နီးလား ..."

"ဟုတ်ကဲ့ - နီးပါတယ်။ ရွှေဆံတော်ဘုရားနဲ့လည်း နီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုအေးချိုက ကျွန်ုပ်ထက် နစ်နစ်ပဲ ငယ်ပါတယ်။ ဒါပေမဲ့ - ကျွန်ုပ်က ခင်ဗျား ကျွန်တော်ဟုပင် ပြောပြီး သီချင်းတာကို မေးလိုက်မိသည်။ သီချင်းဆိုတတ်သလားဟု မေးစဉ်က စပ်မှိုင်းမှိုင်းဖြစ်သွားသည့်မျက်နှာကြောင့် အရိပ်အကဲဖမ်းပြီး ကျွန်ုပ်က မေးရာ ကိုအေးချိုက ခပ်လေးလေးနှင့် ပြောပြသည့်အကြောင်းကို ကော်ဖီသောက်ရင်းမှ နားထောင်မိသည်။

"ကျွန်တော့်အဖြစ်ကို ဘယ်သူ့ကိုမှ အစအဆုံး မပြောပြပါဘူး။ အခု ဗိုလ်ကြီးကိုသာ ပထမဆုံး ပြောပြတာပါ"

ကိုအေးချို အပြောကို ခေါင်းညိတ်၍သာ နားထောင်နေလိုက်သည်။

"ကျွန်တော့်အဖေက ဆိုက်ကားနင်းတယ်၊ အမေက ဈေးရောင်းတယ်။ ကျွန်တော်က ကွမ်းခြံမှာလည်း လုပ်တယ်၊ ဆိုက်ကားလည်း နင်းတယ်။ အခုန - ဗိုလ်ကြီးမေးတဲ့ သီချင်းဆိုတတ်သလားဆိုတာ၊ ဟုတ်ကဲ့ - ကျွန်တော်က ရွာနဲ့ အနီးဝန်းကျင်ရွာတွေမှာ အလှူအတန်းနဲ့ မင်္ဂလာဆောင်၊ ကလေးကင်းမွန်းတပ်တွေမှာ မပါရင် မပြီးဘူးလို့ ပြောရမယ့်အဆိုသမားတစ်ယောက်ပါ။ ပါရမီနဲ့ နောက်ခံအားနည်းလို့ နာမည်ကြီးအဆိုတော် မဖြစ်တာပါ ဗိုလ်ကြီး"

"အင်း - တေးဆိုတဲ့ အေးချိုပေါ့"

"အဟင်း - အခု - ဒီမှာ တေးမဆိုသလို၊ နောင်ကိုလည်း ကျွန်တော် တေးမဆိုတော့ပါဘူး - ဗိုလ်ကြီး"

"ဟင် - ဘာဖြစ်လို့လဲ - ကိုအေးချို"

ကျွန်ုပ်က တအံ့တသြ မေးလိုက်မိသည်။ အနုပညာစိတ်ဆိုတာက လူရယ်လို့ဖြစ်လာတာနဲ့ ကပ်ငြိတွယ်မိလိုက်တယ်၊ မွေးကင်းစမှာပဲ အိုးအိုးအင်အင်ဆိုတဲ့ ညည်းချင်းကို အမေ့ရင်ခွင်ထဲမှာကတည်းက ကြားသိရင်းနှီးလိုက်ရတာ၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းဆိုတာကိုလည်း မည်သူမှ မကင်းနိုင်ကြဘူး။ ယခု ကိုအေးချိုက ရွာရဲ့အဆိုတော်တစ်ယောက်က နောင်ကိုလည်း သီချင်းမဆိုတော့ဘူးလို့ ပြောတာဟာ အံ့သြစရာပေါ့၊ ဒီလို အကျဉ်းထောင်ထဲမှာပင် တချို့အားလပ်ချိန်မှာ နှစ်ယောက်စ သုံးယောက်စဝေးပြီး ဆိုကြ



ပြောကြနဲ့ အဖြစ်အပျက်ကို မေ့ပျောက်အောင် ကြိုးစားကြတယ်၊ ထားတော့ လတ်တလောမှာ စိတ်ဆင်းရဲလို့ဆိုရင်တော့ ဟုတ်တ တ်တုတ်၊ အသက်အရွယ်ကြီးရင့်သူဆိုရင်လည်း ကိုယ်တိုင်သီချင်းမဆိုမိ ပေမယ့် သီချင်းသံကို နားတော့ ထောင်မိမှာပါ။

"ဗိုလ်ကြီးက ကျွန်တော် သီချင်းမဆိုတော့ဘူးဆိုလို့ အံ့သြနေတာလား။ ကျွန်တော့်အဖြစ်က ဒီသီချင်း အဆိုကောင်းခဲ့လို့ပါပဲ - ဗိုလ်ကြီး၊ အဖြစ်က ဒီလိုပါ"

ကိုအေးချိုရဲ့အဖြစ်ကတော့ ဒီလိုပါဆိုတာကို ကျွန် ်နားထောင်မိလိုက်သည်မှာ ...။

♪ ♪ 𝄞

သတင်းစကားက ကြားရသူအပေါင်းက မယုံကြ ်။ ယုံနိုင်စရာလည်း မရှိပါ။ ရွာမှာက အမည်နှင့် လိုက်ဖက်အောင် အနေ ေးသလို ပြောဆိုမှု ချိုသာပြီး ရိုးသားသူက အေးချို၊ အလုပ်က ဆိုက်ကားနင်းတဲ့အလုပ်၊ စာဆိုရှိထားတယ်လေ၊ နွားလှည်းနဲ့အနေးယာဉ်ဆိုက်ကား၊ မော်တော်ကားသမား စိတ်ကစားတာ အမျိုးကလွဲရင် မဆိုးမ၊ တစ်ခုလတ်၊ ပျိုအိုမထား၊ ထိကပါး ခိုကပါးနဲ့ အစတွင်တဲ့ (ရန်ကုန်လမ်းမတော်လှမိုက်ခေါင်းဆောင်၏တပည့် ရင်း လုမောင်ကြီး) တယောထိုးရင်းဆိုသည့်သီချင်း၏ ကိုယ်ပိုင်သီချင်းဟု သိခဲ့ရသည်။ ဒါပေမဲ့ - အေးချိုက အဲဒီလိုကိစ္စမျိုးကိုပဲ မဟုတ်၊ ဆေးလိပ်၊ ကွမ်း၊ အရက်နှင့် အပျော်အပါးတွေကိုပါ ကင်းရှင်းသူ၊ ပို၍အံ့စရာကောင်းတာက အလှူပွဲ၊ မင်္ဂလာဆောင်နှင့် ရပ်မှုရွာမှု ပွဲလမ်းသဘင် အခမ်းအနားတွေမှာဆိုရင် မပါမပြီးတဲ့ ရွာရဲ့အဆိုတော်တစ်ယောက် ဖြစ်သည်၊ နိုင်ငံကျော်အဆိုတော်ကြီး တွံ့တေးသိန်းတန်များ ရှိနေ ေးရင် အေးချိုတစ်ယောက် နိုင်ငံကျော် အဆိုတော်ဖြစ်မှာ သေချာသည်။ အေးချိုက တွံ့တေးချင်းရွာသားဖြစ်လို့ပါ။ ယခုတော့ အေးချိုက ဆိုက်ကားသမား၊ ကွမ်းခြံအလုပ်

www.burmeseclassic.com

သမား အဆိုတော်ပဲ ဖြစ်နေသည်။ နောက်တစ်ခုကလည်း အေးချိုက မြန်မာသံသမား၊ သီချင်းဆိုလျှင် အော်ဟစ်ခုန်ပေါက်၍ မပီကလာ ပီကလာနှင့် ဘာမှန်းမသိသော သီချင်းဟု ခေါ်တာမျိုးကို မဆိုတတ်တော့ အဆက်အသွယ် မရခြင်းကြောင့်လည်း ဖြစ်သည်။

"ဟဲ့ - ဟုတ်ပါ့မလား။ အေးချိုက ဒီလောက်နာမည်ကြီးတဲ့ လူမိုက် လူရမ်းကား ပန်းလှကို ဓားနဲ့ ခုတ်တယ်ဆိုတာ ..."

"ဟုတ်ပါ့တော် - ကြားရတာက မယုံနိုင်စရာပါပဲ၊ အနုသက်သေခံဓားနဲ့ အဖမ်းခံလိုက်တာတဲ့ ..."

"ဟင် - ဘယ်မှာမိတာလဲ"

"မိတာ မဟုတ်ဘူးဟဲ့၊ သူကိုယ်တိုင် အဖမ်းခံတာ ..."

ရပ်ရွာထဲမှာ မိန်းမရျင်း လက်တို့တီးတိုးသတင်းများက ပွစိပွစိဖြစ်နေသည်။

တစ်နေ့ -

"ဒီ ပန်းလှဆိုတဲ့ကောင်က မိုလ်ကျပြီး လူပါးဝတာ၊ နေရာတကာပဲ အနိုင်ကျင့်လွန်းအားကြီးတာကို၊ အခုတော့ လူမိုက်လမ်းဆုံးဆိုတဲ့အတိုင်း ပဲလေ ..."

"မဟုတ်သေးဘူး - မလှိုင်ရဲ့၊ မသေဘူးတဲ့"

"အမှန်က သေဖို့ကောင်းတယ်၊ အေးချို - အဖမ်းခံရတာချင်းအတူတူ သင်း သေသွားရင်ကောင်းမှာ ..."

"ဟဲ့ - ဟဲ့ - အေးမော်က ကလေးတွေနဲ့ ဘယ်လိုလုပ်မှာလဲ"

"အို - မမိုးကြည်လည်း သိသားနဲ့၊ ဒီမိအေးမော်က ဘယ်နေရာမှာ ရှင်းလို့လဲ၊ စိုးဝင်းနဲ့လည်း ပန်းလှမူးပြီး လူမှန်းမသိရင်၊ ဟိုတင်မှုဆိုတာ ကရော အတူတူပဲဟာ ..."

"တော်ပါတော့ - မလှိုင်ရယ်၊ အေးချို - အခုဖြစ်တာကို ငြိမ်းမေကရော ဘာလုပ်လဲ - ဘာပြောလဲ"



"ငြိမ်းမေက ဘာလုပ်ရဲမှာလဲ၊ ကောင်မက အိမ်ပေါ်က အိမ်ပြင်တောင် မထွက်ဘူး၊ ဦးလေးဘကိုနဲ့ ဒေါ်လေးသန်းတင်တို့ခေါင်းပဲ မီးတောက်တာ ပေါ့အေ"

လမ်းတွင် ဆုံနေမိသော မလှိုင်နှင့် မမိုးကြည်တို့က အေးချိုဖြစ်သည့် ကိစ္စကို ပြောကြသည်မှာ ခရေစေ့တွင်းကျလိုပင်၊ ပန်းလှဆိုသည်က ရပ်ကွက်ထဲ၊ လမ်းထဲ၊ တစ်ရွာလုံးနှင့် ဝန်းကျင်ရွာများမှာပါ အမည်သတင်းကြီးသည်၊ ကောင်းသတင်းတော့ မဟုတ်ပါ၊ ဖဲရိုက်အရက်သောက်၊ ကြက်တိုက်၊ ရန်ဖြစ်၊ အနိုင်ကျင့်၊ မိုလ်ကျ၊ မတရားလုပ်၊ မိန်းမပွေရှုပ်၊ မကောင်းသည့် အပုပ်သတင်းက အလွန်မှကြီးသည်၊ ပန်းလှ၏အဘိုးက ဓားပြဟု နာမည်ကြီး၊ အဖေဖြစ်သူက ဓားပြမိုးရွှေဖြစ်သည်၊ တွံတေးဒေတာကြီးတန်းတစ်လျှောက်နှင့် ဧရာဝတီတိုင်းဒေသကြီး (ဧရာဝတီတိုင်း) တစ်ကြောတွင် ဓားပြ ဆက်ရင့်သူ ဖြစ်သည်၊ မျိုးနွယ်ထိန်းသူက ပန်းလှပင် ဖြစ်သည်၊ ဒါပေမဲ့ ရွာတတော့ နာသည်၊ ရပ်ရွာလူကြီးနှင့်လည်း အမျိုးတော်နေပြန်တော့ မြင်းတို့ချိုတတ်ပေးသလို ဖြစ်နေသည်။

တွံတေးမြို့ပေါ်မှ အဘိုးအဘွားများနှင့် သွား၍နေသော ငြိမ်းမေက အဘိုးအဘွားများ ဆုံးပါးသွားသဖြင့် ရှမ်းစုရွာကို ပြန်ရောက်ခဲ့ရသည်၊ ယခင်ရွာမှာသွားတုန်းက ငြိမ်းမေအရွယ်နှင့် ယခုရွာကို ပြန်ရောက်လာသည်၊ ငြိမ်းမေ တအဆက်အပေါက် အနေအထား အဖွံ့အဖြိုးကပါ အစားများစွာ ကွာခြားပြီး ရွာ၏ကွမ်းတောင်ကိုင်၊ မအေးသီတို့၊ မစမ်းရွှေကြည်တို့ ထိုင်ငိုရမည်၊ ရွာ၏ ကာလသား လူပျို၊ လူပျိုကြီးတို့အပါအဝင် ယောက်ျားလေးများက ကြည့်မြင်လာသည်၊ အေးချိုနှင့် ငြိမ်းမေတို့က သူငယ်ချင်း၊ တစ်ခါတစ်ရံ တွံတေးကိုရောက်လျှင် အေးချိုက ငြိမ်းမေကို သူ့အဘိုးအဘွားအိမ်တွင် သွား၍တွေ့ခဲ့သည်၊ ယခုရွာကို ပြန်ရောက်လာတော့ ပန်းလှက မြင်တွေ့ပြီး ထူးဆန်းအံ့သြတကြီးဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အပြောချို၊ အသံကောင်း၊ ရိုးသားအေးဆေးသည့် အေးချိုအတွက် ငြိမ်းမေ၏ရင်ပြင်က ကမ္ဘည်းတင်ပြီးသား။ ဒါကို နေရာလှ၊ မောင်ဦးမှည့်ချင်သည့် ပန်းလှက ရှေ့ကို ခြေတစ်လှမ်းက လက်ပါပူးပြီး တိုးလိုက်သည်၊

"ဟာ - ငြိမ်းမေ - နင်က ငယ်ငယ်ကထက် မတူအောင်လှတယ်၊ အဲဒီလိုမှန်းသိရင် အေးမော်ကို မယူပါဘူးဟာ၊ ဒါပေမဲ့ - အခုလည်း - ဝါက အကောင်းကြီးရှိပါသေးတယ် - အဟီး - ဟိ"

"ဟင် - ရှင်က ကိုယ့်အသက်ကိုမှ ကိုယ်အားမနာဘူး၊ ရှင့်မှာ သမီးမွေးထားတယ်မို့လား ..."

"အဟုတ် - အသက်ပိုရှည်အောင်ရယ်၊ ငါ့သမီးက သူများအတွက်၊ ငြိမ်းမေက ငါ့အတွက်ဆိုရင် အေးမော်ကို ကောက်ရိုးပုံကို ပို့ထားလိုက်မယ်"

ပန်းလှမျက်နှာတ ပုရွက်ဆိတ်တက်လောက်အောင် ချိုထားပေမယ့် ငြိမ်းမေက တမာလိုပဲ အောက်မေ့လိုက်သည်၊ မျက်လုံးအကြည့်က တစ်နေရာကို ရောက်သွားပြီး ငြိမ်းမေရဲ့မျက်နှာက ဝင်းလက်စို၍ အပြုံးယှက်ဖြာသွားသည်၊

"ငြိမ်းမေ ..."

"ကိုချို - ဘယ်ကလာတာလဲ"

"ပေါင်းတော်ချုပ်က ပြန်လာတာ၊ မတင့်တင့်အလှူ လုပ်တာနဲ့ မပြန်သေးဘူးလား"

"ဟ - မင်းဟာမင်း ပြန်ပါလား၊ ငါနဲ့ စကားပြောနေတာ မတွေ့ဘူးလား"

"မဟုတ်ဘူး - ကိုချို"

"ကိုပန်းလှ - ခင်ဗျားဗျာ၊ အသက်လည်း ကြီးပြီ၊ ကိုယ့်တူမလေးတွေ နှမလေးတွေလို့ ..."

"အံမာ - မင်းက မိချောင်းမင်း ရောကင်းပြလို့၊ ဒီနေရာက မင်း - အေးယဉ်ကျူးတဲ့နေရာ မဟုတ်ဘူးကွ"

ပန်းလှ၏ အသုံးအနှုန်းအပြောက နင့်သီးသည်၊ ငြိမ်းမေက အေးချို၏ လက်မောင်းကို တိုင်လိုက်ပြီး -



"ကိုချို - လာ - ငါနဲ့ အတူတူသွားမယ်"

အေးချိုက ပန်းလှကိုကြည့်ပြီး ငြိမ်းမေနှင့်အတူထွက်လာသည်၊ နောက်မှ ပန်းလှ၏နှုတ်ထွက်သံ၊

"တောက်" ဆိုသော အသံမြည်ပြီးတော့ နောက်တွင် ကျန်ခဲ့သည်၊ ပန်းလှမသိ၍သာ ငြိမ်းမေက တစ်ရွာလုံးနှင့်ယှဉ်ယှဉ် တစ်ကမ္ဘာလုံးနှင့်ပဲ ယှဉ်ယှဉ် အေးချိုထက် မည်သူ့ကိုမှ အသာအကြော မပေးဘူးဆိုသည်ကို ပင်၊

အေးချိုက ဦးသာဌေး၏ကွမ်းခြံတွင် အလုပ်လုပ်ရာ ရိုးရိုးအလုပ်သမား မဟုတ်၊ အနေရော၊ အစားပါ ပါသည်၊ ဦးသာဌေး၏ကွမ်းခြံ စတည်စဉ်က အေးချို၏အဖေ ဦးဘကိုက စတင်လုပ်ပြီး ကွမ်းပင်တောင်မျိုးကိုပင် ဦးသာဌေးက ဦးဘကိုကိုပင် ရွေးချယ်နိုင်း၊ ဝယ်နိုင်းခဲ့သည်၊ ဒါကြောင့် ဦးဘကို အလုပ်မလုပ်နိုင်တော့ အေးချိုကို ခေါ်ထားပြီး အစစ အရာရာ လွှဲအပ်ထားသည်၊ တခြားအလုပ်သမားကိုလည်း အေးချို၏ စိတ်ကြိုက်ခေါ်ရသည်၊ ကွမ်းရွက်ခူးသူကျတော့ ရင်းနှီးသည်နှင့် မဆိုင်ပါ၊ လူသန့်ရန် လိုသည်၊ လူသန့်မှ ကွမ်းမနာ၊ ကွမ်းမပုပ်၊ ကွမ်းပင် မသေမှာ ဖြစ်သည်၊

ကွမ်းခြံကိုကြည့်ပြီး တခြားအလုပ်သမားများ ခိုင်းစရာ၊ မှာစရာများ မှာခိုင်းပြီး ဘုရားဘက်ကို ထွက်လာသည်၊ ဦးသာဌေး၏ကွမ်းခြံက ရွာ၏ သချိုင်းနှင့်နီးသည်၊ ဘုရား(ရွှေဆံတော်)နှင့်လည်းနီးသည်၊ မြေလမ်းပေါ်တွင် အလေ့ကျပေါက်ပင်များနှင့် ချုံနွယ်များက ရှိနေသည်၊ ဒါကို တောလမ်းဟု ခေါ်ကြသည်၊ အေးချိုက တောလမ်းအတိုင်း ရွှေဆံတော်စေတီတော်ကို အနောက်ဘက်စောင်းတန်းမှ တက်လာသည်၊ ဘုရားရှိခိုးပြီး ရင်ပြင်ပေါ်တွင် တစ်ပတ်ပတ်၍ လျှောက်လိုက်သည်၊ မြောက်ဘက်စောင်းတန်း(မြို့ဘက်)မှ ငြိမ်းမေက ဘုရားရင်ပြင်ပေါ်ကို တတ်လာသည်၊

"ကိုချို - နင် ရောက်နေတာ ကြာပြီလား"

"ရှေ့နောက်ပဲ - ငြိမ်းမေ၊ ဈေးဝယ်ပြီးပြီလား၊ ဘုရားရှိခိုးလိုက်ဦး"




www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းမေက ခေါင်းညိတ်ပြပြီး ထိုင်၍ဘုရားရှိခိုးသည်၊ အေးချိုက ခေါ်းတာထိုင်၍ အတူယှဉ်ပြီး ကန်တော့လိုက်သည်၊

"ဆင်ဖြစ်ရင်လည်း တစ်ကိုင်းထဲ နားပါရစေ၊ ငှက်ဖြစ်ရင်လည်း ဒယ်တစ်အိုးထဲ အကြော်စံပါရစေလို့ - အဟတ် - ဟတ်"

အေးချိုနှင့် ငြိမ်းမေတို့က ဘုရားဦးချလိုက်စဉ်တွင် နောက်မှထွက်ပေါ်လာသော အသံနှင့် ရယ်သံဖြစ်သည်၊ ဦးသုံးကြိမ်ကိုပြည့်အောင်ဦးချလိုက်ပြီး နောက်ကို လှည့်ကြည့်လိုက်ရာတွင် ပန်းလှနှင့် အဖော်တစ်ယောက်တို့ ဖြစ်သည်၊






"ဟာ - ကိုပန်းလှ - ဘုရားရှိခိုးနေတာဗျာ - ခင်ဗျာ"

"အဟဲ - ဟဲ - မင်းတို့ကို ဒီပြင်ဟာ လုပ်နေတာလို့ မပြောရပါလား၊ မင်းလိုများ အဆိုကျော်ဖြစ်မလားလို့ တူနစ်ကိုယ်ဆုတောင်းကို ဆိုလိုက်မိတာပါ၊ အဲဒါလွန်လို့လား - အဟီး"

ငြိမ်းမေ၏မျက်နှာပြင်က ညိုမှိုင်းသွားပြီး အေးချို၏လက်မောင်းကိုကိုင်ပြီး တစ်ဖက်ကို လှမ်းထွက်လိုက်သည်၊ ပန်းလှနှင့် အဖော်က နောက်မှ ကပ်လိုက်လာကြသည်၊ အေးချိုနှင့်ငြိမ်းမေတို့က ရှေ့ရေးအတွက်ကို တိုင်ပင်ရန် ဘုရားကို ဖူးပြီးပြောမည်မှာ ယခုပန်းလှနှင့် သူ့အဖော်တစ်ယောက်တို့၏ နှောင့်ယှက်မှုကြောင့် မြောက်ဘက်(မြို့ဘက်)မုခ်ကပဲ ပြန်လာကြသည်၊ ငြိမ်းမေနှင့်အတူယှဉ်၍လျှောက်လှမ်းနေပေမယ့် ဘုရားရင်ပြင်ပေါ်ကအဖော်တစ်ယောက်နှင့် ရပ်ကျန်ခဲ့သော ပန်းလှ၏အသံတွင် ရပ်လိုက်မိသည်၊ အေးချို၏စိတ်အတွေး၊ သည်ပန်းလှက သက်သက်အနိုင်ကျင့် ဗိုလ်ကျတာဝင်၊ သူ့တွင်လည်း မအေးမော်ဆိုသည့် မယားကြီးက ငုတ်တုတ်ရှိနေသည်၊ ဒါနဲ့ပင် - ငြိမ်းမေကို လိုက်၍နှောင့်ယှက်နေတာက "ဟင်း"၊

"ကိုချို - အဖေ့ကို လာပြောတော့ - ဟုတ်လား"

"ဟင် - အဲ - အင်း - အင်း"

အေးချို၏အတွေးက ငြိမ်းမေ လှမ်းကိုင်လိုက်သောလက်ရဲ့အထိအတွေ့ကြောင့် ပန်းလှ၏အနားမှ အေးချိုစိတ်တွေက ငြိမ်းမေအနားကို ပြန်ရောက်ခဲ့သည်၊

အေးချိုအတွက် ငြိမ်းမေ၏အဖေ ဦးဆိုက်ဖိုးကို ပြောဆိုကြရန် ကွမ်းခြံပိုင်ရှင် ဦးသာဒွေးနှင့် အေးချို၏အဖေ ဦးဘကိုရော၊ အခမ ဒေါ်သန်းတင်တို့ တပါ နေ့ကောင်းရက်သားရွေး၍ နောက်တစ်နေ့ကို သတ်မှတ်ကြသည်၊ လောက၏အပျော်များက အေးချို၏ရင်ထဲကို ဝင်ရောက်နေသဖြင့် ကွမ်းခြံထဲမှာပင် လုပ်ရင်းကိုင်ရင်းနှင့် သီချင်းကို လိုက်လိုက်လုံလုံ ဆိုနေမိသည်၊

ငြိမ်းမေက ခြံဝမှ အေးချို၏သီချင်းသံ နားထောင်၍ ပြုံးလိုက်မိသည်၊ ဖြောင့်မှန်သော မေတ္တာလမ်းကြောင်းကို လျှောက်လှမ်းရ၍ ပျော်နေသော



www.burmeseclassic.com

www.burmeseclassic.com

အေးချို သူလည်း ပျော်နေသည်မှာ ရင်နင့်အပြည့်၊ ကြည်ကြည်နူးနူးအပြုံးနှင့် ခြံထဲကို လှမ်းဝင်လိုက်သည်။

"ကိုချို ..."

"ငြိမ်းမေ ..."

ဘဝအဖော်ရှင်နှစ်ဦး၏ကြည်နူးချမ်းမြေ့သောခေါ်သံ၊ အပြုံးချက်နှာတို့က ရင်ချင်းအပ်မိလိုက်ကြသည်။

"ငြိမ်းမေရယ် ..."

"ကိုချို - မနက်ဖြန်ကို လူကြီး ဘယ်နှယောက်ပါမှာလဲ"

"ဘသာဒွေးရယ်၊ အဖေရယ်၊ အမေရယ်ဆိုရင် ငါးယောက်လောက်ပါပဲ"

"အင်း - အင်း - အခုန ကိုချိုဆိုတဲ့သီချင်းက ဟိုလေ ငါအမြဲမေးတဲ့နေ့က သီချင်းလား"

"ဟုတ်တယ် - ငြိမ်းမေ၊ ငါက အဲဒီသီချင်းကို ဘယ်တော့မှ မမေ့ဘူး။ သားတွေ၊ သမီးတွေကိုလည်း ဒီသီချင်းနဲ့ ချော့သိပ်ရမယ်"

"အင်းပါ - အင်းပါ"

"ဒီသီချင်းက ငါ့အတွက် အမှတ်တရမို့ အမြဲဆိုနေမိတာပါ ..."

"အင်းပါ - တောကျော်ကြီးရယ်၊ မြို့ကို ရောက်ရင်တော့ ငြိမ်းမေနဲ့ ညားမှာ မဟုတ်ဘူးနော်"

"တောအဆိုကျော်နဲ့ တောလှပျိုဖြူဆိုတာပဲ လိုက်ဖက်ပါတယ် ငြိမ်းမေရယ်"

ရယ်သံလွင်လွင်က ဝန်းကျင်ကိုမေ့မြောစေသည်။ ငြိမ်းမေက နှုတ်ဆက်ပြီး ခြံထဲမှအထွက်၊ ရွာသချိုင်းဘက်မှ ထွက်လာကြသောလူစု၊ ကွမ်းခြံရှေ့မှ ဖြတ်၍သွားကြသည်။ နောက်ပိတ်ဆုံးမှ ပန်းလှနှင့် လက်ကောက်တောင်တို့က ကွမ်းခြံရှေ့တွင် ရပ်လိုက်သည်။ ငြိမ်းမေကလည်း ခြံထဲမှအထွက် အေးချိုက -

"ငြိမ်းမေရေ - နေဦး - ငါလိုက်ပို့မယ်"



"အင်း - အင်း"

ငြိမ်းမေက နောက်ကို လှည့်ကြည့်ပြီး ခြံဝတွင် ရပ်နေလိုက်သည်။ ပန်းလှတပါ ရပ်လိုက်ပြီး -

"ငြိမ်းမေ - ငါလိုက်ပို့မယ်"

"ရှင်လိုက်ပို့စရာ မလိုဘူး၊ ကျုပ်လင် လိုက်ပို့မယ်"

"အယား - ဒီကောင်က ငါ့နောက်မှပါဟာ"

"ဟဲဗ် - ရှင် မိုက်ရိုင်းလိုက်တာ"

"ကိုပန်းလှ - စကားကို ဆင်ခြင်ပြောပါ"

"ဟ - ငါပြောတာ ရှင်းရှင်းလေးပါ။ ငြိမ်းမေက မင်းကို သူ့လင်လို့ ပြောတော့ ငါက အရင်ပါလို့ ပြောတာကွာ ..."

"လာ - ကိုချို - ပြောမနေနဲ့"

ငြိမ်းမေက အေးချို၏လက်မောင်းကို ကိုင်၍ခေါ်လိုက်ရာ အေးချို၏ အသားများက တုန်နေသည်။ ဒါ ယောကျ်ားရဲ့မာန်၊ ယောကျ်ားရဲ့ဒေါသ၊ ငြိမ်းမေကလည်း သိလိုက်၏။ ဒါကြောင့် ပါအောင်ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ငြိမ်းမေကို လိုက်ပို့ပြီး အပြန်တွင် မဝေးသော မနက်ဖြန်ကို တွေး၍စိတ်ကိုဖြေပြီး သီချင်းဆိုလာမိသည်။

"ဟေ့ - ဟေ့ကောင် - သေးစို - နေဦး"

အေးချို၏နှုတ်မှ ဆိုနေသည့်သီချင်းက တိခနဲ ရပ်သွားသည်။ နောက်ကို လှည့်လိုက်တော့ ပန်းလှနှင့်တစ်ယောက်။ ပန်းလှ၏အဖော်က လက်ထဲတွင် ဓားမကြီးတစ်ချောင်း၊ သစ်ပင်ခုတ်ထင်းဖြတ် သည့်ဓား။

"ခင်ဗျားက ဘာလုပ်မလို့လဲ"

"မင်းကို လုပ်ချင်တာရှိတယ်၊ ဒါမှ - ငါက ငြိမ်းမေကို သိမ်းလို့ရမှာ ..."

"ဟာ - ကိုပန်းရယ်၊ ခင်ဗျားတလည်းဗျာ - ဟောင်အေးချို - သွား - သွား"

"ကျွတ် - ကိုပိန်ရဲ့ - ခင်ဗျားနဲ့မဆိုင်ဘူး - ဟေ့ကောင်"

ပန်းလှက ဘေးမှ တားဆီးသော ကိုပိန်ဆိုသူကို ပြောရင်းမှ လက်တစ်ဖက်က အေးချို၏မျက်နှာကို လှမ်း၍ရိုက်လိုက်သည်။

www.burmeseclassic.com

"ဖျန်း"

"ဟင်"

"ဟာ - ကိုပန်း"

"ဒုတ်"

"အား"

"ဟာ - မောင်အေးချို - မင်းကွာ - ငါ့ဓားနဲ့"

♪ ♪ 𝄞

"ကျွန်တော့်အဖြစ်က အဲဒါပါပဲ - ဗိုလ်ကြီး၊ ကိုပန်းလှက မျက်နှာကို လှမ်းရိုက်လိုက်တော့ ကိုပိန်ကြီးက ကြောင်သွားတယ်၊ အဲဒီမှာ ကျွန်တော်က သူ့လက်ထဲက ဓားမကို ဆွဲယူပြီး အားနဲ့ ပိုင်းချလိုက်တာ ကိုပိန်ကြီးကို ဘာမှမဖြစ်အောင် အစစ်ခံလိုက်ပါတယ်၊ အခုတော့ - ငြိမ်းမေနဲ့ ဝေးခဲ့ရသလို တေးလည်း ဆိုချင်စိတ် မရှိတော့ပါဘူး - ဗိုလ်ကြီးရယ်"

"ဒါထက် - ခင်ဗျားရဲ့ ငြိမ်းမေကရော ..."

"ကျွန်တော်ပြန်အလာကို စောင့်ပါ့မယ်လို့ပြောတယ်၊ အမိန့်ချတဲ့နေ့က အမေလဲကျသွားပြီး အသက်ပါ ပါသွားတယ် - ဗိုလ်ကြီး"

"အင်း - အဲဒါ မေတ္တာတရားပဲ - ကိုအေးချို၊ အေးဗျာ - တေးသီချင်းဆိုပြီး အေးချမ်းတဲ့ ခင်ဗျားရဲ့ဘဝလေးကို ကိုပန်းလှဆိုတာက ဝင်နှောက်လိုက်တာ ..."

ခေါင်းညိတ်ပြီး ငြိမ်နေသည့် ကိုအေးချိုကိုကြည့်ပြီး တွံတေးသိန်းတန်လို နိုင်ငံကျော် အဆိုတော်တစ်ယောက်၏ မွေးအတိမြေမှ တေးဆိုတောင်းသည့် အေးချိုကိုကြည့်ပြီး ကိုယ်ကောင်းသော်လည်း ရွေ့ခဲ့ရသည့်ခေါင်းနှင့် ကံကြမ္မာ၏အမွေအနှောက်ကိုခံကြရသော ပုထုဇဉ်တို့သည် မေတ္တာတရားနှင့် ကုသိုလ်ဘာဝနာကို မပြတ်မှ သော်ကနည်းမည်ဟု သံဝေဂရသည်ပဲပြော ပြော၊ ကျွန်ုပ်မှာ ငယ်စဉ်ကလို မဟုတ်တော့ပဲ နံနက်အိပ်ရာထ၊ ညအိပ်ရာ



ဝင်ချိန်တို့တွင် ဘုရားရှစ်ကိုပုံမှန်ရှိခိုးကြည်ညိုတတ်ပြီး (၇) ရက်သားသမီးများ ဆင်းရဲခြင်းဒုက္ခမှ ကင်းကြပါစေဟု မေတ္တာပို့မိပါသည်။

ကျွန်ုပ် တာဝန်ထမ်းဆောင်နေသော ဌာနမှာက ဝေးတောစဉ်းစားချင်စရာများက နေ့စဉ်မြင်သိကြားနေရသည်၊ ထို့အတူပင် အကျဉ်းထောင်ထဲကို မည်သည့်အကြောင်းနှင့်ပဲရောက်ရောက်၊ အပြင်လောကလို တေးဆို၍ မနေနိုင်တာကို သိရှိတွေးမိကြပါစေလို့သာ ကျွန်ုပ်ရင်ထဲမှအတွေးကို ထုတ်ဖော်ညည်းလိုက်ချင်ပါသည်၊

စိုးပုညာကျွန်း

စာ ရှင် သို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။


အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုစွဲဂင်း

www.burmeseclassic.com

www.burmeseclassic.com

# နက်ကျော့အန္တရာယ်

ရဲလသည် မြင်းသည်ထက်မြင်း၍ မိုးသက်မိုးနဲ့ကလေးများ ပါလာသဖြင့် ခရီးသည်သူ
မြင်းပေါ်မှ ကပျာကယာ ဆင်းလိုက်သည်။ ပြီးတော့အနီရောင်ကုန်းနီးဖျင်ကြပ်းကို
မြင်းကျောမှ ဖြေလိုက်သည်။ ကုန်းနီးအောက်တွင် ကျားရေတစ်ခု ရှိသေး၏။
ခရီးသည်သည် လက်ထဲက ဖျင်နီကြမ်းကို မြေပေါ်သို့ ချထားပြီး
ကျားရေကိုလည်း မြင်းကိုယ်ထည်မှဖြေကာ မြေပြင်ပေါ်သို့
ချလိုက်ပြန်ရာ မြင်း၏ကိုယ်ဘေးနားတွင် အထုပ်ငယ်
တစ်ထုပ်သာကျန်၏။



www.burmeseclassic.com

www.burmeseclassic.com

ခရီးသည်သည် ခါးစီးကြိုးတွင် ချည်ထားသော ဓားလွယ်ကိုဖြုတ်၍ မြေပေါ်တွင် ချထားလိုက်ပြီးသော် ဖျင်နီကြမ်းကို ကောက်၍ ပုဆိုးပေါ်မှ အုပ်ဖုံး၍ စည်းသည်။ ထိုနောက် ကျားရေကို ကျောဘက်မှ လွှမ်းခြုံသည်။ သူ၏ကျားရေမှာ အသင့်ချုပ်လုပ်ထားသည့်ပုံရှိ၍ ယင်းကဲ့သို့ လွှမ်းခြုံလိုက်သောအခါတွင် တင်ပါးတစ်ဝက်ခန့်အထိ ဖုံးလွှမ်းနေသည်။ ရှေ့ဘက်တွင် ကြိုးလေးချောင်းတပ်ဖြစ်၍ ကြိုးများကို စည်းနှောင်လိုက်သောအခါတွင် သားရေဖြင့် ချုပ်လုပ်ထားသော ခါးကို ရင်စေ့အကျႌသဖွယ် ဖြစ်သွားသည်။ ထိုနောက် သူသည် ဦးခေါင်းပေါ်မှ ဝါးဖတ်ဦးထုပ်ကို ပြင်ဆောင်းရန် မေးသိုင်းကြိုးကို ဖြေ၏။ ဦးထုပ်ကို ချွတ်လိုက်သောအခါတွင် နက်ကျောသောယောင်တို ပတ်၍ထားသည့် ပိုးပဝါကလေး ပေါ်လွင်လာသည်။ ပဝါကလေးမှာ မိုးပြာရောင်တွင်လေးညှင်းပွင့်အဖြူကလေးများဖော်ထားသဖြင့်နေရောင်အောက်တွင်ဆိုလျှင် အတော်ပင် ကြည့်ရှု၍ကောင်းမည်ဖြစ်သော်လည်း နေဝင်ရီတရောအချိန်၌ ရုတ်တရက် အုံ့မှိုင်းလာသော မိုးရိပ်အောက်တွင်ကား လှပမှု မပေါ်လွင်နိုင်တော့ချေ။ ပဝါ စသည်သာလျှင် အရှိန်နှင့် တိုက်ခတ်နေသော လေတွင် တလူလူ လွင့်နေ၏။

ခရီးသည်သည် လွင့်နေသောပဝါစကို မနှစ်သက်သလိုနှင့် သိမ်းကာ ပတ်ရစ်ဖွဲ့နှောင်မှုအောက်သို့ ထိုးသွင်း၏။

သူ၏တင့်တယ်သောရုပ်သွင်မှာလည်း အုံ့မှိုင်းလှသောမိုးကြောင့် တိမ်မြုပ်နေသည့်အပြင် သောကရိပ်များကလည်း အပေါ်ကမိုး၍ လွှမ်းထားသေး၏။ သာမန်အချိန်မျိုးတွင်ဆိုလျှင် လုံမငယ်များ ကြည့်မဝနိုင်သည့် မျက်နှာပိုင်ရှင်ပင်တည်း။

အသက်မှာ နှစ်ဆယ်ကျော်၊ နှစ်ဆယ့်နှစ်နှစ်ခန့်ရှိ၏။ နှာတံမှာ ဖြောင့်စင်းပေါ်ပေါ်လွင်သဖြင့် ကမ်းယံအနွယ်စပ်သလား ထင်ရသော်လည်း ပါးလျှမေးမိန်သော မျက်ခုံးများကြောင့် ပြုမြန်မာသက်သက်ပင်ဖြစ်မည်ဟု သေချာနိုင်၏။ မြို့သုံးပဝါကို စည်းနှောင်းထားသဖြင့် ပေါက္ကာရာမ (ခေါ်) ပုဂံနေပြည်တော်မှ လာခဲ့သောခရီးသည်ဟု အတပ်စွဲနိုင်ပါ၏။ သောကဖြင့် ရှာယာခတ်နေသော မျက်လုံးများက ဤနယ်တွင် ခရီးသည်မှာ လူစိမ်းလူရှိုး သာဖြစ်ကြောင်း သက်သေခံနေကြသည်။

ခရီးသည်သည် ဝါးဦးထုပ်ကို အကျအန ပြန်ဆောင်းကာ သိုင်းကြိုးကို တင်းတင်းပြန်စည်း၏။ ထိုနောက် ဓားလွယ်ကိုကောက်ကာ ခါးတွင် မလွယ်တော့ဘဲ ကျောဘက်တွင် သိုင်းလွယ်ပြီး ရင်ရှေ့ဘက်တွင် ပိုနေသောကြိုးများကိုခေါက်၍ တုံ့ချည်လိုက်သည်။ ပြီးသော် သူ့မြင်းကြီးကို ပွတ်သပ်၍ တားပြော၏။

"သည်ညမှာ ကျောက်သလင်းကိုမှ ရောက်အုံ့မသိ - မိုးပျံငယ်"

စကားအဆုံးတွင် ခရီးသည်သည် တစ်ချက်ပြုံးလိုက်ရာ အခက်အခဲကို မြင်၍ပြုံးချင်လာခြင်းသည် အန္တရာယ်ကိုရင်ဆိုင်ရလျှင် ဦးခေါင်းအေး၍သွေးနည်းလှသူဖြစ်ကြောင်းကို သိသာနိုင်၏။

သူသည် မြင်းပေါ်သို့ လွှားခနဲ ပြန်တက်မိသောအချိန်တွင်ကား မိုးသည် သဝေါဝေါနှင့် ကန့်လန့်ကြီးကို ပစ်ချလိုက်သကဲ့သို့ ရွာကျလာသည်။ အညွန်းအတိုင်းဆိုလျှင် ရွာနှင့် အတော်ဝေးသေးသည်ဖြစ်၍ ခရီးသည်မှာ မိုးထဲလေထဲတွင်ပင် မြင်းကို အပြင်းနင်တော့သည်။

တော်သလင်းမိုးဖြစ်သဖြင့် ရုတ်တရက်ကြီး ရပ်သွား၏။ သို့သော် တောင်းကင်ပြင်မှာ မကြည်လင်ဘဲ အုံ့မှိုင်းဆဲပင်ဖြစ်သည့်အပြင် နေမင်းကြီးသည်း လောကကို ကျောခိုင်း၍သွားသည်မှာ ထမင်းအိုးတစ်လုံးချက်မျှကြာသွားပြီဖြစ်ရာ သစ်ပင်ရိပ်များအကြားတွင် မြင်းသည် ရှေ့သို့ ကောင်းစွာ လှမ်းတတ်သလိုဖြစ်လာသည်။

ခရီးသည်သည် ရနိုင်သလောက်သော အလင်းရောင်ကလေးဖြင့် လမ်းကိုကြိုးစား၍ ကြည့်မိသည်တွင် နှုတ်မှ လွှတ်ခနဲထွက်သွားမိ၏။

"ရော - မိုးပျံငယ်၊ ငါတို့ လမ်းပျောက်ခဲ့ပြီပ"

မှန်၏။ သွားချင်သလိုသွား၊ လမ်းဖြစ်သည်ရှည်း ထင်နေရသော အပင်သယ်တို့သာရှိသည့်တောအုပ်ငယ်ထဲသို့ရောက်နေလေပြီ။ မလှမ်းမကမ်းတွင်သည်း တောင်ရိပ်ရှိနေ၏။ သူ၏လက်ျာဘက်တွင် ဘယ်တုံးက ရောက်နေမှန်း

www.burmeseclassic.com

မသိဖြစ်သော ထိုတောင်ရိပ်ကြောင့် လမ်းလွဲလာပြီကို ရိပ်မိခြင်းဖြစ်၏။ သူ့အား မှာကြားလိုက်သောစကားအညွှန်းထဲတွင် ထိုခရီးလောက်တွင်တောင် မရှိတော့ချေ။

မတတ်သာတော့ပြီ။ မိုးသည် အုံ့ဆဲဖြစ်၍ ထိုညဉ့်အဖို့ မိုးခိုစရာကိုသာ ရှာရမည်ဖြစ်သည်။ နံနက်လင်းမှပင် လမ်းစကောက်၍ ကျောက်သလင်းသို့ အရောက်နှင်ရမည်ဖြစ်သည်။ ထိုကြောင့် ရှေ့သို့သာ ဆက်၍နှင်ခဲ့ရာ လမ်းမှာ တက်တက်စင် လွဲခဲ့ပြီဖြစ်ကြောင်း ပို၍ထင်ရှားလာတော့သည်။

မိုးကား လုံးဝတိတ်နေပြီဖြစ်သည်။ သို့သော် သူ့အပေါ်လွှမ်းကျားရေပေါ်မှာ ရေတို့သည် တစက်စက် ကျနေဆဲတော့ဖြစ်၏။ တိမ်ခွပ်သလို ပြက်နေသော ကောင်းကင်အလင်းရောင်ကြောင့် သူ့ရှေ့တည့်တည့်တွင် ချောင်းငယ် ဆီးကာနေသည်ကို တွေ့ရ၏။

"မိုးပျံငယ် – လမ်းကတော့ ပိန်းပိတ်သား ယွင်းခဲ့ပြီကော။ နို့ပေမဲ့ မတတ်သာချေဘူး။ ကွန်းခိုစရာတော့ ရှာရပ့်"

သူ့မြင်းကိုသာ သူ တာတွတ်တွတ်ပြောကာ ချောင်းစပ်တွင် ရပ်လိုက်၏။ လက်ျာဘက်ဆီက တောင်ရိပ်ကို ကြည့်ပြန်သည်။ ချောင်းကား ဇက်၍ကျယ်ပြန့်သဖြင့် တောင်ကျချောင်းဖြစ်ကြောင်း သိသာ၏။ ထို့ပြင် ရေမှာလည်း အလယ်နားဆီလောက်တွင်သာရှိသဖြင့် စောစောက သဲကြီးမဲကြီး ရွာလိုက်သောမိုးမှာ ဒရဟော စီးသွားပြီဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ချက်ချင်းရောက်၊ ချက်ချင်းသွားတတ်သော ရေမျိုးမှာ သာမန်အားဖြင့် စီးဆင်းနေလျှင် မထောင်းသာသော်လည်း တောင်ဆီက မိုးကလေး ညို့ရုံနှင့် ရေများ ဒရဟော စီးဆင်းလာတတ်ပေရာ ခရီးသည်သည် ချောင်းကိုဖြတ်ရကောင်းနိုး၊ မကောင်းနိုးကို ဆင်ခြင်သလိုနှင့် တောင်ဆီသို့ မှန်းမျှော်ကြည့်ခြင်း ဖြစ်လေသည်။

အချိန်ကလည်း ညဉ့်ဦးပိုင်းသို့ ဝင်ပြီဖြစ်သည့်အပြင် မိုးတွေကလည်း အုံ့၊ တောအုပ်ငယ်အတွင်းလည်းရောက်နေပြန်ရာ မှောင်ကြီးလေးပါးအနက်တွင် သုံးပါး၏စက်ကွင်း၌ သက်ဆင်းနေရသောခရီးသည်မှာ တိတိကျကျ

မှန်းဆ၍ မရနိုင်ချေ။ သို့ဖြင့် သူသည် ကြာကြာငေးမနေတော့ဘဲ မြင်းကို အချက်ပြကာ ချောင်းငယ်ကို ဖြတ်ကျော်လေသည်။

လေတို့သည်ပြင်းစွာတိုက်လာ၏။ တိမ်ခွပ်သလိုပြက်နေသော လျှပ်စစ်ရောင်သည် ခရီးသည်ကို အားမငယ်ငယ်အောင် ခြိမ်းခြောက်နေသည်။ မြင်းစီးလုလင်သည် မိုးတစ်ချီ ထပ်၍မရွာမီ ချောင်းကို ဖြတ်ကူးမိအောင် လုနေ၏။

သို့သော် – ထိုခဏတွင်ပင် တောင်ဘက်ဆီမှ ဝါးဖြောင်းဖြောင်းနှင့် ဝါးများ၊ သစ်ကိုင်းများ ကျိုးသံတွေ ထွက်ပေါ်လာတော့သည်။ ခရီးသည်သည် မြင်းကို ဇက်ကုန်နှင်၏။ မြင်းကိုတော့ အပြစ်မဆိုသာပါ။ ရေကို ဖြတ်ပြေးရသည်မှာ မြေပြင်အပြန့်တွင် ပြေးရသလိုတော့ မလွယ်ကူနိုင်ချေ။

ရေလုံးတို့သည် လမ်းတွင် ဆီးတားနေသမျှ သစ်ခက်၊ သစ်ကိုင်း၊ ဝါးပင်စသည်များကို အတင်းတိုး၍ပြင်းထန်သောအရှိန်ဖြင့် ပြေးဝင်လာကြလေ၏။ ကြိုးစား၍ လုနှင်နေသည့်ကြားက ခရီးသည်မှာ မြင်းနှင့်တကွ လဲကျသည်။ မြင်းသည် ရုန်းရင်းကန်ရင်းနှင့်ပင် ရေကြမ်းစီးရာသို့ ပါသွား၏။ ခရီးသည်မှာလည်း ရေစီးရာသို့ ပါသည်။ သို့သော် မြင်းက ရှေ့ရောက်နေသည်။ လုလင်၏ လက်ဝဲလက်တွင် မြင်းဇက်ကိုကိုင်လျက်သားပင် ရှိသေး၏။ သူသည် မြင်းဇက်ကို မလွှတ်တမ်း ဆွဲထားသည်။

မိုးပေါက်ကြီးများသည် ပြင်းထန်စွာ ကျရောက်လာ၏။ တော်သလင်းသစ်ဆင်းမိုးဖြစ်သဖြင့် ချောင်းထဲတွင် အချိန်ကြာခဲ့သော် သေဖို့အကြောင်းသာ ရှိတော့သည်။ ထို့ကြောင့်ပင် လုလင်သည် ရုန်းရင်းကန်ရင်း မျှောပါရင်းက ပတ်ဝန်းကျင်ကို ရသမျှအခွင့်ကြုံတိုင်း ကြည့်၏။ ကစ်ဇက်သော ကမ်းနားသို့ ရောက်လုနေပါပြီ၊ အကယ်၍ ရေစီးကြောင်းက ပွတ်လျှောက်ကား ကမ်းသို့ တက်၍ ရနိုင်မည်ဖြစ်၏။

သူ့ကံဟုပင် ဆိုရတော့မည်၊ ချောင်းငယ်သည် အကွေ့သို့ ရောက်လာလေရာ လုလင်သည် ရေရှိန်နှင့် ဝေ့၍ တစ်ဖက်ကမ်းပါးသို့ ရောက်သွား၏။

www.burmeseclassic.com

အရှိန်ပြင်းသော ရေစီးကြောင်းမှာလည်း လွတ်ထွက်သွားသည်။ လှေရင်ဘတ် လောက်မြင့်သော သစ်ပင်ငယ်အငုတ်နှင့် ကန့်လန့်ဖြတ်၍ ရိုက်မိ၏။

လုလင်သည် သတိကောင်းလှသူဖြစ်သဖြင့် သစ်ပင်ငုတ်ကိုဖက်ကာ မတ်တတ်ရပ်သည်။ ရေကား သူ့ပေါင်လယ်လောက်သာ ရှိ၏။ လက်ထဲမှ မြင်းဇက်ကို ငုတ်တွင် စွပ်ချပြီး ကြိုးကို တုံ့၍ဆွဲ၏။ မြင်းမှာလည်း ကြိုးစား၍ မတ်တတ်ရပ်နေရာ ရေစီးကြောင့်သာ မရပ်နိုင်ဘဲရှိနေသည်ဖြစ်သော ကြောင့် သူ့သခင်က ယခုကဲ့သို့ ရေကိုဆန်၍ပြန်ဆွဲပေးသောအခါတွင်ကား မတ်တတ်ရပ်နိုင်သွားတော့သည်။

ထိုခဏတွင် မိုးသည် ရုတ်ခြည်း တိတ်သွားပြန်၏။

မြင်းသည် ကမ်းပါးပေါ်သို့ အားနှင့်မာန်နှင့်တက်သည်။ ထိုအခါ လုလင် သည် ငုတ်မှကြိုးကို ပြန်ဖြုတ်၍ ဇက်ကြိုးကိုပင် လက်နစ်ဖက်နှင့် မြဲမြဲကိုင် သည်။ ကမ်းပေါ်သို့ တက်မိပြီဖြစ်သောမြင်းသည် ခွန်အားနှင့် ဆွဲတင်လေရာ လုလင်မှာလည်း များစွာအားမစိုက်ရတော့ဘဲ ရေစီးမှလွတ်၍ ကမ်းဆီသို့ ရောက်ခဲ့ရလေတော့သည်။

"ကျေးဇူးကြီးပါဘိ - မိုးပျံငယ်"

သခင်သည် သူ့မြင်းကို ယုယစွာ ပွတ်သပ်ပေး၍ကြင်နာစွာ ပြောလိုက် ၏။

"အနို့ပေမဲ့ - အချိန်မဇင့်သာ သေး၏ရှင့်၊ ခရီးနှင်ကြပါဦးစို့ - မိုးပျံ"

မရောက်မပေါက်ဘူးသော အရပ်စိမ်းဝယ် ညဥ့်၏လုံခြုံမှုအတွက် စိုးနား ရာသည် အရှာရ ခက်လှချေ၏။ အရပ်ဒေသ၏ မသေးငယ်သောအန္တရာယ် တွင် ရာသီဥတုကပါ ကူလှောက်၍ ခြိမ်းခြောက်နေရာ ခရီးသည်အဖို့ အား ပျက်စရာအတိ ဖြစ်ရသည်။ ခရီးကို ဆက်နှင်ရင်းက ခြေဖြင့် မြင်းဘေးက အထုပ်ငယ်ကို စမ်းကြည့်မိ၏။



မရှိတော့ပြီ။ အထုပ်ငယ်ကား ရေစီးထဲသို့ ပါသွားချေပြီ။

လုလင်သည် မှောင်မိုက်ထဲ၌ပင် မျက်နှာပျက် သွား၏။ သို့သော် မတတ် နိုင်ပြီ။ ချောင်းဘက်သို့ ပြန်လှည့်၍ ရေစီးနောက် လိုက်သည့်တိုင်အောင်မှ ထိုအထုပ်ငယ်ကိုပြန်၍ရဖွယ်ရာ မရှိတော့ပါ။ ရှေ့သို့သာ ဆက်၍ကြုံတွေ့လာ ရမည့်အဖြစ်များကိုရင်ဆိုင်ရုံသာ ရှိသည်။ အမှန်မှာတော့ နေ့ ၄ ပဟိုရ် (ညနေ ၆ နာရီ) ကျော်ရုံသာ ရှိသေးသည်၊ ညဥ့် ၁ ပဟိုရ် (ည ၉ ကိုးနာရီ) သို့ပင် မရောက် သေး၊ သူ့ခရီးတွင်ညဥ့် ၄ ပဟိုရ်တိတိ ကျန်နေသေးသည်။ ထိုပဟိုရ်များအတွင်း တွင် သူ အသက်ပင်လျှင် ဆုံးပါးနိုင်သေးသည်ဖြစ်ရာ ၎င်းအထုပ်ငယ်အတွက် ကြောင့်ကျနေ၍ မထူးလေတော့ပြီ၊ ကံကြမ္မာသည့် မိမိအတွက် ဘာတွေကို များ သိုင်းထားပါသနည်းဆိုသည်ကိုသာ မျက်ဝါးထင်ထင် ပြက်ပြက်မြင်ဖို့ ခရီးနှင်ရလေဦးတော့မည်။

တောအုပ်ငယ်မှထွက်၍ ခရီးလမ်းမတစ်ခုပေါ်သို့ ဘွားခနဲ ရောက်လာ သည်နှင့်အမျှ ကောင်းကင်ရောင်သည်လည်း ပို၍လင်းကြည်လာသည်၊ ဒါကြောင့်ပြေးလွှားနေကြသော မိုးသားများသည်အနောင်အဖွဲ့မှလွတ်မြောက် လာကြသည့် မကောင်းဆိုးဝါးစစ်သည်များကဲ့ သို့ အန္တရာယ်ပေးစရာကို ရှာဖွေနေသည့်အသွင်ကို ဆောင်နေကြသည်၊

ခရီးလမ်းမကို ကန့်လန့်ဖြတ်၍တက်ရောက်ခဲ့မိသည်ဖြစ်ရာ ခရီးသည် သည် ခဏတော့ ရပ်လိုက်၏။ လက်ဝဲဘက်အတိုင်းလိုက်လျှင် တစ်နေရာရာ တွင် သူဖြတ်ခဲ့သော ချောင်းကလေးနှင့်ပြန်၍ဆုံနိုင်၏။ သို့သော် အထုပ်ငယ် ကို ပြန်တွေ့ဖို့ရန်မှာ လုံးဝမမျှော်လင့်နိုင်သောကိစ္စဖြစ်သဖြင့် လုလင်သည် သက်ပြင်းကိုသာ တစ်ချက်ချလိုက်ပြီး -

"ကိုင်း - ဖြစ်ချင်ရာဖြစ်စေတော့"

ဟူသော အသွင်မျိုးဖြင့် လက်ျာဘက်အတိုင်း ခရီးဆက်ခဲ့တော့သည်။

ခဏမျှသာ သွားရသည်၊ ရင်ထဲတွင် ထိတ်ခနဲ ဝမ်းမြောက်သွားမိတော့ ၏။

www.burmeseclassic.com

ခရီးလမ်းမ၏ အရှေ့ဘက် တားလွယ်စုတ်နေရာလောက်တွင် မီးရောင်ကလေး တလက်လက် မြင်လိုက်သောကြောင့်ပင်ဖြစ်သည်။

အလင်းရောင်သည် လူသား၏မျှော်လင့်ချက်၊ အလင်းရောင်သည် လူသား၏ အားမာန်ဖြစ်လေရာ လုလင်သည် ခရီးလမ်းအတိုင်းပင် အားတက်သရော ဆက်၍နှင်ခဲ့၏။ အလင်းရောင် တလက်လက်သည် လမ်း၏လက်ျာဘက်တွင်ဖြစ်ရာ အလင်းရောင် ထွက်ပေးရာနှင့်တည့်တည့် နေရာဆီသို့ရောက်သောအခါတွင်လုလင်သည်လမ်းဘေးသို့ဖဲ၍အလင်းရောင်ထွက်ပေါ်ရာကို မျက်နှာတရှုပြု၍ ရပ်ကြည့်သည်။

မိုးပျံမှာလည်း အားတတ်သလိုဖြစ်ကာ တစ်နေရာထဲတွင်ပင် လေးဖက်ခွာစုံမြှောက်၍ကြွကြွရွရွဖြစ်နေသည်။

သို့သော် လုလင်၏စိတ်တို့သည် တစ်မုဟုတ်ချင်းပင် လေးလံလာရ၏။

အလင်းရောင် ထွက်ပေါ်လာရသည့်နေရာကား မိုးရိပ်အောက်တွင်မည်းမှောင်သော အဆောက်အအုံကြီးတစ်ခု ဖြစ်နေသည်။ လမ်းမှ ကိုက်တစ်ရာလောက် ဝေး၏။ ခွေးဟောင်သံကလေးမှ မကြားရသဖြင့် ရွာတော့ဟုတ်ဟန်မတူချေ။

ဇုန်းဆိုး (ခေါ်) ရွာပျက်များလေလား။

လုလင်သည် မြင်းပေါ်မှာ ငြိမ်သက်စွာ နေရင်းကပင် မြင်ကွင်းကို စူးစိုက်ကြည့်၍ အကဲခတ်နေသည်။ မီးရောင်ထွက်ပေါ်ရာမှာ ထိုအဆောက်အအုံဖြစ်သည်မှာ သေချာ၏။ ထို့ပြင် မီးရောင်မှာလည်း လေနှင့်လျော်ညီစွာ တလက်လက် ဖြစ်နေ၍ အဖုံးအကာမဲ့သော မီးတိုင်မှ အလင်းရောင်ဖြစ်ကြောင်း သိလာသည်။ အဆောက်အအုံမှာ သူတို့ခေတ်က ကုလားကျောင်းဟု ခေါ်တတ်သော အုတ်တိုက်လေးထောင့်စပ်စပ်သဏ္ဍာန် ရှိသည်။ အဝေးမှဖြစ်၍ ဤမျှသာ အကဲခတ်နိုင်၏။



အဆောက်အအုံ၏ လက်ဝဲဘက်ယွန်းယွန်း လမ်းမှကြည့်နေသော လုလင်၏ဘက်တဆိုလျှင် လက်ျာဘက်ယွန်းယွန်းတွင် သချိုင်းဂူ လေးငါးခြောက်လုံးခန့် မြင်ရသယောင်ယောင်ရှိ၏။ ဂူ၏အထွတ် အတက်များလိုလိုရှိပုံကို ထောက်ရှု၍ သာသနာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ သချိုင်းဂူများဟု ယူဆဖွယ်ရှိသည်။ သို့ဖြစ်လျှင် ယင်းအဆောက်အအုံသည် ရဟန်းကျောင်းများပေလော။

မဟုတ်နိုင်ချေ။ ရဟန်းကျောင်းဆိုလျှင် ခွေးများရှိပေတတ်၏။ ထို့ပြင် ဤသို့တစ်ခုတည်း ထီးတည်းမရှိတန်ရာ ကမ္ဘာဌာန်းကျောင်း ဆိုရပြန်သော် ကြီးလွန်း၏။ မီးရောင်လည်း ထွက်ပေါ်မနေထိုက်ချေ။

"မိုးပျံယေ် - မောင်မင်းက လူနှံ့ရသယောင်ရှိတယ်၊ ငါတို့တော့ အကဲမရသေး၏ရှင့်။ ချဉ်းကြည့်မှ ကွဲပြားတော့မှာပလေ"

လုလင်သည်လမ်းပေါ်မှဖဲကြည့်၍အဆောက်အအုံဆီသို့ချဉ်းကပ်လာခဲ့သည်၊ အဆောက်အအုံနားသို့ ရောက်လေလေ မျက်မှောင်ကို ကြုတ်မိလာလေလေ ဖြစ်ရ၏။

တိတ်ဆိတ်သည်၊ လူသူကင်းမဲ့သည်၊ သို့သော် မီးရောင်ကား ယိမ်းထိုးနေသော မီးတောက်မှ ထွက်ပေါ်နေ၏။ လက်ျာဘက် ခပ်လှမ်းလှမ်းမှ သချိုင်းဂူများသည် ဟောင်းနွမ်းသလောက်၊ ဤအဆောက်အအုံကား သစ်လွင်လှသည်၊ လေးထောင့်စပ်စပ်ပင် တစ်ထပ်တည်း မြင့်မြင့်ဆောက်ထား၏။ နုတ်တွန်းမမည်၊ ကျောင်းမမည်၊ အဆောက်အအုံတစ်မျိုးကြီး ဖြစ်သည်။

ရှေ့ပေါက်သို့တက်ရမည့်အုတ်လှေကားထစ်များအရင်းသို့ရောက်သောအခါ လုလင်သည်မြင်းပေါ်မှအသာဆင်းလိုက်၏။ သူကိုယ်တိုင်ပင် အလင်းရောင်အောက်သို့ ရောက်နေသည်၊ အကာလည၌ အခါတွင် စိမ်းရွှဲ့သောဒေသဝယ် အလင်းရောင်အောက်၌ ထင်ထင်ရှားရှား နေပြလျှင်ကား အကယ်၍ အန္တရာယ်သည် တစ်နေရာရာမှ ချောင်းမြောင်းကာယ်စောင့်နေသည်ဆိုသော် အန္တရာယ်၏လက်ရင်းတွင် လည်စင်းပေးသကဲ့သို့ ရှိချိမ့်မည်၊



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်ပင် လုလင်သည် မြင်းဇက်ကိုဆွဲ၍ အဆောက်အအုံဝေါး မှောင်ရိပ်သို့ဝင်လိုက်သည်၊ တိုက်ကြီးမှာအရှေ့တွင်အလယ်ပေါက်ကြီးတစ်ခု သာရှိ၍ တံခါးရွက်များ တပ်ဆင်မထားချေ။ သုသာန်ဇရပ်ကြီးများလား၊ မဟုတ်နိုင်ချေ၊ ဂူများသည်ဟောင်းနွမ်း၍ရှေးကျလှသည်၊ ဤတိုက်ကြီးကား သစ်လွင်၍ လတ်ဆတ်နေ၏။

လုလင်သည် အဆောက်အအုံ၏ နောက်ဘက်အထိ အပြင်မှပတ်၍ ရစ်ကွေ့ခဲ့သည်၊ ဘေးဘက်တွင် ပြတင်းလေသာ စသည့်အပေါက်များ တစ်ပေါက်မျှမရှိချေ၊ နောက်ဘက်အလယ်နားတွင်ကား အပေါက်ပိုင်းကလေး သုံးခုတန်းလျက်ရှိ၏၊ သို့သော်ခေါင်မိုးနားတပ်လှသဖြင့်အလင်းရောင်ပေါက် ထက် လေပေါက်သာ ဖြစ်ဖို့များလေသည်၊ ထိုအပေါက်များအတွင်းမှ မည်သည့် အလင်းရောင်မျှ ထိုးပြူထွက်ပေါ်နေခြင်းမရှိ၊ အပေါက်ပိုင်းငယ်များ သည် ပိန်းပိတ်သား မှောင်နေသည်၊

တိုက်ကြီး၏အနောက်ဘက် တော်တော်လှမ်းလှမ်းတွင် တောအုပ်ငယ် ရှိသည်၊ တိုက်ကြီး၏အနီးအပါးတွင်ကားမြက်နုမြက်ရိုင်းများ ရှိ၏၊ ထို့ကြောင့် ပင် လုလင်သည် အနားက ဆီးပင်တွင် မြင်းကို ချည်ခဲ့၏၊ မိုးပျံသည်လည်း ဆာလောင်နေပြီဖြစ်သည့်အလျောက် မြက်များကို စားနေလေသည်၊

လုလင်သည် တစ်ပတ်ပြည့်အောင်ပတ်၍ အရှေ့ဘက်သို့ပြန်၍ရောက် လာလေ၏၊ သေချာပေပြီ၊ ဤတိုက်ကြီးကား ဝင်ပေါက်တစ်ပေါက်တည်းသာ ရှိ၏၊ အပြင်ဘက်မှ ဝင်ပေါက်သည် အတွင်းဘက်က ထွက်ပေါက်ဖြစ်ပေရာ လုလင်သည် စိတ်တင်းလိုက်သလို အံကို တစ်ချက်ကြိတ်၏၊ ပြီးနောက် ကျောတွင် လွယ်ထားသော ဓားလွယ်ကိုဖြုတ်ကာ ခါးတွင်ပြန်၍ခါးစည်းကြိုး တွင် စည်းနှောင်လွယ်လိုက်သည်၊

အပေါက်ဆီသို့ တစ်ချက်စူးစိုက်ကြည့်ပြီးနောက် ဓားရိုးပေါ်သို့ လက်ျာ လက်ကိုတင်ကာ လှေကားထစ်များပေါ်သို့တစ်ထစ်ချင်း တက်ရောက်လာခဲ့ ၏၊ မျက်စိများကိုလည်း မျက်တောင်မခတ် ဖွင့်ထားသည်နှင့်အမျှ နားတို့ကို လည်း သတိနှင့် စွင့်ထားသည်၊ အံကိုကြိတ်၍တက်လာသည်ဖြစ်သော်ငြား



လည်း တောကြောင်တို့၏ပေါ့ပါးခြင်းမျိုးဖြင့် ခြေသံတစ်စိုးတစ်စိမျှ ထွက်ပေါ်လာ ခြင်းမရှိချေ၊

တစ်ထစ်ပြီးတစ်ထစ် တက်လာသည်နှင့်အမျှ အဆောက်အအုံကြီး၏ ကြမ်းပြင်မှာလည်း တရွေ့ရွေ့ နိမ့်၍ နိမ့်၍ ဆင်းလာသည်၊ ဝင်ပေါက်၏တစ် ဖက်တစ်ချက်တွင် တိုင်ကြီးများ တန်းစီနေသည်၊ အရှေ့မှ အနောက်သို့ တစ် ဖက်လျှင် လူတစ်ဖက်စာမျှ တိုင်ကြီးများ သုံးတိုင်စီ ရှိကြသည်၊ မီးတိုင်တို့မှာ တိုင်အစေ့အငပေါင် ချည်နှောင်ထားသော်လည်း စောစောကမီးသက်လေပြင်း ကြောင့် အချို့မီးတိုင်များ ငြိမ်းနေကြ၏၊ လက်ျာဘက် တိုင်တန်းမှ အလယ် တိုင်တွင်သာ မီးရှိပြီး လက်ဝဲဘက် တိုင်တန်းတွင် အဆုံးစွန်သောတိုင်တွင် ချည်ထားသော မီးတိုင်၌သာ မီးတောက်ရှိသည်၊ မီးတောက်နှစ်ခုစလုံးပင် အလျဉ်မမှန်သော လေစိမ်းကြောင့် နတ်ဝင်သည်ပဲ့ကဲ့သို့လည်းကောင်း၊ သေစာယစ်သူကဲ့သို့လည်းကောင်း ယိမ်းထိုးနေကြသည်၊ သို့ဖြင့်ပင် မည်း နက်သောတိုင်ရိပ်ကြီးများသည်လည်း မြွေလျောင် ဆန်ကောပိုင်း လှုပ်နေဘိ ၏သို့ မတည်မငြိမ် လှုပ်ရှားနေကြရပေ၏၊

အလယ်ပေါက်ကြီးမှ တည့်တည့်အဆုံးနံရံတွင် တိုင်တန်းနှစ်တန်း၏ အကြားတွင် နံရံမှ အပြင်သို့ ထွက်နေသော အခန်းတစ်ခုရှိ၏၊ ထိုအခန်း၏ တစ်ခုတည်းသော သစ်သားတံခါးရွက်များမှာ ပိတ်လျက်သား ရှိကြသည်၊

လှေကားထစ်များကုန်ဆုံး၍ကြမ်းပြင်နှင့်တစ်ပြေးညီသို့ရောက်ခဲ့သော အခါတွင် လုလင်ပျို့မှာ လွန်မင်းစွာ အံ့အားသင့်သွားရတော့သည်၊

အလယ်ဝင်ပေါက်ကြီးမှ တည့်တည့်၊ တိုင်တန်းနှစ်တန်းအကြား နေရာ တစ်လျှောက်တွင် ဝါးဖျာကြမ်းများ အပြည့်ခင်းထားသည်မှာ တစ်ဖက်ဆုံးတ ဝေါထွက်နေသော အခန်းငယ်အထိဖြစ်၏၊ အထူးထူးဆန်းသည်ကား အဆောက်အအုံ၏ အလယ်ပိုင်း၊ ဖျာကြမ်းများပေါ်တွင် ထမင်းအုပ်များ ချထား ခြင်း ဖြစ်လေသည်၊ အုပ်သုံးအုပ်၊ ထွေးခံနှင့် နီးစုက်စွပ်ထားသော မြေရေ တကောင်းတို့မှာ ဧည့်သည်တစ်ဦးအား ဧည့်ခံတော့မည့်အသွင်ဖြင့် တည်ခင်း ထားသည်၊



www.burmeseclassic.com

www.burmeseclassic.com



အသံမှာ ထင်ထင်ရှားရှား ပေါ်လွင်လာ၏။ မိန်းမတစ်ယောက်၏ ငိုညည်းသံပင် ဖြစ်တော့သည်။ လူသူကင်းရှင်း၍ တိတ်ဆိတ်လှသောဒေသ၊ အကာလ ညဉ့်အခါတွင် ရုတ်တရက် ထွက်ပေါ်လာသော မိန်းမ၏ငိုသံသည် စိတ်တို့ကို ပို၍လေးလံစေသည်။ လုလင်သည် နားကို အစွမ်းကုန် အသုံးချ၍ အသံလာရာကို မှန်းဆ၏။

လုလင်သည် အပေါက်ဝမှ အတွင်းသို့ လှမ်းဝင်ပြီး ခြေစုံရပ်လိုက်ပြန်သည်၊ ပတ်ဝန်းကျင်ကိုလှည့်၍အကဲခတ်နေ၏။ စင်စစ်တွင် အဆောက်အအုံကြီးသည် ဓမ္မာရုံ တစ်ခုကဲ့သို့ မည်သည့် ပရိဘောဂပစ္စည်းမှမရှိဘဲ လေးထောင့်အခန်းကျယ်ကြီး ဖြစ်သည်၊ ထူးခြားသည်ကတော့ သူ အပြင်က မြင်ခဲ့ပြီးသည့်အတိုင်း ဘေးပတ်ပတ်လည်တွင်ပြတင်းလေသာပေါက်တစ်ခုမျှ မရှိခြင်းပင် ဖြစ်၏။

အဆောက်အအုံကြီးသာမက လောကကြီးတစ်ခုလုံးပင်တိတ်ဆိတ်လှသည်၊ တစ်ချက်တစ်ချက်တွင်သာ အပြင်ဘက်ဆီမှ ငှက်ဆိုးအော်သံ ထွက်ပေါ်လာတတ်၏။



လုလင်သည် တစ်လှမ်းချင်း ဝင်သွားသည်၊ ဤအခုထဲတွင် အသက်ရှိသယောင်ဖြစ်နေသည်မှာ ယိမ်းယိုင်လှုပ်ရှားနေသော မီးတိုင်နှစ်ခုသာဖြစ်၏။ ထိုမီးတိုင်များသာမရှိလျှင် သူကလွဲ၍ လှုပ်ရှားသည့်အရာ တစ်စုံတစ်ခုမျှ ရှိတော့မည်မဟုတ်ချေ။

လုလင်သည်ဓားရိုးကိုလက်မလွှတ်ဘဲအုပ်ကိုင်ထားရင်းက ထမင်းအုပ်များချထားရာဆီသို့ ခြေသံမကြားအောင်နင်းလျက် တရွေ့ရွေ့ချဉ်းကပ်လာသည်၊ သက်ကမကင်းစရာ ကောင်းလောက်အောင်ပင် ဘိတ်ဆိတ်လွန်းလှသဖြင့် လုလင်ပျိုသည် ခြေလှမ်းကို တုံ့ရပ်လိုက်ပြန်သည်။ ရှေ့ဆက်လှမ်းရ ကောင်းနိုး၊ မကောင်းနိုး ချိန်ဆနေဟန်ရှိ၏၊ ဘေးဘီပတ်ဝန်းကျင်သို့ တစ်ချက် မျက်စိကို လှည့်ကစားလိုက်သည်၊ တိတ်ဆိတ်မာကျောသော အင်္ဂတေနံရံကြီးများပေါ်တွင် ယိမ်းထိုးနေကြသော တိုင်ရိပ်ကြီးများကလွဲ၍ ဘာမျှမထူးခြားချေ။ တိုင်ရိပ်ကြီးများကသာ သူ့ကို လှည့်ပတ်၍ ဖမ်းဆီးရန် ကြိုးပမ်းနေသယောင်ယောင် ထင်ရသည်၊

သူ့မျက်စိများသည် အုပ်များဆီသို့ ရောက်လာပြန်သည်၊ အတော်ပင် နီးကပ်လာပြီဖြစ်၍ စောစောက မမြင်မိသောအရာများကိုပါ မြင်လာရသည်၊ တကောင်းမှာ နှစ်လုံးယှဉ်၍ ချထားခြင်း ဖြစ်သည်၊ ထိုတကောင်းများ၏ နောက်တွင် စလောင်းချပ်ဖြင့် အုန်းသီးစိတ်၊ ငှက်ပျောဖီးနှင့် ထန်းလျက်အချို့ ခွဲကို တွေ့ရသည်၊

အုပ်များ၏အကြားသို့မျက်စိရောက်သွားသောအခါ လုလင်မှာ ထိတ်ခနဲ ဖြစ်သွားရသည်၊ ဆံပင်မွေးညင်းများ ထောင်ထလာ၏။ ဓားရိုးကို ကိုင်ထားသောလက်သည်လည်း တင်းကျပ်သွားရ၏။

အဘယ်ကြောင့်ဆိုသော် သူမြင်နေရသည်ကား အုပ်သုံးခု၏အလယ်တွင် အဖြူညစ်ရောင်ကိုဆောင်၍ မျက်တွင်းဟောက်ကြီးများ၊ ဖြီးနေသော သွားကြီးများနှင့် လူ့ခေါင်းခွံကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်တော့သည်၊

www.burmeseclassic.com

လုလင်သည် အသက်ကို မှန်မှန်ရှူ၍ သတိကို ပြန်၍ထိန်းလိုက်မှ ထိတ်စနဲ့ဖြစ်သွားသောစိတ်သည် ပြေသွားသည်။ ထိုအခါတွင် သူ့မျက်နှာမှာ ပြုံးယောင်သန်းလာ၏။

“မောင်မင်းက သေပြီး မင့်ဟာ စားနိုင်တော့မှာ မဟုတ်တော့ပြီပ။ သည်တော့ - မသေသေးတဲ့ ငါတို့ဟာ စားဖို့လိုသေးသပ”

ဦးခေါင်းခွံကြီးကို နှစ်ကိုယ်ကြား ပြောလိုက်ကာ လုလင်သည် အုပ်များကိုဖွင့်ကြည့်သည်။ ပထမအုပ်ထဲတွင် အံမပါကြက်ပေါင်ကြော်၊ ဝက်ပေါင်ကျပ်တင်နှင့် ငါးကြော်ကြီးနှစ်ကောင်ကို တွေ့ရသည်။ ဒုတိယအုပ်တွင် ပဲကြီးဟင်းကို တွေ့ရ၏။ တတိယအုပ်ကို ဖွင့်လိုက်သောအခါတွင်ကား အံအလွတ်ကို တွေ့ရသည်။ လက်ဝဲလက်ဖြင့် အံကို ဖယ်လိုက်သောအခါတွင် ဝမ်းထဲ၌ ထမင်းများ တွေ့ရသည်။

အစားအစာများကို တွေ့ရမှ ဝမ်းထဲက လှုပ်ရှားဆာလောင်လာသည်။ လက်တွေ၊ ဘာတွေဆေး၍ စားသောက်လိုက်မည်ကြံကာ အံကိုပြန်ထည့်၍ အဖုံးကိုဖုံးမည်ကြံ၏။ သို့သော် အချိန်အဆ လွဲချော်၍ လက်ဝဲလက်မှအံသည် လက်ျာလက်က ကိုင်ထားသော အုပ်အဖုံးစွန်းနှင့် တိုက်စတ်မိရာ အံသည် လက်ထဲမှ လွတ်၍ကျ၏။

အံလွတ်ကျသံမှာ သာမန်အားဖြင့် မဖြစ်စလောက် ဖြစ်သော်လည်း ဤမျှ တိတ်ဆိတ်နေသောဒေသတွင်ကား ကျယ်လောင်လှပေတော့သည်။

လုလင်မှာ သူခိုးလူမိသလိုဖြစ်သွားကာ မျက်လုံးများပြူး၍ ရင်ထဲတွင် ဒိတ်စနဲ့ဖြစ်သွားသည်။ ပတ်ဝန်းကျင်ကိုလည်း သတိနှင့် နားစွင့်လိုက်၏။

တစ်စုံတစ်ခုသောအသံကိုကြားရသလို ထင်မိကာ ဆံပင်မွေးညင်းများ ထောင်သွားရပြန်သည်။ ဓားရိုးကို လက်ဖြင့် အုပ်ကိုင်ကာ မတ်တတ်ပြန်ထသည်။

အသံမှာ ထင်ထင်ရှားရှားပေါ်လွင်လာ၏။ မိန်းမတစ်ယောက်၏ ငိုညည်းသံပင်ဖြစ်တော့သည်။ လူသူကင်းရှင်း၍ တိတ်ဆိတ်လှသောဒေသအကာလ ညဉ့်အခါတွင် ရုတ်တရက် ထွက်ပေါ်လာသော မိန်းမ၏ငိုသံသည် စိတ်တို့ကို ဗိုး၍လေးလံစေသည်။

လုလင်သည် နားကို အစွမ်းကုန် အသုံးချကာ အသံလာရာကို မှန်းဆ၏။ အသံသည် ကားသစ်သားတံခါးပိတ်ထားသော အခန်းငယ်ထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူသည် ခြေသံမကြားအောင်ပင် ဖော့နင်း၍ အခန်းတံခါးရွက်နား ကပ်လိုက်၏။

အထဲကအသံသည် ပို၍ကျယ်လာသည်။ ဆွဲငင်၍ ငိုကြွေးနေချေ၏။

“ဟော့ - မယ်မင်း - အသူတုံး၊ ဘောက်မဲ့ကြောင့် ငိုကြွေးနေရပါစ့်”

အထဲကအသံသည် တိတ်သွား၏။ ဆွဲငင်၍ တအီအီ ငိုကြွေးသံသည် ရုတ်ခြည်း တိတ်ဆိတ်သွားသည်။

“မယ်မင်း - ထွက်ခဲ့အုံး၊ အနို့မဟုတ် - ငါ ဝင်ခဲ့ရအုံ့ဟုပါဘိ”

အထဲမှ မိန်းမတစ်ဦး၏စကားသံသည် ပီပီသသ တုံ့ပြန်ခဲ့၏။

“ရှင်က အသူတုံး”

“မမေးပါနဲ့လေ - ကျူပ်ဟာ သူစိမ်းသူရှံ့မို့ မယ်မင်းမသိ၊ မယ်မင်း - အသူဖြစ်စုံ ဟူတာသာ ဖြေဘိ”

“အတို့ကျွန် - ဘီးလူးစာပါ၊ မောင်ကြီးယောက်ျားရင့်မာဟူသော် ကယ်ယူပါဘိ၊ မယားသိမ်ပင် ဖြစ်ရပါစေ - ရာသက်ပန်ပြုစုပ - ဟုတ်တာ”

လုလင်သည် တွေသွားမိ၏။ သူ့နားကို သူ မယုံသလိုလည်း ဖြစ်မိသည်။ အတွင်းမှအသံသည် တရှိုက်ရှိုက် ငိုကြွေးနေပြန်၏။

“မယ်မင်း - စိတ်မငြိမ်ငါ ထင်တယ်၊ ခြေခြေလက်လက် ပြောဖို့ဂှာ ထွက်ခဲ့ပါဘိ”

“သံကောက် မဖြုတ်ဘဲ အတို့ကျွန် အသို့ထွက်ရ…”

သူ့ပြောမှ လုလင် သတိပြုမိသည်။ ဟုတ်ပါပေ၏။ တံခါးရွက်နှစ်ချပ်ကို သံတွင်းတစ်၍ သံကောက်လျှိုထား၏။ အပြင်ကဖွင့်မှရမည့်တံခါးရွက်များသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လုလင်သည် လက်ဝဲခြေကို ဆုတ်ကာ ကိုယ်ကို တစောင်းထား၍ လက်ျာ လက်က ဓားရိုးကို အုပ်ကိုင်ထားလျက်ပင် လက်ဝဲလက်ဖြင့် သံကောက်ကို ဆွဲဖြုတ်၏။

"သံကောက်ငင်ပြီပ - ထွက်ခဲ့ဘိ"

တံခါးရွက်တစ်ဖက်သည် အတွင်းဘက်သို့ ပွင့်သွားပြီး အတွင်းမှ မိန်းမငယ်တစ်ဦးသည် ထွက်ပေါ်လာလေ၏။ လုလင်မှာ လုံမငယ်ကို မျက်စိမလွှဲနိုင်ဖြစ်သွားရသည်။ ဖြူဖွေးလှပသော မျက်နှာဝန်းပေါ်တွင် နက်မှောင်သော မျက်ခုံးများသည် ထင်ရှားလှ၏။ မျက်ရည်စများဖြင့် တလက်လက်ဖြစ်နေသော မျက်နက်ဝန်းကလေးသည် လုလင်၏နှလုံးသားကို ဆွဲငင်ချေမှုန်း၏။ ဤလှပသော လုံမငယ်သည် မယားငယ်ပဲ ဖြစ်ရပါစေ - ကိုယ်ကို ပုံ၍လိုက်ခဲ့ပါမည်ဟု ဆိုလတ်၏။ ဤအဆောက်အအုံထဲဝယ် မည်သို့သောအန္တရာယ်နှင့် ကြုံနေရသည်မို့လဲဟု လုလင်က တွေး၍တသနေမိသည်။

"မယ်မင်း - လှပနိုင်ပါဘိ"

"လှပသူမို့ အန္တရာယ်ဝင်တာပ"

"မဆီဆိုင်ပါတကား - နှမငယ်၊ လှပသူဟူတာ ဖူးစာရှင် အမြန်ရစွ ဟုတ်တာ"

"အတို့ကျွန်လည်း ငယ်ငယ်နဲ့ ဖူးစာရှင် ကြိမ်ရပြီကော။ အတို့ကျွန်ရဲ့ ဖူးစာရှင်ဟာ သေမင်းပါတကား"

"ဟယ် - ပလေပတာစကားတွေ ဟူရအံ့လား"

"မဟုတ် - ကိုရင်၊ မြဲတဲ့စကားပါ။ ထိန်တုံးရွာမှာ မလုချင်နဲ့ လုသူဟာ ငနက်ကျောကောက်ကြီး လုပ်တိုင်းကို စောစောဝင်ရတယ် ဟူတာ မကြားဘူးရှာသလား - မောင်ကြီးရယ်"

လုလင်သည် စိတ်ရှုပ်သလို မျက်မှောင်ကို ကုတ်၍ ဦးခေါင်းကို ခါယမ်း၏။



"မယ်မင်းစကားတွေ ခြေလက်မဲ့လှပါဘိ၊ ကျုပ် ဒီမှာ သူစိမ်းပြင်ပြင်ပါ၊ လမ်းမှားလာတဲ့ ခရီးသည်ပေပ။ ထိန်တုံးရွာလည်း ငါမသိ၊ အဲ့သည်ရွာစကားကို ဘသို့ကြားဖူးမှာ ဖြစ်ပါစုံ၊ ငနက်ကျောဟူတာ ဟဲ့ - ခေါင်းခွံလား"

လုံမပျိုက ဦးခေါင်းကို ခါယမ်း၏။

"မဟုတ် - မောင်ကြီး - မဟုတ်၊ ခေါင်းခွံက သူ့ရဲ့ထွေတော်ပေပ"

"ကဲ - ထိုင်ပြီး ခြေခြေလက်လက် ပြောပါဘိ"

လုလင်သည် လုံမငယ်ကို လက်နှစ်ဖက်ဆွဲ၍ ထိုင်နိုင်း၏။ အပေါက်ဝအထွက်က ဖျာတွေပေါ်တွင်သာ ထိုင်ချလိုက်ကြသည်။ လုံမငယ်သည် ကျားရေခြုံထားသော လုလင်ကို သေသေချာချာကြည့်သည်။ ပြီးတော့ - လုလင်၏ ခါးမှ ဓားလွယ်ကို ရွရွကလေး ကိုင်ကြည့်၏။ တစ်ဖန် သူ့လက်နုနုကလေးများက လုလင်၏ တုတ်ခိုင်ဖြိုးသောလက်ဖျံကြီးများပေါ်တင်၍ ဆုပ်နယ်သည်။

"အားကိုးလောက်မှာပါပဲလေ၊ မယားသိမ်ဖြစ်ရပါစေ၊ တစ်ပါတည်း ဆောင်ကျဉ်းသွားပါဘိ - မောင်ကြီးရယ်၊ အိုခွေမှာ မောင်ကြီးဆယ်တဲ့ အသက်ပဲ ရှိတော့မှာပါ။ ငနက်ကျောလက်ထဲတော့ မထားရစ်ပါလင့်"

"လာပြန်ပ - သည်ငနက်ကျော၊ ကိုင်း - နှမငယ်အတွက် ငနက်ကျော အန္တရာယ်ကိုကျုပ်ရင်ဆိုင်မယ်၊ အဲသည်ငနက်ကျောဟာ ဘာကောင်ဟူတာ သာ အမြန်ဟူပါဘိ"

အိုခွေသည် ပြုံးစနဲ့နဲ့ ဖြစ်လာ၍ ကျားရေပေါ် လက်ဝါးနုနုကလေး တင်ကာ ပွတ်သပ်ကစားလိုက်သည်။

"မောင်ကြီးအနည်"

"အနည်မဟုတ် - ကျုပ်နာမည် သွေယ်ပေပဲပ"

အိုခွေသည် ပြုံးပြန်သည်။

"ဩ - ဩ - မောင်ကြီးသွေယ်၊ ဟုတ်ဟုတ်ကြားကြား နားဆင်ဘိ၊ အတို့ကျွန် - ခြေခြေလက်လက် ပြောကြားပုံ၊ အနို့ - သူငယ်အိပ်ဆိတ် ကြလတ်တွန် လုပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"သူငယ်အိပ်ဆိတ်ကြက်ဟာ ညဉ့်တပပဟိုရ်လောက်မှတွန်တာ၊ ထမင်းအိုးနစ်လုံးချက်လောက် လိုဦးမှာပ"

"အတို့ကျွန်တို့က တောသူမို့ ပဟိုရ်မခန့်ရင် တတ်ပါ၊ ကြက်သံပဲ ကျွမ်းပါတယ်ရှင့်၊ သူငယ်အိပ်ဆိတ်ကြက်တွန်ရင် ငနက်ကျော လာမယ်ပ"

"ငနက်ကျောဟူတာ အသူလဲ"

"မြေဖုတ်ဘီလူးပေပဲပ"

သွေယ်သည် သူ့နှားကိုသူ မယုံနိုင်အောင် ဖြစ်ရသည်၊ သူ အသက်နှစ်ဆယ် ကျော်ခဲ့ပြီ၊ သို့သော် မြေဖုတ်ဘီလူးကို မမြင်ဘူးခဲ့ချေ။

"မြေဖုတ်ဘီလူးက ဘောက်မဲ့ကြောင့် လာမှာဖြစ်ပါစ့်"

"ခြေခြေလက်လက်ပြောမှ ဖြစ်မှာပလေ၊ ကုန်ခဲ့တဲ့တန်ခူးလက လုပ်ဘိုင်းဟောင်းနားမှာ ငနက်ကျောကို ရွာသားနှစ်ယောက် တွေ့ခဲ့ကြတယ်၊ ငနက်ကျောက ခေါင်းခွံကြီးကိုပိုက်လို့ စကားပြောသတဲ့၊ သူ့ကို သုံးလတစ်ကြိမ် ရွာထဲက လှပချောမွေ့တဲ့ လုံမပျိုတွေ ဆက်ရမယ်တဲ့၊ ရွာသားတွေ ပြန်ပြောတော့ ကာလန်ကြီး ဦးမြေရှု(မဍ္ဍူ)က မယုံသပ၊ အနို့ပေမဲ့ - ရွာထဲက ကလေးတွေ အလန့်အထိတ်များတယ်၊ နှစ်ရက်လောက်မှာ ဦးမြေရှုရဲ့ ပယ်မယား အိပ်ရာထဲမှာ လွန်နေပါရော"

"မာမာချာချာရှိလျက်နဲ့ လွန်တာလား"

"မဟုတ် - မီးယပ်ရောဂါနဲ့ အိပ်ရာထဲ လဲခဲ့တာ သုံးခါလည် ကျော်ပြီပ၊ အနို့ပေမဲ့ - သေတော့ ဝမ်းဟက်တက်ကွဲပြီး အူတွေ၊ အသည်းတွေ ပြန့်ကြဲထွက်နေတယ်"

သွေယ်၏မျက်စိများမှာ တလက်လက်တောက်၍စိတ်ပါဝင်စားလာ၏၊ အိုခွေ၏ လှပသောမျက်နှာလေးကို မျက်တောင်မခတ်ကြည့်ရင်း နားစိုက်ထောင်သည်၊ ဤသို့ သွေယ်က စိတ်ပါဝင်စားသဖြင့် အိုခွေမှာ အပြောပို၍ အားရှိလာရပုံ ပေါ်လာသည်၊

"ကာလန်ကြီးဦးမြေရှုမှာ သိပ်ခင်တဲ့ဆရာကြီးဦးငယ်သင်ဟူတာ ရှိလတ်သေးတယ်၊ ဦးငယ်သင်က နလင်ကျော်တွေကို ဓားရေး၊ လှံရေး သင်ပေး



သသူဖြစ်တယ်၊ ဆရာကြီးဦးငယ်သင်က ဟိုအနောက်ဘက် ကုန်းပေါ်က ပုထိုးဟောင်းမှာ ပုတီးစိပ်တတ်တယ်၊ ညဉ့်စဉ်လာတယ်၊ သန်းခေါင်လောက်မှ အိမ်ပြန်တာ"

အိုခွေသည် အဆောက်အအုံကြီးနောက်ဘက်ဆီသို့ လက်ညှိုးညွှန်၍ ပြောသော်လည်း ပုထိုးဟောင်းကို တကယ်တော့ မြင်နိုင်စွမ်းမရှိပါ၊ ခပ်လှမ်းလှမ်း တောအုပ်ထဲက ကမ္ဘူကလေးပေါ်တွင် ရှိပုံရသည်၊

"ဆိုပါဦး - ဆရာကြီး ဦးငယ်သင်နဲ့အမှုက ပတ်သက်ပါစ့်"

"ပတ်သက်လှစွရှင့်၊ တစ်ညဉ့်မှာ ငနက်တျော ရောက်လာပြီး အပျိုစင်ဆက်ဖို့ အစီအရင်တွေပြောပြီး ထွေတော်ချတယ်ဟူပြီး ခေါင်းခွံကြီးကို ပေးသွားတယ်၊ ဆရာကြီး ဦးငယ်သင်က ကာလန်ကြီးကို ပြန်ပြောတယ်၊ ဦးမြေရှုလည်း ရွာလူကြီးသူမတွေနဲ့ တိုင်ပင်ပြီး ရွာမနာအောင် သည်ကုလားကျောင်းဆောက်ပြီး သုံးလတစ်ခါ အပျိုစင် ဆက်ရတာပ၊ အဝို့ကျွန်ပါနဲ့ဟူရင် သုံးဦးပြည့်ပြီပ"

"ငနက်ကျောက အပျိုစင်တွေကို ဘာလုပ်ပါစ့်၊ အသည်း၊ အအူ နှုတ်စားပါစ့်"

"ထမင်းပွဲရှိမင့် အသည်း၊ အအူတော့ စားမယ်မထင်လတ်ဘူး၊ တစ်ညလုံး ပျော်ပါးတာ ဖြစ်မှာပ"

"အရင်လုံမတွေ ဘာပြန်ပြောသလဲ"

"မပြောနိုင်လတ်သေး - မိုးသောက်ရင် ရင်ခွဲပြီး အသည်း၊ အအူတွေ ပြန့်ကြဲသေနေကြရော၊ ရွာက အလောင်းလာသယ်ရတာပ"

သွေယ်သည် နှုတ်ခမ်းကိုကိုက်၍ တွေသွားမိ၏၊ ထိုနောက် တစ်စုံတစ်ခုကို စဉ်းစားမိသလိုနှင့် အိုခွေဘက် လှည့်၍မေးသည်၊

"အရင်လုံမက ဘယ်လက ဆက်ခဲ့ရလတ်ပါစ့်"

"ဝါဆိုက"



www.burmeseclassic.com

www.burmeseclassic.com

“ဟင် - သီတင်းကျွတ်မှ သုံးလပြည့်မှာပ”

“ဩ - ဩ - အနိဖေမဲ့ - ဦးငယ်သင်ကိုကိုယ်ထင်ပြီးအတောင်းခံပြန်လို့ ထပ်ဆက်ရတာပ၊ ကလန်ကြီး ဦးမြေဖူက ဒါကို မနစ်မြိုက်ပါဘူး၊ အနိဖေမဲ့ ရွာသားတွေက သိပ်ကြောက်နေကြတယ်၊ ဒါနဲ့ - သတို့သမီးငယ် ဆက်ရသသူကို ဦးမြေဖူကပဲ ငွေကျပ်သားငါးရာ ပေးနင်းပါတယ်”

“သူ့ငွေထဲကလား”

“ပထမ တစ်ဦးတော့ သူ့ငွေထဲကပ၊ နောက်ကျတော့ သူ့အိမ်မှာ လုံမငယ် ဆက်ခါနီးရင် ရွှေလက်စွပ်၊ ရွှေလက်ကောက်တွေ အလိုလို ရောက်လာတယ် ဟူသပ၊ ဒါကို ရောင်းချပြီး ပေးတာပါ”

“လုံမတွေကို စာရေးတံ နှိုက်သလား”

“ကလန်ကြီးက ဒီသဘော ပြောပါတယ်၊ အနိဖေမဲ့ - အတို့ကျွန်ရဲ့မိတွေ စကားကို အဖက နားဝင်ပြီး အတို့ကျွန်ကို အထည့်လွှတ်တာပါ၊ ငွေငါးရာကို သမီးရင်းထက် နစ်သက်တာပလေ”

သွေ့ယ်သည် အိုခွေကို ငေးစိုက်ကြည့်၏၊

“ကုသိုလ်ကြီးပေတာပ၊ မိဘကို အသက်နဲ့ ရင်းနီးလုပ်ကျွေးတဲ့လုံမပေပဲ”

အိုခွေသည် သွေ့ယ်ကို မျက်စောင်းထိုးလိုက်၏၊

“မိဘကို မလုပ်ကျွေးရရင် ရှိပါစေတော့၊ မောင်ကြီး - ကယ်ယူပါ”

“မယားသိမ်ဖြစ်ရုံမစိုးဘူးလား”

“မောင်းမပဲ ဖြစ်ပါရစေ၊ မောင်ကြီးကယ်ရင် မောင်ကြီး ပိုင်ပြီကော၊ နေက်ကျောနဲ့ ညားပြီးမှ သေမင်းရင်ခွင်ထဲ မဝင်ပါရစေလင့်”

သွေ့ယ်သည် အိုခွေ၏မေးဖျားလေးကို လက်ဖြင့် ပင့်၏၊ အိုခွေသည် ပါးကလေးကို အလိုက်သင့် မော့ပေးသည်၊



“နမငယ် - မောင်ကြီးအသက်စွန့်ပြီး ကယ်ပုံ၊ အနိ့ပေမယ့် - မယ်မင်းကို တော့ မဆောင်သွားဘူး၊ မယ်မင်း - မိဘတွေလက်မှာ ထားရစ်ပါ့မယ်၊ ကျူးတယ်တာ မယ်မင်းတို့ရွာသူရွာသားအားလုံးအတွက်ပါ”

အိုခွေသည် နှုတ်ခမ်းစူ၍ ခေါင်းငုံ့လိုက်သည်၊

“ကောင်းပြီပရှင် - လုပ်တိုင်းကိုပို့တာ နေက်ကျောတစ်ယောက်ထဲကမှ ပိုနိုင်တာမဟုတ်တာ”

“အိုခွေ - ဘာစကားဟူစ”

“ကိုင်း - အရှိန်နည်းပြီ၊ အခန်းထဲက ဝင်စောင့်ပ၊ နေက်ကျောလာလတ်တော့မယ်”

အိုခွေက တွန်းပို့၍ သွေ့ယ်သည် မှောင်မိုက်သောအခန်းထဲသို့ ဝင်ရတော့သည်၊ ထိုနောက် အိုခွေက ဝက်ပေါင်တစ်ပေါင်၊ ငါးကြော်တစ်ကောင်နှင့် ငှက်ပျောသီးငါးလုံး လာပေးပြီး တံခါးရွက်ကို အပြင်မှ စေ့ထားလိုက်လေသည်၊

သွေ့ယ်သည် မှောင်ထဲတွင် စမ်းသပ်ကြည့်ရာ နဂါးယောက်အိပ်ကွပ်ပျစ် တစ်ခုကို စမ်းမိ၏၊ လဲသွပ်ခင်းနီးဖြင့် လဲခေါင်းအုံးနှင့် ဖြစ်သည်၊ လှူပြည်လာ၍ မင်းမူပြီး စည်းစိမ်ယူနေသည့် မြေဖုတ်ဘီလူးနေက်ကျောအကြောင်းကို တွေးမိ၍ ပြုံးမိသည်၊


ထိုနောက် သူသည် ကြမ်းပြင်ပေါ်တွင် ထိုင်၏၊ အရေးပေါ်မှ ဓားကိုချွတ် လျှင်အသံမြည်တတ်သည်ဖြစ်သဖြင့် ယခုကပင် ဓားအိမ်ချွတ်၍ ဓားလွတ်ကို ဘေးတွင် ချထားသည်၊ ပြီးတော့ - ဆာလောင်မွတ်သိပ်နေသောဝမ်းကို ပလုတ်ပလောင်းစား၍ ဖြည့်ရင်က ဘေးပတ်ပတ်လည်သို့ မျက်စိကစားနေ၏၊ သူ့စောစောက နောက်ဘက်သို့ ပတ်ခဲ့စဉ်က မြင်ခဲ့ရသော လေပေါက်များမှာ ဤအခန်းငယ်ထဲမှ အပေါက်များ ဖြစ်လေသည်၊



www.burmeseclassic.com

အချိန်ကာလသည် ပျော်နေသူတွေကိုလည်းမြင်၏၊ ပူဆွေးနေသူတွေကိုလည်းမြင်၏၊ ရင်တမမဖြစ်နေသူတွေကိုလည်းမြင်၏၊ သို့သော် မည်သူ့ကိုမျှ ရပ်တန့်ငေးမောကြည့်နေခြင်း မပြုပေ၊ သူ့ခရီးသာ သူ တွင်တွင်နှင်လေရာ မကြာမီပင် သူငယ်အိပ်ဆိတ်ကြက်တွန်ချိန်ဟု ကျေးလက်ဒေသများတွင် ခေါ်၍ ပေါရာဏကျမ်းပြည်တော်တွင် ညဥ့်ပဟိုရ်များ၏ ပထမဆုံးသော ပဟိုတီးချိန်သို့ ရောက်ရှိခဲ့လေတော့သည်၊ ယခုခေတ် စက်နာရီအားဖြင့်သော်ကား ညဥ့်ကိုးနာရီပင်တည်း။

"ရော - လုံမငယ်၊ သူရဲဘောကြီးလှချည့် - ဟား - ဟား"






အသံကြီးတစ်ခုသည် ထွက်ပေါ်လာလေ၏။ သွေယ်၏စိတ်ထဲတွင် ထိုအသံမှာ မူလအသံ မဟုတ်ဘဲ တမင်သက်သက် ဖျက်၍ ဩထားသော အသံဟု ထင်မှတ်နေ၏၊ သူသည် ဓားလွတ်ကိုကိုင်ကာ တံခါးရွက်ကြားမှ ချောင်းကြည့်သည်၊

တစ်ကိုယ်လုံးနက်မှောင်နေ၏၊ သို့ကြောင့်ပင် နက်ကျောဟု တွင်ပုံရသည်၊ မဲပြာပုဆိုးကို တစ်ကိုယ်လုံး လွှမ်းခြုံပတ်ထားသည်၊ ဦးခေါင်းတစ်ခုလုံးကိုလည်း လွှမ်းခြုံထားသည်၊ မျက်လုံးပေါက်နှင့် ပါးစပ်ပေါက်သာ ရှိသည်၊

"သင်းတို့က ဘောက်မဲ့ကြောင့် ကြည်းလျှိုတံခါးထဲ မထည့်ရစ်တယ် မသိ၊ အခန့်မသင့်လို့ လုံမငယ်သာ ထွက်ပြေးရင် တစ်ရွာလုံး ကြေကရောပ"

နက်ကျောသည် ရွာသားတွေကို ရည်စူး၍ ကြိမ်းမောင်းနေ၏၊ သွေယ်၏မျက်စိထဲတွင် နက်ကျောတစ်ကိုယ်လုံးတွင် လူ့လောကမှ ပစ္စည်းတွေကိုသာ တွေ့နေရသည်၊ မြေဖုတ်ဘီလူးဟု ဆိုလောက်ရော ဘာကိုမျှမတွေ့ရ၊

သို့သော် အိုးခွေမှာ ကြောက်ပုံတော့ ရသည်၊ အခန်းတွင်းက သွေယ်အားကိုးနှင့်သာ နက်ကျောကို စောင့်လင့်နေ၏၊ လုံမငယ်သည် နက်ကျောကို ထမင်းဟင်း တည်ခင်းကျွေးသည်၊

သွေယ်ကား အချိန်တန်အောင် စောင့်ဆိုင်းနေရသည်၊ အသက်ကိုပင် ပြင်းပြင်းမရှူဝံ့၊ မျက်စိများကို မလွှဲဖယ်ဘဲ အပြင်သို့ ကြည့်နေရသည်၊ တကောင်းတစ်ခုမှာ သေရည်များဖြစ်၍ နက်ကျောသည် သေရည်ကို သောက်ပြီးသော် အိုးခွေကို လက်ဆွဲခေါ်တော့၏၊

"လုံမငယ် သုံးဦးမှာ မယ်မင်းအလှဆုံးပဲ၊ နက်ဖြန်မနက်မှာ မယ်မင်းကို ဘီလူးလောကထဲ ခေါ်ဆောင်ကျဉ်းပြီး ဇါ့မိဖုရားကြီး ဖြစ်ရစေမယ်"

ပုဆိုးခြုံကြားမှ လက်တစ်ဖက်သည် အိုးခွေကို ဆွဲ၍ခေါ်သည်၊ အိုးခွေသည် မနှစ်လိုဟန်နှင့် ရုန်း၏၊ ထိုအခါ နက်ကျောသည် အားစိုက်၍ဆွဲသည်၊ ယောကျ်ားနှင့် မိန်းမသားအားဖြစ်သဖြင့် ကြမ်းပေါ်တွင် ဒရွတ်ပါလာသည်၊



www.burmeseclassic.com

www.burmeseclassic.com

နေက်ကျော၏လက်ျာလက်သည် ပုဆိုးခြုံထဲမှ ထွက်လာပြန်၏။ တံခါးရွက်တစ်ချပ်ကို အတွင်းသို့ တွန်း၍ဖွင့်နေသည်။

အခန်းတွင်းမှ လျှပ်စစ်လက်လိုက်သလို ပြက်ခနဲ ဖြစ်သွား၏။

"အား …" ကျယ်လောင်သောအသံနက်ကြီးနှင့် အော်လိုက်ကာ နေက်ကျောသည် ရှာခနဲ လှည့်၍ပြေးလေ၏။ သွေယ်သည်လည်းအချိန်မဖြုန်းဘဲ တံတောင်ဆစ်လောက်ဆီမှ ပြတ်ကျရစ်၍ တလွန့်လွန့်လူးနေသော လက်ပြတ်ကြီးကို ခုန်ကျော်ကာ ဓားလွတ်ကို ကိုင်လျက်ကပင် နေက်ကျော၏ အနောက်မှ ပြေးလိုက်သည်။ သတိရှိစွာနှင့်ပင် သူသည် မီးတိုင်တစ်တိုင်ကို ဆွဲဖြုတ်လာခဲ့၏။

ရှေ့က မည်းမည်းရိပ်သည် တရိပ်ရိပ် ပြေးနေ၏။ နောက်မှ သွေယ်သည် လက်ဝဲလက်က မီးတိုင်၊ လက်ျာလက်က ဓားလွတ်တို ကိုင်ကာ ပြေးလိုက်ခဲ့သည်။ သူ့တွင် ကျားရေနှင့် မြင်းခင်းနီးများ ဖြေချွတ်ထားခဲ့ပြီး ခါးတောင်းကျိုက်ပြီးသား ဖြစ်၏။

နေက်ကျောသည် သချိုင်းဂူဟောင်းတစ်ခုနားသို့ ခပ်ကုတ်ကုတ် ပြေးကပ်သွားပြီး ပျောက်ကွယ်သွားလေ၏။ သွေယ်သည် မီးတိုင်ကို မြှောက်ကိုင်ရင်း ခပ်လှမ်းလှမ်းမှ မကျေမနပ် ရပ်ကြည့်နေသည်။ ချုံငယ်တွေ ရှိသည်ကတော့ မှန်၏။ သို့သော် ခြေသလုံးတစ်ဝက်လောက် မြုပ်ရုံသာရှိ၍ လူမပုန်းလောက်ချေ။

သွေယ်သည် မီးကိုင်ထားသောလက်ဝဲလက်သို့ မြှောက်၍တစ်လှမ်းတိုးလိုက်၏။ ဂူဟောင်း၏ အရင်းနားက သစ်ပင်မြက်ပင်ငယ်များမှာ သွေးတွေ စွန်းထင်းနေသည်။ သို့သော် နေက်ကျော၏အရိပ်အယောင်ကိုကား မမြင်ရချေ။



သွေယ်သည် ရပ်၍ငိုင်နေစဉ် ညည်းသံ ထွက်ပေါ်လာသည်။ ထိုနောက် မသဲကွဲသော အော်ဟစ်သံတစ်ချက် ကြားရ၏။ အသံမှာ ဟောင်ပိတ်ထားသော အခန်းထဲတွင် အော်သည့်အသံမျိုး ဖြစ်၏။

ရှေ့သို့ ထပ်၍တိုးပြန်သည်။ လက်မှမီးတိုင်ကို မြှောက်၍ကြည့်၏။ အနီးမှ ငုံ့ကြည့်ရသည်ဖြစ်၍ ကောင်းစွာမြင်ရတော့သည်။ သချိုင်းဂူဟောင်းနှင့် မြေကြီးအစပ်တွင် တွင်းကြီးဖြစ်နေသည်။ တွင်းနှုတ်ခမ်းတစ်လျှောက်တွင် သစ်ပင်မြက်ပင်ငယ်များ ဖုံးလွှမ်းနေ၍ တွင်းကို မမြင်ရခြင်းဖြစ်၏။

တွင်းဝမှ ဒူးတစ်ဖက်ထောက်၍ ငုံ့ပြီး မီးရောင်ကို ချွေကြည့်ရာ တွင်းမှာ လူတစ်ရပ်လောက်သာ နက်သည်။ တွင်း၏ အောက်ခြေတွင် နေက်ကျောသည် လူးလွန့်လိုက်၊ ကုန်းထလိုက်နှင့်ပြုလုပ်ရာက အသံနက်ကြီးဖြင့် တစ်ချီ အော်ပြန်သည်။

"မောင်ကြီး - ပြန်ကြပါစို့"

ဘယ်အချိန်က ရောက်လာမှန်း သတိမထားမိသော အိုစွေသည် သွေယ်၏ လက်ျာလက်မောင်းကို ကိုင်လှာ၏။

သွေယ်က အိုစွေဘက်လှည့်၍ ဦးခေါင်း ယမ်းပြပြီး နေက်ကျောဆီသို့ ပြန်ကြည့်ကာ တွင်းဝမှ စုန်ချမည်အကြံဖြင့် တွင်းနှုတ်ခမ်းတွင် ဒူးတစ်ဖက်ထောက်၍ထိုင်သည်။ ထိုခဏတွင် မြေအောက်မှ ခြေသံများလိုလို ကြားရ၏။

အိုစွေသည် သွေယ်၏ကျောပေါ်သို့ လက်တင်ပြုပြန်၏။

"မောင်ကြီး - ပြန်စို့၊ မြေလျှောင် လုပ်မယ်လားမသိ။ နေက်ကျောမပေါ်ခင် ရက်သတ္တပတ် အနည်းငယ်တုံးကလည်း မြေလျှောင် လုပ်ခဲ့ဖူးတယ်ပ"

အိုစွေက လေသံလေးနှင့် ပြောသော်လည်း သွေယ်က စကားမပြောပါ ရန် လက်ဝါးကာပြသည်။ ထိုနောက် ခြေသံကို အသံများ ပျောက်သွားသဖြင့် တွင်းဝသို့ ပြန်၍ငုံ့ကြည့်သည်။ ထိုအခိုက်တွင် လက်တခနဲ ပြက်လိုက်သော ဓားအရိပ်ကြောင့် သွေယ်သည် ထိုင်ရာမှခုန်၍ နောက်ပြန်ဆုတ်သည်။ အနားက အိုစွေမှာလည်း ရောယောင်၍ ဆုတ်ခဲ့၏။ တွင်းထဲမှ အသံနက်ကြီး ထွက်ပေါ်လာပြန်ပြီး တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်ကြီး - ဘာတွေလဲ၊ အတို့ကျွန် - ကြောက်တယ်"

သွေယ်သည် ဘာမှပြန်မဖြေဘဲ စောင့်နေရစ်ရန် လက်ပြ၍ တွင်းဝသို့ သွားပြန်သည်၊ တွင်းဝမှ ဓားနှိုက်၍ ယမ်းပြီး ချက်ချင်းပင် လက်ကို ပြန်ရုတ်သည်၊ ခြေသံလို အသံတွေ ထွက်ပေါ်လာပြန်၏၊ သို့သော် အသံတို့သည် ဝေးသွားသယောင် ထင်ရ၏၊

"ဟယ် - ငါသိပါပကော"

သွေယ်သည် လွှတ်ခနဲ နုတ်မှမြည်တမ်းရင်း တွင်းထဲသို့ ခုန်ချလိုက်၏၊ တွင်းမှာ သူထင်သည့်အတိုင်းပင် လိုဏ်ခေါင်းတစ်ခု၏အဆုံး ဖြစ်နေသည်၊ လိုဏ်ခေါင်းအတွင်းဘက်သို့ လူပြေးသွားသံ ကြားရသည်၊ သွေယ်သည် လဲကျနေသော နေက်ကျောကို ငုံ့ကြည့်၏၊ နက်ကျောသော အဝတ်တွင် သွေးကွက်များထင်၍ နေက်ကျောမှာငြိမ်သက်နေချေပြီ၊ သွေးကွက်များမှာ ရင်ဘတ်မှ ပွက်ပွက်ထနေသည်ဖြစ်သောကြောင့် ယင်းဓားချက်သည် မိမိ၏ ဓားချက်မဟုတ်ကြောင်း သွေယ်သိရသည်၊

ထို့ကြောင့်ပင် ပြေးသွားသောလူနောက်သို့ လိုက်ရန်ပြင်၏၊

"မောင်ကြီး - အိုခွေကို မထားရစ်ပါလင့်၊ အတို့ကျွန် - ကြောက်လတ်တယ် - မောင်ကြီးငယ်"

သွေယ်သည် လက်တစ်ဖက် မီးတိုင်ကိုလည်းကောင်း၊ လက်တစ်ဖက်မှ ဓားကိုလည်းကောင်း မြေတွင် စိုက်လိုက်ကာ လက်နှစ်ဖက် ဆန့်ပေး၏၊ အပေါ်က ခုန်ချလာသော အိုခွေသည် သူ၏ရင်ခွင်ထဲသို့ နွေးနွေးကလေး ဝင်ရောက်လာသည်၊

ထိုနောက် သွေယ်သည် မီးတိုင်နှင့် ဓားကို ပြန်ယူကာ လိုဏ်ခေါင်း အတွင်းဘက်သို့ ပြေးဝင်သွားသူနောက်သို့ လိုက်သည်၊ အိုခွေကလည်း ထက်ကြပ်လိုက်ပါလာ၏၊

လိုဏ်ခေါင်းမှာ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်၏၊ သို့သော် ကောင်း ကောင်းကြီး ခိုင်မာပါသေးသည်၊ လူတစ်ရပ်ကောင်းကောင်း လွတ်သည်၊



အတွင်းဘက်တစ်နေရာရောက်သော် သစ်သားတံခါး ပိတ်ထားသည်ကို တွေ့ရ၏၊ သို့သော် သစ်သားကား ဆွေးမြည့်နေချေပြီ၊ ထိုကြောင့် သွေယ်သည် ခြေဖြင့် လှမ်းကန်လိုက်သောအခါတွင် ကျိုးပဲ့ပျက်ကြွေကျသွားသည်၊

ဆက်၍သွားသောအခါတွင်လေးငါးလှမ်းခန့်အရောက်တွင်အပေါ်တက်သော လှေကားထစ်များကို တွေ့ရသည်၊ လှေကားထစ်များ၏အဆုံးတွင် ကျောက်ပြားတံခါးတစ်ချပ်ပိတ်နေသည်၊ ပြေးလေသောသူ၏အရိပ်အယောင်ကိုမျှ မတွေ့ရချေ၊

သို့ဖြင့် သွေယ်သည် လှေကားထစ်များကို တက်၍ ကျောက်ပြားကို ပခုံးဖြင့် မ,တင်ကြည့်၏၊ အိုခွေက သူ့လက်မှ မီးတိုင်ကို လက်ပြောင်းယူ၍ ကိုင်ပေးသည်၊ အင်နှင့်အားနှင့် ပင့်တင်သောအခါတွင် ကျောက်ပြားလန်သွားပြီးသော် သူတို့နှစ်ယောက်သည် ရုပ်ပွားတော်ကြီးတစ်ဆူ၏နောက် မြေကြီးထဲမှ ထွက်လာခဲ့ကြရလေတော့၏၊

"ရော - ပုထိုးဟောင်းကြီးဆီကို လာပေါက်ပါပကော"

အိုခွေက ပြောလိုက်သည်၊ ထိုခဏတွင် ကမူကလေး အောက်ဘက်ဆီမှ အပြင်းနှင်သွားသော မြင်းခွာသံကို ကြားရလေရာ သွေယ်သည် သက်ပြင်းကို တစ်ချက်ချလိုက်မိသည်၊

"သင်းလွှတ်ပေမယ့် ကျန်ရစ်သူတော့ သိရမှာပ"

အိုခွေကိုပဲ ပြောသလိုလို၊ တစ်ကိုယ်တည်းပဲ ပြောသလိုလိုနှင့်ပြော၍ သွေယ်သည် လှေကားမှ မြေတွင်းလိုဏ်ခေါင်းထဲသို့ ပြန်ဆင်းခဲ့၏၊ အဆင်းတွင်မှ မီးရောင်တွင် ပြန်တွေ့မိသည်၊ ယခင်က ဗြာပနာတိုက်ဟု ယူဆရသော အတွင်းတိုက်ခန်းငယ်၏ တံခါးများမှာ ကျိုးပျက်နေသည်ကို တွေ့ရ၏၊ အတွင်းတွင်ကား ကျောက်ရုပ်ပွားအချို့နှင့် ကျောက်ပန်းအိုး၊ ပန်းခွက်၊ စဥ့်ထွက်များသာရှိပြီး ရတနာနှင့် တူရာကား ဘာတစ်ခုမျှမရှိတော့ချေ၊

သွေယ်သည် ဓားကိုင်ထားသောလက်တို့ဖြင့်ပင် အိုခွေ၏ပခုံးကိုဖက်၍ သတ်တစ်ဖက်က မီးတိုင်ကိုကိုင်ကာ ပြန်လာခဲ့သည်၊ တွင်းဝ၏အောက်ခြေ

www.burmeseclassic.com

တွင်ငြိမ်သက်နေသောနေက်ကျောဆီပြန်ရောက်၏။ ယနုမှပင်လက်ျာဘက်နားက လှေကားထစ်များကို မြင်မိပြန်၏။ သို့ဖြင့် သွေယ်သည် လှေကားထစ်များကို တက်ပြန်ကာ အပေါ်က ကျောက်ပြားကို ပခုံးဖြင့် ပင့်ကြည့်ပြန်၏။ နှစ်ပရိစ္ဆေဒကြာမြင့်လှပြီဖြစ်၍ ကျောက်တံခါးသည် မကြွတော့ချေ။ မှုလက လိုက်ခေါင်းသည် ထိုလှေကားမှ တက်၍ အပေါ်က သချိုင်းဂူတစ်ခု အတွင်းဘက်တွင်း အဆုံးသတ်ခဲ့ပုံရ၏။ သူတို့ ဝင်လာခဲ့ကြသော ဘေးပေါက်သည် နောင်မှ ပျက်စီးယိုယွင်း၍ ဖြစ်ပေါ်လာသောအပေါက်ဟု ယူဆရသည်။

"မောင်ကြီး - နေက်ကျော - ဘယ်လိုဖြစ်နေပါစ့်"

"သေတာပ"

"ရော - မြေဖုတ်ဘီလူး - သေတတ်ပါစ်"

"ဟယ် - မြေဖုတ်ဘီလူးလည်း သင်္ခါရဒဏ်ခံရတာပ - နမင့်။ ကိုင်း မြေဖုတ်ဘီလူး - အသူဆိုတာ ကြည့်ဦးစို့"

အိုခွေက တစ်စုံတစ်ခု ပြောတော့မည်ပြုစဉ်တွင် လက်မြန်ခြေမြန်နှင့် သွေယ်သည် ခပ်ကြမ်းကြမ်းပင် မဲပြာပုဆိုးကို ဆွဲဖယ်၏။ ဟိုဘက်ဆွဲ၊ သည်ဘက်ဆွဲနှင့် လုပ်လိုက်လေရာ မကြာမီပင် ပုဆိုးခြုံအောက်မှ နှုတ်ခမ်းမွေးကားကားနှင့် မျက်နှာသည် ထင်းခနဲ ပေါ်လာသည်နှင့်တစ်ပြိုင်နက် အိုခွေသည် နောက်သို့ ရှိသွားမိကာ နှုတ်မှလည်း လွှတ်ခနဲ စကားထွက်သွားလေ၏။

"ရော - ဦးမြေရှုပါတကား"

သွေယ်သည် အိုခွေ၏စကားသံကိုကြားသောအခါ အိုခွေ၏မျက်နှာကို ရှာခနဲ လှည့်ကြည့်၏။

"ဒါ - ဦးမဠု - ဖြစ်စွ ဟုတ်တာလား"

"အမှန်ပေပ - မောင်ကြီး၊ သည်သူဟာ ဦးမြေရှု - ဟုတ်စွ"

"သို့ဖြင့် - ပြေးလေသူကို ခြေရာကောက်မိပြီပ၊ ရွာကို သွားကြစို့"



"မိုးမှ မသောတ်လတ်သေး၊ ငုံဘိဦး၊ မိုးသော ာ်ရင် ရွာသားတွေ အလောင်းယူလာမှာပ"

"ရွာသားတွေက ကလန်ကြီး ခသပြီ - မသိလတ် သေး"

"မဟုတ်ပါ၊ အတို့ကျွန် - အလောင်းကို ယူဖို့ဂှာ လ ာကြမှာ"

"မငုံနိုင်ပြီဘူး - နမငယ်၊ ညည့်ချင်းသွားမှာပ၊ မပ မင်း - လမ်းသိတယ် ဟုတ်စုံ"

"လမ်းတော့သိစွ - ဟုတ်ကာ၊ နှစ်တိုင်ခန့်မှ ဝေး သေးစွ"

"ကျုပ်မှာ မြင်းပါလတ်သေးတယ်ကော ..."

သူတို့နှစ်ယောက်သားသည် တွင်းထဲမှ ထွက် ကြ၏။ နေက်ကျော အမည်ခံ ဦးမဠု၏အလောင်းကြီးကိုပင် ခုတုံးလုပ် ကာ ထွက်ခဲ့ကြရ၏။ နောက်မှ မီးတိုင်၊ မီးတုတ်များဖြင့် ရွာသူရွာသား ဆယ် လေးငါးဦးတို့လည်း ပါလာကြတော့သည်။

ဦးငယ်သင်၏အိမ်မှာ ရွာအဖျားတွင်ဖြစ်၍ ဘေး တ်ဝန်းကျင်တွင် ယာခင်းနှင့် ထန်းတောသို့သာ ကပ်လျက်ရှိ၏။ အိမ်ဝိုင်းမှာ ဘော်ဘော်ကလေး ကျယ်ပြီး တစ်ထပ်ခြေတံရှည်အိမ် ဖြစ်သည်။ အောက် ထပ်မှာ အကာအရံမရှိဘဲ လူနှစ်ရပ်ခန့်မြင့်၍ ဓားရေးဓားကွက်များကို ထို အောက်ထပ်မြေကြီး သလင်းပြင်ပေါ်တွင် သင်ကြားပြသတတ်ပေ၏။ အပေါ်သို့ တက်သောလှေကားမှာ အိမ်၏ဘေးဘက်တွင် ရှိလေသည်။

သူတို့လူစုသည် ခြံဝိုင်းထဲသို့ရောက်ကြသည်နှင့် တစ်ပြိုင်နက် လှေကားထိပ်မှ ရိပ်ခနဲ လူရိပ်ပေါ်လာသဖြင့် လူအုပ်သည် လှေ ားရင်းတွင် တန့်သွားသည်။ ထွက်ပေါ်လာသူကား ပြောင်လက်သောဓားလ ွတ်ကိုကိုင်ထားသည့် အကျီချွတ်၊ ပုဆိုးခါးတောင်းကျိုက်နှင့် ဆရာကြီး ဦး ယ်သင်ကိုယ်တိုင်ပင် ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အိမ်း - လာလင့်ကြ၊ ငါတို့ ငံ့မျှော်နေသပ၊ လက်ရည်ကောင်းရင် လူတစ်ယောက်ဟာ ဆယ်ယောက်ကို ယှဉ်နိုင်ကြောင်း ဒိဋ္ဌပြလတ်မယ်၊ မိုက်သားတွေ လာကြဘိ"

ဦးငယ်သင်သည် အသံဝါကြီးဖြင့် အော်၍ကြိမ်းမောင်းသည် လေ့တားရင်းမှ ပြေည့်သည်လည်း ဓားလွတ်ကို ကိုင်ထားရင်းက တုန်လှုပ်သောအသံဖြင့် ပြန်အော်ပြောသည်။

"ဆရာကြီး - အလျှော့ပေးပါဘိ၊ တရားကို မညစ်နွမ်းပါစေလင့်"

"ရော - ပြေည့် - မောင်မင်းဟာ ငါ မွေးကျွေးတဲ့ ပညာကလေးပဲရှိတာ၊ ငါ့ကို အန်တုချင်သပ - ဟော - ဟုတ်စုံ"

"မဟုတ်ပါ - ဆရာကြီး၊ ဆရာကြီးရဲ့ပညာဖြန့်လောက်ပိုင်သသူဟာ အသို့ပင်ဆရာကြီးကို အန်တုနိုင်ပါစုံ၊ အနို့သော်လည်း သမ္မာတရားတည်းဟူတဲ့၊ မီးလျှံစည်းစည်း ထွန်းတောက်ဖို့ဂှာ အတို့ကျွန်ရဲ့အသက်ကို ဆိပ်ပြုမှာပ၊ အတို့ကျွန်တို့ဟာ သမ္မာတရားကို မိမိတို့အသက်ထက် မြတ်နိုးတယ်ဆိုတာ ဆရာကြီးမြင်အောင် အတို့ကျွန်တို့ သေဖို့ဂှာ လာတာပါ၊ ဆရာကြီးသခင် ဆရာကြီးဟာ မသမ္မာသူအဖြစ် အသက်ရှင်နေဖို့ဟူရင် အတို့ကျွန်တို့ရဲ့ အသက်ကို ယူပြီးမှ နေရလတ်မယ်ပ၊ အတို့ကျွန်တို့တော့ သေမယ်သိလျှတ် နင့် တရားသောနယ်မြေမှာပဲ နေကြလတ်မယ် - ဆရာကြီး"

ပြေည့်၏စကား ဆုံးသွားသောအခါတွင် ဦးငယ်သင်သည် ခဏမျှငိုင်တွေသွား၏၊ ထိုနောက် လက်ထဲမှ ဓားကို ဘေးဘက်မြေကြီးပေါ်သို့ ဦးစောင်းပစ်ချလိုက်သည်၊ ဓားသည် မြေပေါ်သို့ဦးဖြင့်ကျကာ စိုက်နေတော့မည်လိုလို ဖြစ်ပြီးမှ ယိမ်းယိုင်၍ လဲကျသွားသည်၊

"ကိုင်း - ငါတို့ကို မဖမ်းငင်မီ ငါတို့စကားကို နာယူဖို့ တက်ရစ်ကြဦး"

ဦးငယ်သင်သည် စကားဆုံးသော် အိမ်ထဲသို့ ချာခနဲ လှည့်ဝင်သွားလေ၏၊ သူ၏အိမ်အတွင်းမှာ မီးတိုင်ငယ်တစ်ခုသာရှိ၍ အပြင်ဘက်ကကြည့်လျှင် မှောင်နေသလောက်ပင် ထင်ရသည်၊ ပြေည့်သည် လိုက်တက်ရကောင်းနိုး



ခဏမျှစဉ်းစားသလို ပြုနေပြီးမှ ဓားလွတ်ကို မြှောက်ကိုင်၍ လေ့ကားကို စတင်၍ တက်လေရာ အခြားသောသူများလည်း လိုက်တက်ကြသည်၊

သွေယ်တစ်ယောက်သည်သာ အိမ်ရှေ့ထောင့်ယွန်းယွန်းက ဆီးပင်ပေါ် တက်ပြီး ဆီးကိုင်းမှတစ်ဆင့် အရှေ့ဝရန်တာသို့ ခုန်ဝင်၏၊ သူ့လက်ထဲတွင်လည်း ဓားလွတ်ကို ကိုင်ထားသည်၊

အထဲရောက်ကြသောအခါတွင်ကား ပြေည့်တို့နှင့် သွေယ်သည် ပြိုင်တူလိုလို ဖြစ်၏၊ သူတို့က သတိကြီးစွာ ထားနေကြသော်လည်း ဦးငယ်သင်ကား တကယ်ပင် ခုခံရန် ပြုခြင်းကို စွန့်လွှတ်လိုက်ပုံရသည်၊ သေးငယ်သောန်ရံ ကပ်မီးတိုင်နားက ကွပ်ပျစ်ပေါ်တွင် ကိုယ်တစ်ပိုင်းလှဲ၍ ခါးမှ အထက်ပိုင်းမှာ နံရံကို မှီပြီး ထိုင်နေသည်၊ သူ့လက်ထဲတွင် ဖါးခွက်ငယ်တစ်ခုကို ကိုင်ထားသည်၊

"ကိုင်း - သင့်ရာ ဝင်ထိုင်ကြဘိ၊ ပြေည့်စကား ကြားရတာ ငါတို့ တရားရတယ်၊ မောင်မင်းတို့က သမ္မာတရားအတွက် အသက်စွန့်ဖြားသော်လည်း ငါ့အဖို့ဂှာက မသမ္မာမှုအတွက် အသက်ပေးရအံ့သို့ ရှိလှတယ်၊ ရှိစေ - ငါတို့ ပြောချင်တာကလေး ပြောခင်တာတော့ ငါ ဝမ်းသာသပ၊ ဝီရိယစိုက်ပြီး နားဆင်ဘိ၊ ငါ့အသံတွေတော့ တဖြည်းဖြည်း တိမ်ဝင်လတ်အံ့မယ်"

မီးရှူးမီးတိုင်တွေနှင့် လူအုပ်ပါ အထဲရောက်လာကြသဖြင့် လင်းထိန်သွားသည်၊ မီးတိုင်တွေကိုလည်း သင့်ရာနေရာတွင် ထားရှိပြီး လူတွေလည်း သင့်ရာ၌ ထိုင်သူထိုင်၊ ရပ်သူရပ် ရှိနိုက်တွင် ဦးငယ်သင်သည် စကားကို ကရားရေလွှတ် ပြောလေတော့၏၊

တလန်ငမဥ္ဆုဟာ တကျာပေမ တရားအားကြီးလှသသူ ဖြစ်ပေတယ်၊ သူ့ဇယ်မယားဟာ ရောဂါနဲ့ အိပ်ရာထဲ လဲတဲ့အချိန်ကစပြီး သူဟာ ငါ့ကို တကျာနဲ့ပေးတဲ့စကားတွေရှည်း အတိုင်အပင်ပြုတယ်၊ ရွာထဲက ချောချောလှလှ သငယ်ရွယ်ရွယ်တွေကို မြူးထူးလိုလှကြောင်း ဟူတယ်၊



www.burmeseclassic.com

www.burmeseclassic.com

မှန်ရာကိုဆိုရရင် ငါဟာ အရည်းတို့ရဲ့အကျင့်ကို မစွန့်နိုင်ဘဲ ဆက်လက်ကျင့်ကြံနေတဲ့ အရည်းလူထွက်တစ်ဦးပ။ ဒီအကြောင်းကို သူဟာ ဖုက်ကွယ်ထားပြီး ငါ့ကို ရွာမှာ လက်ခံကျွေးမွေး ထောက်ပံ့ခဲ့တယ်၊ သူ့အမှီအခိုကြောင့် ငါဟာ ဒီရွာကို ရောက်ခဲ့ရတယ်။

သူ့ဇကျးဇူးကို အောက်မေ့ရမှာမို့ ငါလည်း သူ့ကို တရားပြပြီး ထိန်းကွပ်ခဲ့တယ်၊ အနို့ပေမဲ့ - သင်းဟာ တစ်နေ့တခြား ပိုပြီးဆိုးဝါးခဲ့တယ်၊ ကာယကံမြောက် ကျူးလွန်တော့မယ့်အသွင် ရှိခဲ့လတ်တယ်၊

ငါဟာ ပုထိုးဟောင်းကုန်းကို ညဥ့်ဦးတိုင်း သွားပြီး ယောဂတရားတွေ အားထုတ်ခဲ့တယ်၊ တစ်နေ့မှာ မြေလျှောက်လှုပ်ပြီး ဝဖွရပါကို ရုပ်ပွားတော်ကြီး နောက်က မြေကွဲသွားတယ်။ လူတစ်ကိုယ် လျှိုဝင်သာလို့ ငါလည်း မီးတိုင်ယူပြီး ဆင်းသွားတာ မြေအောက်က လိုဏ်ခေါင်းဟာ ရှေးအရည်းသချိုင်းဂူတစ်ခုထဲ သွားထွက်တာ တွေ့ရတယ်၊ အနို့ပေမဲ့ - ဂူထဲက အပြင်ထွက်ဖို့ဂှာ အပေါက်မရှိဘူး။ လိုဏ်ခေါင်းရဲ့အစမှာ ဗွာပနာတိုက်လည်း တွေ့ရတယ်၊

ဒါတွေကို ငါတို့က ကလန်မဥ္ဈကို ပြန်ပြောပြီး မြေဖုတ်ဘီလူးအသွင်ဆောင်ဖို့ ဥပါယ်ကို ပေးတယ်၊ အခါကြိမ်ကြိုက်တုန်း သူက ငနက်တော့ အမည်ယူပြီး ရွာသားတွေကို အခြောက်အခြမ်း ပြုသပ၊ ယုတ္တိအခြေကောင်းဖို့ဂှာ သူ့ပယ်မယားကို သူသတ်ပြီး အူထုတ်တယ်၊ ရွာက ကြောက်ပြီး အပျိုစင်တွေ ဆက်ခဲ့ရတာပ၊

အိုဓွေငယ် - ကံကြီးတယ်၊ ပုဂံဇည့်ရောက်ပြီး အသက်က ချမ်းသာတယ်ပ၊ ငမဥ္ဈမှာ ရာဂမွှတ္တက သွင်သွင်ဖြစ်ပြီး ပုထိုးဗွာပနာတွေကိုယူ၊ ငွေကုန်ကြေးကျခံပြီး ရွာက လုံမပျိုတွေကုန်အောင် ပျော်ပါးချင်တယ်၊ မိုးသောက်ရင် သူ့ကို မဖော်နိုင်စေဖို့ဂှာ လုံမငယ်တွေကို ပျော်ပါးပြီးရင် သူ သတ်ပစ်ထည့်တယ်ပ။

ငါတို့ကလည်း သူ့ကျေးဇူးတွေ ထောက်ထားပြီး သူ့အရေးအခင်းမှာ ကူပင်ခဲ့ရတယ်၊ ယနေ့ညတော့ ငါတို့က လိုဏ်ဂူအခေါင်းထဲဆင်းပြီး လမ်းလျှောက်အကြည့်မှာ သူ့အော်သံ ကြားရတယ်၊ တစ်ဖက်အဝရောက်တော့ သူ လက်ပြတ်ခဲ့ပြီ၊ လုံမငယ်လည်း မသေကြောင်း သိရတယ်၊ သူ့စိမ်းရှုံ့ ရှိတာလည်း သိရတယ်၊ သည်တော့ - ငါတို့အမှု မပေါ်လွင်ဖို့ဂှာ သင်းကိုသတ်ပြီး ငါ ဖျောက်ဖျက်မယ် ကြံခဲ့တယ်၊ အနို့ပေမဲ့ - သတ်တာသာ အောင်မြင်ပြီး အလောင်းကို ဆောင်ကျဉ်းသွားဖို့ဂှာ အရေးပျက်ခဲ့တယ်။ ဟောသည်က ပုဂံဇည့်က ဦးခင်တယ်၊

အခင်းကတော့ သည်အတိုင်းပေပ၊ ငါဟာ တစ်ရွာပျောက်ချင်ပျောက်စေ၊ တစ်မျက်နှာသာ ထောက်နိုင်လို့ ငါ ပြုကျင့်ခဲ့ရတာပဲပ။

ပြောရင်း ပြောရင်းကပင် ဦးငယ်သင်၏အသံသည် တိမ်ဝင်သွားပြီး မျက်လုံးတွေ မှေးကျသွား၏၊

ရွာသားအချို့သည် ဝင်းဝင်းတောက်သောမျက်လုံးများဖြင့် ရှေ့သို့တက်ခဲ့ကြသည်၊

"သူယုတ်မာကြီး - သုတ်သင်ပစ်ကြဘိ"

ဦးငယ်သင်သည် မျက်လုံးကို အားယူဖွင့်၍ ယဲ့ယဲ့ကလေး ပြုံးလိုက်သည်၊ ထို့နောက်ကြိုးစားပြောသော်လည်း အသံမှာ သဲ့သဲ့ကလေးသာ ထွက်ပေါ်လာခဲ့၏၊

"အရည်းအသက်ဟာ သူတစ်ပါးလက်မှာ မရှိပြီဆိုတာ မကြားဘူးရော့သလား။ အရည်းတို့သာ သိအပ်၊ တတ်အပ်တဲ့ အဆိပ်ရည်ကို ဖျော်စပ်နှင့်လို့ သောက်ခံပြီးပြီပ၊ သေခြင်းတရားဟာ တံခါးတစ်ချပ်သာ ဖြစ်သမို့ ငါမရှုံ့ပြီ"

ဦးငယ်သင်သည် အံတစ်ချက်ကြိတ်ကာ အားယူ၍ လက်ထဲမှ ဝါးခွက်ငယ်ကို နောက်ပြန်ပစ်လိုက်သည်၊ ခွက်ငယ်ကလေးသည် ပြတင်းမှ လွင့်၍ထွက်သွား၏၊ လူတွေ၏မျက်စိများမှာ ယောင်၍ ခွက်နောက်သို့ လိုက်ကြည့်၏။ ထို့နောက်မှ သတိရကာ ဦးငယ်သင်ကို ပြန်ကြည့်ကြသည်၊

ဦးငယ်သင်ကား နှုတ်ခမ်းကိုက်လျက် မျက်လုံးကြီးများပြူးကာ အသက်ဆုံးနေပြီဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

မိုးစင်စင်လင်းနေပြီ။

ဦးသင်ရှာသည် သမီးဖြစ်သူ အိုခွေ၏ပခုံးကို သပ်သည်။

"ငါ့သမီး - သူဖတ်ကောင်းမို့ နတ်ကောင်းမ,တာပဲ"

အိုခွေသည် ဖခင်၏လက်ကို ပုတ်ချသည်။

"အသူ - ငါ့သမီးလဲ - မခေါ်လင့်၊ သေမင်းထံ ငွေငါးရာနဲ့ ရောင်းစားပြီး မင့်သမီးမဟုတ်တော့၊ အဖမြတ်နိုးတဲ့ ငွေရာငါးရာ အဘဆီ ရောက်နေမယ့် သမီးမရှိပြီ၊ အတို့ကျွန်ဟာ ကိုရင်သွယ်ရဲ့အလုပ်အကျွေးပါ"

အိုခွေ၏ ချက်ကျကျပြောသောစကားကြောင့် ဦးသင်ရှာမှာ နောက်သို့ ရှိသွားရသည်၊ ထိုအခါ သွေယ်က ကြားက ဝင်၍ပြောရ၏။

"နမငယ် - အဖကို သို့ကလို မဟုကောင်းဘူး၊ မယ်မင်း - အသက်စွန့်ပြီး ဆပ်သော်ငြားလည်း မင့်အဖကျေးဇူး မကုန်လတ်သေး၊ ဦးချရေ - ဦးချရေ"

အိုခွေသည် ကျေနပ်ပုံတော့မရ၊ သို့သော် သွေယ်၏စကားကိုမလွန်ဆန်လိုသဖြင့် ဖခင်ကို ဦးချကန်တော့သည်။

"သင်းလို လင်ရှာယူဖို့ဂှာ ကောင်းလျက်နဲ့ သည်ကောင်မ ကောက်ရတတ်လေတယ်"

ဦးသင်ရှာ၏စကားကို ကြားရသောအခါ သွေယ်သည် ပြုံးလိုက်၏။

"သူကံကောင်းသော်ငြား အတို့ကျွန်ကို တဲလုည့်စားတယ်၊ အတို့ကျွန်ဟာ နေပြည်တော်က အမတ်တျာ သီဟစကြံရဲ့လက်သားပါ၊ အမတ်ကြီးက ကျောက်သလင်းရွာမှာရှိတဲ့ သူမိကြီးထံသို့ စေခဲ့ပါတယ်၊ သာမဏောပွဲအဖို့ ငွေငါးရာအပို့လွှတ်ပါတယ်၊ ယခုနေ့ အရောက်သွားရမှာပ၊ အနိမ့်ပမဲ့ - ညကတောင် သက်ရေမှာ ငွေငါးရာ ပါသွားပြီး ငါးရာတန် ပယ်မယားပဲ ရခဲ့ပြီကော၊ ကြမ္မာတရား လှည့်စားတတ်ပါဘိ"

အိုခွေသည် သွေယ်ကို မျက်စောင်းထိုး၏၊ သူ့ကို ငါးရာတန်မယားကလေးဟု ခေါ်သည်ကို မနှစ်လိုသည်နှင့်တူ၏။

ထိုအခိုက်တွင် ပြည့်က ပျာပျာသလဲ ဝင်ပြောသည်။



"ရော - ဖြစ်ရတတ်လေ၊ မကြောင့်ကြပါလင့်၊ ကျုပ်တို့နလင်ကျော်တွေက စုပြီး ပေးနှင့်ပါရစေ၊ ငွေငါးရာ ဆောင်ကျဉ်းသွားပါဘိ၊ အိမ်ထောင်ပျိုးမျိုးစပါ၊ သဘောထားတာပ"

ပတ်ဝန်းကျင်က လူအများ ပြုံးရွှင်သွားခြင်းက တစ်ရွာလုံး ကျေနပ်ကြောင်းကို ဖော်ပြသည်ဟု နားလည်ရပေတော့သည်။

→ ဓုဋ္ဌသူ


## စာမူရှင်များသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် [illegible] စာမူများ၌ [illegible] ပြန်လည်ရွေးချယ်ဖော်ပြ [illegible] စာမူရှင်များအနေနှင့် [illegible] စာမူခနှင့် [illegible] ဆက်သွယ်ပါရန် [illegible]

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း


www.burmeseclassic.com

www.burmeseclassic.com

# တစ်လိမ်ချစ်လိုမ

လင်းလက်ကြယ်



ခွေးသရဲ ကြောက်လှန့်သည်ဟု
နာမည်ကြီးနေရာ တစ်နေ့တော့ ထိုခွေးသရဲနှင့်
ရင်ဆိုင်တွေ့ရလေသောအခါ..

ကျုပ်က မနက်အရုဏ်တက်ချိန်မှာ လမ်းထလျှောက်နေကျ၊ ရေနစ်ခွက် ဖအောင်သောက်၊ အိမ်သာတက်၊ ပြီးတော့ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲ၊ အိမ်က စထွက်တော့ မနက်ငါးနာရီ...၊

မြို့ပတ်လမ်းအတိုင်းလျှောက်၊ ခပ်မှန်မှန်ဝါပဲ၊ အသက်အရွယ်ကလည်း ရလာပြီမို့ဖြည်းဖြည်းလေးလေး ပဲ လျှောက်နိုင်တယ်၊ ဘုရားဘက်ရောက်တော့ အလင်းရောင်လာစပြုနေပြီ၊ ဘုရားထဲဝင်၊ ဘုရားဝတ်ပြု၊ ပြီးရင် အိမ်ကိုပြန်၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း အဓသား တားလုပ်၊ ပြီးတော့ - အဝတ်အစားပြန်လဲ၊ အဆာခံစား၊ စာရေးစာဖတ်၊ ဒါ - ကျုပ်ရဲ့နေ့စဉ်အလုပ်၊

“ကိုယ့်တို့မနက်အစောကြီး လမ်းမလျှောက်ပါရစေ ဘူး”

www.burmeseclassic.com

www.burmeseclassic.com

"ဟ - စောစောလျှောက်တော့ ယာဉ်အန္တရာယ်လည်းကင်းတယ်၊ လမ်းလည်း ရှင်းတယ်"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ - ဘာလဲ၊ လမ်းလျှောက်ရင်း လဲမှာပြုမှာစိုးတယ်လို့ ပြောမှာ မဟုတ်လား"

"ဟုတ်တယ်လေ ...၊ ဒါတင်ဘယ်ကမလဲ၊ ရှင်သွားတဲ့မြို့ပတ်လမ်းက နာမည်ကြီးတယ်"

"လာပြန်ပြီ၊ သရဲခြောက်တယ်လို့ နာမည်ကြီးနေတာလား"

"အဲဒါပြောတာပေါ့၊ ကိုယ်မကြောက်ဘူးလား"

"ဘာကြောက်စရာရှိလဲ၊ ကိုယ်ခံပညာ တတ်ထားတာပဲ၊ သရဲလောက်တော့ ရှောင်လင်သိုင်းကွက်နဲ့ တွေ့သွားမယ်"

"အမေပြောတာ ဟုတ်တယ်၊ တစ်နေ့က ဈေးသည်တစ်ယောက် သရဲခြောက်ခံရလို့တဲ့"

ကျုပ်သမီး အကြီးမ ဘုတ်ဆုံက ဝင်ပြောတယ်၊ ဘုတ်ဆုံမက ဈေးသစ်မှာ ဟင်းသီးဟင်းရွက်ရောင်းတယ်၊ ဈေးဟောင်းမှာ မနက်အစောကြီး ဈေးကြီသွားရတယ်၊ ဈေးဟောင်းက ဈေးချိုတယ်၊ ဈေးသစ်မှာပြန်ရောင်းတယ်၊ မဆိုးပါဘူး၊ ဟင်းစားဖိုးတော့ ရပါတယ်၊ ကျုပ်တို့လင်မယားနှစ်ယောက်က ပင်စင်စားတွေလေ၊ နှစ်ယောက်ပေါင်းရင် ရှစ်သောင်းကျော်လောက်တော့ လစဉ်ရှိပါတယ်၊ အေးအေးလူလူ စားလို့ရပါတယ်၊ ကျုပ်တို့မိသားစုအတွက်တော့ လောက်ငပါရဲ့၊ သာရေးနာရေးနဲ့ ဆေးဖိုးဝါးခတွေပါ တွက်လိုက်ရင် အပိုအလျှံတော့ မရှိပါဘူး၊ အိုးနဲ့ဆန်တန်ရုံလောက်ပဲ ဆိုပါတော့၊

"ဟဲ့ - ဘုတ်ဆုံမ - နင်ကြားတာတွေလျှောက်ပြောမနေနဲ့၊ နင့်ကိုယ်တိုင် သရဲအခြောက်ခံရမှ နင်ယုံ"

"အဖေကလည်း သမီးကစေတနာနဲ့ပြောတာကို၊ အဖေမယုံရင်နေပေါ့၊ သမီးကတော့ ယုံတယ်"



"အေး - ယုံယုံ - ယုတ္တိမရှိတာတွေ၊ ငါ့တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ တွေ့လည်း မကြုံဖူးဘူး"

"ကဲ - တော်ကြပါတော့၊ ကျွန်မကတော့ အဲဒီလိုလျှောက်မယ့်အစား နီးနီးနားနားက အင်္ဂလိပ်ကျောင်းနတ်လမ်းမှာပဲ လျှောက်စေချင်တယ်၊ ပါကေးခင်းထားတာ ညီနေတာပဲ၊ ယာဉ်အန္တရာယ်လည်းကင်းတယ်"

"ငါလျှောက်နေကျအတိုင်း လျှောက်ပါရစေဟာ၊ မင်းတို့စေတနာတွေ ငါ အသိအမှတ်ပြုပါတယ်"

ကျုပ်က စကားနည်းရန်စဲဆိုတာလို စကားဖြတ်လိုက်တယ်၊

—

မြို့ကလေးက အဆုံးအဖျား (၂)မိုင်သာသာမျှသာ၊ ကမ်းပြိုသည်ကစပြီး မြို့မဈေးသစ်ကြီးတစ်ခု တည်လိုက်တယ်၊ ဈေးဟောင်းက ကမ်းနားနဲ့နီးတယ်၊ အရင်လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးလေးဆယ်လောက်က ရေကာတာနဲ့ သဘော်ဆိပ်နဲ့ နှစ်ဖာလုံလောက် ဝေးသေးတယ်၊ ခုတော့ ကမ်းပြိုလို့ အခြေအနေ ပြောင်းလဲသွားပြီ၊ ရေကာတာနဲ့ ကမ်းနဲ့ ကိုက်ငါးဆယ်လောက်ပဲ ဝေးတော့တယ်၊ ဒါပေမဲ့ - ဈေးဟောင်းကတော့ ရှိနေဆဲပဲ၊ မြို့မဈေးသစ်ကြီးကလည်း ဆက်ပြီးရှိနေတုန်းပဲ၊

ဈေးဟောင်းက စည်လည်း စည်သလို စုံလည်း စုံတယ်၊ တစ်ဖက်ကမ်းက ကိုင်းသီးနှံတွေကို ဈေးဟောင်းမှာ လာရောင်းကြတယ်၊ အိမ်ဆိုင်တွေလည်း ရှိတယ်၊ အဲဒီတုန်းက ဈေးဟောင်းနားမှာ "မိုး" စာပေဆိုတဲ့ စာအုပ်ဆိုင်တစ်ဆိုင်ရှိတယ်၊ ထွက်သမျှမဂ္ဂဇင်း အကုန်တင်တယ်၊ ဂျာနယ်စာအုပ်တွေလည်းရှိတယ်၊ အဲဒီညီအစ်ကိုတွေက စာအိုးတွေ၊ ငှားလည်း ငှားရ၊ ရောင်းလည်း ရောင်းရတယ်၊ ကျုပ်တို့စာသမားတွေက သူတို့ဆိုင်ပဲ အားကိုးနေရတာ၊ နောက်တော့ - ညီအစ်ကိုတွေရန်ကုန်မှာဟက်ပြီးစာအုပ်တိုက်တွေ ဖွင့်ကြတယ်၊ ရိုးကျူးလောက်ပါပေတယ်၊ ဒီလုပ်ငန်းကိုပဲ ဖားမပြီး လုပ်ကြတာကို တွေ့ရတယ်၊

www.burmeseclassic.com

အဲဒီဈေးဟောင်းမှာက အရောင်းအဝယ်ကောင်းတယ်၊ ဈေးသစ်ကတော့ (၁၀)နာရီလောက်ဆို ဈေးကွဲရော၊ ခုတော့ ဈေးဟောင်းက ပိုလို့တောင် စည်သေး၊ ကွန်ကရစ်လမ်း ဖြစ်သွားပြီ၊ ကျုပ်တို့ကတော့ ဝမ်းသာအားရနဲ့ စက်ဘီးစီးရပြီလို့ အောက်မေ့တယ်၊ ဘာထူးလဲ၊ စက်ဘီးဆင်းတွန်းရတာပါပဲ၊ ဈေးသည်တွေက လမ်းရဲ့တစ်ဖက်တစ်ချက်စီမှာ တက်ရောင်းနေကြတော့ လူသွားလမ်းက ဒုံရင်းဒုံရင်းပဲ၊ စက်ဘီးစီးဖို့ဆိုတာ ဝေလာဝေးပေါ့၊ ဒါက မြို့ကလေးရဲ့အကြောင်း တစ်စိတ်တစ်ဒေသပါ၊ အပြည့်အစုံပြောရရင်တော့ ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သွားမယ်၊

"ကိုယ် - ဘာတွေစဉ်းစားနေတာလဲ၊ ညကအကြောင်း သိပြီးပြီလား"

"ဘာအကြောင်းလဲကွ၊ အရင်းမရှိ၊ အဖျားမရှိနဲ့"

"ကိုယ် တကယ်မကြားရသေးဘူးလား၊ ဈေးသည်တစ်ယောက်ကို ခွေးသရဲ လိုက်ဆွဲတယ်ဆိုတာလေ ..."

"ဟေ - ဆိုစမ်းပါဦးကွ၊ ဘယ်နေရာမှာတဲ့လဲ - ဘယ်သူ့ကိုလဲ"

"ဟို - ကုန်ခြောက်ရောင်းတဲ့ ဒေါ်မြလေးစိန်ပေါ့"

"ဦးမိုးသီးရဲ့မိန်းမ ဒေါ်မြလေးစိန်လား"

"ဟုတ်ပ့ါတော်"

"နို့ - နေပါဦး - ညဘက်ကြီး သူက ဘယ်သွားလို့လဲ"

"သူက နေ့တိုးလည်းပေး၊ နေ့ပြန်တိုးလည်း ပေးတာယ်လေ၊ အဲဒီလူတွေက နေ့စဉ်ပေးနေကျကို မပေးလို့ အကြွေးသွားတောင်းရင်း သရဲဆွဲခံရတာတဲ့"

"ဒါနဲ့ - မင်းပြောတော့ ခွေးသရဲဆို"


"ဟုတ်ပါတယ် - သရဲမှ ခွေးသရဲဆိုပဲ၊ နွားပေါက်လေးလောက်ရှိတယ်တဲ့"

"မင်းကလည်း ဟုတ်မှလုပ်ပါကွာ"

"နေ - မပြောတော့ဘူး"



သူ့ပြောတာတော့ လူတစ်ယောက်သာသာရှည်ပြီး ဂါရုတ်သရဲကြား ထဲကလို ခုန်အွခုန်အွနဲ့လိုက်တာ တယ်မြန်ဆိုပဲ။ အရောင်ကလည်း အပြုံးကောင်တဲ့။ "ဝုတ်-ဝုတ်" ဆိုပြီး ဟောင်လိုက်သေးတယ်တဲ့ ..



လှည့်ထွက်သွားတဲ့ဇနီး မအိမ်စိုးကိုကြည့်ပြီး ရယ်မိတယ်၊ ကလေးကျနေတာပဲ၊

"ဟေ့ - ဟေ့ - နေပါဦး၊ မင်းကလည်း စိတ်ချည်းပဲ"

"တော်က မယုံသလိုလိုနဲ့၊ ဒီကပြောရတဲ့သူကိုမှ အားမနာ"

"ယုံပါတယ်ကွာ၊ ပြောမယ့်ပြော - ဆုံးခန်းတိုင်အောင် ပြောမှပေါ့"

ကျုပ်က အဲဒီလို ချော့ပြောလေးပြောလိုက်မှ ပြန်လှည့်လာတယ်၊ ကျုပ်က ပြုံးပြလိုက်တယ်၊ သည်တော့မှ ကျေနပ်သွားပုံရတယ်၊ ရေတစ်ခွက် သောက်လိုက်ပြီး ကျုပ်အနားမှာ လာထိုင်တယ်၊ တော်တော်နဲ့မပြောသေးဘူး၊

"ရှင်က ကျွန်မပြောရင် ယုံတယ်လို့ကို မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ယုံပါတယ်လို့ ပြောပြီးပြီကောကွာ၊ ပြောမှာသာ ပြောစမ်းပါ"

"ပြောရမှာတောင် ကျောချမ်းလာပြီ"

"မင်းကလည်း မင်းကိုယ်တိုင် အခြောက်ခံရတာ ကျနေတာပဲ"

"ဒီလိုရှင်ရေ - အဲဒီဒေါ်မြလေးစိန်က မြို့မဈေးသစ်နောက်လမ်းအတိုင်း ပြန်လာတာ၊ အိမ်တွေကလည်း တံခါးပိတ်ကြပြီ၊ ဈေးအလယ်ပေါက်နား ရောက်တော့ အပေါ့အပါးသွားချင်တာနဲ့ ကွမ်းယာဆိုင်လေးနားမှာ ထိုင်လိုက်ရော၊ အဲဒီအချိန်မှာ "ရှူးရှူး - ရှူးရှူး" နဲ့ သူ့အနောက်ဘက်နားက အသံကြားရချိန်မှာ၊ သူ လှည့်ကြည့်လိုက်တော့ အသံသာ ကြားရတယ်၊ ဘာကောင်မျှ မမြင်ရဘူး၊ သူလည်း ကြက်သီးမွေးညင်းထသွားပြီး ဖြောင့်အောင်တောင် အပေါ့အပါးမသွားနိုင်ဘူး၊ တစ်ချိုးတည်း တန်းပြေးတာ၊ အဲဒီ "ရှူးရှူး" အသံကလည်း နောက်က ကပ်လိုက်လာတာ၊ ပြောရင်း ရင်တုန်လိုက်တာရှင့်၊ ရေတစ်ခွက်လောက် ပေးပါဦး"

"မင်းကလည်း ကောင်းခန်းရောက်မှ ကြော်ငြာဝင်ရပြန်ပြီ၊ ရော - ရော မြန်မြန်သောက်"

ကျုပ်က ရေခွက်လှမ်းပေးရင်း ပြောလိုက်တယ်၊

"ရှင် - စိတ်ဝင်စားလာပြီမဟုတ်လား"

"အေးကွာ - ပုံပြင်တစ်ပုဒ် နားထောင်ရသလိုပါပဲ"

"ဒါဆိုရင်လည်း မပြောတော့ဘူးလေ"

"မယ်မင်းကြီးမရယ် - ပြီးခါနီးမှာ တန်းလန်းကြီးမထားလိုက်ပါနဲ့"

"အကောင်းပြောရင်း အရွှန်းဖောက်မလာနဲ့နော် - ဟင်း"

"အရွှန်းဖောက်တာမဟုတ်ဘူး - မဆန့်တငံ့မို့ပါ"

"လာပြန်ပြီ - ပြောလေကဲလေပါလား"

"မကဲတော့ပါဘူးကွာ၊ ပြောမှာသာ ဆက်ပြောပါ"

"ကဲ - နားထောင် - အဲဒီဒေါ်မြလေးစိန် ကြောက်ကြောက်နဲ့ ဆက်ပြေးရင်း သူ့လုံချည်စကို နောက်ကလှမ်းဆွဲတော့ လုံချည်ကျွတ်သွားရော"



"ဟာ - မင်းကလည်း ရှက်စရာကြီးကွာ"

"အို - ရှင်ကလည်း ညဘက်ကြီး ဘယ်သူမြင်တာမှတ်လို့၊ သူ့မှာ အောက်ခံစကတ်ပါတယ်"

"ဒါနဲ့ - သူက နောက်ဘက်ကို လှည့်ကြည့်လိုက်တော့ - လားလား - နည်းတဲ့ခွေးသရဲကြီး မဟုတ်ဘူး"

"ဘယ်လောက်ကြီးလဲ - ပုတ်လောက်ကြီးလား"

"သူပြောတာတော့ လူတစ်ယောက်သာသာရှည်ပြီး တရုတ်သရဲကားထဲကလို နှုန်ဆွဲနှုန်ဆွဲနဲ့လိုက်တာ - တယ်မြန်ဆိုပဲ၊ အရောင်ကလည်း အဖြူရောင်တဲ့၊ "ဝုတ် - ဝုတ်" ဆိုပြီး ဟောင်လိုက်သေးတယ်တဲ့"

"ဒေါ်မြလေးစိန်က မအော်ဘူးလား"

ကျုပ်ကလည်း လူနေရပ်ကွက်ဆိုတော့ အော်လိုက်ရင် တစ်ယောက်မဟုတ်တစ်ယောက် ထွက်လာမှာလို့ထင်တယ်လေ၊ ဒါကြောင့် မေးလိုက်တာ၊

"အော်တာပေါ့၊ ဒါပေမဲ့ - သူ့အော်သံကို လူတွေက မကြားဘူး၊ တီဗွီကြည့်နေကြတာနေမှာပေါ့"

"ဒါနဲ့ - နောက်ဆုံး ဘယ်လိုဖြစ်သွားလဲ"

"ခလုတ်တိုက်ပြီး မှောက်ရက်လဲတော့ သရဲက ကုပ်ခွစီးပြီး အကျီတွေကို ကုပ်ဖြဲ၊ အဲဒီမှာတင် သူလည်း မေ့သွားရောတဲ့၊ ဘော်သေးတာပေါ့ - ရပ်ကွက်ထဲ မီးကင်းလှည့်တဲ့ မီးသတ်ရဲဘော်တွေ တွေ့လို့ သူ့ကို ဆေးရုံပို့လိုက်ရတယ်၊ ဆေးရုံကဆရာဝန်ကြီးနဲ့ ဆရာ၊ ဆရာမတွေကြောင့် သတိပြန်ရပြီး သက်သာသွားတော့တယ်"

ကျုပ်လည်း ကျုပ်မိန်းမပြောတဲ့ ဒေါ်မြလေးစိန့် သတင်းကို ဘာဖြစ်လို့ မကြားမိတာပါလိမ့်၊ ဒီသတင်းမျိုးဟာ တောမီးလို ပျံ့ရှင်းပျံ့နိုင်တဲ့ဟာပဲ၊ ဒေါ်မြလေးစိန်အကျီထဲက ငွေငါးသောင်းလည်း ပါသွားတယ်ဆိုတော့ ခွေးသရဲ ဖြစ်နိုင်ပါ့မလား၊ ခွေးသရဲက ငွေတွေယူသွားတယ်ဆိုတာ ဖြစ်နိုင်စရာ မရှိဘူး၊ ကျုပ်ကလည်း မှုခင်းဝတ္ထုတွေ တော်တော်ဖတ်ဖူးတော့ ဒီကိစ္စဟာ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်နည်းနဲ့မျှ ခွေးသရဲ မဖြစ်နိုင်ဘူး၊ လူသရဲပဲဖြစ်နိုင်တယ်၊ လူက သရဲ ယောင်ဆောင်ပြီး ငွေတွေယူသွားတာပဲဖြစ်ရမယ်။

ဒီအချိန်မှာ ကျုပ်အိမ်မှာ မနက်ဘက်ဆိုရင် ရေနွေးကြမ်း လာ,လာပြီး သောက်တဲ့ စာရေးဆရာ မောင်စိမ်းရောင် ရောက်လာတယ်၊

"လာဗျာ - ကိုစိမ်းရောင်၊ ခင်ဗျားအတွက် ကုန်ကြမ်းပေးမလို့"

"ဘာကုန်ကြမ်းလဲ - ဆရာ ကိုလေချွန်ရဲ့"

"ခင်ဗျားက ဂမ္ဘီရဝတ္ထုတွေ ရေးလေ့ရေးထရှိတော့ ကျုပ်ဖနီး မအိမ်စိုး ပြောပြတဲ့အကြောင်းလေး ခင်ဗျား ရေးချင်ရေးရအောင်လို့ပါ"

"ဆိုပါဦး - ဆရာ"

ကျုပ်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တယ်၊ ပြီးတော့ - ကျုပ်ထင် မြင်ယူဆချက်ကိုပါ ပြောမိတယ်၊

"ဟုတ်မယ် - ဆရာ၊ ဆရာထင်မြင်ယူဆသလို ဖြစ်နိုင်ခြေရှိတယ်၊ သဲလွန်စရော မကျန်ခဲ့ဘူးလား"

"အဲဒါတော့ - ကျွန်တော်လည်း မစုံစမ်းရသေးဘူး"

"ဝတ္ထုရေးတာထက် ဒီအကြောင်းကို စုံစမ်းပြီး အဖြစ်မှန်ကို ဖော်ထုတ် ချင်တယ် - ဆရာ"

"အေးဗျာ - ကျွန်တော်လည်း ခင်ဗျားလိုပဲ၊ ဒီကိစ္စကို စိတ်ဝင်စားတယ်၊ ကျွန်တော်တို့နှစ်ဦး ဆက်ပြီးလေ့လာရမယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း စုံစမ်းမှာပဲ"

"ကဲ - ဆရာကိုလေချွန်ရေ - ကျွန်တော်ပြန်လိုက်ဦးမယ်၊ ဆရာကတော် ရေ - ပြန်ဦးမယ်ဗျို့"

ကျုပ်လည်းရေနွေးကြမ်းသောက်အပြီး မြို့ထဲက လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်၊ အတော်ပဲ - ကျုပ်မိတ်ဆွေ ဒုရဲအုပ် (နယ်ထိန်းအဖွဲ့) နဲ့ တွေ့လို့ သူစားပွဲမှာပဲ ဝင်ထိုင်လိုက်တယ်၊

"ဆရာ - ဘယ်ကလှည့်လာလဲ၊ ဆရာ့ဝတ္ထုတစ်ပုဒ်တောင် သည်းထိတ် ရင်ဖိုမဂ္ဂဇင်းမှာ ဖတ်လိုက်ရသေးတယ်"



"အေးဗျာ - ကျွန်တော်လည်း ကုန်ကြမ်းရရင်ရသလို ရေးနေတာပဲ"

"ဆရာ - မှုခင်းဝတ္ထုတွေ ရေးပါလား။ ကျွန်တော်တို့ရဲတပ်ဖွဲ့ရဲ့ ဆောင် ရွက်ချက်တွေလည်း အများပြည်သူ သိရအောင်ပေါ့။ ကျွန်တော်တို့ မြန်မာ နိုင်ငံရဲတပ်ဖွဲ့က မှုခင်းဖော်ထုတ်မှုတွေမှာ မရ,ရအောင် ဖော်ထုတ်ပေးချင်ပါ တယ်၊ ဒါလည်းပြည်သူက တာဝန်သိသိကူညီမှ အောင်မြင်မှာ - ဆရာ၊ ပြည် သူကလည်း ကျွန်တော်တို့တပ်ဖွဲ့ကို ယုံကြည်အားကိုးမှ၊ ကျွန်တော်တို့က လည်း ပြည်သူက ယုံကြည်အားကိုးအောင် လက်တွေ့လုပ်ပြမှ၊ ခုတော့ ကျွန်တော်တို့ကပြည်သူရဲ့ယုံကြည်အားကိုးမှုအပြည့်အဝ မရသေးတာတော့ အမှန်ပဲ - ဆရာ"

ကျုပ်က သက်ပြင်းချလိုက်ရင်း -

"ဟုတ်ပါတယ် - ဆရာတို့ပြည်သူတွေဘက်ကလည်း အားနည်းချက် တွေ ရှိပါတယ်၊ ကိုယ့်ရှေ့မှာ ယာဉ်တိုက်မှုတစ်ခုတွေ့ရင်တောင် ကူညီရမှာ ဝန်လေးကြတယ်၊ သက်သေအဖြစ် ပါဝင်ပတ်သက်နေမှာစိုးတယ်လေ၊ အသိစိတ်ဓာတ် အားနည်းသေးတဲ့သဘောပါ၊ ဒါလည်း ပညာပေးမှု အား နည်းတာလည်း ပါ,ပါတယ်" လို့ ပြောလိုက်တယ်၊

"ကဲ - ဆရာ - လက်ဖက်ရည် သုံးဆောင်လိုက်ပါဦး"

ကျုပ်က လက်ဖက်ရည်တစ်ကျိုက် သောက်လိုက်တယ်၊ ပြီးတော့ကျုပ် သိချင်တာကို မေးလိုက်တယ်၊

"ဆရာတို့ - ဟိုညက သရဲခြောက်ခံရတယ်ဆိုတဲ့ ဒေါ်မြလေးစိန်ရဲ့အဖြစ် အပျက်က သဲလွန်စလေး၊ ဘာလေး မရဘူးလား၊ ကျွန်တော်တော့ လူယက် မှုလို့ထင်တယ် - ဆရာ"

"ဟုတ်ပါတယ် - ဆရာထင်သလိုပါပဲ၊ တကယ်ခွေးသရဲ မဟုတ်ပါဘူး၊ အဲဒီနားမှာ ဇိနပ်အဟောင်းတစ်ရံ ရပါတယ်၊ အဲဒီဖိနပ်အပြင် စက်ဘီးလေး ထိုးတံတစ်ချောင်းလည်း ရပါတယ်၊ "ရှူးရှူး" ဆိုတာ စက်ဘီးလေထိုးတံနဲ့ ထိုးတာပါ၊ ဒီကိစ္စမှာ တစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး၊ နှစ်ယောက်ဖြစ်

www.burmeseclassic.com

နိုင်တယ်၊ တစ်ယောက်က ခွေးသရဲယောင်ဆောင်ပြီး တစ်ယောက်က လေထိုးတံနဲ့ အသံပေးတာဖြစ်ရမယ်"

"လေထိုးတံမှာရော သဲလွန်စ မတွေ့ဘူးလား"

"ဘယ်လိုသဲလွန်စလဲ - ဆရာ"

"အော် - နာမည်တွေ၊ ဘာတွေ ရေးမထားဘူးလား"

"နာမည်တော့ မတွေ့ဘူး - ဆရာ၊ ကြက်ခြေခတ်ရာတော့ ပါတယ်"

"အဲဒါ သဲလွန်စပဲပေါ့၊ တချို့ဆိုင်တွေက စက်ဘီးထိုးဖို့၊ ဆိုင်ကယ်ထိုးဖို့ လေထိုးတံနှစ်ချောင်း သုံးချောင်းထားတတ်တယ်ဗျ၊ ဆိုင်ပိုင်တော့ လေထိုးတံ အပြင်မှာ မေ့လျော့ပြီး မသိမ်းမိတာမျိုးနေမှာပေါ့၊ ဒါကို အကြံသမားက သိပြီး အဲဒီလေထိုးတံကို ယူတာနေမှာပေါ့ဗျာ"

ကျုပ်ထင်မြင်ယူဆချက်ကို လက်ခံပုံရတယ်၊ သူ့မျက်နှာပြုံးသွားတယ်၊

"ဟုတ်ပြီ - ဆရာ၊ စက်ဘီး၊ ဆိုင်ကယ်ပြင်ဆိုင်တွေကို လိုက်စုံစမ်းရင်ရမယ်"

"ဟုတ်တာပေါ့ဗျာ၊ ဒါပေမဲ့ - သိမ်သိမ်မွေ့မွေ့လေး စုံစမ်းမှနော်၊ သူတို့ပါ အမှုပတ်နေမှာစိုးလို့ ငြင်းနေဦးမယ်"

"ကဲ - ဆရာ - ကျေးဇူးပဲ၊ ဟော့ - ဒီဝိုင်းက ဘယ်လောက်လဲ"

လက်ဖက်ရည်ဖိုး ရှင်းလင်းပြီး သွက်လက်စွာ ထွက်သွားတဲ့ ဒုရဲအုပ်ကလေးကို ကြည့်ရင်း ကျုပ်ကတော့ ရင်ထဲက ဆုတောင်းပေးမိတယ်၊ "တရားခံအစစ်အမှန် ပေါ်ပါစေ" လို့၊

— —

ကျုပ်ဇနီး မအိမ်စိုးကို အိမ်မှာ အဆင်သင့်တွေ့တယ်၊ ဒါပေမဲ့ - သူ့လက်ထဲမှာ ဈေးဆွဲခြင်းနဲ့ -

"ရှင့်ကိုစောင့်နေတာ ဈေးတောင် နောက်ကျနေပြီ၊ ဘယ်မှာ လေကြောဖြောင့်နေတာလဲ"

"နေပါဦးကွာ - မင်းကို ပြောစရာရှိလို့"

"ပြောစရာရှိတာ မြန်မြန်ပြော၊ တော်ကြာ - နေမြင့်သွားရင် ငါးပုပ်၊ ငါးဆိုးပဲ ရမှာ"

"ဒီတော့လည်း ဟင်းသီးဟင်းရွက်နဲ့ ဘဲဥဝယ်ပေါ့ကွာ၊ ပိုတောင်ကောင်းသေးတယ်၊ မင်းကို ခွေးသရဲအကြောင်း ပြောမလို့"

"လာပြန်ပြီ၊ ဈေးသွားခါနီး ကြက်သီးမွေးညင်းထောင် ထသွားတယ်"

ကျုပ်မိန်းမ ဗန္ဓုလ သွေးပါတယ်ထင်တယ်၊ ဒီသရဲ အကြောင်းပြောတာနဲ့ ကြက်သီးထရတယ်လို့၊

"စကားလေးပါကွာ"

"ကဲ - ပြောရင်လည်း မြန်မြန်ပြော"

"ဒီလိုကွ - မနက်က လက်ဖက်ရည်ဆိုင် ရောက်ခဲ့တယ်"

"အဲဒါတွေ နိဒါန်းပျိုးမနေနဲ့တော့"

"မပျိုးလို့မဖြစ်ဘူး၊ ကျုပ် မနက်က ဒုရဲအုပ်တစ်ယောက်နဲ့ တွေ့ခဲ့တယ်၊ ခွေးသရဲမဟုတ်ဘူး - လူသရဲတဲ့၊ တရားခံပေါ်အောင် ဖော်စမ်းနေတယ်၊ အနည်းဆုံး နှစ်ယောက်ဖြစ်မယ်၊ ကြံဖန်ပြီး အဝတ်ဖြူဝတ်ပြီး သရဲယောင်ဆောင်တာ၊ "ရှူးရှူး" ဆိုတာလည်း လေထိုးတံနဲ့လုပ်တာ၊ ပန့်ပ်တစ်ရုံနဲ့ လေထိုးတံ တစ်ချောင်းလည်း ရတယ်၊ အဲဒီအမှုက ပေါ်မှာသေချာတယ်"

စကားမစပ်၊ ဒေါ်မြလေးစိန်အကြောင်း ပြောရဦးမယ်၊ ဒေါ်မြလေးစိန်မှာ ဦးမိုးသီးနဲ့ရတဲ့ သမီးတစ်ယောက် ရှိတယ် - လှလေးစိန်တဲ့၊ လှလေးစိန်ယောက်ျား မိုးတာတီးဟာ အရက်သမား၊ တစ်ကောင်ကြွက်၊ အလုပ်လည်း မည်မည်ရရမရှိ၊ ဟိုယောင်ယောင်၊ ဒီယောင်ယောင်၊ ကြုံရာကျပန်း အလုပ်လုပ်တာတောင် စောသေးလို့၊ မိုးချုပ်သွားလို့ဆိုပြီး ရေးကစပ်များများ၊ လက်ကြောမတင်းဘူး၊ လှလေးစိန်ရဲ့ အဖေနဲ့အမေက အိမ်ခွဲဆောက်ပေးလိုက်တယ်၊ မိဘတွေရဲ့ချက်ကွယ်ကျတော့ ပိုဆိုးတာပေါ့၊ မိန်းမကို အရက်မူးပြီး ဆဲဆိုကြိမ်းမောင်း ရိုက်နှက်ပြီး နှိပ်စက်တတ်တယ်၊

"ဟဲ့ - လှလေးစိန် - နင့်အမေဆီ ပိုက်ဆံသွားတောင်းစမ်း၊ ငါ - အလုပ်လုပ်မလို့"

www.burmeseclassic.com

"ဘာအလုပ် လုပ်မလို့လဲ၊ တောင်းတာတွေလည်း ထပ်နေပြီ၊ ဈေးတာတွေလည်း အခါခါ မတောင်းနိုင်ဘူး"

"မင်းမတောင်းနိုင်ရင် ငါသွားတောင်းမယ်"

ပြောပြောဆိုဆို ထွက်သွားတယ်၊ လှလေးစိန်လည်း ပြဿနာဖြစ်မှာ စိုးတဲ့အတွက် နောက်က နောက်ယောင်ခံပြီး လိုက်သွားတယ်၊ လူကလည်း အရက်မူးနေတော့ ဒယိမ်းဒယိုင်နဲ့၊ အိမ်ရှေ့ရောက်တော့ -

"ဗျို့ - ဒေါ်မြလေးစိန် - အဲ - အမေ"

"ဘယ်သူတုံးဟဲ့ - အချိန်မတော်"

"ကျွန်တော်ပါ - ဗိုးတာတီးလေ၊ ကျွန်တော့်အသံတောင် မမှတ်မိဘူးလား"

"ဟဲ့ - ငမူး - နင် အိမ်ကို ဘာလာလုပ်တာလဲ"

"ကိုယ့်သားမက်ကိုများ ငမူးတဲ့၊ ရွှေသမက်၊ ငွေသမက်ကလေးပါ"

"ကိုတာတီး - အဖေ ဘုရားရှိခိုးနေတယ် - ပြန်ကြမယ်၊ မနက်ကျမှ လာတောင်းပါ၊ ရှိခိုးပါရဲ့ - ကိုတာတီးရယ်"

"ဘာ - ခုမှရှိခိုး - ဝေါ့ - ဝေါ့ - ဝေါ့"

အိမ်ရှေ့ဖိနပ်ချွတ်မှာ အန်ချလိုက်တယ်၊

"ဒုက္ခပါပဲ - ကိုတာတီးရယ်"

"ဘာဒုက္ခလဲ - သုခကွ သုခ - ဝေါ့ - ဝေါ့"

လှလေးစိန်က ရေခပ်ပြီး ဖိနပ်ချွတ်ကို ဆေးကြောပေးတယ်၊ ဗိုးတာတီး ဝမ်းလျားမှောက် လဲကျသွားတယ်၊

ဗိုးတာတီးကို မနိုင့်တနိုင် တွဲပြီးခေါ်ရရှာတယ်၊ လှလေးစိန်က ဗလ ကောင်းလို့ တော်သေးတာပေါ့၊ အမေကတော့ တံခါးကို ဆောင့်ပိတ်ပြီး မေတ္တာပို့နေတယ်၊ အဖေဖြစ်သူက လှမ်းမေးတယ်၊

"ဟဲ့ - မြလေးစိန် - ဘာဖြစ်နေတုံး၊ ပါးစပ်က ပွစိပွစိနဲ့"

"ဘာဖြစ်ရမလဲ - တော့်သမက် ငမူး - အိမ်ကိုလာပြီး ဒုက္ခပေးသွားသေးတယ်"



"ဒီကောင် - တယ်စက်တာပဲ၊ လူကြီးသူမတွေကိုလည်း မရှိမသေနဲ့"

ဗိုးတာတီးက ယောက္ခမ ဒေါ်မြလေးစိန်ကို မကျေမနပ်ဖြစ်နေတာ ကြာပြီ၊ ကျုပ်ကတွေ့တိုင်း ဆုံးမပါတယ်၊ ဒါပေမဲ့ - ဒီကောင်က ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ၊ သေမှလိမ္မာမယ့်ကောင်စားမျိုး၊

မနက်ဘက်မှာ ဆရာမောင်စိမ်းရောင် ထုံးစံအတိုင်း ရောက်လာတယ်၊ ဒီတစ်ခါ သူတစ်ယောက်တည်းမဟုတ်ဘူး၊ ဗိုးတာတီးနဲ့ သောက်ဖော်သောက်ဖက်၊ ဂျစ်ပွေးတစ်ယောက် ပါလာတယ်၊

"ဆရာမောင်စိမ်းရောင်ပါလား၊ လာဗျာ - မောင်တာတီးတို့လည်း ပါလာသကိုး"

"ဟုတ်ပ - ဆရာ ကိုလေချွန်ရေ၊ အကြောင်းလေးနည်းနည်းထူးတာနဲ့"

"ဘာလဲ - ဒီညမန်ယူနဲ့ လီဗာပူးပွဲလား၊ ကျုပ်တော့ မကြည့်နိုင်ဘူးဗျာ၊ ညဘက်ထွက်ရတာ မကောင်းလို့၊ ဆိုင်ကယ်တွေက ရှုပ်မှရှုပ်၊ ရမ်းမှရမ်း၊ မတော်တဆဆိုတာ ပြောမရဘူးဗျ၊ ထင်တိုင်းကြဲနေကြတာ"

"မဟုတ်ပါဘူး - ဆရာ၊ ဆရာ - သူတို့ကိုသိလား"

"တာတီးကိုတော့ သိတယ်၊ နောက်တစ်ယောက်ကိုတော့ တွေ့ဖူးသလိုလိုပဲ"

"ဦးရောင်ကြီးဖွဲ့ရဲ့သား ဂျစ်တူးလေ"

"ထိုင်ကြကွာ - ဘာတိစ္စလဲ"

သူတို့သုံးယောက် ထိုင်ကြပြီးနောက် ကျုပ်က ဇနီး မအိမ်စိုးကို လှမ်းပြောလိုက်တယ်၊

"မအိမ်စိုးရေ - အဆာခံစားဖို့ လုပ်ပါဦး"

ကျုပ်တို့ စကားပြောကြတယ်၊ ဆရာ ကိုစိမ်းရောင်က ကျုပ်နားကိုကပ်ပြီး တိုးတိုးလေးပြောတယ်၊

"ကိုစိမ်းရောင် - ကျယ်ကျယ်ပြောပါဗျ၊ ကျုပ် သိပ်မကြားရဘူး"

"ဆရာကလည်း လုပ်ပြီ၊ သိပ်ကျယ်ကျယ်မပြောလို့မဖြစ်ဘူး"

"ဘာလဲ - ဘောလုံးပွဲ လောင်းဖို့လား၊ ကျုပ် ဝါသနာမပါဘူးဗျ"

www.burmeseclassic.com

"ဘယ်ကဟုတ်ရမှာလဲ၊ ဟောဒီမှာ ပါလာတဲ့နှစ်ယောက်က ဆရာနဲ့ တွေ့ချင်လို့တဲ့"

"ကဲ - ဆိုပါဦး - ဖိုးတာတီး"

ဖိုးတာတီးကဘေးဘီဝဲယာကိုလှည့်ကြည့်ရင်းစိတ်ချရတဲ့အနေအထား ကြောင့် ပြောတော့တယ်၊

"ဒီလိုပါ - ဆရာ၊ ဟိုတလောက ကျွန်တော့်ယောက္ခမ ဒေါ်မြလေးစိန် ခွေးသရဲအခြောက်ခံရတဲ့ကိစ္စကို ဆရာတို့ကြားလိုက်တယ်မဟုတ်လား"

"အေး - ကြားသားပဲကွ၊ အဲဒီကိစ္စကို ငါတို့လည်း စိတ်ဝင်စားလို့ စုံစမ်း နေတာ"

"အဲဒါ - ခွေးသရဲခြောက်တာ မဟုတ်ဘူး - ဆရာ"

"အေး - တို့လည်း အဲဒီလိုမထင်ဘူး"

"ကျွန်တော်တို့ သိတယ် - ဆရာ၊ ဒါပေမဲ့ - မပြောရဲလို့"

"ဘာဖြစ်လို့ မပြောရဲရမှာလဲကွ၊ တရားဥပဒေစိုးမိုးရေး ရှိတာပဲ၊ မင်းမဲ့ တိုင်းပြည်မှမဟုတ်ဘဲ"

"ဟုတ်တော့ဟုတ်ပါတယ် - ဆရာ၊ ဒါပေမဲ့ - သူတို့က သူတို့ပြောတယ် ဆိုပြီး လာရမ်းမှာစိုးလို့"

မောင်စိမ်းရောင်က ဝင်ပြော၏၊ ဟုတ်လည်းဟုတ်တယ်၊ သူတို့ပုံက ကြောက်နေတဲ့ပုံပဲ၊ ကျုပ်က သူတို့အခြေအနေကို အကဲခတ်မိတယ်၊

"ဘာကြောက်စရာရှိလဲကွ၊ မင်းတို့ပြောတယ်ဆိုတာ လူမသိစေရဘူး၊ ပြောမှာသာပြော"

"ကဲ - ကဲ - အဆာခံစားကြဦး၊ ငါလည်း မစားရသေးဘူး၊ စားပြီးတော့မှ အေးအေးဆေးဆေး ပြောကြတာပေါ့"

ကျုပ်ကတော့ ဒီအမှုပေါ်ရင် လူတွေကို အားရပါးရ ပြောပြချင်တယ်၊ ပုံမှားရိုက်ပြီး လုယက်တာမျိုး၊ ပြောင်လုတာမျိုး၊ အေး - စားပြတိုက်တာမျိုး တွေကိုလူတွေ သတိထားဖို့၊ လူလူချင်းစာနာမှုကင်းကြတာမျိုးတွေ၊ ဒုစရိုက် မှုကျူးလွန်တာမျိုးတွေဟာ ခုလည်းမကောင်းဘူး၊ သံသရာလည်းမကောင်း



ဘူး၊ တရားမှုနဲ့ မတရားမှုကို မခွဲခြားတတ်ကြဘူး၊ ပူတစ်ပါးပစ္စည်းကို အရှောင်လိုချင်ကြတာတွေဟာ အဓမ္မကျူးလွန်မှုပဲ၊

"ဒီလိုပါ - ဆရာ၊ ကျွန်တော်တို့နှစ်ယောက် ညက အရက်သွားသောက် ကြတယ်၊ သောက်နေကျဆိုင် မဟုတ်ဘူး၊ ကြွေးတွေထပ်နေတော့ ကျွန် တော်တို့ကိုမရောင်းတော့ဘူး၊ ကမ်းနားဘက်ကဆိုင်ကို သွားသောက်တော့ ကျွန်တော်တို့ဘေးခုံမှာထိုင်နေတဲ့ လူနှစ်ဦးပြောနေတာ ကျွန်တော်တို့ကြား တယ်"

"ဘာတွေပြောနေလဲ"

"တို့ ဟိုညကလုပ်တဲ့ကိစ္စ ဘယ်သူမှ မရိပ်မိတဲ့အကြောင်းနဲ့ အဒေါ်ကြီး လည်း လန့်ပြီးဖေးရုံတက်ရတဲ့အကြောင်း၊၊ ဒါပေမဲ့ - ဖိနပ်တစ်ရံနဲ့ လေထိုး တံကျန်ခဲ့တဲ့ကိစ္စက တို့ရဲ့ပေါ့ဆမှုဖြစ်တဲ့အတွက် နောက်ပိုင်းမှာ ခြေရာခံပြီး လိုက်ရင် ပေါ်နိုင်တဲ့အကြောင်း၊၊ ဒါပေမဲ့ - စိတ်ပူစရာမရှိတဲ့အကြောင်းနဲ့ ရထားတဲ့ငွေတွေလည်း ကုန်တော့မယ်ဆိုတဲ့အကြောင်း ပြောနေသံ ကြား တယ် - ဆရာ၊ ကျွန်တော့်ကိုလည်း ဒေါ်မြလေးစိန်ရဲ့သမက်မှန်း မသိကြဘူး ထင်ပါတယ်"

"ဒါဆို - အဲဒီနှစ်ယောက်ကို မင်းတို့သိတယ်နော်"

"ဖိုးလုနဲ့ ထိန်ကြီးပေါ့ - ဆရာရယ်"

"မင်းတို့ဟာသေချာရဲ့လားကွာ၊ မဟုတ်ပဲ သွားပြီးဖမ်းလားဆီးလားလုပ် မိရင် မကောင်းဘူးကွ၊ ဒီလိုလုပ်ကွာ - မင်းတို့ ခုပြောတဲ့ကိစ္စကိုပြန်ပြော၊ ငါ အသံဖမ်းယူထားမယ် - ခဏနေကြဦး"

ကျုပ်က အသံဖမ်းဖို့ ကျုပ်ရဲ့စက်ကလေး သွားယူ တုန်းပဲ ဒုရဲအုပ်ကလေး နဲ့ ရဲတပ်သားနှစ်ဦး ကျုပ်တို့အိမ်ကို ရောက်လာတယ်၊ ဖိုးတာတီးတို့နှစ် ယောက် မျက်စိမျက်နှာ ပျက်နေကြတာကို ကျုပ် သတိထားလိုက်မိတယ်၊

"ဆရာကြီးရေ - ဟိုကိစ္စ တရားခံတွေပေါ်ပြီ၊ ခု - လာဖမ်းတာ"

"ဟုတ်တယ်ကွ - ကျုပ်တို့လည်းမောင်ရင်တို့ဆီ သတင်းပို့မလို့၊ ဟောဒီ နှစ်ယောက်က တရားခံ ဖိုးလုနဲ့ ထိန်ကြီးဖြစ်တဲ့အကြောင်း လာပြီးသတင်း



www.burmeseclassic.com

www.burmeseclassic.com

ပေးလို့အသံသွင်းယူထားမလို့လုပ်နေတုန်း မောင်ရင်တို့လာတာနဲ့ အတော်ပဲ"

"ဘယ်က ဖိုးလှနဲ့ ထိန်ကြီးလဲ - ဆရာ"

"သူတို့ပြောတာပဲ"

"တရားခံက သူတို့နှစ်ယောက်ပဲ - ဆရာရေ၊ ကျွန်တော်တို့ တွင်းဆက်တွေ ရပြီပြီ"

"ဗျာ - ဖိုးတာတီးနဲ့ဂျစ်မွေး - ဟုတ်လား"

ရဲတပ်ဖွဲ့ဝင်နှစ်ယောက်က လျင်မြန်စွာ လက်ထိတ်ခတ်လိုက်ကြတယ်၊

"ကဲ - မင်းတို့နှစ်ယောက်လုံး ရဲစခန်းကျမှ ဖြောင့်ချက်ပေးပေတော့၊ ဆရာကြီးရေ - ဒီကောင်တော့ လူလည်ကျတာ၊ နောက်တော့မှ ဆရာကြီးကို အကြောင်းစုံပြောပြတော့မယ်၊ ခွင့်ပြုပါဦး - ဆရာကြီး"

"အေးကွာ - မိုက်လိုက်ကြပါဘိတော့"

ကျုပ်လည်း အံ့အားသင့်ရင်း မောင်စိမ်းရောင်နဲ့အတူ ပေးပိုင်ကျန်ရစ်ခဲ့တယ်၊ "တစ်လီမ်နှစ်လီမ်" ဆိုတာ ဒါမျိုးပဲဟု ကျုပ်ရင်ထဲမှာ မှတ်ချက်ချနေမိတယ်၊

→ လင်းယုန်ကြယ်



www.burmeseclassic.com

www.burmeseclassic.com

တောနက်ထဲတွင်
ဆင်လိုက်၍ထွက်ပြေးရာမှ
ချောက်ထဲကျသွားသောအခါ..

**ဆင်စွယ်**ငှက်ပျော၊ သီးမွှေးငှက်ပျော၊ တောင်ငူငှက်ပျော ဟူ
အမည်အမျိုးမျိုး မှည့်ခေါ်ကြသော ငှက်ပျောမှာ အ
ဒေသအလိုက် အမည်အမျိုးမျိုး ကွဲပြားနေသော်လည်
ငှက်ပျောမှာ တစ်မျိုးတစ်စားတည်း ဖြစ်လေသည်။ အ
သဖြင့် ထိုငှက်ပျောသည် ဆင်စွယ်နှင့်တူ၏။ အရသာ
မွှေးပြီးချို၏။ တောင်ငူဒေသမှာ အထွက်များ၏။ ဈေးတွင်
ထိုငှက်ပျောကို အခြားသော ဖီးကြမ်း၊ နံ့သာပု၊ ရခိုင်၊ မွှေး
တောပတ်ငှက်ပျော၊ ငှက်ပျောရှည်၊ သူငယ်စာ အစရှိသည်
ငှက်ပျောများနှင့် ရောရောင်းလျှင် ဤငှက်ပျောက အရော
က ဝါဝင်းပြီး အသီးက ရှည်ရှည်၊ အနံ့က မွှေးလှသဖြ
အခြားငှက်ပျောတွေထက် အရောင်းရသွက်၏။ တရု
လူမျိုးတို့အလွန်ကြိုက်နှစ်သက်ကြ၏။ တရုတ်နှစ်သစ်
ရှိန်ရောက်လျှင် ထိုငှက်ပျောစိုက်ထားသော ယာသ

များက အဖီးဝပြီး ကောင်းမေ့ဆိုသော ရှယ်ငှက်ပျောသီးများကို သီးသန့်ရွေး ခုတ်ကြကာ ကားကြီး ကားငယ်၊ ရထားတို့ဖြင့် ရန်ကုန်သို့ တင်ပို့ရောင်းချကြသည်။ နှစ်သစ်ကူးပွဲတော် ကျင်းပကြသော တရုတ်လူမျိုးတို့က ဈေးဘယ်လောက်ပဲ ပေးရပေးရ ဝယ်ယူခဲ့ကြသည်။ ထိုငှက်ပျောအများအပြား စိုက်ပျိုးကြသူတို့မှာ တောင်ပေါ်ယာခင်းများ၌သာ ဖြစ်သည်။ တောင်ပေါ်တွင် နေရာကျယ်ဝန်းလှသဖြင့် စိတ်ကြိုက်ခုတ်ကွက်ထွင်ပြီး စိုက်ပျိုးကြသည်။

အောင်ခင်က အခြားစီးပွားရေးအလုပ်ကိုမလုပ်ဘဲ တောင်ပေါ်တက်ကာ ယာခင်းခုတ်၍ ငှက်ပျောစိုက်ကာ အသက်မွေးသူဖြစ်သည်။ ယာကွက်ခုတ်တော့မည်ဆိုလျှင် တောင်ပေါ်တက်ကာ သစ်တောထူထူနေရာဖြစ်ပြီး နေရောင်ခြည် ကောင်းစွာရရှိသော တောင်စောင်းနေရာမျိုးကို ရွေးချယ်ကာ ထိုနေရာ အနီးတစ်ဝိုက်၌ စမ်းချောင်း၊ ရေမြောင်းနီးသည့်နေရာမျိုးကို ရွေးချယ်၍ ဧကတော်တော်များများကျယ်အောင် နွေမတိုင်မီ ဆောင်းကာလကတည်းက စတင်ခုတ်ထွင်ခဲ့သည်။

"အင်း – ငါ ယာခုတ်ရင်တော့ ဧကကျယ်ကျယ်ခုတ်မှပဲ၊ ဒါကြောင့် စောစောကြိုတင်ပြီး ခုတ်ရမှာပဲ"

အောင်ခင့်စီးပွားရေးအလုပ်က ယာစိုက်ပျိုးအလုပ်ဖြစ်သောကြောင့် ဧက,ကျယ်ကျယ်နှင့် များများစိုက်ပျိုးနိုင်မှ စီးပွားဖြစ်မည်ကို သိသည်။ ထို့ကြောင့် သူ ဧက,ကျယ်ကျယ်ခုတ်ခဲ့သည်။ ထိုသို့ခုတ်ရာတွင် တောနက်နက်ထဲသို့သွား၍ခုတ်မှ လူသူအရောက်အပေါက်နည်းပြီး ငှက်ပျောနိုးခြင်းများ ကင်းရှင်းနိုင်မည်ဖြစ်သည်။ ထိုအသိကြောင့် သူ ပဲနှုးရိုးမကြီး၏ အရှေ့ဘက်စောင်းကိုမရွေးချယ်ခဲ့ဘဲ ရိုးမကြီး၏အနောက်ဘက် ဝေးလံသောနေရာအထိ သွား၍ ယာခုတ်ခဲ့၏။ ယာခုတ်ထွင်ရသည်က တောထူထူတွင် သစ်ပင်ကြီးများကို ခုတ်လှဲပစ်ရ၏။ တစ်လ ကိုးသီတင်းဆိုသလို နေလှန်းထားရ၏။ သစ်ကိုင်းသစ်ရွက်များ ခြောက်သွားသည့်အခါ မီးရှို့လိုက်လျှင် ခုတ်ကွက်ကြီးတစ်ခုလုံး မီးလောင်ပြာကျသွားတော့၏။ မီးမလောင်နိုင်ဘဲ ကျန်နေသော သစ်တုံးကြီးများကို ချောက်ထဲသို့ ကုတ်အားနှင့် လှိမ့်ချရ၏။ ကျွမ်းခွေပြီးသောအခါ ယာစိုက်ရန် မြေနေရာကျယ်ပြီး ပေါ်လာခဲ့တော့သည်။

www.burmeseclassic.com

"အင်း - ငါ့ယာကွက်ကြီးထဲမှာ ဈေးရောင်းရနိုင်တဲ့ သီးမွှေးငှက်ပျော တွေကိုသာ အဓိကထားပြီး စိုက်လေမှပဲ၊ ငှက်ပျောက တစ်စိုက်စိုက်ရင် အပင် တွေပွားပြီး ပေါက်ထွက်လာတာဆိုတော့ ငှက်ပျောခိုင်တွေ များများထွက် လေအကျိုးရှိလေပဲ။ ငှက်ပျောတွေကြားမှာ ကုလားအော်ရေတပင်တွေ စိုက်မယ်၊ ငှက်ပျောမထွက်မီ ဈေးသုံးမပြတ်ရအောင် သခွား၊ ဖရုံ၊ ပဲတောင့် ရှည်၊ ပြောင်းတွေလည်း နည်းနည်းစီ ထည့်စိုက်ထားရမယ်"

အောင်ခင်က သူစုတ်ထားသော ယာခင်းအလယ်လောက်တွင် တောင် ကုန်းမြင့်တစ်ခုပေါ်တွင် တဲတစ်လုံးကို ခပ်မြင့်မြင့် ဆောက်ထား၏။ တဲပေါ်မှ နေ၍ သူ့ယာတစ်ခွင်ကို ကောင်းစွာမြင်နိုင်၏။ ယာတဲနှင့် မလှမ်းမကမ်း တောင်စောင်းတွင် ပြောင်းခင်းစိုက်ခဲ့၏။ ထိုပြောင်းခင်းပတ်လည်တွင် သခွား၊ ဖရုံ၊ ပဲတောင့်ရှည်များ စိုက်ထား၏။ တောင်ယာစပါးကိုလည်း ထည့်စိုက်ထား ၏၊ တောင်ယာစပါး စိုက်ရသည်က မြေပြန့်မှာလို ကောက်စိုက်မများနှင့် စိုက်ရခြင်းမျိုးမဟုတ်၊ တုရွင်းကလေးနှင့် ယာကွက်ထဲတွင် မြေကိုထိုးစိုက်၍ ထိုတူးခဲ့သော မြေပွထဲသို့ စပါးသုံးစေ့လောက်ထည့်ပြီး မြေပြန်ဖုံးကာ စူးထိုး စိုက်ခြင်းဖြစ်သည်။

"ငါ့ယာက ရွာနဲ့ဝေးလေတော့ ရွာက ဆန်ပြန်သယ်ဖို့ဆိုတာ သိပ်မလွယ် ဘူး၊ ယာထဲမှာ စပါးထည့်စိုက်ထားရင် ထွက်လာတဲ့ ယာစပါးကို မောင်းဆုံ နဲ့ ထောင်းပြီး ဆန်ရအောင် လုပ်ရမယ်"

ယာထဲစိုက်သော ယာစပါးကို မောင်းဆုံနဲ့ထောင်းပြီး ဆန်ကို ချက်စား လျှင် လွန်စွာပျော့ပျောင်းပြီး ဟင်းမပါဘဲနှင့်ပင် စားကောင်းလေသည်။

မိုးတစ်ပြိုက်နှစ်ပြိုက် ရွာလာသည်နှင့် ယာကွက်ကြီးထဲတွင် ငှက်ပျော စို့များ စတင်စိုက်ခဲ့၏။ မီးရှို့သာမြေဖြစ်၍ မြေမွပြီး မြေသြဇာအလွန်ကောင်း လှသဖြင့် ငှက်ပျောစို့များ သန်သန်စွမ်းစွမ်း ပေါက်ထွက်လာခဲ့ကြသည်။ ထိုငှက်ပျောပင်များကြားမှ ရေတပ်စေ့များစိုက်ထား၏။ ဆင်ခရမ်းပင်ကိုလည်း ထည့်စိုက်၏။ ဆင်ခရမ်းက မီးဖုတ်ပြီး ငါးပိ၊ ရေတပ်သီးတို့နှင့် ငါးပိထောင်း ထောင်းစားနိုင်၏။ မိုးဦးကျချိန်ရောက်လျှင်တော့ အောင်ခင်၏ယာကွက်ထဲ တွင် မျိုးစေ့များ အားလုံးစိုက်၍ပြီးခဲ့တော့သည်။



ထိုအချိန်တွင် တစ်နွေလုံး ပင်ပန်းခဲ့သမျှ အနားရသောအချိန် ဖြစ်လာ ခဲ့သည်။

"အင်း - ငါ့ယာကွက်ထဲမှာ ငှက်ပျောအဓိကနဲ့ အခြားသီးနှံတွေပါ ရော နှောစိုက်ပျိုးပြီးခဲ့ပြီဆိုတော့ အဲဒီသီးနှံတွေ သီးပွင့်လာကြရင် ငါ့ရဲ့ပင်ပန်းမှု ရလဒ်တွေက အကျိုးပြုလာခဲ့တော့မှာပဲလေ"

အောင်ခင့်အဖို့ တဲပေါ်တွင် နားနားနေနေနှင့် နေပြီး ပေါင်းရှင်းပေးရုံ လောက်သာ အလုပ်ရှိတော့သည်။ မကြာမီ သူ စိုက်ယာကွက်ထဲမှာ စိုက်ထား သော စိုက်ပင်များမှ အသီးများ ခူးဆွတ်ယူကာ ရွာသို့ အထမ်းသမားများ ငှားပြီး သယ်ယူရောင်းချခြင်းဖြင့် ယာဝင်ငွေ စတင်ရလာနိုင်တော့မည်ဖြစ်၍ အောင်ခင် ဝမ်းသာပီတိ ဖြစ်နေတော့၏။

သူ့ယာကို စတင်စဉ်က နေ့စားလူငှားများ ငှားခုတ်ခဲ့သော်လည်း ယာစိုက် ပြီးသည့်အခါတွင်တော့ အခြားလူများမလိုတော့ဘဲ သူ တစ်ယောက်ထဲပင် ယာထဲ၌နေ၍ စိုက်ပင်များကို နေ့စဉ် လှည့်ပတ်ကြည့်ရှုပေးနေရတော့သည်။

"ငါ - ဟင်းရွက်လုံးချက် ချက်စားနိုင်အောင် ယာထဲက ဖရုံညွန့်၊ ပဲညွန့်တွေ လိုက်ခူးဦးမှပဲ"

"ဟာ - သခွားသီးတောင် စတင်သီးလာနေပြီပဲ၊ ရေတပ်ပင်တွေကလည်း ကိုင်းတက်တွေ ဖြာထွက်ပြီး သီးပွင့်လာကြပြီ"

သူ ဖရုံညွန့်၊ ပဲညွန့်၊ ရေတပ်သီး နည်းနည်းစီ ခူးလာခဲ့ကာ ယာတဲသို့ ပြန် ရောက်လျှင် ဟင်းရွက်လုံးချက် ချက်သည်။ ရေတပ်သီးကို စိမ်းစားငါးပိနှင့် ထောင်းသည်။ ရေနွေးကျိုကာ သောက်စားခဲ့သည်၊ အပင်မှ လတ်လတ် ဆတ်ဆတ် ခူးချက်ခဲ့သဖြင့် စားရသည်မှာ ချိုမြိန်လှ၏။

"ဝူး - ဝူး - ဝူး"

"ဟေး - ဘယ်သူတွေလဲဟေ့"

"ကျုပ်တို့ အထမ်းသမားတွေ တက်လာကြတာပါ"

"တဲဆီကို လာကြဟေ့"

"မင်းတို့ ရောက်လာတာ အတော်ပဲကွာ၊ ငါ့ယာပြောင်းခင်းထဲက ပြောင်း ဖူးတွေ ချိုးထားပြီး ပုံထားတယ်၊ အဲဒါတွေကို ထမ်းသယ်ယူကြရမှာပဲကွ"

www.burmeseclassic.com

အထမ်းသမားများလည်း ယာထဲတွင် ခဏအမောဖြေကြကာ သူတို့၏ ထမ်းခြင်းများထဲသို့ ပြောင်းဖူးများကို အရေအတွက်နှင့် ထည့်ကြသည်။ ရွာသို့ထမ်းမပြန်မီတွင် တဲအောက်တွင်ရှိသော မီးဖိုတွင် ပြောင်းဖူးဖုတ်စားကြ၏။ စားပြီးသည်နှင့် ရွာသို့ထမ်းပြန်ကြလေသည်။

"မင်းတို့ ရွာကိုရောက်ရင် ငါ့အိမ်ကို ထမ်းသွားပြီး ပြောင်းအရေအတွက်နဲ့ အပ်ပေးကြပေ့။ ထမ်းခ ရှင်းပေးလိမ့်မယ်"

အထမ်းသမားများလည်း ယာကဝေးလှသဖြင့် တစ်နေကုန် နားနားပြီး ထမ်းပြန်ခဲ့ကြရာ ရွာသို့ မိုးချုပ်မှ ရောက်ကြလေသည်။ ထမ်းသယ်ခကို ပြောင်းဖူးပါလာသမျှကို ယာနှင့်တွက်၍ ရှင်းပေး၏။ ငရုတ်သီးဖြစ်လျှင် တစ်ပိဿာပေါ်တွက်၍လည်းကောင်း၊ ဖရုံသီးဆိုလျှင်တစ်လုံး၊ ငှက်ပျောဖြစ်လျှင် အဖီးရေနှင့် ထမ်းခ ရကြသည်။

ယာသမား အောင်ခင်မှာ ငှက်ပျောမပေါ်မီတွင် ယာပြောင်း၊ ယာငရုတ်၊ ယာသခွား၊ ယာပဲသီးများ လှိုင်လှိုင်ဆွတ်ခူး၍ ရောင်းချနေရပြီဖြစ်သော



မြွေစိမ်းကိုက်ခံရပါက
အသေးကွဲ ထွက်အောင် ယောင်ရမ်း၏။
တစ်ခါတစ်ရံ ယာခင်းထဲ
ငရုတ်လိုက်ဆွတ်ရင်း
သစ်ရွက်များကြားမှ ကင်းမြီးကောက်
အထိုးခံရတတ်၏။
ကင်းမြီးကောက်သာ အထိုးခံရလျှင်
မျက်လုံးထဲ မီးဝင်းဝင်းတောက်ကာ
အဆိပ်ပြင်းလှ၏။

ကြောင့် ယာထွက်သီးနှံဝင်ငွေ ရလာနေပြီလည်း ဖြစ်သည်။ တစ်နည်းဆိုရလျှင် နွေကတည်းက လုပ်အားကို အရင်းအနှီးစိုက်ထုတ်ကာ ပင်ပန်းခဲ့သမျှ အကျိုးခံစားလာရပြီပင် ဖြစ်တော့သည်။

သည်နေ့ - အောင်ခင်သည် သူ့ဖလားဒူးကိုယူ၍ နေ့ခင်းတွင် တောလည် ထွက်လာခဲ့သည်။ ဟင်းသီးဟင်းရွက်ချည်း နေ့တိုင်းစားနေရသဖြင့် ကြာတော့ ငြီးငွေ့လာသဖြင့် အသားဟင်းစားနိုင်ရန် ရှာဖွေပစ်ခတ်ရန်ဖြစ်သည်။ တောလည်ထွက်ရသည်က ရွာကနေ တောထဲသို့လာရခြင်းမဟုတ်ဘဲ ယာတဲလည်ရှိ တောထဲလျှောက်ရှာရခြင်း ဖြစ်သည်။

"ဟာ - ဟိုသစ်ပင်ပေါ်မှာ လင်းသက်တစ်ကောင်ပါလား"

"ဒီကောင်ကို ပစ်ယူမှပဲ"

သူ့ဖလားဒူးကို မောင်းတင်ပြီး မြှားတစ်စင်းကိုထည့်ကာ သစ်ပင်ပေါ်တွင် ပြေးလွှားနေသော လင်းသက်ကို လိုက်ချိန်၏။ အပြေးအရပ်တွင် မောင်းဖြုတ်ချလိုက်တော့၏။

"ဖျန်း"

"ဖျော - ဖျော - ရော - ဘုန်း"

မြေပြင်သို့ ကျလာကာ ဆန့်ငင်ဆန့်ငင်ဖြစ်နေပြီး မကြာမီငြိမ်သက်သွားတော့၏။ လင်းသက်ကနှစ်ပိဿာလောက်ရှိသဖြင့် သူ့အတွက် သုံးလေးနပ်စာ တင်းတားရခဲ့သဖြင့် ပြန်လာခဲ့တော့သည်။

တောနက်ကြီးထဲတွင် အဖော်မရှိ တစ်ယောက်တည်း ယာလုပ်ခဲ့သဖြင့် သတ္တိတော့ မွေးရလေသည်။ တစ်ခါတစ်ရံ ယာခင်းထဲ လှည့်လည်ကြည့်ရင်း မြွေဆိုးများ၊ မြွေစိမ်းများနှင့် တွေ့ရတတ်၏။ မြွေစိမ်းကိုက်ခံရပါက အသားကွဲ ထွက်အောင် ယောင်ရမ်း၏။ တစ်ခါတစ်ရံ ယာခင်းထဲ ငရုတ်လိုက်ဆွတ်ရင်း သစ်ရွက်များကြားမှ ကင်းမြီးကောက် အထိုးခံရတတ်၏။ ကင်းမြီးကောက်သာ အထိုးခံရလျှင် မျက်လုံးထဲ မီးဝင်းဝင်းတောက်ကာ အဆိပ်ပြင်းလှ၏။

www.burmeseclassic.com

တစ်ညတွင် သူ၏ပြောင်းခင်းထဲမှ တောတိုးသံကြားသဖြင့် တဲပေါ်မှ ဓာတ်မီးထိုးကြည့်ရာ ဝက်ဝံနှစ်ကောင် ဝင်စားနေသည်ကို တွေ့မြင်ရ၏။ ဝက်ဝံများက ပြောင်းဖူးများကို ချိုးယူကာ ပြောင်းခင်းထဲတွင် စိတ်ကြိုက် စားနေကြ၏။

"ဟာ - ဝက်ဝံသာ ဝင်လို့ကတော့ ငါ့ပြောင်းခင်း ကုန်တော့မှာပဲ၊ မဖြစ်ဘူး။ ချောက်လှန့်ပစ်မှပဲ"

အောင်ခင်လည်း သူ့တဲတွင် ချိတ်ဆွဲထားသော အခေါင်းဖောက်ထားသည့် ဝါးဆစ်ကို အဆက်မပြတ် ခေါက်ခဲ့တော့သည်။

"တောက် - တောက် - တောက်"

"တောက် - တောက်"

"ရော - ဝရော - ဝရော"

ပြောင်းခင်းထဲမှ ပြေးထွက်သွားသံများ ကြားရလေသည်။ နောက်နေ့ မနက်၌ ပြောင်းခင်းထဲ ဝင်ကြည့်ခဲ့ရာ ပြောင်းဖူးပင်များကို ဆွဲနုတ်ပုံပြီး စိမ်ပြေနပြေ ထိုင်စားခဲ့ခြင်းဖြစ်၍ ပြောင်းများ အတော်ဆုံးရှုံးခဲ့ရလေသည်။

"အိ - အိ - ငွး - ကွိ - ကွိ"

"ဟင် - ပြောင်းခင်းထဲကို တောဝက်အုပ် ဝင်နေပြန်ပြီပဲ"

"တွေ့ကြသေးတာပေါ့ကွာ - သင်းတို့တော့"

အောင်ခင်လည်း ဒူးလေးကိုတင်၍ သစ်ပင်ကြီးတစ်ပင်အကွယ်က စောင့်ကြည့်နေခဲ့၏။ လသာရက်ဖြစ်၍ မြေပြင်တွင် လရောင်များက ကွက်တိကွက်ကျားဖြစ်နေသဖြင့် တောဝက်များ လှုပ်ရှားနေသည်ကို မြင်တွေ့ရ၏။

"ငါ - အကောင်ကြီးကို မပစ်ဘဲ ဝက်သားငယ် အရှိန်ဆယ့်ငါးလောက် အကောင်ကို ရွေးပစ်လေမှပဲ"

ဝက်မကြီးက ရှေ့က အသွားတွင် ဝက်သားငယ်များက နောက်မှ လိုက်လာကြရာ ထိုအထဲမှ ဝက်ငယ်တစ်ကောင်ကို လေးဒူးနှင့် ပစ်ချလိုက်သည်။

"အွန် - အူး - အူး - အစ်"

"တစ်ကောင်တော့ ထိပြီးလဲကျန်နေခဲ့ပြီ"

ကျန်သောတောဝက်များ ပြေးထွက်သွားကြတော့သည်။

"ဟန်ကျတာပဲ - ဒီတောဝက်ကိုဖျက်ပြီး ချက်လည်းချက်၊ အသားခြောက်လည်း ကျပ်တင်ထားရမှာပဲ"



အောင်ခင်တွင် လေးဒူးတစ်လက်ရှိနေ၍ ဟင်းစားတော့ မကြာမကြာ ရတတ်သည်။ တော်ရုံတန်ရုံ သားကောင်များကို လေးဒူးနှင့်ပစ်၍ ကာကွယ်ခဲ့လေသည်။

"ဟာ - ငါ့ငှက်ပျောတွေ အဖူးတွေ ထွက်လာကြပြီပဲ"

တချို့အဖူးဆုံးပြီး အသီးကင်းများနှင့် အခိုင်အချိုပြင် ထွက်နေကြသည်။ ငှက်ပျောက ယာတစ်ခင်းလုံး၏ အသက်ဖြစ်၏။ ထိုငှက်ပျောများကို ခုတ်၍ ရောင်းရခြင်းဖြင့် တစ်နှစ်လုံး အပင်ပန်းခံလုပ်ခဲ့ရသော လုပ်အားအကျိုးများကို ထိထိမိမိ ခံစားရမည်လည်း ဖြစ်သည်။ အောင်ခင်လည်း နေ့စဉ်ပင် ငှက်ပျောတောများကို လှည့်ပတ်ကြည့်ရှုပေးနေရတော့သည်။

"ဖျော - ဝရော - ဖျော"

"ဟာ - ငှက်ပျောတောထဲက ဘာသံတွေလဲ"

အောင်ခင် တဲပေါ်အိပ်ပျော်နေရာမှ ငှက်ပျောတောထဲက ငှက်ပျောပင်များ ပြိုလဲသံများ ကြားလာခဲ့၍ လန့်နိုးခဲ့ရခြင်း ဖြစ်သည်။

"တောဝက်တွေ၊ ဝက်ဝံတွေ ဝင်နေကြပြီထင်တယ်"

"တွေ့ကြရောပေါ့ကွာ ..."

ဒူးလေးကို မောင်းတင်ကာ ဓာတ်မီးတစ်လက်ကိုင်၍ တဲပေါ်မှ ဆင်းလာခဲ့လေသည်။

"ဖလပ် - ဖလပ် - ဖလပ်"

"ဟာ - ဒါ - ဆင်နားရွက်ခတ်သံများလားပဲ"

"ကျည် - ကျည် - ကျည်"

"ဝူး - ဝူး - ဝူး"

တကျည်ကျည်အော်ပြီး လူရှိရာသို့ ပြေးလာခဲ့လေသည်။ ငှက်ပျောပင်များအား နှင်းတိုးကာ ဒုန်းပြေးလာခဲ့ခြင်း ဖြစ်သည်။

"ဟိုက် - တောဆင်ရိုင်းကြီးတစ်ကောင်ပါလား။ ငါ့ကို အစွယ်နဲ့ တိုးသတ်ဖို့ ပြေးလာနေပြီ"

"မဖြစ်ဘူး - ပြေးလေမှပဲ"

လရောင်မှိန်မှိန်အောက် ငှက်ပျောရွက်တွေ၏ အရိပ်ကွက်တိကွက်ကျားအလင်းရောင်အောက်တွင် လင်းတစ်ခါ၊ မှောင်တစ်လှည့်နှင့် ခြေကုန်အားလန်အားနှင့် ပြေးခဲ့ရတော့သည်။ တောဆင်ကြီးကလည်း နောက်မှ တကျည်

www.burmeseclassic.com

ကျည်အော်မြည်ကာ မီးလာလျှင် နာမောင်းနှင့် ဖမ်းယူကာ ကိုင်ပေါက်မည်။ မြေနှင့် နင်းသတ်မည့်အရွယ်နှင့် ထိုးသတ်ရန် ဒုန်းစိုင်းလိုက်လာနေသည်။

"ဟာ - ဆင်အတိုက်ခံရရင် မြေညီမှာ မပြေးဘဲ တောင်စောင်းအတိုင်း ပတ်လှည့်ပြေးရတယ်တဲ့။ ငါ - တောင်စောင်းကိုရောက်အောင် လှည့်ပတ်ပြေးမှပဲ"

ထိုသို့ဖြင့် တောင်စောင်းအတိုင်း ပြေးနေရာ ဆင်ကြီးခပ်လှမ်းလှမ်းတွင် ပေးကျန်ခဲ့လေသည်။ တောင်စောင်းဆိုတော့ ခြေနှစ်ချောင်းနှင့်ပြေးနေသော လူသားအတွက် အလွယ်ပင် ပြေးနိုင်သော်လည်း ခြေလေးချောင်းရှိသော တောဆင်ရိုင်းကြီးအဖို့ တစ်ဖက်စောင်းနင်းပြေးနေခဲ့ရ၍ နောက်ကျန်နေခဲ့ခြင်း ဖြစ်သည်။

"ဟင် - တောဆင်ကြီး - စိတ်ပျက်ပြီး ပြန်ပြေးသွားခဲ့ပြီထင်တယ်။ ငါ့နောက်ကို လိုက်လာသံ မကြားရတော့ပါလား"

လိုက်လာသံ မကြားရတော့သဖြင့် နောက်ကြောင်း ပြန်လှည့်လာခဲ့ရာ အမှောင်ရိပ်ထဲတွင် ငြိမ်ရပ်စောင့်နေသော တောဆင်ကြီးကို ဘွားခနဲ ပက်ပင်းတိုးကာ ပြေးမိပြေးရာ ပြေးထွက်လိုက်ရာ သူ့ခြေနှစ်ချောင်း လေထဲမြောက်တက်သွားရသလိုဖြစ်ကာ ဘာကိုမှမထိဘဲ နက်ရှိုင်းလှသော ချောက်ကြီးတစ်ခုအတွင်းသို့ ကျခဲ့ရတော့သည်။

"အား - အား"

အောင်ခင်မှာ ချောက်ကြီးထဲကျခဲ့ပြီး ချောက်ကမ်းပါး ကျောက်သားများနှင့် ဆောင့်မိကာ ဟိုး - ချောက်ခြေရင်းအရောက်တွင် ဒက်ရာဒက်ချက်များနှင့် သတိလစ်နေလေတော့သည်။

— —

"ဝူး - ဝူး - ဝူး"

"ဟာ - တဲပေါ်က ဘာသံမှလည်း မပေးပါလား"

"ဒီလူ - ယာခင်းထဲများ ဆင်းနေရော့လားပဲ"

ငှက်ပျောထမ်းမည့်လူများလည်း တဲသို့ရောက်လာခဲ့ကြပြီး အသံပေးကြည့်ကြရာတွင် ဘာသံမှ ပြန်မထူးလာသဖြင့် ယာခင်းထဲဆင်းပြီး ငှက်ပျော



ခုတ်နေသည်ဟု ထင်ကြလေသည်။ အချိန်တစ်နာရီခန့်ကြာအောင် စောင့်နေခဲ့ကြသော်လည်း ကိုအောင်ခင် ပေါ်မလာခဲ့၍ ယာခင်းထဲ လိုက်ရှာကြရာ တောဆင်ခြေရာကိုလည်းကောင်း၊ ဆင်ချေးပုံကိုလည်းကောင်း၊ ငှက်ပျောပင်များလည်း ကွဲကြေမွနေသည်တို့ကိုလည်းကောင်း တွေ့မြင်ကြသဖြင့် ယာခင်းထဲ တောဆင်ရိုင်းဝင်သဖြင့် ကိုအောင်ခင် လွတ်ရာလွတ်ကြောင်း ထွက်ပြေးသွားခဲ့ကြောင်း သိကြတော့သည်။

"ဒီလူ - ဘယ်ကိုများ ပြေးသွားသလဲပဲ"

"ဟုတ်တယ် - ငါတို့ယာတဲ တက်လာခဲ့တာလည်း လမ်းမှာ မတွေ့ဘူး"

ငှက်ပျောထမ်းကြမည့်လူများလည်း ယာရှင်တို့ မတွေ့သဖြင့် နောက်နေ့မှ လာကြမည်ဟု ရွာသို့ပြန်ခဲ့ကြတော့သည်။

"အား - ကျွတ် - ကျွတ် - ကျွတ်"

"ဟင် - ငါ့ဘယ်ခြေတစ်ဖက် ကျိုးသွားတာပဲ"

အောင်ခင် ခြေတစ်ဖက်ကျိုးနေသဖြင့် ခြေထောက်၍ မရပ်နိုင်ပေ။

"ခက်ပြီ - ငါ ချောက်ထဲကျပြီး ခြေကျိုးနေတာကို ဘယ်သူမှ မသိကြလို့လား။ ကယ်တင်မည့်သူလည်း မရှိဘူး - ဒုက္ခပါပဲ"

"ကယ်သူမရှိလို့ ငါချောက်ထဲမှာ နေခဲ့ရင်လည်း အစာငတ် အားပြတ်ပြီး ချောက်ထဲမှာတင် သေရတော့မှာပဲ"

"ဒီအတိုင်းတော့ အသေမခံနိုင်ဘူး။ ငါ - ချောက်အပေါ်ထိပ် ပြန်ရောက်အောင်တော့ ကြိုးစားကြည့်ရမှာပဲလေ"

အောင်ခင်လည်း ကျိုးနေသော သူ့ဘယ်ခြေကို သစ်ကိုင်းငယ်များ ချိုးယူကာ ခြေထောက်ပတ်လည်တွင် ထောင်ကပ်၍ နွယ်ဖြင့် စည်းနှောင်လိုက်သည်။

"ဟာ - တော်ပါသေးရဲ့။ ချောက်ထဲကို ချောက်နံတ်ခမ်းပေါ်က သစ်နွယ်တွေ ဖြာဆင်းနေလို့"

သူ့ခြေတစ်ဖက်ထောက်ကာ နွယ်ကြီးတစ်ခုကို ဆွဲခိုတက်ကြည့်သည်။ အပေါ်ကို နှစ်တောင်လောက်အရောက်တွင် ကျောက်ကမ်းပါးယံ အသာတစ်ခုတွင် နားလိုက်သည်။ ဆွဲအတက်၌ ကျိုးနေသော ခြေမှာ အသည်းခိုက်

www.burmeseclassic.com

အောင် နာကျင်လှသည်၊ နာကျင်သည့်ကို အံကြိတ်ခံကာ နောက်တစ်ဆင့် ဆွဲတက်ပြန်သည်၊ နောက်ထပ် ကျောက်ကမ်းပါးယံအထစ်က တော်တော် ဝေးဝေး အထက်ဘက်၌ ရှိနေ၏၊ မရောက်နိုင်သေး၍ အားခဲကာ နာနာကျင် ကျင်နှင့်ပင် ဆွဲတက်ခဲ့ပြန်သည်၊

"အင်း – ငါ ကြိုးစားပြီး အားယူဆွဲတက်လာခဲ့ရတာ ရှေ့အပေါ်ဘက် တစ်ကန့်ဆိုရင် ချောက်နှုတ်ခမ်းထိပ်ကို ရောက်တော့မှာပါလား"

သူ တက်ရမည့်အကွာအဝေးက တော်တော်လှမ်းနေသဖြင့် နောက်ဆုံး ရှိသမျှအားကို စိုက်ထုတ်ကာ နာနာကျင်ကျင်ကြားမှ ခဲခဲမည်းမည်းဆွဲတက် လာခဲ့ရာ ချောက်နှုတ်ခမ်းပေါ် ရောက်ရှိသွားကာ သူလည်း ပက်လက်လန် ကာ သတိလစ်သွားခဲ့တော့သည်၊

"ဟာ – ရှေ့မှာ အောင်ခင်လည်း လဲနေပါလား"

သူ ယာတဲမှ ပျောက်နေပြီး ရွာသို့လည်း မရောက်လာသဖြင့် ရွာမှ လှည့်ပြီး လိုက်ရှာသောအဖွဲ့မှ သူ့အား တွေ့မြင်သွားခဲ့တော့သည်၊

"ဟာ – ဒီလူ့ခြေတစ်ဖက် ကျိုးနေတာပဲ၊ သူ့ကြည့်ရတာ ချောက်ထဲက ခက်ခက်ခဲခဲ ဆွဲတက်လာခဲ့တာနဲ့တူတယ်၊ မောပန်းနာကျင်ပြီး သတိမေ့ နေတာပဲ"

လိုက်ရှာသူများလည်း ကိုအောင်ခင်အား ပုဆိုးပုခက်လုပ်၍ ရွာသို့ထမ်း လာကြကာ ဆေးရုံသို့ ပို့ပေးခဲ့ကြလေသည်၊ ဆေးရုံတွင် ခြေထောက်ကို ကျောက်ပတ်တီးစည်းပြီး တစ်လခွဲခန့် ဆေးကုသခဲ့ရသည်၊

"အင်း – မင်းအဖြစ်က ဆင်နှင်းလို့မသေ၊ ချောက်ထဲကျလို့ ကယ်မည့်သူ မရှိဘဲ သေရတော့မလို့ပါလား၊ မင်းရဲ့ဇွဲသတ္တိကိုတော့ ငါတို့ချီးကျူးတယ်ဟေ့၊ မင်းဇွဲရှိလို့သာ အခုလို အသက်ရှင်ခွင့်ရခဲ့တာပဲ – အောင်ခင်ရေ"

→ **တင့်ထွန်း (ဧရာမျဉ်တော်)**

# မောင်မြင့်ပါး

၊ ဓိုလကလေး ၊

# စွန့်ကြဲလေသော ဟင်းစားများ



www.burmeseclassic.com

www.burmeseclassic.com

တောထဲတွင် ဟင်းစားရှာဖွေရာမှ
မုဆိုးတစ်သိုက် မမျှော်လင့်ဘဲ ငါးများ၊
တောဝက်တစ်ကောင် ပစ်ခတ်ရရှိလာပုံကို
ရေးသားထားခြင်းဖြစ် ..

"ဖောင်း"

"ဖောင်း" ခနဲအသံက တစ်တောလုံးကို ဟိန်းထွက်သွားသည်၊ ယေဘုယျအားဖြင့် သေနတ်သံကို "ဒိုင်း" ခနဲ မြည်သည်ဟု ထင်ရသော်လည်း အုံ့ဆိုင်းညို့မှိုင်းနေသော တောရိပ်တောင်ရိပ်ကြောင့်ပဲ့တင်ထပ်သံနှင့်အတူ "ဖောင်း" ခနဲမြည်ကာ ထွက်သွားခြင်းဖြစ်သည်၊ သေနတ်သံကြောင့် ကျေးငှက်သာရကာများအထိတ်တလန့် ထွက်ပြေးသံနှင့်အတူ တောကောင်များ၏ တောတိုးသံကြောင့် ပို၍ဆူညံသွားတော့သည်၊

ချေကတောင်ကြောတစ်လျှောက်တဖျောဖျောမြည်အောင် ဆင်းပြေးသွားတော့သည်၊ ကျော်စိုးကစိတ်ပျက်လက်ပျက်နှင့် သေနတ်ကို အောက်သို့ချလိုက်သည်၊ စောကျိမ်းက -

"တို့ - ကံမကောင်းဘူးကွ"

"အေးဗျာ - နီးနီးကလေးကို လွဲဖြစ်အောင် လွဲလိုက်သေးတယ်၊ တံဆိုးတာပဲလို့ ထားလိုက်ပါတော့"

"မင်းပစ်လိုက်လို့ လွဲသွားတာကို ကံမကောင်းဘူးလို့ ပြောတာမဟုတ်ဘူးကွ၊ တောကောင်ဆိုတာ တို့မုဆိုးတွေရဲ့ ဟင်းစားကောင်ပဲ၊ ဒါကြောင့်မို့ တောကောင်က အနားကပ်တာ မဟုတ်ဘူး၊ ဒါကြောင့် တောကောင်ကို တို့မုဆိုးတွေက ရှာဖွေပြီး ပစ်ရတာ၊ အခုတော့ - တို့ခန်းချတဲ့နေရာကိုဖြတ်ပြီး ပြေးတဲ့တောကောင်ဆိုတော့ တို့မုဆိုးအယူအဆအရ လာဘ်မကောင်းဘူးလို့ပြောတာ၊ အဲဒီကောင်ကို အမိအရ ပစ်နိုင်မှ တို့အသက်ရှုချောင်မှာ၊ နို့မဟုတ်ရင် - ဒီနေ့တစ်နေ့လုံး တောကောင်တစ်ကောင်မှ ရမယ်မထင်ဘူး"

"အေးဗျာ - ဒီကောင်ကလည်း ပေါက်ပေါက်ရှာရှာ၊ ရိုးရိုးဖြတ်ပြေးတာတောင် မဟုတ်ဘူး၊ လုံချည်ခြုံကွေးနေတဲ့ ငတော်ကိုတောင် ခုန်ကျော်သွားသေးတယ်"

"နောက်ကရန်သူတစ်ကောင်ကောင်ကြောင့် ကြောက်လန့်ပြီး ပြေးလာတာဆိုရင် တို့တော် အန္တရာယ်တွေ့နိုင်သေးတယ်၊ ဒါပေမဲ့ - နောက်တပါလာရင်တောင် မင်းပစ်လိုက်တဲ့သေနတ်သံကြောင့် ပြေးလောက်ပါပြီ"

နေပွင့်နေပြီဖြစ်သော်လည်း တောထဲ၊ တောင်ထဲသို့ နေရောင်က ချက်ချင်းရောက်မလာသောကြောင့် နှင်းက တဖျောက်ဖျောက်၊ စောကျိမ်းနှင့် ကျော်စိုးက ရွာခံငထော်အားကိုးနှင့် တောထွက်လာကြသော်လည်း ငထော်ကိုယ်တိုင်က ရိုးမထဲကို မရောက်တာကြာ၍ မျက်စိလည်သွားသောကြောင့် စောကျိမ်းတို့ ရိုးမထဲတွင် တစ်ညအိပ်လိုက်ရသည်၊

တစ်ညလုံး မီးဖိုထားသောကြောင့် တောကောင်အန္တရာယ် ကင်းဝေးစွာနှင့် မိုးစင်စင်လင်းလာသော်လည်း နံနက်စောစော စောကျိမ်းနှင့် ကျော်စိုးက ရေနွေးကြမ်း ထိုင်သောက်နေချိန်တွင် ပြဿနာက ဝင်လာခြင်းဖြစ်သည်၊

မိုးလင်းနေသော်လည်း တောရိပ်ကြောင့် လင်းလင်းချင်းချင်း မရှိသေး၊ စွန်လက်သည်းချုံနှင့် ခေါင်ပုံချုံများ ရှုပ်ယှက်ခတ်နေသော ချုံတောကြီးထဲမှ "ပြော" ခနဲ တောတိုးသံနှင့်အတူ ချေတစ်ကောင်က လှစ်ခနဲထွက်လာသည်၊

www.burmeseclassic.com

စောကျိမ်းတို့ ရေနွေးကြမ်းသောက်နေချိန်တွင် လှားခနဲ ခုန်ကျော်တာ ပြေးသွားခြင်း ဖြစ်သည်။

ကျော်စိုးက လက်သွက်စွာဖြင့် (၃၀.၀၆) ရိုင်ဖယ်ကိုဆွဲကာ ပစ်ချလိုက်ခြင်းဖြစ်သည်။ လုံချည်မြိုကာ ကွေးနေသော ငထော်က သေနတ်သံကြောင့် လူးလဲကာ ထလိုက်ရင်း -

"ဆရာတို့ - ဘာဖြစ်ကြတာလဲ"

"အေး - မင်းကတော့ အိပ်ကောင်းနေတော့ ဘယ်သိမှာတုံး။ မင်းကိုယ်ပေါ်က မြွေလေးချောင်းတစ်ကောင် ခွကျော်သွားတာတောင် မင်းမသိလိုက်ဘူး မဟုတ်လား"

ကျော်စိုးက အခြေအနေကို ရှင်းပြလိုက်မှ ငထော်က ပြုံးပြုံးမှာမှာဖြင့် -

"ဒါဆိုရင် - မြွေကို ရလိုက်သေးလား"

"ဘယ်လိုလုပ်ရမှာတုံး။ ပြန်းခနဲဆိုတော့ သေသေချာချာ မချိန်လိုက်ရဘူး"

"ဒါဆိုရင် - လာဘ်မကောင်းဘူး - ဆရာတို့ရဲ့"

စောကျိမ်းက -

"အဲဒီအကြောင်းကို ပြောနေတာ၊ ငထော်တောင် အမဲလိုက်ဖူးတော့ သိနေတယ်"

"သိတာပေါ့ - ဆရာရယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က တောင်ငူခရိုင်ထဲက သစ်တောကြိုးဝိုင်းထဲမှာ ကျွန်တော်ရယ်၊ သစ်တောက လူသုံးယောက်ရယ် တောပစ်ထွက်ကြတာ။ အခုလိုပဲ - စခန်းချနေတဲ့တဲထဲကို ဆတ်ပေါက်ကလေးတစ်ကောင် ဝင်တိုးတာ။ အပြန်ကျတော့ တောဝက်ပက်လို့ သစ်တောက လူတစ်ယောက်ကို ဆေးရုံတင်လိုက်ရတယ်။ တိုက်ဆိုင်လို့ပဲဖြစ်ဖြစ်၊ တောရဲ့အလေ့အထကို ကြုံဖူးနေတော့ ယုံတယ် - ဆရာရေ"

"အဲဒီတော့ - တို့ နောက်ကြောင်း ပြန်လှည့်ကြမှာလား"

"မလုပ်ပါနဲ့ - ဆရာရယ်။ တောထဲရောက်လာမှတော့ မထူးတော့ပါဘူး။ သစ်ပုပ်စခန်းနဲ့လည်း နီးနေပါပြီ။ သွားရင်းလာရင်း ဟင်းစားလေးရအောင်၊ ပစ်ဖို့ခတ်ဖို့လည်းရအောင် ကျွန်တော် ကြံပါ့မယ်၊ သစ်ပုပ်စခန်းမှာ ကျွန်တော့်ယောက်ချစ်ကလေး ရှိတယ် - ဆရာရဲ့၊ ဟင်းစားပါသွားတော့ အဆင်ပြေတာပေါ့ - ဆရာရယ်"

"ဟေ့ - ငထော်ကလည်း အလာကြီးပါလား။ အဲဒီအကြောင်းကို ရွာက မင်းမိန်းမ မသိဘူးလား"

"ဘယ်သိလို့ဖြစ်မလဲ - ဆရာရဲ့၊ ဒါကြောင့် - ဆရာတို့ ကလိမ်ချောင်ကို သွားကြမယ်ဆိုကတည်းက သစ်ပုပ်စခန်းကို ရောက်မယ်ဆိုတာ တွေးမိပြီးသား၊ ဒါကြောင့်မို့ - ဆရာတို့နဲ့ လမ်းပြရအောင်ဆိုပြီး မဖြစ်မနေလိုက်လာတာ"

"ကောင်းပါလေ့ကွာ၊ ကဲ - ကဲ - ဒါဆိုရင် - ဟင်းစားရအောင် ကြံဦးကွာ"

"ဟုတ်ကဲ့ပါ - ဆရာ၊ ဆရာတို့ဆီမှာ တင်မြှောက်ပသစရာ စားဦးစားဖျားဘာတွေများရှိသလဲ - ဆရာ"

"ဆိတ်သားခြောက်နဲ့ တောဝက်သားချဉ် ရှိတယ်လေ၊ နောက်ပြီး မဖွင့်ရသေးတဲ့ ရမ်တစ်လုံးလည်း ရှိသေးတယ်"

"ကောင်းတယ် - ဆရာ"

ငထော်က ဆိတ်သားခြောက်နည်းနည်းကို မီးဖုတ်လိုက်ကာ ဆိတ်သားခြောက်နှင့် တောဝက်သားချဉ်ကို ဟမ်းကောချိုင့်ထဲတွင်ထည့်၍ ရမ်အရက်အနည်းငယ်ကို ဝါးဆစ်ခွက်တစ်ခုတွင် ထည့်လိုက်သည်။ ထို့နောက် သစ်ပင်ကြီးတစ်ပင်အောက်တွင်ချကာ ထိုင်ကန်တော့၍ ပါးစပ်က တတွတ်တွတ် ရွတ်နေတော့သည်။ ပြီးနောက် - ဆိတ်သားခြောက်နှင့် တောဝက်သားချဉ် အနည်းငယ်ကိုယူ၍ စွန့်ပစ်လိုက်ပြီး ရမ်အနည်းငယ်ကိုလည်း ပက်လိုက်သည်။

"ဒါလောက်ဆိုရင် - ကျေနပ်လောက်ပါပြီ - ဆရာစောကျိမ်း"

"ငထော် - မင်းပါးစပ်က စောစောက ဘာတွေရွတ်နေတာလဲ"

"ဪ - ဆရာစောကျိမ်း - ဒီလိုပါ၊ ကျွန်တော်တို့ မသိုးအမိုက်အမဲလေးများကို အမှားအယွင်းရှိရင် ခွင့်လွှတ်ပါ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များကို စားဦးစားဖျားများ တင်မြှောက်ပသပါတယ်၊ ကျွန်တော်တို့အတွက်လည်း ချိုကျိုးနားရွက်ပဲ့လေးများ စွန့်ကြပါလို့ တောင်းတာပါ"





www.burmeseclassic.com

www.burmeseclassic.com

"ဩော် - အေး - အေး - ရှိကျိုးနားရွက်ပဲ့ရလည်း ဟင်းစားအတွက် မဆိုးပါဘူး"

ကျော်စိုးက -

"စောဂျိမ်း - ထွက်ကြရအောင်၊ အလင်းရောင် တော်တော်လာနေပြီ"

"နေဦးလေကွာ၊ မီးဖိုလက်စရှိတုန်း ဆတ်သားခြောက်ဖုတ်နဲ့ ရေနွေးကြမ်းကို ဝမ်းဖြည့်ပြီးမှ သွားကြတာပေါ့"

စောဂျိမ်းတို့အဖွဲ့ဝမ်းဖြည့်ပြီးသည်နှင့်နှင်းစိုနေသော တောလမ်းအတိုင်း ချီတက်လာကြသည်။ သစ်ရွက်ခြောက်များကို နှင်းစိုထားသောကြောင့် ခြေသံလုံလုံနှင့် ခရီးတွင်လှသည်။ တစ်နာရီနီးပါး လျှောက်လာခဲ့သည့်အထိ တောကောင် တစ်ကောင်မျှ မမြင်ရသေး၊ တစ်နေရာအရောက်တွင် ငထော်က ရှေ့ကနေ သွားနေရင်း -

"ဆရာစောဂျိမ်း - ဘာအနံ့ရသလဲ"

"အေးကွ - အနံ့က တစ်မျိုးပဲ"

ကျော်စိုးက -

"မီးနေစော် မနံဘူးလား"

"အေး - ဟုတ်တာပေါ့၊ မီးနေစော်နံတာ"

ကျော်စိုးက မျက်နှာ ချက်ချင်းပျက်သွားကာ -

"ဆရာစောဂျိမ်း - တောတောင်ထဲမှာ မီးနေစော်နံတာ သိပ်မဟုတ်ဘူးထင်တယ်"

စောဂျိမ်းက ပြုံးလျက် -

"သိပ်မစိုးရိမ်ပါနဲ့ကွာ၊ တောဆိုတာ ထူးခြားဆန်းကြယ်တာတွေ အများကြီးရှိတယ်။ နေပါဦး - ငါ လေ့လာကြည့်လိုက်ပါဦးမယ်"

စောဂျိမ်းက ခေါင်းတမော့မော့ဖြင့် သစ်ပင်များကို မော့ကြည့်နေသည်။ တစ်နေရာအရောက်တွင် တောသရက်ပင်ကြီးတစ်ပင်ကို မော့ကြည့်လိုက်ကာ -

"တရားခံ တွေ့ပြီဟေ့၊ သရက်ပင်ခွကြားက သစ်ခွပန်းပင်ကို တွေ့တယ် မဟုတ်လား။ အဲဒီအပွင့်ကို တံရှူတစ်ခုခုနဲ့ ထိုးချလိုက်စမ်းကွာ"



ငထော်က ဝါးကိုင်းတစ်ခုကိုရှာကာ ထိုးချလိုက်သည်။ စောဂျိမ်းက သစ်ခွပန်းကို ကောက်ယူလိုက်ကာ -

"ရော့ - နမ်းကြည့်ကြစမ်း"

ငထော်နှင့် ကျော်စိုးက နမ်းကြည့်လိုက်ပြီး -

"အေးဗျ - ဒီအပွင့်က နံတာကိုး၊ ကျွန်တော်တို့က တောထဲမှာ မီးနေစော်နံလို့ တောခြောက်တာများလားလို့"

"ငါလည်း မကြုံဖူးခင်တုန်းက အဲဒီလိုပဲ တွေးဖူးတယ်၊ ဗယောင်းပန်းလက်တံရှည်တစ်မျိုးကွ၊ သစ်ပင်မြင့်မြင့်တွေမှာ ပွင့်တတ်တယ်"

ဆင်ခြေလျှော တောင်ကြားကလေးအတိုင်း ဆင်းလာကြပြီး မြေပြန့်ချုံတောများအရောက်တွင် သဘာဝအတိုင်းဖြစ်နေသော ရေအိုင်ကလေး တစ်ခုကို တွေ့လိုက်ကြရသည်၊ ရေအိုင်ကလေးတစ်ခုလိုဖြစ်နေကာ ယခု



စောဂျိမ်းက တောထဲကို ထွက်သွားပြီးနောက် (၁၅)မိနစ် လောက်ကြာတော့ ပြန်ရောက်လာပြီး၊ သူ့လက်ထဲတွင် အပင် တစ်ပင်ကို ကိုင်လာသည်။ စောဂျိမ်းက ရောက်ရောက်ချင်း ပါလာသော အပင်၏အမြစ်ကို ထုထောင်းကာ ရေကန်ထဲသို့ချ၍ ထိုအမြစ်နှင့် ရေထဲကို မွှေနှောက်လိုက်ကာ အမြစ်ကို ရေအိုင်ထဲသို့ ပစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကတော့ ရေစန်း၍ ရေက တစ်ဝက်လောက်သာ ရေရှိတော့သည်။ တစ်ခုထူးခြားသည်က ရေအိုင်ထဲက ငါးများက ထထပွက်နေခြင်းဖြစ်သည်။ ရေအိုင်က (၁၅) ပေ ပတ်လည်လောက်သာရှိသော အိုင်ကလေး ဖြစ်သည်။

"ဝုန်း - ဝုန်း"

"ဟာ - နည်းနည်းနောနော နှစ်ချို့ငါးအကောင်ကြီး မဟုတ်လားဟေ့။ သုံးလေးပိဿာတော့ အောက်ထစ်ပဲ၊ ငါးရံ့ကြီးထင်တယ်ကွ"

ငထော်က -

"ဟုတ်တယ် - ဆရာစောဂျိမ်း၊ အိမ်ပြန်ပြီး ပိုက်စုတ်ကလေးပြေးယူချင်လိုက်တာဗျာ၊ ငါးရံ့တွေရော၊ ငါးခူတွေရော ရှိမယ်ထင်တယ်၊ လူအရောက်အပေါက်နည်းလို့ ကြီးချင်တိုင်း ကြီးနေတာဖြစ်မယ်"

"စောစောက ငါးရံ့မျှားကို ငါးခြောက်ခွဲလိုက်ရရင်ကွာ၊ ဈေးကောင်းရမယ်ဟေ့"

"နေကြဦးကွ၊ ငါကြံလိုက်ဦးမယ်၊ မုဆိုးကတောထဲလာပြီးတောကောင်မပစ်ဘဲနဲ့ တံငါလာလုပ်တာတော့ သိပ်မဟုတ်သေးဘူးကွ၊ ဒါပေမဲ့ - စားရက်ကြံ့တော့ ကြံလိုက်ဦးမယ်၊ မင်းတို့ ဒီနားမှာ ခဏနေခဲ့ကြ"

စောဂျိမ်းက တောထဲကို ဝင်သွားပြီးနောက် (၁၅)မိနစ်လောက်ကြာတော့ ပြန်ရောက်လာသည်၊ သူ့လက်ထဲတွင် အပင်တစ်ပင်ကို ကိုင်လာသည်၊ စောဂျိမ်းက ရောက်ရောက်ချင်း ပါလာသောအပင်၏အမြစ်ကို ထုထောင်းကာ ရေကန်ထဲသို့ ချ၍ ထိုအမြစ်နှင့် ရေထဲကို မွှေနှောက်လိုက်ကာ အမြစ်ကို ရေအိုင်ထဲသို့ ပစ်ချလိုက်သည်။

ငထော်နှင့်ကျော်စိုးက စောဂျိမ်းလုပ်ကိုင်နေပုံကို ထိုင်ကြည့်နေရင်း ကျော်စိုးက -

"စောဂျိမ်း - ဘာတွေလုပ်နေတာလဲ"

"မင်းတို့က ဘာလုပ်နေတယ် ထင်လို့လဲ"

"မသိဘူးလေ - မေးကြည့်တာ"

"အခု - ငါနုတ်လာတဲ့အပင်က ဟုန်းပင်လို့ ခေါ်တယ်ကွ၊ တောထဲမှာတော့ အလေ့ကျပေါက်တာပဲ၊ ဒါပေမဲ့ - နေရာတိုင်းတော့ မရှိဘူး၊ သွားရင်းလာရင်း ငါသတိထားမိလို့၊ အခု - အဲဒီအပင်ရဲ့အမြစ်ကို အရေထွက်လာအောင် ထုထောင်းပြီး ရေအိုင်ထဲတို့၊ ကန်ထဲတို့ကို နှစ်ပြီး မွှေလိုက်ရင် ရေထဲကငါးတွေ မူးပြီး ရေပေါ်ကို ပေါ်လာရော၊ မင်းတို့ ကြည့်နေ၊ သိပ်မကြာဘူး၊ ငါးတွေ ပေါ်လာလိမ့်မယ်"

"တယ်ဟုတ်ပါလား - စောဂျိမ်း၊ ဒါဆိုတော့ - ငါးများတဲ့တောင် မလိုတော့ဘူး၊ အချိန်ကုန်အောင်လည်း ထိုင်စောင့်စရာ မလိုဘူးပေါ့ - ဟုတ်လား"

(၁၅)မိနစ်၊ မိနစ်(၂၀)လောက်အတွင်း ရေအိုင်ထဲမှ ငါးများ တစ်ကောင်ပြီးတစ်ကောင် ပေါ်လာတော့သည်၊ နှစ်ပိဿာခန့်ရှိ နှစ်ချို့ငါးရံ့ကြီးနှစ်ကောင် အပါအဝင် ငါးမျိုးစုံ အကြီးအသေး (၁၅) ပိဿာခန့်လောက်ကို မုဆိုးသုံးယောက် လုံချည်ဖောင်းတစ်ထည်ကို ထိပ်မှ စုချည်လိုက်ပြီး တစ်ကောင်ပြီးတစ်ကောင် ကောက်ထည့်လိုက်ကြသည်၊ ငထော်က -

"မုဆိုးကြီးရာ - တောကောင်ရတာထက်တောင် ပျော်သေးတယ်ဗျာ၊ တောထဲ တောင်ထဲ ငါးရမယ်ဆိုတာ စဉ်းတောင် မစဉ်းစားမိဘူး၊ ငါးရံ့ ငါးခူ၊ ငါးပြေမ စုံနေတာပဲ၊ ငါးပြေမဆိုရင် ဒီလိုအကောင်ကြီးတာမျိုး ရွာမှာတောင် မတွေ့ဖူးဘူး"

ငထော်နှင့် ကျော်စိုးက ငါးများ ထည့်ထားသော လုံချည်ထုပ်ကြီးကို ငါးထစ်လုံးနှင့် ရှေ့တစ်ယောက် နောက်တစ်ယောက်ထမ်းကာ တပျော်တပါး လိုက်လာကြသည်၊ နေကလည်းမြင့်လာသောကြောင့် မုဆိုးသုံးယောက် ချွေးများ ရွှဲနေကြသည်၊ စောဂျိမ်းက ရှေ့မှ သွားနေရင်း -

"ခုထက်ထိလည်း ဘာကောင်မှ မပစ်ရသေးဘူး၊ တစ်နေရာရောက်ရင် နားကြပြီး နံနက်စာ စားကြရအောင်ကွာ - ငထော်ရေ"

"ဗျာ"

"ချိုကျိုးနဲ့ နားရွက်ပဲ့လေးတောင် မရသေးပါလား"

"အချိန်တွေ ရှိပါသေးတယ် - မုဆိုးကြီးရယ်"

တောလမ်းအတိုင်း လျှောက်လာကြပြီး တစ်နေရာအရောက်တွင် ရေခန်းသော စမ်းချောင်းကလေးတစ်ခုကို ရောက်ကြသည်၊ စောဂျိမ်းက သဲပြင်ပေါ်တွင် ရှုပ်ယှက်ခတ်နေသော ခြေရာများကို ကြည့်လိုက်ရင်း -





www.burmeseclassic.com

www.burmeseclassic.com

"မြေရာတွေက မကြာသေးခင်က သဲပေါ်က ဖြတ်သွားတဲ့မြေရာတွေကွ။ ဒါပေမဲ့ - အေးအေးဆေးဆေး လျှောက်သွားတဲ့မြေရာတွေ မဟုတ်ဘူး။ တစ်ကောင်နဲ့တစ်ကောင် သတ်ပုတ်ရင်း သွားတဲ့မြေရာမျိုးကွ၊ မြေရာတွေနဲ့ အတူ သွေးစသွေးနတွေလည်း တွေ့ရတယ်"

"ဘယ်မှာလဲ - စောဂျိမ်း"

စောဂျိမ်းက သဲထဲတွင် သွေးစက်များ ကျနေ၍ သဲစုပ်သွားသောကြောင့် ညိုတိုတိုချိုင့်ခွက်များကို ပြလိုက်သည်။ ကျော်စိုးက -

"ဒါဆိုရင် ..."

"တို့တောတွင်းတိုက်ပွဲတစ်ခုခုတော့ ကြုံရဦးမယ်ကွ၊ သိပ်မဝေးတဲ့တစ်နေရာမှာ တွေ့နိုင်တယ်၊ မြေရာတွေကြည့်ပြီး လိုက်ကြရအောင်"

မြေရာများအတိုင်း သဲချောင်းကလေးမှ တက်လာကြပြီးနောက် ချုံကောက်ပင်၊ ခံသီးပင်နှင့် ဆီးပင်များ ထူထပ်လှသော တောထဲကို ရောက်လာကြသည်။ တောတွင်းတိရစ္ဆာန်များ၊ တောတိုးသွားရာ လမ်းကလေးအတိုင်း လျှောက်လာကြရင်း သစ်ရွက်သစ်ခက်များတွင် ကပ်ကျန်ရစ်ခဲ့သော သွေးစသွေးနများကို စောဂျိမ်းက ဂရုစိုက်ကြည့်ရင်း -

"သွေးစသွေးနတွေ တွေ့တယ်ကွ၊ အမွေးအမှင်တွေလည်း ကပ်ကျန်နေတယ်၊ သိပ်မဝေးတော့ဘူး။ ကျော်စိုး - မင်းသေနတ်ကို အသင့်သာ လုပ်ထား"

တောလမ်းအတိုင်း ကွေ့ကွေ့ကောက်ကောက်နှင့် (၁၅)မိနစ်ခန့် လျှောက်လာကြပြီးနောက် တစ်နေရာအရောက်တွင် စောဂျိမ်းက နားစွင့်လိုက်ကာ -

"အသံကြားတယ်ကွ"

"ဟုတ်တယ် - စောဂျိမ်း၊ ရှေ့က မဟုတ်ဘူး၊ လက်ဝဲဘက်ဆီလောက်ကပဲ"

စောဂျိမ်းက ချုံတစ်ခုထဲသို့ တိုးဝင်ကာ ပျောက်သွားတော့သည်။ ကျော်စိုးနှင့် ငထော်က ငါးထည့်ထားသော လုံချည်ထုပ်ကြီးကို သစ်ပင်တစ်ပင်တွင် ချိတ်လိုက်ကာ စောဂျိမ်းဝင်ရောက်သွားသော ချုံဘက်ဆီသို့ မျှော်ကြည့်နေစဉ်မှာပင် စောဂျိမ်းက ချုံထဲက ပြန်ထွက်လာသည်။ စောဂျိမ်းက -

"ဟော့ကောင်တွေ - သေနတ်တွေယူပြီး ငါ့နောက်က လိုက်ခဲ့ကြ၊ မြန်မြန်လေးဟေ့"

စောဂျိမ်းက ချုံတောထဲသို့ လှစ်ခနဲ ပြန်ဝင်သွားသည်။ ကျော်စိုးနှင့် ငထော်က ထက်ကြပ်မကွာ နောက်က လိုက်သွားသည်။ စောဂျိမ်းသွားရာ လမ်းအတိုင်း ချုံတောများကို တိုးသွားပြီးနောက် တိုက်ပွဲတစ်ခုအသံက တဖြည်းဖြည်း ကျယ်လောင်လာသည်။

"ဝေါ - ဝရော - ဝရော"

"ဖောက် - ဖောက် - ဖောက်"

ရှေ့မှ သွားနေသော စောဂျိမ်းက တောင်ဇွေးသီးပင်ကြီးတစ်ပင်အောက်တွင် ပြေးကပ်လိုက်သည်။ စောဂျိမ်းနောက်မှ ကျော်စိုးနှင့် ငထော်က ရောက်လာသည်။ စောဂျိမ်းရပ်နေသောနေရာ၏ အရှေ့ဘက် အနည်းငယ်နိမ့်ဆင်းသွားသော မြရာပင်များ ပေါက်နေသည့် ချိုင့်တွင်းမှ "ဝေါ - ဝရော" အသံများနှင့် "ဖောက် - ဖောက် - ဖောက်" အသံများက ဆက်တိုက်ကြားနေရကာ မြရာပင်များက တဝုန်းဝုန်း လှုပ်ရှားနေသည်။

စောဂျိမ်းက တူမီးသေနတ်ကြီးကိုကိုင်ကာ တစ်လှမ်းချင်း ရှိတက်သွားနေသလို စောဂျိမ်းနောက်မှကျော်စိုးကလည်း (၁၀.၀၆) ရိုင်ဖယ်ကြီးကို သတိကြီးစွာနှင့်ကိုင်ကာ ရှုပ်လှုပ်ရှားနေသော ချိုင့်တွင်းသို့ မျက်တောင်မခတ်ကြည့်ရင်း တရွေ့ရွေ့တိုးလာနေသည်။

ဆယ်ပေခန့်နက်ကာ ပေခြောက်ဆယ်ပတ်လည်ခန့်ကျယ်သော သဘာဝချိုင့်ကြီးဖြစ်သည်။ ချိုင့်၏နှုတ်ခမ်းတွင် မြရာပင်များ ပေါက်နေသော်လည်း ချိုင့်အတွင်းတွင် မြေကြီးခဲ၊ ကျောက်စရစ်ခဲများသာ ရှိသည်။ အပေါ်စီးမှ မြင်လိုက်ရသောမြင်ကွင်းက သိပ်မကောင်းလှ၊ သတ္တဝါနှစ်ကောင်လုံး သွေးချင်းချင်းရဲကာ တစ်ကောင်က မြေကြီးပေါ်တွင် ဖင်ထိုင်နေ၍ တစ်ကောင်က မိုက်ပွင့်ကာ အူများက အထွေးလိုက် ထွက်ကျနေသည်။

မြေကြီးပေါ်တွင် ဖင်ထိုင်နေသောအကောင်က ချေတစ်ကောင်ဖြစ်၍ ဗိုက်ပွင့်နေသောအကောင်က ဝက်တောင်းကြီးတစ်ကောင် ဖြစ်သည်။ နှစ်ကောင်စလုံး သွေးသံရဲရဲဖြင့် ပါးစပ်ဟကာ အသက်ကို အတော်ရှူနေရသည်။ တစ်ကောင်နှင့်တစ်ကောင် ရန်စောင်နေကြသော်လည်း မလှုပ်နိုင်ကြတော့၊



www.burmeseclassic.com

စောကျိမ်းနှင့် ကျော်စိုးက ချိုင့်နှုတ်ခမ်းပေါ်ကနေ မြင်ကွင်းကိုကြည့်ရင်း စောကျိမ်းက -

"ကျော်စိုး - မထူးတော့ပါဘူးကွာ"

ကျော်စိုးက သဘောပေါက်လိုက်သည်။ ထို့ကြောင့် သူ့လက်စွဲတော် (၃၀.၀၆) ရိုင်ဖယ်ကြီးကို ချေရှိရာဘက်သို့ ထိုးချိန်လိုက်သည်။

"ဖောင်း"

"ဒိန်း"

သေနတ်သံနှစ်ခုက စတ္တန့်ပိုင်းလောက်သာခြား၍ ထွက်သွားသည်။ ချက်ပိုင်သောပစ်ကွင်းကို ချေက အရုပ်ကြိုးပြတ် လဲကျသွားသလို ဝက်တောင်းကြီးကလည်း စောကျိမ်းတူမီးဒဏ်ကြောင့် ခေါင်းတစ်ခုလုံး ဖွာလန်ကြကာ အကြောဆွဲ၍နေတော့သည်။

"ကဲ - ကျည်တစ်တောင့်စီနဲ့ ကိစ္စပြတ်ပါပြီကွာ"

ငထော်က -

"တယ်ဟုတ်ပါလား - ဆရာစောကျိမ်း။ ကြိုးစားပမ်းစားတောင် မပစ်လိုက်ရဘူး။ အဆင်ပြေချင်တော့ - တစ်ချီတည်းနဲ့နှစ်ကောင်တောင် ရလိုက်တယ်။ နေပါဦး - မုဆိုးကြီး - ဝက်တောင်းကြီးက ဘယ်လိုကြောင့် မိုက်ပွင့်နေရတာလဲ"

"ဝှဲ့အထင်တော့ ဟိုချေရဲ့အစွယ်မိသွားတယ် ထင်တာပဲကွ။ ဝက်တောင်းက အသက်ကြီးနေတော့ သူ့အစွယ်တွေက ကော့ပြီး ချော်ချော်ထွက်နေပြီး ချေကို ထိတစ်ချက် မထိတစ်ချက် ဖြစ်နေမှာပေါ့ကွာ။ ချေကလည်း ကြောက်ကန်ကန်ပြီး သူ့အစွယ်နဲ့ ခုတ်ရတော့ ဝက်တောင်းကို ထိသွားပုံရတယ်ကွ။ ချေရဲ့အစွယ် ထိလိုက်တဲ့ဒဏ်ရာက လှုပ်လေ၊ ပြဲလေဆိုတော့ အူတွေ ထွက်လာတာ နေမှာပေါ့"

ကျော်စိုးက -

"ဖြစ်နိုင်တယ် - စောကျိမ်း။ အဲကြောင့်မို့ - ဒီတစ်ခါတော့ ပစ်ရတာ မပင်ပန်းဘဲ ချေရော၊ တောဝက်ပါ ရလိုက်တယ်"

ငထော်က -



"မုဆိုးကြီး - ကျွန်တော်တို့ကို တောပိုင်တောင်ပိုင် ပုဂ္ဂိုလ်တွေက သနားလို့ ကျွန်တော်တို့ တောင်းထားတဲ့ ချိုကျိုးနားရွက်ပဲ့ကလေးတွေ စွန့်ကြတယ်နဲ့ တူပါတယ်ဗျာ"

"အေးကွ - ဖြစ်နိုင်တယ်။ အောင်မယ် - ငါအခုမှ ဇဉ်းစားမိတယ်။ ချိုကျိုးနားရွက်ပဲ့တောင် မဟုတ်ဘူးကွ။ ချိုကောင်း နားရွက်ကောင်းတွေ ပေးတာကွ။ တစ်ကောင်မှ အကျိုးအပဲ့ မပါဘူး။ ချိုမပါတဲ့ဟာတွေတောင် အဆစ်ပါသေး"

"ဗျာ - ချိုမပါတဲ့ဟာ"

"အေးလေ - အိုင်ထဲကရတဲ့ ငါးတွေကို ပြောတာပါ"

"ဆရာစောကျိမ်းတော့ လုပ်ပြီ"

"ကဲ - ကဲ - တို့ တစ်နေရာမှာ နံနက်စာစားဖို့ သောက်ဖို့ လုပ်ကြရင်း ဒီကောင်တွေကို ကျပ်တင်ပြီး ယူသွားကြရအောင်ကွာ။ သစ်ပုပ်စခန်းက ဝေးသေးတယ် မဟုတ်လား"

"ဝေးသေးတယ် - စောကျိမ်း"

"အေးလေ - အဲဒါကြောင့် တို့သုံးယောက် ဒီတောကောင်နှစ်ကောင်ကို အကြာကြီး ဘယ်သယ်နိုင်မှာလဲ။ နောက် - ငါးထုပ်ကြီးကလည်း ပါသေးတော့ နေစောင်းရင် ငါးတွေ ပုပ်ကုန်မှာပေါ့"

"အဲဒီအကြံ ကောင်းတယ် - စောကျိမ်း။ နောက်ပြီး - ကျွန်တော်တို့ရထားတဲ့ ချိုကောင်း နားရွက်ကောင်း စားဦးစားဖျားကလေးတွေကိုလည်း ပိုင်ရာဆိုင်ရာတွေကို တင်ပို့မြှောက်ဖို့လည်း လုပ်ကြရအောင်"

"အေး - ကောင်းတယ်ကွ"

များမကြာမီအချိန်အတွင်း ထင်းခုတ်သူ၊ မီးမွှေးသူ၊ ရေရှာသူများနှင့် အလုပ်ရှုပ်သွားကြကာ ရိုးမတောကြီးအတွင်း ငါးကင်အနံ့နှင့် တောကောင် ကျပ်တင်အနံ့များက တစ်တောလုံး ပျံ့လွင့်သွားပါတော့သည်။

→ မောင်မြင့်မား (ဗိုလ်ကလေး)

www.burmeseclassic.com




ဆင်းရဲနွမ်းပါးသော်လည်း
မေတ္တာတရား ကြီးမားခဲ့သည့်
မိခင်တစ်ယောက်၏ဘဝ
ရှင်းကန့်လှုပ်ရှားမှု စေတနာမေတ္တာ ။

# ချွေး တစ် စက်

ကျွန်းကြီးသား တင်ဝင်းဦး

## မယ် တော်ကြီး …

အိမ်ထဲ ဝင်ဝင်ချင်း ခရီးဆောင်အိတ် … သာချရင်း ခေါ်လိုက်မိတဲ့
ကျုပ်ရဲ့အသံက တုန်ခါသွားတယ်။ အသံကြားလို့ သမင် … ပြန် လှည့်ကြည့်လိုက်တဲ့
မယ်တော်ကြီးရဲ့ အကြည့်မျက်ဝန်းတွေပ … ဝဝါးနေပြီး နောက်တော့မှ
ကျေနပ်မှုတွေနဲ့အတူ ဖော်ပြလို့မရတဲ့ အမိုင … တွေ ယှက်သန်းနေတယ်။
ပြီးတော့ - မယ်တော်ကြီးက ပြုံးတယ်။ အပြုံး … က လေးလေးနက်နက်…



www.burmeseclassic.com

နက်နဲတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ မယ်တော်ကြီးရဲ့အပြုံးကို ကျုပ်က ပေးဆပ်ခြင်းအပြုံးတွေနဲ့ တုံ့ပြန်လိုက်မိတယ်။ ပြီးတော့ ကျုပ်ရဲ့ခြေလှမ်းတွေက မယ်တော်ကြီးဆီမှာ အမြန်ဆုံးနဲ့ ရွေ့လျားလာခဲ့မိတယ်။ မယ်တော်ကြီးအနားရောက်တော့ ရပ်တယ်။ ပြီးတော့ - မယ်တော်ကြီးအနား ထိုင်လိုက်တဲ့အချိန် တုံးလုံးလှဲရာကနေ အားယူထဖို့ကြိုးစားလိုက်လို့ ကျုပ်က မယ်တော်ကြီးရဲ့လက်အစုံကို ညင်သာစွာနဲ့ ဆုပ်ကိုင်ရင်း နှစ်သိမ့်မှုပေးလိုက်တယ်။

"မယ်တော်ကြီး - အသာလှဲနေပါနော်"

"ကောင်း - ကောင်းပါပြီ ဆရာလေး၊ မယ်တော်ကြီး နားထောင်ပါ့မယ်"

တုန်ခါညင်သာတဲ့ မယ်တော်ကြီးအသံက ကျုပ်နှလုံးသားကို တုန်ခါသွားခဲ့ပေမယ့် အပူရုပ်ကို ဟန်လုပ်ရင်း ကြိုးစားပြီး ပြုံးပြမိတယ်။ မယ်တော်ကြီးရဲ့ တုံ့ပြန်အပြုံးဟာ ကျုပ်ရင်ထဲက ဝေဒနာတွေ လွင့်စဉ်ကုန်စေတယ်လို့ အကြွင်းမဲ့ ယုံကြည်လိုက်တယ်လေ။

"မယ်တော်ကြီး - နေမကောင်းဘူးကြားလို့ - အဲဒါ - ဆရာလေး - ပြန်လာတာ"

နှစ်ကိုယ်ကြားပြောရင်း ကျုပ်ရဲ့မျက်လုံးတွေက အမေ့ကို စူးရဲလိုက်မောစွာနဲ့ ကြည့်နေမိတယ်။ အကြည့်မျက်လုံးအစုံမှာတော့ အမေ့အတွက် နားလည်မှုတွေ၊ အားပေးမှုတွေက အပြည့် ...။

"ဟုတ်တယ် - ဆရာလေး၊ အမေ - အဲ"

"အမေလို့ပြောပါ - မယ်တော်ကြီးရယ်"

"အို - မဟုတ်တာ၊ ဆရာလေးက ဘုရားရှင်တော်ရဲ့သမီးတော် သာသနာ့ဝန်ထမ်း ဘိက္ခုနီမ ဖြစ်နေပြီလေ၊ ဒီတော့ - ဆရာလေးကို မွေးဖွားခဲ့တဲ့အမေက မယ်တော်ကြီးလို့သုံးမှ သင့်တော်မှာပေါ့။ ဘာပြုလို့လည်းဆိုရင် အမေဆိုတဲ့အသုံးက မိခင်နဲ့သမီးတို့ရဲ့ သံယောဇဉ်ဆိုတဲ့ မီးတွေ၊ တဏှာတွေ မပြတ်တဲ့သဘောမျိုးနဲ့ ကျမှသုံးတာ၊ မယ်တော်ကြီး - ဆရာလေးဆိုတဲ့အသုံးက လောကအတွက် သံယောဇဉ်တွေပြတ်လို့သုံးတဲ့အသုံးအနှုန်း။ အဲဒါတွေ မယ်တော်ကြီး သိပါတယ် - ဆရာလေးရယ်"



အမေ့ရဲ့ ခံယူချက်စကားကို ကျုပ် နားလည်တယ်၊ လက်ခံတယ်။ အစွဲရှိတာနဲ့ အစွဲမထားတော့တဲ့သဘောမို့ ကျုပ် လက်ခံပါတယ်။ ရင်ထဲမှာတော့ အမေဟာ အမေပါပဲလို့တွေးရင်းနဲ့ အမေ ကျေနပ်ဖို့ ပြောမိတယ်။

"မယ်တော်ကြီး သဘောကျတဲ့အတိုင်းပြောပါနော်"

ကျုပ်စကားအဆုံး အမေက ခေါင်းညိတ်အဖြေပေးတယ်။ ပြီးတော့ ဒီကနေ့မနက် စစ်ကိုင်းချောင်ကနေ ပြန်ခဲ့ရပုံ၊ လွန်ခဲ့တဲ့သုံးရက်က ရွာမှ ဆွေမျိုးတော်သူတစ်ဦး ရောက်လာပုံ၊ အမေ နေမကောင်းကြောင်း၊ အမေက မှာလိုက်ပုံအကြောင်းကို အတော်ကြာအောင် ပြောပြမိတယ်။

"ဟုတ်တယ် - ဆရာလေး၊ သိပ်ပြီးနေမကောင်းလို့ မှာလိုက်တာ၊ တွေ့လည်း တွေ့ချင်လို့ ပြောစရာလည်းရှိလို့"

အမေက အိမ်လေးထဲကနေ အပြင်ကိုကြည့်နေတယ်။ ရွာတောင်ပိုင်းမို့ ရွာအပြင်စည်းရိုးကို မြင်ရတယ်။ ရွာအပြင်က သိမ်းပြီးစ ပဲခင်းကျွတ်တွေကို တွေ့နေရတယ်။ သဲမြေဝါဝါ အခင်းကျွတ်တွေက မျက်စိတစ်ဆုံး၊ တစ်ချိန်က ကျုပ် ကျင်လည်ခဲ့တဲ့နေရာတွေ၊ ဝန်းကျင်တွေ ...။

ဝန်းကျင်ကိုကြည့်နေတဲ့ အချိန်မှာတော့ အမေက ကျုပ်ကို ကျွတ်ထွက်မတတ် မျက်လုံးတွေနဲ့ ကြည့်နေတာက အားကိုးမှုအပြည့်၊ ပြီးတော့ မေတ္တာတရားတွေက အပြည့်။

"ခန္ဓာကိုယ်ရလာပြီဆိုရင် ဒီလိုပဲ နာရ၊ အိုရမှာပါ - အမေရယ်" လို့ ကျုပ်ပြောချင်ခဲ့ပေမယ့် မပြောရက်ခဲ့ဘူး။ ဝေဒနာပါလားဆိုပြီး ရှုမှတ်ပွားဖို့ဆိုတာ မယ်တော်ကြီးဆီမှာ အသိတွေ ရှိနေမှာဆိုတော့ ကျုပ် မပြောချင်သေးဘူးလေ။

"မယ်တော်ကြီး - ဘာပြောချင်တာလဲဟင်"

"ဟို - နောက်မှပြောပါ့မယ် - ဆရာလေးရယ်၊ အခု - ခရီးပန်းလာတာဆိုတော့ နားလိုက်ပါဦးနော်"

အမေ စိတ်ကျေနပ်ရင် ပြီးရောဆိုပြီး ကျုပ် အပြုံးတစ်ချက်ကို အသာသွင်းပြုံးပြပြီး ခေါင်းညိတ်၊ အိမ်နီးနားချင်းတွေ၊ ဆွေမျိုးတော်စပ်သူအချို့



www.burmeseclassic.com

www.burmeseclassic.com

အပြေးအလွှားရောက်လာပြီး စကားတွေ ဖောင်ဖွဲ့နေမိကြတယ်၊ အမေက တော့ ခုတင်ထက်မှာ မှေးနေပြီ၊ ကျုပ်ကတော့ မြေစိုက်အိမ်လေးရဲ့ရှေ့အပင် ရိပ်အောက်က ခုတင်အိုလေးပေါ်ထိုင်လို့၊ စကားတွေပြောလို့၊ ဒါပေမဲ့ – ကျုပ် မျက်လုံးတွေက ညီမဖြစ်သူ မြသစ် လာနိုးနိုးနဲ့ စောင့်ကြည့်ရင်း လမ်းမဘက် ဆီ ငေးလို့လေ၊

မြသစ်ကတော့ နေဝင်တဲ့အထိ ပေါ်မလာဘူး၊

ကျုပ် – သက်ပြင်းတစ်ချက် ချမိတယ်၊

"ဟင်း"

— ♦ —

"ဟင်း"

လေးတွဲ့စွာနဲ့ သက်ပြင်းမောတစ်ချက်ချရင်းနဲ့ အိပ်စက်နေဆဲဖြစ်တဲ့ မယ်တော်ကြီးကို နစ်လိုဖွယ်အကြည့်နဲ့ ကြည့်စဉ်မှာပဲ မယ်တော်ကြီးနိုးလာ တယ်၊ ပြီးတော့ – လူးလဲပြီး အိပ်ရာက ထလိုက်တယ်၊

"နိုးနေပြီလား – ဆရာလေး"

အသာအယာပဲ ခေါင်းညိတ်ရင်း မယ်တော်ကြီး မျက်နှာသစ်ဖို့ရေနဲ့ သွား တိုက်ဖို့ ဆားယူပြီး ပေးလိုက်တယ်၊ အမေက သွားတိုက်၊ မျက်နှာသစ်၊ စကား တွေပြောရင်းနဲ့ ကျုပ်ကို ပြုံးပြုံးကြီး ကြည့်နေတာက ကြည်ကြည်နူးနူးနဲ့ ...၊

"ဟုတ်ပ့ါ – ဆရာလေးရယ်၊ အစ်မလာတာ သမီးငယ်မြသစ် သိရှာပါ တယ်၊ သမီးလေးက အလုပ်သိပ်များတာဆိုတော့ – အင်း – ဒီကနေ့တော့ လာမှာပါ၊ ရွာမရှိလို့နဲ့ တူပါရဲ့လေ"

ပြောရင်းနဲ့ မျက်နှာကို ပဝါနဲ့သုတ်ရင်း ကျုပ်ကိုကြည့်နေတဲ့ မယ်တော် ကြီး၊ မယ်တော်ကြီးရဲ့မျက်လုံးတွေထဲမှာ အရာအားလုံး ခွင့်လွှတ်နားလည် ပေးမှုတွေကအပြည့်၊ အခုလည်း – ကျုပ်လာတာနဲ့ ညီမလေး မြသစ်ရော၊ မြေးတွေရော လာတွေ့စေချင်တဲ့ပုံ၊ ဒါပေမဲ့ – ညီမလေးမလာတော့ ကာပြော



ပြောနေတာက ပရိယာယ်မပါပေမဲ့ ကျုပ် စိတ်ခုသွားမှာစိုးလို့ ဖျားချည်နဲ့ ဝမ်းချနေတာကို ကျုပ်နားလည်မိပါတယ်၊ ဒါက စိတ်ဆိုးစရာမှ မဟုတ်တာ၊

"အင်း – ညီမလေးရေ့ သူ့စီးပွားရေးနဲ့သူ၊ သူ့သားစုနဲ့သူဆိုတော့ သူ့အပူနဲ့သူ၊ ဒီတော့ – ဘယ်အားမလဲ – ဘယ်လာနိုင်မလဲ"

အသံတိတ်တွေးရင်းနဲ့ မယ်တော်ကြီးနဲ့ကျုပ် အိမ်ထဲဝင်၊ ခဏနေတော့ မယ်တော်ကြီးက ထမင်းဟင်း ချက်ဖို့ပြင်၊ ကျုပ်တားပေမယ့် မရတော့၊ ကျုပ် မီးဖိုချောင်လေးထဲ ဝင်လိုက်လာခဲ့တယ်၊ ကျုပ်ဆွမ်းစားဖို့က အဓိကတဲ့၊

မီးဖိုထဲမှာတော့ ဆန်အိုးထဲမှာ ဆန်က နစ်ပြည့်လောက်၊ ဆီအနည်း အကျဉ်း၊ ပြီးတော့ – အသီးအရွက်နဲ့ ငါးပိ၊ ငါးခြောက်အချို့ကို တွေ့ရတယ်၊

"ဆရာလေး – အိမ်ထဲ အသာနေပါ၊ ဆရာလေးအတွက် အမေ – အဲ – မယ်တော်ကြီး ဆွမ်းချက်လိုက်ဦးမယ်"

မယ်တော်ကြီး စိတ်ချမ်းသာဖို့က အဓိကလေ ...၊ ကျုပ် အိမ်ထဲဝင်ခဲ့တဲ့ အချိန် ရောက်လာသူက ညီမလေး မြသစ်၊

"အစ်မ – အဲ – ဆရာလေး – မနေ့က ရောက်တာဆို၊ ညီမလေး – ကြားပါ တယ်၊ အလုပ်က မအားတော့"

"အဟင်း – ရပါတယ် – ညီမလေးရယ်၊ မအားပေည်း မလာပါနဲ့၊ တို့ယ့် အလုပ်ကို လုပ်ပါနော်၊ ဆရာလေး – ဘယ်လိုမှမထင်ပါဘူး"

အပြစ်ရှိသူလို မျက်နှာလေးနဲ့ တောင်းပန်ရင်းနဲ့ ကျုပ်အနီးမှာ ဝင်ထိုင်ပြီး မယ်တော်ကြီးကို မီးဖိုချောင်ထဲ အလုပ်ရှုပ်နေတာတွေ့လို့ မီးဖိုထဲ လိုက်သွား တဲ့မြသစ်၊ မြသစ်ကိုကြည့်ရင်း ကျုပ် ကျေနပ်နေမိတယ်၊ မြသစ်က မယ်တော် ကြီးကို ထမင်းဟင်းကူချက်ရင်း သူ့အိမ်ကို တစ်ခေါက်သွားပြီး ဟင်းချက်စရာ တွေ အပြည့်အစုံ ယူလာတယ်၊ ထမင်းဟင်းချက်ပြီးတော့ ကျုပ်ကို ဆွမ်းကပ်၊ ကျုပ်ဆွမ်းစားပြီးတော့ မယ်တော်ကြီးက မစားသေးဘဲ သားအမိသုံးယောက် စကားပြောမိတယ်လေ၊ ညီမလေးမြသစ်ကတော့ အိမ်ပြန်ချင်ပုံရတယ်၊ ဖင်တကြွကြွ ...၊



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး"

"ရှင် - အဲ - ဆရာလေး - အဲ"

"ဟို - ပြန်ချင်ပြန်တော့လေ၊ အလုပ်တွေက ရှိသေး၊ သားသမီးတွေက ရှိသေးတာ၊ ကလေးတွေကော နေကောင်းရဲ့လား"

"ကောင်းပါတယ် - ဆရာလေး၊ စီးပွားရေးလည်း အဆင်ပြေပါတယ်၊ အမေ့အတွက်ကိုတော့ သီးခြားချက် မပို့တော့ဘူးလေ၊ အမေ စိတ်ကြိုက် ချက်စားပါဆိုပြီး ဆန်၊ ဆီ၊ ဆားကအစ ဟင်းချက်စရာ အကုန်ပို့ထားတယ်လေ"

ဟုတ်တယ်၊ ကျုပ် သီလရှင် ဝတ်သွားပြီးတဲ့နောက် ညီမလေးမြသစ်က မယ်တော်ကြီးရဲ့ စားဝတ်နေရေးကို တာဝန်ယူခဲ့တာ၊ ညီမလေး တာဝန်ကျေပါတယ်လို့ ကျုပ် ယုံကြည်မိတယ်၊ ဒါပေမဲ့ - ညီမလေးမှာ လင်ကို ကြောက်ရ၊ ယောကျ်ားမကို လန့်ရဆိုတာ ကျုပ်သိတယ်၊ အကျပ်အတည်းကြားကနေ မယ်တော်ကြီးကို ပေးကျွေးနေရတဲ့သူ၊ ကျုပ်တွေးရင်း ကျုပ်ရင်ထဲမှာ မော သွားတယ်၊

တွေးရင်းနဲ့ မယ်တော်ကြီးကိုကြည့်တော့ ညီမနှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်းနဲ့ ကျေနပ်နေတဲ့ မျက်နှာပေါ်က အပြုံးရိပ်တွေဟာ ဘယ်အရာနဲ့မှမတူတဲ့ အေးမြခြင်းတွေကို တွေ့နေရတယ် - အထင်းသား၊

ဟုတ်တယ်၊ ကျုပ်က သီလရှင်၊ ဘုရားသမီးတော်၊ သံသရာကနေထွက်ဖို့ ယာယီရှိနေတဲ့ သံယောဇဉ်တွေကို ဖြတ်ထားတဲ့သူ၊ အဝါရောင်အင်္ကျီ လုံချည်နဲ့၊ ပြီးတော့ - အင်္ကျီနဲ့ဂိုက်နဲ့၊ ကိုယ်ရုံနဲ့၊ ရင်စည်းတဘက်တို့ ရင်မှာ စည်းလို့၊ ညီမလေးမြသစ်က လုံ့ဝတ်ကြောင်နဲ့ ၊ အကွာကြီးကွာခြားနေတဲ့ ညီမနှစ်ဦး၊ ဒါပေမဲ့ - မျက်နှာတွေကတော့ တစ်ထေရာတည်း၊

"အမေ - သမီး ပြန်တော့မယ်နော်၊ ညနေကျမှ"

"သွားလေ - သမီး၊ မြေးတွေ မျှော်နေရောပေါ့"



"ဟုတ်ကဲ့၊ အစ်မ - အဲ - ဆရာလေး - တပည့်တော် - ပြန်ခွင့်"

ညီမလေးစကားမဆုံးခင် အလျင်အမြန် ခေါင်းညိတ်ပြလိုက်သူကကျုပ်၊ ပြီးတော့ - ပြုံးပြလိုက်တယ်၊ အပြေးအလွှား ပြန်သွားသူက ညီမလေး၊

"မယ်တော်ကြီး - ဟို - မယ်တော်ကြီးမြေးတွေက မယ်တော်ကြီးဆီ လာကြရဲ့လား၊ ပြီးတော့ - ညီမလေးရဲ့လင်သား ကိုကျော်ဆွေရော မယ်တော်ကြီးဆီ လာရဲ့လားဟင်"

"ဆရာလေးရယ် - မြေးနှစ်ယောက်ကတော့ တစ်ခါတလေ လာတတ်ပါတယ်၊ ပိုက်ဆံတို့၊ စားစရာတို့ ပို့တတ်ပါတယ်၊ အင်း - လာလည်း ခဏပါပဲ၊ ပြန်ပြေးသွားတတ်ကြတယ်၊ အဲ - မောင်ကျော်ဆွေကတော့"

မယ်တော်ကြီးစကားကို ဆုံးအောင်မပြောဘူး၊ မပြောနိုင်ဘူး၊ ကျုပ်သိပါတယ်၊ ကြားလည်း ကြားခဲ့ပြီးသား၊ သားမက်က အကင်း၊ မြေးတွေက မလာတစ်လှည့် လာတစ်လှည့်၊ လာပြန်လည်း အပြေးအလွှား၊ အမေ့ကို သူစိမ်းတစ်ရံစာလိုသဘောမျိုး၊ ညီမလေးကတော့ မကင်းရာမကင်းကြောင်း ဆိုတော့ ....၊

ကျုပ် မရဲတရဲနဲ့ ရဲရဲတင်းတင်း မတွေးရဲဘူး၊ ပြီးဆုံးအောင် မတွေးပုံဘူး၊ တွေးနေမိတာက ....၊

အဖေနဲ့အမေ အိမ်ထောင်ကျတော့ ထုံးစံအတိုင်း သီးခြားတစ္ဆာ ထူထောင်ဖို့ ကြိုးစားခဲ့ကြတယ်၊

"ကျုပ်တို့ရွာတောင်ပိုင်းက ကိုကျင်မောင့်အိမ်ပိုင်းလေးဝယ်ကြရအောင် ကိုဘမောင်ရဲ့၊ ဈေးလေးနဲ့ သင့်တော်တယ် - သိလား"

"အေး - ကောင်းသားပဲ - ရွှေမှန်ရဲ့"

www.burmeseclassic.com

နှစ်ဦးသား တိုင်ပင်ပြီး အိမ်ထောင်သက် လေးနှစ်အရ အဖေနဲ့ အမေတို့ လုပ်အားခ စုထားတာလေးရယ်၊ နွားမတစ်ကောင်ရယ် ရောင်း၊ ရတဲ့ငွေနဲ့ ကိုကျင်မောင့်အိမ်ဝင်းကို ဝယ်ခဲ့တယ်လေ၊ ကိုကျင်မောင်က နားလည်မှု အပြည့်နဲ့ စာချုပ်ထဲမပါတဲ့ အိမ်လေးကိုပါ အဆစ်ပေးလေတော့ အမေတို့ ပိုပြီး အဆင်ပြေခဲ့ရတယ်၊ သုံးပင်နှစ်ခန်း၊ သက်ကယ်မိုးအိမ်လေးကို ပြင်ပြီး တော့ နေလာခဲ့ကြတဲ့ ဘဝမျိုး၊ အဲဒီဆင်းရဲခြင်းဘဝဆိုးကို အဖေက ထွန်ယက်တာ၊ ထယ်ထိုးတာ၊ ပဲသိမ်းတာ၊ မြေပဲသိမ်းတာ စတဲ့အလုပ်တွေကို နွားနဲ့ဖက်ပြီး ရုန်းကန်ခဲ့ရရှာတယ်လေ ...။

အဖေ့အလုပ်က သူများအိမ်မှာ လူငှားအလုပ်၊

"ကိုဘအောင်ရယ် - တော့်အစား - ကျုပ် ရင်မောလိုက်တာ၊ တစ်လ တလေများ နားပါလားတော်၊ တော် - ဆင်းရဲလိုက်တာ"

အမေက ညနေတိုင်း အလုပ်လုပ်ရာကပြန်လာတဲ့ အဖေ့ကိုကြည့်ရင်း ပြောခဲ့တယ်၊ အဖေက ဘယ်တော့ဖြစ်ဖြစ် ညနေစာထမင်းကို အလုပ်ရှင် အိမ်မှာ မစားဘူး၊ ထမင်းဟင်းတွေ အလျှံပယ်ထည့်ပြီး အမေစားဖို့ပါ ယူလာ စမြဲလေ၊

"ရွှေမှုန်ရယ် - နင်ကသာ ငါ့ကို တိုယ်ချင်းစာပြီး ပြောနေ၊ ရွှေမှုန်ကရော ပဲလှော်တာ မပန်းဘူးလားဟင်၊ တစ်နေကုန် မီးဖိုနားကပ်ပြီး ပဲလှော်လိုက်၊ ထင်းတွေ မီးဖိုထဲထည့်လိုက်၊ ဘယ်ရော ညာလက်ပါ ယောက်မကိုင်ပြီး မွှေ လိုက်နဲ့"

ဟုတ်တယ်၊ တကယ်တော့ - ကျုပ်တို့ရွာက ဇွဲပင်တောဆိုတဲ့ရွာ၊ ရောင်းဦးမြို့နဲ့ မြင်းမူမြို့ကြားထဲမှာ ရှိပြီး မြင်းမူမြို့နယ်ထဲမှာရှိတာ၊ မုံရွာ - မန္တလေး - စစ်ကိုင်းကားလမ်းမပေါ်မှာ၊ ရွာမှာက လူရျမ်းသာပေါ်တယ်၊ ဆင်းရဲသူ ရှားတယ်၊ အဲဒီရှားတဲ့ဆင်းရဲသားထဲမှာ ကျုပ်တို့မိသားစုက နံပါတ်တစ်၊



ရွာမှာက ပဲစဉ်းငုံ၊ ပဲမျိုးစုံနဲ့မြေပဲ၊ နှမ်းကို အဓိကစိုက်ပျိုးပြီး အချို့တစ်တော့ တောင်သူတစ်ဖက်၊ ပွဲစားတစ်ဖက်၊ အချို့က တောင်သူတစ်ဖက်၊ ဈေးရောင်း တစ်ဖက်၊ တောင်သူလုပ်ငန်းအပြင် အဓိကအလုပ်က ပဲလှော်ခြင်းအလုပ်၊

မှန်တယ်၊ ဆယ်အိမ်မှာ ကိုးအိမ်လောက်က ပဲလှော်တယ်၊ ပဲလှော်ကြ တဲ့သူတွေမှာလည်း တောင်သူတစ်ဖက်နဲ့လှော်ပြီးသားပဲလှော်ကို မြို့ကြီး တွေမှာ ပို့ကြရတာလေ၊ ရောင်းချရတာ အဆင်ပြေတယ်၊ ဒီအလုပ် ပဲလှော် တဲ့အလုပ်ကို အမေလုပ်နေရတာ၊ တချို့က နေ့စားလှော်ကြတာ၊ အချို့က ပဲတင်းရေတွက်ပြီး အခကြေးငွေရတာ၊ ပဲတစ်တင်းလှော်ပြီးရင် ဘယ် လောက်ဆိုတဲ့သဘော၊

အခု - အမေက တင်းရေနဲ့လှော်တဲ့ ပဲလှော်တဲ့သူ၊

ပဲလှော်ရတာ ပင်ပန်းတယ်၊ မီးဖိုကြီးနားမှာထိုင်၊ ပဲလှော်တဲ့ဒယ်အိုးထဲမှာ သောင်သဲနဲ့ဆားကိုထည့်၊ မီးထိုး၊ ဆားနဲ့ သဲတွေကျက်ပြီဆိုရင် ပဲကို ချင့်ပြီး ထည့်၊ အားစိုက်ပြီး မွှေ၊ ကျက်ပြီဆိုရင် ပဲတွေ တဖျစ်ဖျစ်မြည်၊ အဲဒီအခါကျရင် ပဲဆယ်တဲ့ဂေါ်နဲ့ဆယ်၊

ကြည့်လေ - မီးဖိုနားထိုင်နေရတဲ့အလုပ်၊

အဖေက အမေ့မျက်နှာကိုကြည့်ရင်း စိုးရိမ်တာက အမေ့မျက်နှာမှာ မီးအပူနားနေရတာဆိုတော့ တင်းတိပ်တွေကျသလိုနဲ့ မည်းနေတာ၊

"နောက်ရက် - နင် - သနပ်ခါးထူထူလိမ်းသွား"

အဲဒီကစပြီး အဖေက တောမသွားခင် အမေလူးဖို့ သနပ်ခါး အမြဲသွေး ပေးခဲ့ရှာတာလေ၊ အဲ့သလို စိတ်တူကိုယ်တူနဲ့ ဘဝကို ရုန်းကန်ရင်းနဲ့ အမေ့ မှာ ပထမဆုံးကိုယ်ဝန်ရှိလာပြီ၊ အိမ်ထောင်သက် ငါးနှစ်ကျော်မှာ -

"ဟုတ်တယ် - ကိုဘအောင်၊ ရွှေမှုန် - ကိုယ်ဝန်ရှိနေပြီလေ"

ဒီကတည်းက အဖေဟာ အမေ့ကို ပဲလှော်အငှားလှော်တဲ့အလုပ်ကို "မလုပ်နဲ့တော့" လို့ ပြောရင်းနဲ့ အကျိုးအကြောင်းကိုပြောတာ၊ အမေကငြင်း သေးတယ်၊ နောက်ဆုံး အမေလက်လျှော့လိုက်ရတယ်၊ ပဲအငှားလှော်တာ



www.burmeseclassic.com

www.burmeseclassic.com

ကိုရပ်၊ အိမ်မှာပဲ ထမင်းဟင်းချက်၊ အဖေက လှူဒါန်းလုပ်၊ တောသွားရင် ဟင်းရွက်ခူး၊ ထင်းတွေကောက်လာသလို မှိုတွေ့ရင် မှိုနုတ်လာတဲ့အဖေ။

ညရောက်ရင် အဖေ့ခမျာ အမေ့ဗိုက်ထဲက ရင်သွေးဟာ သမီးလား၊ သားလားဆိုတာ ကြိုတင်ဟောရင်း ပြုံးပျော်ကြည်နူးခဲ့ကြတယ်။

"ရွှေမှုန် - ငါကတော့ - သမီးလို့ထင်တာပဲ - သိလား"

"ဟင် - ဘာကိုကြည့်ပြောတာလဲ - ကိုဘအောင်ရဲ့"

"ဟင့်အင်း - စိတ်ထဲထင်တာ"

ဒီတော့ - အမေက ပြုံး.ပြုံးရင်းပြော။




"မှတ်ထား - ကိုဘအောင်၊ ရွှေမှုန်လို ကိုယ်ဝန်ဆောင်မိခင်တွေဟာ ထိုင်ရာကနေ ရုတ်တရက် ထလိုက်လို့ ပထမဆုံး ခြေလှမ်းက ညာခြေက စလှမ်းခဲ့ရင် ယောက်ျားလေး၊ ဘယ်ဘက်က စလှမ်းရင် မိန်းကလေး။ ပြီးတော့ ကိုယ်ဝန်ဆောင်မိန်းမဟာ မန်ကျည်းစေ့ (ဒါမှမဟုတ်) ပဲစေ့ကို လက်နဲ့ ဆုပ်ယူလိုက်လို့ စုံကျရင် ယောက်ျားလေး၊ မ,ကျရင် မိန်းကလေး"

"ဟင် - တကယ်၊ ဟဲ - ဟဲ - ဟဲ - အဲဒါတွေကို ငါ မသိခဲ့ဘူး၊ ပြီးတော့ရော"

"ပြီးတော့ - ကိုယ်ဝန်ဆောင်မိခင်ဟာ ရုပ်ရည်ရင့်ရော်ခဲ့ရင် ယောက်ျားလေး၊ ရုပ်ရည်နုပျိုနေရင် မိန်းကလေးတဲ့၊ ပြီးတော့ - ကိုယ်ဝန်ဆောင်မိခင် သွားလာတာပေါ့ပါးရင် မိန်းကလေး၊ လေးပင်ရင် ယောက်ျားလေး မွေးတယ်တဲ့ မှတ်ထား"

"ဟီး - ဟီး - ဟီး - သိပါဘူးဟာ၊ နင်တို့ပဲ သိမှာပေါ့"

အဖေက အမေ့လက်တွေကို ဆုပ်ကိုင်ထားရင်းနဲ့ ကြည်နူးမှုအပြည့်ပေါ့။ သို့ကလို အမေ မွေးမယ့်ရက်ကို မျှော်ရင်းနဲ့ပဲ မကြာပါဘူး - အမေထင်ထားတဲ့အတိုင်း ယောက်ျားလေး ဖွားခဲ့တယ်၊ အဖေထင်တဲ့ မိန်းကလေးတော့ မဟုတ်ဘူး။

အဲဒီရက်က အဖေ့ခမျာ တောသွားပြီး မြေပဲရှုရမှာကိုတောင် မလိုက်ဘဲ တစ်ပတ်တိတိ အမေမီးဖွားရက်မစေ့မချင်း အနားယူလိုက်တာ၊ အမေ့အတွက် နို့ထွက်ကောင်းအောင်၊ သားလေးနို့ဝအောင်ဆိုပြီး နွားအမြီးတွေ ဝယ်၊ ဟင်းခါးချက်ပေး၊ ကြောင်ပန်းရွက်တွေ ခူး၊ ဟင်းခါးချက်ပေး၊ နွားညှီနံ့ မတြိုက်တဲ့ အမေ့အတွက် ငါးရံ့ရအောင်ရှာ၊ ပြုတ်ပြီးတိုက်၊ လင့်ဝတ္တရား ကျေပွန်ခဲ့တဲ့ အဖေ။

အဖေ့ရဲ့ပြုစုယုယမှုအောက်မှာ အမေ့ခမျာ ပီတိတွေစားရင်း အားအင် ထုထည်ကောင်းခဲ့ပါရဲ့၊ မွေးလာတဲ့သားလေးကို တယုတယပြုစုရင်းနဲ့ အမြဲတမ်း တကြည့်ကြည့်၊ လောကထဲကို ဆွဲခေါ်လာခဲ့တဲ့ သားလေးရဲ့ အနာဂတ်တ

www.burmeseclassic.com

မိဘတွေရဲ့ လက်ထဲမှာ ရှိခဲ့တာလေ၊ ဒီတော့ - စုပြုပြီးချစ်၊ စုပြုပြီး ချစ်ပြရ သည်ပေါ့၊

"ရွှေမှုန်ရေ - ငါကတော့ ဟောဒီသားလေးကြီးလာရင် လူဝတ်ကြောင် ဘဝနဲ့ မနေစေချင်ဘူး၊ လူဝတ်ကြောင်ဘဝက သံသရာကို ရှည်စေတယ် လေ၊ ဒီတော့ - သားလေးကို ဘုရားသားတော်အဖြစ်နဲ့ သံသရာကို ဖြတ်စေ ချင်တယ်"

အဖေ့စကားကြောင့် အမေဖြစ်သူ တအံ့တသြနဲ့ မျက်လုံးပြူးသွားရ တယ်၊

"ဘယ်လို - ကိုဘအောင်"

"ဒီလိုလေဟာ - ငါ - လူပျိုဘဝတုန်းက ဆရာတော်ကြီးတွေဆီမှာ ဥပုသ် သီလယူရင်းနဲ့ တရားနာရင်းနဲ့ ဦးပဉ္စင်းဝတ်ချင်တဲ့ဆန္ဒ ရှိခဲ့တယ်၊ ပြောရရင် ဒီသံသရာက ရုန်းထွက်ချင်ခဲ့တယ်၊ ဒါပေမဲ့ - ပါရမီမရှိလို့လား မသိဘူး၊ အထ မမြောက်ခဲ့ဘူး"

"ဪ"

"အေး - ဒါကြောင့် ဟောဒီသားလေးကြီးရင် ကိုရင်ဝတ် သာမဏေ ဘောင်ကိုပို့၊ ဘုရားသားတော်အဖြစ် သွတ်သွင်းပြီးတော့ မိဘတွေကိုယ်စား တရားဘာဝနာ အားထုတ်စေရမယ်"

"တော်သဘောပါ - ကိုဘအောင်၊ ဒီအကြံက အကောင်းဆုံး အကြံပဲ ဥစ္စာ"

နိတာရဲသားလေးအနာဂတ်ကို ပုံရိပ်ဖော်ရင်းနဲ့ ကြည်နူးကျေနပ်ခဲ့တဲ့ အဖေနဲ့အမေ၊ သားလေး ရှစ်နှစ်သား၊ ကျောင်းပညာသုံးတန်းအရောက်မှာ တော့ ဆရာတော်ဦးကလျာဏနဲ့တိုင်ပင်ပြီး ပရိက္ခရာ အစုံအလင်၊ ဆွမ်း တစ်ပွဲ၊ ဝတ္ထုငွေအချို့ကို ကပ်ရင်းနဲ့ သာသနာ့ဘောင်ကို အထုံပါရမီပါအောင် ဆိုပြီး အဖေက သူ့လုပ်အားခနဲ့ သာသနာတံဆိပ် ခတ်နိုင်လိုက်တဲ့နေ့၊

အဲဒီနေ့က ...

သားလေးကို ဆံချ၊ ဆွမ်းတစ်ပွဲကပ်ပြီးတဲ့အချိန် ကျောင်းပေါ်ကဆင်း ပြီး ကျောင်းအနောက်ဘေးမှာ အပေါ့စွန့်ဖို့ သွားတဲ့အဖေ၊ အပေါ့စွန့်ပြီးမှ သင်္ကန်းစည်းမယ်ဆိုတဲ့အဖေ၊ ထင်မှတ်မထားဘဲ မြွေတစ်ကောင်က အဖေ့ ခြေဖမိုးကို ကိုက်လိုက်တယ်၊

"ဟာ - ငါ - ငါ့ကို ပိုးထိပြီ၊ ဟင် - မ - မဖြစ်ဘူး၊ ရွှေမှုန်နဲ့သား မသိအောင် နေမှ" ဖွေးရင်း ကျောင်းပေါ် အပြေးတက်ခဲ့တဲ့ အဖေ၊

"တင် - တင်ပါ့ဘုရား၊ သားလေးကို သင်္ကန်း အမြန်စည်းပေးတော်မူပါ ဘုရား"

အဲဒီအချိန် အခန်းနေ ဦးပဉ္စင်းက သားကို သင်္ကန်းစည်းပေးပြီးတဲ့အချိန် အဖေက ဘုရားကို ဝပ်ချသားဖြစ်သူ ကိုရင်လေးကို လက်အုပ်အချီ ...၊

"ဟာ"

"ဟင်"

"ကိုဘအောင်"

ထင်မှတ်မထားဘဲ လဲကျသွားတဲ့အဖေ၊ အဖေက ထွက်သက်မချုပ်ခင် မှာ စကားပြောဖို့ကြိုးစားနေတယ်လေ၊

"တင် - တင်ပါ့ဘုရား၊ တပည့်တော် - တပည့်တော် - ဟို - ရွှေ - ရွှေမှုန်၊ ငါ - ငါ့ကို တောတောက အပေါ့စွန့်နေတုန်း မြွေ - မြွေခဲလိုက်တာ၊ မြွေ - မြွေက မြွေပွေးကြီး၊ အဲ - အဲဒါ ဟို - ဟို"

အဖေက ဦးပဉ္စင်းနဲ့ အမေ့ကို တစ်လှည့်စီကြည့်ရင်း ပြောနေပြီး နောက် ဆုံး သားကိုရင်လေးကို အမြတ်နိုးဆုံးနဲ့ အကြည်နူးဆုံးကြည့်လို့ တုန်ခါနေတဲ့ လက်အစုံကို ကန်တော့ဟန်ပြုရင်းနဲ့ နောက်ဆုံး သားကိုရင်လေးရှေ့ကို တစ်ခွန်းတည်းခေါ်အပြီး၊





www.burmeseclassic.com

www.burmeseclassic.com

အဖေ - ကျောင်းပေါ်မှာပဲ အသက်ချုပ်သွားရတယ်။ ထင်မှတ်မထားတဲ့ သေခြင်းတရားက အဖေ့ကို အပါခေါ်သွားပြီလေ၊ အမေ့ခမျာ ကိုရင်လေးကို လက်အုပ်ချီကန်တော့ရင်း အဖေ့အလောင်းပေါ် ပစ်လှဲချအပြီး ချုံးပွဲချငို လိုက်တာ ပဋာမြေလူး - အရှုးမီးဝိုင်း။

အဲဒီတုန်းက အမေ့မှာ ကိုယ်ဝန်ရှိစ ...။

"ကိုဘအောင်ရယ် - ကျုပ်မှာ နောက်ထပ် ကိုယ်ဝန်ရှိနေတာ တော့်ကို တောင် မပြောလိုက်ရဘူး၊ သားလေး - ကိုရင်ဝတ်ပြီးမှ - တော် - ဝမ်းသာ အောင် ပြောမယ်ဆိုပြီး မပြောပြခဲ့တာပါတော်"

အဖေ့အသုဘက စည်ကားခဲ့ပါတယ်လေ ...။ သေတဲ့လူကို သေမယ့်လူ တွေက လိုက်ပို့ခဲ့ကြတာကိုး။ ဒါပေမဲ့ - မသေသေးတဲ့လူတွေက ငါတို့လည်း အဲသလိုသေရမယ်လို့ သိတဲ့လူရှိမယ်၊ မသိတဲ့လူလည်း ပါမယ်လေ။ မြင် တုန်းသိ၊ မမြင်တာကြာတော့ မေ့သွားတာက သေမယ့်လူတွေရဲ့သဘောထား ပဲလေ၊

အဖေဆုံး အပြီး ...

အမေ့မှာ ကိုယ်ဝန်နှစ်လအရမှာတော့ ထင်မှတ်မထားတဲ့ သေခြင်း တရားက ကိုရင်လေးကို ပစ်မှတ်အဖြစ် သတ်မှတ်လိုက်တယ်။ အဲဒီရက်တ မိုးတွေ လေတွေ အရမ်းရွာ၊ အရမ်းကြမ်းနေတဲ့အချိန်၊ ကျောင်းအတွင်း ဘုရားဝင်းထဲက တမာပင်ကြီးရဲ့အောက်မှာ ကျိုးကျနေတဲ့ ထင်းတွေကောက် နေတဲ့ကိုရင်၊ သူ့အသိနဲ့သူ အလုပ်လုပ်နေတဲ့ကိုရင်၊

ကိုရင့်အပေါ်ကို တမာကိုင်းက ပဲ့အကျ ...

"ဝုန်း"

"အား"

ဝုန်းဆိုတဲ့အသံအောက်မှာ ကိုရင့်ရဲ့ အော်သံက ပျောက်ကွယ်သွား တယ်၊ လေသံ မိုးသံက ကိုရင့်အသံကို ချိုးနှိမ်ထားတယ်၊



လောကက မဆန်းဘူးလား၊ အဖေ သေလို့မှ မကြာသေးဘူး၊ သားဖြစ်သူက လိုက်သွားပြီ၊ အင်းလေ - သေခြင်းတရားဆိုတာ လူတိုင်း၊ သတ္တဝါတိုင်း အတွက် သူ့အချိန်နဲ့သူ အမှတ်ပေးတံဆိပ်ခတ်ပြီးသားလေ၊ ဒီတော့ ဘယ် သူမှ ငြင်းမရဘူးလေ။ အမေ့မှာတော့ ဗိုက်ထဲကကိုယ်ဝန်ကို ဂရုစိုက်ရင်း အဖေ့အတွက် အပူဟောင်းရော၊ သားကိုရင်အတွက် အပူသစ်တွေပါ နှစ် မျိုးနှစ်ပူကို လူးလိမ့်ခံစားရင်းနဲ့ ကာလတွေကို ဖြတ်ကျော်ရင်း မီးဖွားဖို့သာ ကြိုတင်ပြီး စီစဉ်ခဲ့ရတယ်၊

သြော် - တစ်ဦးတည်း ကျန်ခဲ့တဲ့အမေ ...

ကံဆိုးခြင်းတံဆိပ် ကပ်ခံရတဲ့အမေ ...

မပဋာလက်သစ် ဖြစ်ခဲ့ရတဲ့အမေ ...

ဘဝတွေ နှံးချိ၊ နှလုံးသားတွေ နွမ်းရိသွားခဲ့ပေမယ့် ရင်ထဲမှာ ရှိနေသေး တဲ့ရင်သွေးအတွက် သောကတွေကို ချိုးနှိမ်ဖို့ ကြိုးစားခဲ့တဲ့အမေ၊

"ဟုတ်တယ် - သေတဲ့လူက သွားပြီ၊ ငါ - ဒါတွေကို တမ်းတပြီးနေရင် လည်း အကျိုးထူးမှာ မဟုတ်တော့ဘူး။ ဒီတော့ - ငါ့ရင်ထဲက ကလေးကို ဘယ်လိုမွေးမယ်ဆိုတာကိုပဲ စဉ်းစားရတော့မယ်"

တွေးရင်းနဲ့ သတ္တိသစ်တွေ၊ သွေးသစ်တွေ လောင်းခဲ့တဲ့အမေ၊ အမေ့မှာ တော့ ကိုယ့်ဗိုက်ကိုကြည့်ရင်းနဲ့ စိတ်ထဲမှာ တစ်မျိုးခံစားနေရတယ်၊

"အင်း - ဒီတစ်ခါ အမြွှာပူးများ မွေးမလား၊ ဟုတ်မယ် - ဖြစ်နိုင်တယ်"

ဒါက အမေ့ရဲ့ အတွေး၊ ဒီတစ်ခါမွေးရင် အမြွှာပူးဖြစ်မယ်တဲ့၊ ဒီတော့ အမေ့ခမျာ ကြိုတွေးရင်းနဲ့ ပျော်လည်းပျော်၊ ပိုပြီးလည်း ဂရုစိုက်နေရှာတယ်၊ တကယ်တော့ - အမြွှာပူးမွေးတယ်ဆိုတာ အကြောင်းလေးမျိုး ရှိတယ်၊ အဲဒါ ကိုတော့ အမေ မတွေးတော့ဘူး၊ အမြွှာပူးဆိုတာ က ကလေးနှစ်ယောက် ဒီထက် ပိုမွေးတာမျိုး၊ အမြွှာပူးကလေးတွေမှာ အချင်းတစ်ခုတည်း ပါတာ ရှိသလို အချင်းနှစ်ခုပါတာလည်း ရှိတယ်၊ ရေမြွှာအိတ်က တစ်ခုတည်း ဖြစ်

သလို၊ ရေမြှာနှစ်အိတ်ဖြစ်တာကလည်း ရှိတယ်။ အမြွှာမွေးရင် အသွင်တူအမြွှာနဲ့ အသွင်မတူ အမြွှာဆိုပြီး မွေးတတ်တာလေ။ အသွင်တူအမြွှာမှာ အချင်းက တစ်ခုတည်းဖြစ်ပြီး ရေမြှာအိတ်က တခြားစီဖြစ်တတ်တယ်။ ဒါပေမဲ့လည်း အချို့မှာ အချင်းက တစ်ခုစီနဲ့ ရေမြှာကလည်း တစ်ခုစီဖြစ်တာမျိုးလည်း ရှိတယ်။

"အင်း - ငါ့ကလေးတွေဟာ သားတွေလား၊ သမီးတွေလား (ဒါမှမဟုတ်) သားနဲ့သမီး တစ်ဦးစီပဲလား၊ ပြီးတော့ - အသွင်တူ အမြွှာဖြစ်မှာလား၊ အသွင်မတူ အမြွှာဖြစ်မှာလား"

အမြွှာနဲ့ပတ်သက်ပြီး သို့ကလို တွေးခဲ့တဲ့ အမေ ...။

အသွင်မတူတဲ့ အမြွှာကတော့ မျိုးရိုးဗီဇတူတာများတယ်၊ မတူတာရှားတယ်တဲ့၊ ဒါပေမဲ့ - လက်ဗွေချင်းကတော့ မတူကြဘူး။ ပြီးတော့ - ကြီးပြင်းလာပြီဆိုရင် ပတ်ဝန်းကျင်မတူရင် မတူသလို၊ ရွေးချယ်မှုမတူရင် မတူသလို စိတ်နေသဘောထားတွေ ကွဲပြားတတ်တယ်တဲ့။ အမြွှာကိုမွေးရင် မွေးတဲ့အချိန်ကွာခြားမှု ရှိတယ်၊ တစ်ယောက်နဲ့တစ်ယောက် (၁၅) မိနစ်ကွာတာမျိုး၊ တစ်နာရီခြားတာမျိုး ရှိတယ်တဲ့။

အမေ့မှာ တွေးရင်းနဲ့ပဲ ဘာ့ကြောင့် အမြွှာမွေးမလဲဆိုတဲ့လက္ခဏာတွေကို ပြန်ပြီးဆန်းစစ်နေမိတယ်၊ အမြွှာမွေးမယ့်မိခင်ဟာ ...

ဆွေမျိုးထဲမှာ အမြွှာမွေးဖူးသလား၊ ဟုတ်တယ်၊ အမေ့အဒေါ်တစ်ဦး အမြွှာမွေးဖူးတယ်။ ပြီးတော့ - ကိုယ်ဝန်က ပုံမှန်ထက် ကြီးနေတယ်၊ ကိုယ်အလေးချိန်က ပုံမှန်ထက် ပိုနေတယ်၊ ပျို့အန်မှုကလည်း ပုံမှန်ထက်များပြီး အတွင်းက ကလေးလှုပ်တာ စောနေတာမျိုး၊ လှုပ်တာ အကြိမ်ရေများတာမျိုးလည်း ဖြစ်နေတယ်လေ၊ နောက် အမေ့မှာ အားအင်ဆုတ်ယုတ်တာမျိုး၊ တတ်ကျွမ်းသူတွေက ကလေးနှလုံးခုန်သံ နားထောင်ရင်လည်း တစ်နေရာတည်းမက ကြားရတတ်တာမျိုး။

ထူးခြားတာက လေပွတာ၊ ဝမ်းချုပ်တာ၊ ကြွက်တက်ခါးနာတာမျိုးတွေ၊ စောပြီး မွေးတာမျိုး၊ သွေးဖိအားများတတ်တာ၊ ကိုယ်ဝန်သွေးအဆိပ်တက်မှုက အခြားကိုယ်ဝန်သည်တွေထက် သုံးဆပိုတာ၊ ဗိုက်ခွဲမွေးရတတ်တာမျိုးတွေက ထူးခြားမှုတွေလေ။ အဲဒါတွေ အမေ ခံစားနေရတယ်၊ ဒါပေမဲ့ - ဘာကိုမှ အလေးမထားခဲ့ဘူး။

"တိုဘအောင်ရယ် - တော်နဲ့တော့်သားကိုရင်အတွက် တော်တို့ကိုယ်စား ဟောဒီမှာ ကျုပ်ဗိုက်ထဲမှာ ကလေးနှစ်ဦး ဖြစ်နေပြီ - တော်ရဲ့"

ကြုံတွေ့ရတော့မယ့်အနာဂတ်အတွက် မရေရာမှန်းသိပေမဲ့ ရဲရဲကြီး မျှော်ကိုးခဲ့တဲ့အမေ၊

မွေးချိန်စေ့ခဲ့ပြီ၊ ထင်ထားတဲ့အတိုင်း စောပြီးမွေးမယ့်အလုပ် ရှောင်ဦးဆေးရုံသွားပြီး ခွဲမွေးရတဲ့အမေ၊

"မွေးပြီ"

"မိန်းကလေးတွေဟေ့"

အသံကြားလိုက်ရကတည်းက အမေ နားလည်လိုက်တယ်၊ ထင်ထားတဲ့အတိုင်း အမြွှာနှစ်ယောက် မွေးခဲ့ပြီ၊ ထင်ထားတဲ့ အသွင်တူအမြွှာနဲ့ အသွင်မတူတဲ့ အမြွှာထဲမှာ မွေးလာတာက အသွင်တူတဲ့ အမြွှာနှစ်ယောက်၊ ပြီးတော့ - မိန်းကလေးနှစ်ဦး၊ မွေးတဲ့နေ့က ကြာသပတေးနေ့၊

"အင်း - အသွင်တူအမြွှာဆိုတော့ မျိုးရိုးဗီဇက တူကြမယ်၊ မျိုးရိုးဗီဇ တူတာက ရှားတယ်၊ မိန်းကလေးချင်း တူတယ်၊ သဘာဝဖြစ်စဉ် တူတယ်၊ ပြီးတော့ - သဘာဝဖြစ်စဉ်ဆိုတာ ကြီးထွားဖွံ့ဖြိုးမှုနဲ့ အမူအရာကို ခေါ်တာ၊ လက်ဗွေကတော့ တူမှာမဟုတ်ဘူး၊ အသွင်တူအမြွှာတွေဟာ မိခင်ဆီက မျိုးရိုးဗီဇရှိနေလို့ပဲ၊ ဒီတော့ ..."

အမေက တွေးရင်းနဲ့ ပီတိတွေ ဖြစ်နေတယ်၊ ဘာ့ကြောင့် နောက်ကျဆရာဝန်ကြီးရော၊ ဆရာမတွေပါ အမြွှာသမီးတွေကို ဂရုစိုက်ကြလွန်းလို့ ကျေးဇူးတင်ခဲ့ရသေးတယ်၊ ဆင်းရက်ကျမှ ရွာကို ပြန်ခဲ့တဲ့အမေ၊

www.burmeseclassic.com

"ကိုဘအောင် – တော်မမြင်လိုက်ရတဲ့ သမီးနှစ်ယောက် လူ့လောကထဲ ရောက်နေပြီလေ"

တစ်လှည့်စီ နို့တိုက်ရင်း ဆင်တူအကျီလေးတွေ ဝတ်ပေးရင်း တစ်လှည့်စီပြုံးပြ၊ မြူးပြရင်းနဲ့ ဘဝအမောကို ဖြေဖျောက်ခဲ့တဲ့အမေ၊ မသိမှုက ဘဝစခဲ့ပြီး သိမှုမှာ ဘဝဆုံးခဲ့တဲ့ ဒီသံသရာ၊ ဒီဝဲဩဃမှာ အမေ ကျေနပ်မှုတွေအပြည့်၊

နောက်တော့ – သမီးနှစ်ယောက်ကို အမည်ပေးတော့ အကြီးက မြနှစ်၊ အငယ်က မြသစ်၊ ရုပ်ရှင်းကလည်း ဆင်၊ အရုပ်အမောင်းကလည်းတူ၊

ကျောင်းအပ်ချိန်မှာလည်း တစ်တန်းတည်း၊ စာကျက်တော့လည်း အတူတူဆိုတဲ့ဘဝမျိုး၊

— ● —

ကျုပ် …

ကျုပ်ရဲ့အမည်က မြနှစ်၊ အမြွှာထဲမှာ အကြီး၊ အချိန်အနည်းငယ်သာ ခြားပြီး မွေးခဲ့ကြရတဲ့ ကျုပ်တို့ ညီမနှစ်ယောက်၊ ကျုပ်တို့အတွက် အမေက ပဲလှော်အငှားလှော်ရင်း လူချမ်းသာအိမ်တွေက အဝတ်တွေ အငှားလျှော်ရင်း ပဲကောက်၊ နမ်းရိုတ်၊ ဝါကောက်လိုက်ရင်းနဲ့ မိဘဝတ္တရား တာဝန်တွေ ကျေခဲ့တဲ့အမေ၊ ကျုပ်တို့ညီမနှစ်ယောက်အပေါ် ဘာချစ်သလဲ မမေးနဲ့၊ မိုးနဲ့ နှိုင်းမရသလို မြေပြင်ရေပြင်နဲ့ရော အနန္တစကြာဝဠာနဲ့ပါ နှိုင်းမရတဲ့ အမေ့ မေတ္တာ၊ အမေ့အချစ်၊ အမေ့သံယောဇဉ်တွေက အတိုင်းအတာမရှိ၊ နှိုင်းစရာလည်း မရှိခဲ့ပါဘူး၊

သူ့အပေါ်မသာ၊ ကိုယ့်အပေါ်မသာဘဲ ညီမျှခြင်း ချိန်ခွင်လျှာနဲ့ ချစ်ခဲ့တဲ့ အမေ့ရဲ့အချစ်က ကြက်သီးဖြန်းဖြန်းထလောက်တဲ့အထိ နက်ရှိုင်းခဲ့တာ၊ ဆရာတွေက မြင်မြင်သမျှ တပည့်လို့ထင်တယ်တဲ့၊ ရှေ့နေတွေက မြင်မြင်သမျှ အမှုသည်တို့ ထင်ကြသတဲ့၊ ဆရာဝန်တွေကလည်း တွေ့တွေ့သမျှ



လူနာလို့ ထင်ထားကြတယ်တဲ့လေ၊ ကျုပ်တို့အမေကတော့ ကျုပ်တို့အပေါ် နလုံးသွေးစက်တွေရဲ့ကိုယ်ပွားလို့ပဲထင်ပြီး ချစ်ပြနေတာ …၊

ကျောင်းလိုက်ရင်းနဲ့ တစ်ရက်မှာတော့ အမေကပြောလာတယ်၊ အဲဒီ တုန်းက လေးတန်းအရွယ်၊ ရွာမှာက လေးတန်းပဲရှိတာ။

"ကဲ – ထိုင်ကြဦး – သမီးတို့၊ အမေ – သမီးတို့ကို ပြောစရာရှိတယ်၊ သေချာနားထောင်ကြနော်"

"ဟုတ်ကဲ့"

ကျုပ်တို့ညီမနှစ်ယောက် ပြိုင်တူဖြေရင်းနဲ့ အမေ့ကို တမြတ်တနိုး ကြည့်ဖြစ်ကြတယ်လေ၊ အမေ့မျက်နှာကတော့ ချစ်ခြင်းတရားတွေနဲ့ ပြုံးရယ်လို့၊

"ဒီလိုပါ – သမီးတို့ရဲ့ – သမီးတို့မှာ အစ်ကိုတစ်ယောက် ရှိခဲ့ဖူးတယ်၊ အဲဒီ အစ်ကိုဖြစ်သူကို သမီးတို့အဖေက ရဟန်းတစ်ပါးအဖြစ် သိပ်ဖြစ်ချင်ခဲ့တာ၊ အဲဒါ – အဖေ့လုပ်အားခနဲ့ အလှူပေးခဲ့ပြီး သင်္ကန်းစည်ပေးတဲ့နေ့ အဖေ ပိုးထိပြီး သေ၊ မကြာပါဘူး – ကိုရင်ဝတ်ခဲ့တဲ့ သားလေးလည်း သစ်ကိုင်းပိပြီး သေခဲ့ရ …"

ပြောရင်းနဲ့ အမေ အတော်လေး ခံစားခဲ့ရတယ်၊ စကားကိုပြီးဆုံးအောင် မပြောနိုင်ဘူး၊ ကျချင်ချင် ဝဲနေတဲ့မျက်ရည်စတွေကို လက်နဲ့သုတ်ရင်း ဆက်ပြောလာခဲ့ရှာတယ်၊ အမေ့အသံတွေက တုန်ယင်လို့ …။

"ပြောချင်တာက – သမီးတို့နှစ်ယောက် ဘယ်သူသီလရှင်ဝတ်ချင်လဲ တင်၊ အခု မဟုတ်ပါဘူး၊ အရွယ်ရောက်တဲ့အချိန်ပေါ့၊ ဘာပြုလို့လည်းဆိုရင် သမီးအဖေကို ကျေးဇူးဆပ်ရာ ရောက်စေချင်လို့ …"

အမေက အဲသလိုပြောတုန်းက ကျုပ်တို့ ငယ်သေးတော့ သိပ်ပြီး နားမလည်ခဲ့ဘူး၊ ရွာကျောင်းက လေးတန်းပြီးလို့ အခြားကျောင်းဆက်လိုက်ရင်းနဲ့ ညီမနှစ်ဦးစလုံး ရစ်တန်းဖြေအပြီး အမေက သီလရှင်ဝတ်ဖို့ ဘယ်သူဝတ်မလဲ၊ အဖေ့ကျေးဇူး၊ အမေ့ကျေးဇူးဆပ်တဲ့အနေနဲ့ အဲသလို ထပ်မေး လာတဲ့အခါ …



www.burmeseclassic.com

www.burmeseclassic.com

မဆိုင်းမတွ ဖြေလိုက်တာက ကျုပ် ...။

"သမီးဝတ်မယ် - အမေ။ သီလရှင်တွေ ဆွမ်းဆန်စိမ်း အလှူခံနေတာ၊ မေတ္တာပို့နေတာ၊ ဆိတ်ငြိမ်ရာဇရပ်မှာ တရားအားထုတ်တာ၊ စာပေသင်ကြားတာမြင်ရတော့ သမီးအားကျမိတယ် - အမေ"

"ကောင်းတယ် - သမီး"

"ဒါပေမဲ့ - သမီးလေ - အမေ့အတွက် စိတ်မချ"

ကျုပ်စကားမဆုံးခင် အမေက ကျုပ်ကို ရင်ခွင်ထဲထည့်ရင်း ညီမလေး မြသစ်ကိုကြည့်ပြီးပြောတယ်၊

"အမလေး - သမီးကြီးရယ် - ကိုယ့်ခရီးကို ဆက်သွားပါကွယ်၊ အမေ့အတွက် ဘာမှမပူနဲ့၊ ဟောဒီမှာ သမီးငယ်ရှိတယ်လေ၊ သမီးငယ်က ပြုစုစောင့်ရှောက်မှာပေါ့ - ဟုတ်ဘူးလား၊ ဟုတ်တယ်နော် - သမီး"

အမေကပြောရင်း ညီမလေးဆီကြည့်တော့ ညီမလေးက ခေါင်းအသာညိတ်ပြခဲ့တယ်၊ အဲဒီနောက်မှာတော့ ကျောင်းထွက်လိုက်တာက ကျုပ်၊ ကျောင်းဆက်တက်သူက ညီမလေး၊ အမေပြောသလို ကျုပ်ကတော့ ကျုပ်ခရီးကျုပ်ဆက်၊ ကျုပ်လမ်း ကျုပ်ရွေးခဲ့တာလေ၊ ဒီလမ်းက အမှန်ဆုံးလမ်း၊ ပြောရမယ်ဆိုရင် အဖေ့ကျေးဇူးဆပ်ချင်တာရော၊ သက်ရှိအမေ့ကျေးဇူးကို တုံ့ပြန်ချင်တာရော ပါရမီပါတယ်လို့ ပြောရမယ့်ကျုပ်၊

ကျုပ်လေ - အဲဒီတုန်းက အမေ့ကို ကန်တော့၊ မြင်းမူတကျောင်းမှာ သီလရှင်ဝတ်အပြီး စာပေလိုက်ရင်းနဲ့ တစ်နှစ်အကြာ စစ်ကိုင်းရှောင်တို ပြောင်းခဲ့တာ၊

တစ်ခါတလေ အမေ့ကို သတိရ၊ ညီမလေးကို လွမ်း၊ ရွာကို တမ်းတ၊

"အို - ဘာပြုလို့သတိရနေတာလဲ၊ ဒါတွေက မမြဲဘူး၊ ဒါတွေက အတည်တကျမရှိဘူး၊ အားလုံး - ညှိသည်တွေ၊ အားလုံး ခရီးသွားတွေ"

တရားအလေ့အကျင့်များလာတော့ စိတ်ကို ဖြေဖျောက်လာနိုင်ပေမယ့် မွေးမေမေရဲ့ကျေးဇူးကိုတော့ ဘယ်လိုဆပ်မလဲဆိုတဲ့အသိနဲ့ အမြဲပဲတွေးရင်း



ရှိနေခဲ့တယ်၊ ဆပ်လို့ကော ကုန်ပါ့မလား - ကျေပါ့မလား၊ လောကမှာ သားသမီးတွေက စွမ်းဆောင်နိုင်ပါလျက်နဲ့ လုပ်ကျွေးပြုစုခြင်း မရှိခဲ့ရင် ပစ်ပယ်ထားခဲ့ရင် အဲဒီသားသမီးမှာ အကြွေးတင်မယ်၊ လူယုတ်မာလည်း ဖြစ်သွားမယ်တဲ့၊ ကျုပ် - အကြွေးတင်မခံနိုင်ဘူး၊ လူယုတ်မာစာရင်းထဲ အပါမခံနိုင်ဘူး၊

ကျုပ် အဝေးကနေ ရှောင်မှာနေရင်း တောင်ရိုးပေါ်ကနေပြီး အမေရှိတဲ့အရပ်ကိုကြည့်ရင်း မေတ္တာပို့၊ မွေးကျေးဇူး၊ ကျွေးကျေးဇူး၊ စောင့်ရှောက်တဲ့ကျေးဇူးတွေကို ဦးချရင်း ဘုရား၊ တရား၊ သံဃာဂုဏ်တော်တွေကိုပဲ ပွားများခဲ့ပြီး အမျှပေးဝေနေမိတာ အတော်ကြာခဲ့ပြီ၊

စစ်ကိုင်းရှောင်ရောက်ပြီး မကြာပါဘူး၊ ညီမလေးမြသစ် ဆယ်တန်းအောင်၊ ဒါပေမဲ့ - ကျောင်းဆက်မထားနိုင်လို့ ကျောင်းထုတ်လိုက်ရပြီဆိုတာကြားမိတယ်၊ ကျုပ် - ဘာတတ်နိုင်မှာလဲ၊ အဲဒီအချိန် ထင်မှတ်မထားဘဲ မြသစ် အိမ်ထောင်ပြုတော့မယ်တဲ့၊ အဲဒီသတင်းကြားရတော့ ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရတာတွေက ကျုပ်ပဲလေ၊

"ဟုတ်တယ် - ဆရာလေး၊ ဒီနှစ် - ပဲသိမ်းပြီးရင် လက်ထပ်ကြတော့မယ်တဲ့"

"ဘယ်သူနဲ့တဲ့လဲ - မအေးရင်ရယ်"

ရွာကနေ စစ်ကိုင်းကို မျက်စိလာကုရင်း မအေးရင်က ကျုပ်နေတဲ့ရှောင်ကို အလည်လာရင်း ပြောခဲ့တာကိုး၊

"ကောင်လေးက ကျော်ဆွေတဲ့ - တောင်သူကြီးလေ၊ အဲဒါ - မောင်ကျော်ဆွေမိဘတွေက သိပ်ပြီးသဘောမတူချင်ကြဘူး၊ ဒါပေမဲ့ ..."

"အင်းလေ - အတိုင်းအတာဆိုတာ လောကသဘာဝအရ ရှိကြမှာပဲ၊ သဘောမတူဘူးဆိုတာ မဆန်းပါဘူး၊ ဒါပေမဲ့ - တစ်ဦးနဲ့တစ်ဦး မေတ္တာရှိနေကြရင် ကိုကျော်ဆွေက တကယ်နားလည်မှုရှိရင် ညီမလေးအတွက် ဝမ်းသာရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြသစ်သားကြီးပေါ့။ မယ်တော့်မြေးကြီးပေါ့။ အိမ်လာပြီး မုန့်စားဖို့ လာပေးတာ။ ရော့-အမေကြီး မုန့်စားဖို့ဆိုပြီး မြန်မြေးမယ်အလုပ် မယ်တော်က မြေးကြီးရဲ့ လက်ကိုဆွဲပြီး မပြန်စေချင်တာနဲ့ မပြန်ပါနဲ့ဦး-မြေးရယ်။ စကားပြောရအောင်ဆိုပြီး လက်ဆွဲထားတာ။ အဲဒါ-အတင်းရုန်းရင်းနဲ့ မျက်စိကို ရိုက်သလို ဖြစ်သွားတာ။ အဟင်း-ဟင်း ဟင်း-မနာပါဘူး-ဆရာလေးရယ်။ မတော်လို့ ခိုက်မိတာပါ။

ကျုပ် - အဲဒါပဲပြောနိုင်တယ်၊ ဘဝရဲ့အနိမ့်အမြင့်ဆိုတဲ့ သတ်မှတ်ချက်တွေက သိပ်ပြီးကြောက်စရာကောင်းတာကိုး၊ မြင့်တဲ့လူက နိမ့်တဲ့လူကို နှိမ်ချင်တာ၊ မရှိနိုးနိုးထင်ချင်တာ သဘာဝကျတယ်လို့ပဲ ကျုပ် တရားနဲ့ဖြေမိတယ်၊

မကြာပါဘူး၊ ညီမလေးမြသစ် ကိုကျော်ဆွေနဲ့ လက်ထပ်သွားပြီတဲ့၊ မင်္ဂလာပွဲကိုပြန်လာခဲ့ဖို့ မှာပေမယ့် ကျုပ် မပြန်ဖြစ်ပါဘူး၊ လူမှုအလုပ်တွေထဲ ကျုပ် ဝင်မပါချင်ဘူး၊ မြင်လည်း မမြင်ချင်၊ ကြားလည်း မကြားချင်တော့ဘူး



လေ၊ သူတို့ဘဝ သူတို့ဖန်တီးကြမှာ၊ သူတို့အကြောင်း သူတို့ ရေးဆွဲကြမှာ၊ ကျုပ်ကတော့ ဒီလူ့ဝတ္ထုရားတွေတွေးရင်း ခေါင်းခဲလွ ်းလို့။

အဲ - ကျုပ်စိတ်ပူမိတာက အမေ့အတွက် ...၊

ဟုတ်တယ်လေ၊ ကိုကျော်ဆွေက မြသစ်အပေါ် ျတ်နိုးလွန်းလို့ သူ့မိဘတွေ တားတဲ့၊ ဖျက်တဲ့ကြားကနေ အတင်းရယူခဲ့ပြီ၊ ဒီ ်တော့ - အမေ့အတွက်ကတော့ ချမ်းသာတဲ့သားမက်ရလို့ ဝမ်းသာနေမှာ ေ ာ့ အမှန်ပဲ၊ ပီတိတွေလည်း ဖြစ်နေမှာ၊ မစားရဝခမန်းဖြစ်နေမှာ၊ အမေ့ ျှာ - သိုက်စာဖတ်ရာနားထောင်ကာ ဥစ္စာရနိုးနိုး၊ ဆေးစာဖတ်ရာ နားထေ ာင်ကာ ရောဂါပျောက်နိုးနိုးနဲ့ ရှိနေမှာပဲ၊ မုန့်ဆီကြော်က ဘယ်မှာမုန်းမသိ ါးစပ်က အနာနဲ့တည့်ပါ့မလားဆိုပြီး ကြိတ်တွေးနေရှာမယ့်အမေ - အမေ့အ ျစ်၊

ဒီတော့ - သိတတ်တဲ့သားမက်နဲ့ သိတတ်တဲ့သ မီးကို့ရဲ့နားလည်မှုပေးရင်တော့ တော်သေးတာပေါ့၊ ခုတော့ - အမေ့အတွက် အဖြူအမည်း ဘာကိုမှ မသဲကွဲသေးတဲ့အဖြစ်၊

ထင်ထားတဲ့အတိုင်းပါပဲ၊ မြသစ်အိမ်ထောင်က ျပြီး လင်သားအိမ် အပြီးလိုက်သွားတယ်တဲ့၊ အမေ့ကို အိမ်လေးမှာ တစ်ယောက်တည်း ထားရစ်ခဲ့သတဲ့၊ ဒီသတင်းကြားရတော့ ကျုပ် ဘယ်လိုမှ စိတ် ကောင်းနိုင်ဘူး၊

"ဟုတ်တယ် - ဆရာလေးရဲ့၊ မြသစ်က အစ ုခန်းကတော့ အမေ့ကို ခေါ်ဖို့ကြံခဲ့သေးတာ၊ နောက်တော့ - ယောက္ခမတွေ့ ကြောက်ပြီး ..."

နောက်တစ်ပတ်ဆေးလာကုရင်းနဲ့ မဒေအးရင် က လာပေးတဲ့သတင်း၊ ဒီသတင်းကြောင့် - ကျုပ်နှလုံးသားတွေ ပြုတ်ကျလ ုလုအထိ ခံစားရတယ်၊ အင်းလေ - အရှိန်အဝါကြီးတဲ့အသိုင်းအဝန်းထဲ ဘယ်လိုလုပ်ဝင်ဆံ့နိုင်မှာလဲလေ၊ နွမ်းရာဝဲစွဲနေတဲ့အမေ့အဖြစ် ဘယ်မှာရင်ဆိုင် ရဲမှာလဲ၊ ဒီတော့ - အမေ ခမျာ အိမ်လေးထဲမှာ နေခဲ့ရတာ၊ ကျွေးမွေးဖို့ကတော့ ဟင်းချက်စရာတော့ ပို့ပေးတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်ဘော် – အမေရယ် – ဖြစ်ရလေ၊ ကိုယ်မွေးတဲ့သမီးကိုလည်း အရှိန် ပြည့် မတွေ့ရ၊ အဝေးကပဲ ပေးဆပ်ခြင်းတွေနဲ့ ချစ်နေခဲ့ရရှာတာလား – အမေ ရယ်"

ကျုပ် တွေးရင်းနဲ့ လုံးဝစိတ်မကောင်းခြင်းကြီးစွာနဲ့ မိခင်တစ်ဦးရဲ့ခံစား ချက် အပူမီးတွေကို နားလည်ပေးမိနေတာ။

ခုတော့ ...။

အခုတော့ ...။

— ● —

အခုတော့ – ကျုပ်အတွေးတွေကို အဝေးနှင်ရင်း မယ်တော်ကြီးကို ကြည့် နေမိတယ်၊ မယ်တော်ကြီးက ကျုပ်ဆီ ကြည့်ရင်းနဲ့ ပြုံးပြရှာတယ်၊

"မယ်တော်ကြီး – ပြောစရာရှိတယ်ဆို – ပြောလေ၊ ဆရာလေးက ဘာ အကူအညီပေးရမလဲ – ပြောပါ"

မယ်တော်ကြီး အနားကပ်ထိုင်ရင်း မယ်တော်ကြီးလက်တွေ ဆုပ်ကိုင် ထားရင်း သောကကင်းတဲ့အသံနဲ့ အေးဆေးစွာပြောလိုက်တဲ့ကျုပ်၊ ကျုပ်ကို မယ်တော်ကြီးက ပြောရမှာ အားနာသလိုမျိုးနဲ့ ပြုံးပြုံးကြီးကြည့်ရင်း ရှိနေ တယ်၊ ဘာမှမပြောသေးဘူး။

"ပြောပါ – မယ်တော်ကြီး၊ ဖြစ်နိုင်မယ့်အရာဆိုရင် ဘာမဆိုလုပ်ပေးမှာ ပါနော်"

"ဟို – ဟို – ဟိုလေ"

ကျုပ် ခေါင်းညိတ်ပြရင်း မယ်တော်ကြီးစကားကို နားစွင့်နေမိတယ်၊ မယ်တော်ကြီးက ပြောနေတယ်၊ အသံတွေက တုန်ခါနေရှာတယ်၊

"ဒီ – ဒီလိုပါ – ဆရာလေး – မှုထမဆုံး – မယ်တော့်မျက်စိ ကုချင်တယ်၊ သိပ်ပြီးမမြင်ချင်ဘူး၊ ပြီးတော့ – မျက်လုံးက နိုက်မိထားတာ"

"ဟင်"

ကျုပ် – နင့်ခနဲ ကျင်ခနဲ ခံစားရတယ်၊ အပူရှပ်ကို ဟန်လုပ်ရင်း အမေ့ မျက်လုံးတွေကို အကဲခတ်ကြည့်မိတော့ မျက်လုံးတွေက ရဲနေတယ်၊ မျက် ရည်တွေလည်း ဝေ့သီနေတယ်၊ မျက်စိက နိုက်မိထားဘာတဲ့ ဒဏ်ချက်ပြင်း တဲ့သဘော၊

"ဟိုလေ – ဘယ်လိုနိုက်မိတာလဲ – မယ်တော်ကြီး"

"မြသစ်သားကြီးပေါ့၊ မယ်တော့်မြေးကြီးပေါ့၊ အိမ်လာပြီး မုန့်စားဖို့ လာပေးတာ၊ ရော့ – အမေကြီး မုန့်စားဖို့ဆိုပြီး ပြန်ပြေးမယ်အလုပ် မယ်တော် က မြေးကြီးရဲ့လက်ကိုဆွဲပြီး မပြန်စေချင်တာနဲ့ မပြန်ပါနဲ့ဦး – မြေးရယ်၊ စကား ပြောရအောင်ဆိုပြီး လက်ဆွဲထားတာ၊ အဲဒါ – အတင်းရုန်းရင်းနဲ့ မျက်စိကို ရိုက်သလို ဖြစ်သွားတာ၊ အဟင်း – ဟင်း – ဟင်း – မနာပါဘူး – ဆရာလေး ရယ်၊ မတော်လို့ နိုက်မိတာပါ"

ကျုပ် – အသာပဲ နားထောင်ရင်း ဘာမှပြန်မပြောမိဘူး၊

"ဟုတ်ပြီလေ – ပြီးတော့ – ဘာကျန်သေးလဲ – မယ်တော်ကြီး"

"ပြီးတော့ ..."

ပြောရင်း စကားဆက်မပြောဘဲ အဝေးကို ငေးကြည့်နေရှာတယ်၊

"ပြောပါ – မယ်တော်ကြီးရဲ့"

"ဟိုလေ – အမေ့မှာ နှလုံးရောဂါရှိတယ်တဲ့ – အဲဒါ"

"ဟင်"

ကျုပ် ပိုပြီး တုန်ခါသွားတယ်၊ အမေ့လက်တွေကို ပိုပြီးတင်းတင်းကျပ် ကျပ် ဆုပ်ကိုင်နေမိတယ်၊ ကြည့်ပါဦး – နှလုံးရောဂါရှိနေပြီတဲ့၊ သမီးတွေ၊ မြေးတွေအတွက်နဲ့ နှလုံးရောဂါဖြစ်သွားတာလား – ဟုတ်မှာပါ၊ မြင်သာမြင် ရမကြင်ရတဲ့အမေ့အဖြစ် အမေ့အချစ်တွေက ကြေကွဲမှုတွေနဲ့ ရောပါဆော် ဝန်တီးပစ်လိုက်ပြီလား။

www.burmeseclassic.com

"ဆရာလေး - ကြိုးစားပြီး ကုပေးပါ့မယ် - မယ်တော်ကြီးရယ်နော်၊ ဘာမှ စိတ်မပူပါနဲ့"

"မျက်စိရောဂါရော၊ နှလုံးရောဂါအတွက်ပါ သမီးငယ်ကိုပြောချင်ပေမယ့် မပြောရဲဘူး - ဆရာလေးရယ်၊ အိမ်ကို နှစ်လတစ်ခါ လာပေမယ့်လည်း ပြောရမှာ ပါးစပ်က ပြောမထွက်ရဲဘူး၊ သမီးငယ်က ကုပေးချင်ဦးတော့ သူ့လင်က ရှိသေးတာ၊ ဒါနဲ့ - မပြောဖြစ်ဘူး၊ အဲဒါကြောင့် - ဆရာလေးကို မှာလိုက်မိတာ၊ ဟို - အဆင်ပြေမှ ကုပေးပါ၊ အဆင်မပြေလည်း ရပါတယ် ဆရာလေးရယ်နော်၊ မယ်တော့်ကိစ္စကို ခေါင်းထဲမထားပါနဲ့နော်"

မယ်တော်ကြီးက တောင်းတောင်းပန်ပန်သဘောနဲ့ ပြောနေရှာတယ်၊ မယ်တော်ကြီးရယ် - အစုန်သာရှိ၊ အဆန်မရှိတဲ့ မယ်တော်ကြီးအဖြစ် မယ်တော်ကြီးအချစ်တွေက နက်ရှိုင်းလွန်းလှပါလား - အမေ၊ ရယူလိုမှု မရှိဘဲ ပေးဆပ်လိုမှုတွေနဲ့ချည်း ဘဝကို နိဂုံးချုပ်သွားချင်သတဲ့လား၊

"ညီမလေးကို ဘာမှ ပြာမနေပါနဲ့၊ ဆရာလေး - ကြိုးစားကြည့်ပါ့မယ်နော်၊ အဆင်ပြေမှာပါ၊ အမေ့ကျေးဇူးတွေက ဆင်မှမကုန်တာ၊ ဆရာလေး နားလည်ပါတယ်၊ သိလည်းသိပါတယ်၊ ဒီတော့ - လုံးလုံးမကျေရင်တောင်မှ အနည်းအကျဉ်း ကျေလိုကျေငြား ဆရာလေး ပေးဆပ်မှာပါ - မယ်တော်ကြီးရယ်"

ကျုပ် - မယ်တော်ကြီးကိုကြည့်ရင်း ပြောနေမိတာက အသံတိတ်၊ ကျုပ်စကားတွေက လည်ချောင်းထဲက မထွက်ဘူး၊ နှလုံးသားထဲက ပြောနေမိတာ၊

နောက်နှစ်ရက်နေပြီး ပြန်ခဲ့တယ်၊ အဲဒီရက်က မြသစ်လာပြီးတောင် နှုတ်မဆက်ဘူး၊

ဩော် - အရောင်ပြောင်းပဲတတ်တဲ့ ပုတ်သင်ညိုကို ဖြစ်သွားပြီလား၊ လက်ဖဝါးလို မှောက်ချည်၊ လှန်ချည်နဲ့ ဖြစ်နေပြီလား၊ နားတောင်အရောင်နဲ့



ပါးပြောင်သွားပြီလား - ညီမလေးရယ်၊ အသွင်တူတဲ့ အမြွှာတွေဖြစ်ခဲ့ပေမယ့် ကြီးပြင်းလာတဲ့အခါမှာတော့ ပတ်ဝန်းကျင်မတူရင် မတူသလို စိတ်နေစိတ်ထား စိတ်သဘောထားတွေ ပြောင်းလဲတတ်တယ် ဆိုတဲ့အယူအဆ၊ ကျုပ်လက်ခံလိုက်မိပါပြီ၊

ဘာပဲဖြစ်ဖြစ် - ညီမလေးအပေါ် ငွေမယူပါဘူး၊ အပြစ်မပြောချင်ပါဘူး၊ နားလည်ပေးမိတယ်လေ၊ ကျုပ် ခွင့်လွှတ်ခဲ့သလို မယ်တော်ကြီးက ပိုပြီးခွင့်လွှတ်ပေးဦးမှာပါ၊

— ● —

"ဟုတ်တယ် - ဆရာလေးအနေနဲ့ အမေ့အတွက် အကူအညီတောင်းချင်တာ၊ ဖြစ်နိုင်ရင်တော့ ကူညီပါဦးနော်"

ကျုပ် - တစ်ရက်မှာ စစ်ကိုင်းမြို့ထဲက ဆွမ်းဆန်လောင်းလှူနေတုန်းဖြစ်တဲ့ ဒေါ်မြင့်မော်တို့တိုက်ရောက်တော့ အကျိုးအကြောင်းပြောပြီး အကူအညီတောင်းမိတယ်၊

"ရပါတယ် - ဆရာလေးရဲ့ ကူညီရမှာပေါ့၊ ဒါလေးများ စာမဖွဲ့လောက်ပါဘူး၊ ဆရာလေးရဲ့အမေ့ကိုသာ လှမ်းခေါ်လိုက်ပါ၊ ဒီမှာတည်းပြီး ဒီမှာပဲ ကုပေးပေါ့"

ဒေါ်မြင့်မော်ကရော သူ့သမီးနှစ်ဦးကပါ လိုလိုချင်ချင်နဲ့ပြောတော့ ကျေနပ်ခဲ့ရတယ်၊ ပထမဆုံး မျက်စိကုမယ်၊ ပြီးရင် - အမေ့နှလုံးရောဂါကို ကုမယ်၊ အဲသလိုတွေးခဲ့တာ၊ မျက်စိကိစ္စပဲ ပြောခဲ့ပြီး နှလုံးရောဂါကိစ္စတော့ မပြောဖြစ်သေးဘူး၊

"အင်း - နောက်ရက်မှပြောတာ ကောင်းပါတယ်လေ"

အဲသလို ကျေနပ်ရင်းနဲ့တွေးပြီး နောက်ရက်မှာ အမေ့ကိုမှာထား၊ ဒေါ်မြင့်မော်ရဲ့ လိပ်စာပါပေးလိုက်တော့ နောက်ရက် အမေရောက်လာပြီ



www.burmeseclassic.com

www.burmeseclassic.com

မျက်စိဆေးရုံကိုပြတော့ ကံကောင်းတယ်တဲ့၊ ရိုက်ချက်ဒဏ်က ပြင်းတော့ အတော်ကုယူရမယ်တဲ့၊ ဒါနဲ့ - အားဆေးတွေပေး၊ ခွဲရမယ့်ရက်ချိန်းပေးပြီး နှစ်လအကြာမှာတော့ အမေ့မျက်စိ ခွဲခဲ့ရတယ်၊

ကုန်ကျတာနဲ့ စားရေးနေရေးကို ဒေါ်မြင့်မော်တို့ကပဲ တာဝန်ယူခဲ့ကြတာ၊

အမေ့ခမျာမှာတော့ ဝမ်းသာလွန်းလို့ ကျေးဇူးတင်လွန်းလို့ ...၊

"အမလေး - ဝမ်းသာလိုက်တာ - ဒေါ်မြင့်မော်ရယ်၊ တကယ် - တကယ်ပါ၊ သာဓု - သာဓု - သာဓု - ဘုန်းကြီးလို့ သက်ရှည်၊ အဆင်းလှလို့ ဂုဏ်ခြင်တွေ ပြည့်ဝပါစေကွယ်"

အမေက ဆုတွေတောင်းနေတော့ ကျုပ်ရင်ထဲ ကြီးလေးတဲ့ဝန်ထုပ်ကြီးထဲက အနည်းအကျဉ်းတော့ ပေါ့သလိုလို ခံစားနေရတယ်၊ ဟုတ်တယ်၊ အမေ့ကျေးဇူးတွေ ပေးဆပ်နေမိတယ်လို့ ထင်နေမိတာကိုး၊ မျက်စိကုပြီးတဲ့နောက် အမေ့နှလုံးရောဂါအကြောင်း တွေးရင်နဲ့ ဒေါ်မြင့်မော်ကို ပြောသင့်၊ မပြောသင့် စဉ်းစားနေမိတယ်၊ နောက်တော့ - မထူးပါဘူးလေဆိုပြီး ပြောမိတယ်၊ အမေ့နှလုံးရောဂါအကြောင်း ကုပေးချင်တဲ့အကြောင်း အဲသလိုပြောတော့ လက်ခံခဲ့သူက ဒေါ်မြင့်မော်၊ ကုန်ကျတာ - သူပဲ တာဝန်ယူမယ်တဲ့၊

အမေ့ကျေးဇူးကို သွယ်ဝိုက်တဲ့နည်းနဲ့ ကျေးဇူးတွေကို ကျေပါစေတော့ရယ်လို့ လုံးလုံးကြီး မကျေမှာသိပေမယ့် ကျေသလောက် ပေးဆပ်နေမိပါလားလို့တွေးရင်း ကျုပ် ကျေနပ်မိပြန်ရော၊

အဲ - မထင်မှတ်ဘဲ ပြဿနာဖြစ်လာတဲ့အကြောင်းကိစ္စ ပေါ်လာတယ်၊ အဲဒါက ဒေါ်မြင့်မော်ရဲ့သမီးကြီးနှင်းဆီ၊ ဗိုက်ထဲက ရောဂါဆိုလား ဖြစ်လို့တဲ့၊ ဒီသတင်းကြားရတော့ ကျုပ် မယ်တော့်နှလုံးရောဂါကိစ္စ ဘာမှမပြောဝံ့တော့ဘူး၊ အမေ - ကျန်းမာပါစေ၊ ချမ်းသာပါစေရယ်လို့ တရားထိုင်တိုင်း၊ ညတိုင်းနေ့တိုင်း ဆုတောင်းပေးရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူးလေ၊



တစ်ရက်မှာတော့ ဆွမ်းဆန်ခံရင်းနဲ့ ဒေါ်မြင့်မော်တို့ အိမ်ရောက်သွားတော့ ဒေါ်မြင့်မော်က ပြောလာတယ်၊

"ဟုတ်တယ် - ဆရာလေး၊ သမီးကြီးလေ - ရန်ကုန်ဆင်းပြီး ပြရမယ်ဆုရား၊ တပည့်တော်တော့ ဗိုက်ထဲက ဘယ်လိုရောဂါရယ်တော့ မသိပါဘူး အဲဒါ"

ဒေါ်မြင့်မော်က သူ့သမီးအတွက် ပူပန်စိတ်တွေ အသချေနဲ့ ညည်းညူနေတာမို့ ကျုပ်အမေ့ရောဂါအကြောင်း ဘာမှမပြောဖြစ်တော့ဘူး၊

"ဘယ်လိုရောဂါလည်းဆိုတာ ဒကာမကြီး မသိဘူးလား"

"မန္တလေး ဆေးရုံရောအပြင်ဆေးခန်းတွေပါ ပြပြီးပြီ၊ အဲဒါ - ရန်ကုန်သွားပြီးပြရမယ်တဲ့၊ အဲဒါကြောင့် - ပြင်ဆင်နေရတာ၊ မတတ်နိုင်ဘူး - ဆရာလေးရယ်၊ သမီးကြီး အသက်ရှင်ဖို့က အရေးကြီးတယ်၊ ငွေကိုတော့ ကုန်ချင်သလောက် ကုန်ပါစေ၊ ငွေကို တံတားခင်းပြီး သွားရမှာပဲ"

မိဘမေတ္တာရဲ့အတိမ်အနက်ကိုသိထားတဲ့ကျုပ်၊ နားလည်ထားတဲ့ကျုပ်၊ ပေးဆပ်လို့ကို မကုန်နိုင်ပါလားလို့တွေးရင်း လောကဝန်းကျင်က မိခင်တွေအိုင်းရဲ့ မေတ္တာကို မချီးကျူးဘဲ မနေနိုင်လေ အမေ့အချစ်၊ အမေ့မေတ္တာကသန်ကြေးမဖြတ်နိုင်လေပါပဲ၊

အဲဒီနောက်တော့ - ဒေါ်မြင့်မော်တို့သားအမိ ရန်ကုန်ကိုဆင်းသွားကြတယ်၊ နှစ်ပတ်လောက်နေပြီးပြန်လာ၊ နောက်တစ်လလောက်နေပြီး ရန်ကုန်ကိုဆင်းသွားရင်းနဲ့ ရှစ်ခါမြောက်မှာတော့ အကျိုးသင့်၊ အကြောင်းသင့်သိရတယ်လေ ...၊

နှင်းဆီရဲ့ရောဂါက ကျောက်ကပ်မကောင်းတာတဲ့၊

"ဟုတ်တယ် - ဆရာလေး၊ အဲဒါ - ကျောက်ကပ်လှူမယ့်လူ အရင်ရှာရမယ်၊ ရှာလို့ရပြီးရင် နိုင်ငံခြားသွားပြီး ခွဲစိတ်ဖို့ လုပ်ရမယ် - ဆရာလေး"

ကျုပ်ကို ပြောခဲ့တဲ့ ဒေါ်မြင့်မော်ရဲ့စကား ...၊

www.burmeseclassic.com

ကျောက်ကပ်လှူတဲ့ လူရှိမှတဲ့၊ လှူတဲ့လူရှိရင် နိုင်ငံခြားသွားပြီး အစားထိုး လဲလှယ်ရမယ်ဆိုပါလား၊ လှူတဲ့လူမရှိခဲ့ရင် ငွေတွေပုံပေးပြီး ဝယ်လို့ရရင် ဝယ်ပြီးကုပေးမယ်တဲ့၊

ကျုပ် – တွေဝေသွားတယ်၊

ဖျတ်ခနဲ နလုံးရောဂါ စပြီးခံစားနေရတဲ့ မယ်တော်မျက်နှာကို မြင်ယောင်မိတဲ့အချိန်၊

— ● —

"ဟုတ်တယ် – ဒကာမကြီး၊ အဲဒီတုန်းက ဆရာလေးအနေနဲ့ မယ်တော်ကြီးရဲ့နှလုံးရောဂါကို ကုသပေးဖို့ ငွေကြေးအလှူခံဖို့ပါပဲ၊ ဒါပေမဲ့ – မျက်စိတုပေးထားတာကလည်း သိပ်မကြာသေးတာကတစ်ကြောင်း၊ ပြီးတော့ နင်းဆီရဲ့ ရောဂါကို သိလိုက်ရတာကတစ်ကြောင်း၊ အဲဒါတွေကြောင့် – မယ်တော်ကြီးအတွက် ဘာမှမပြောဖြစ်ခဲ့ဘူး၊ အခုတော့ ..."

ကျုပ်က ဒေါ်မြင့်မော်ကိုကြည့်ရင်း ပြောမိတော့ ဒေါ်မြင့်မော်က ကျုပ်တို့ စူးစမ်းတဲ့အကြည့်၊ အားကိုးတဲ့အကြည့်တွေနဲ့ ပြန်ပြီးကြည့်နေတာလေး ပြီးခဲ့တဲ့ လတုန်းက နင်းဆီအတွက် ကျောက်ကပ်လှူမယ်ဆိုတဲ့ မိန်းကလေး တစ်ဦး တွေ့ခဲ့တယ်၊ အဲဒီမိန်းကလေးက ဆင်းရဲတယ်၊ အဖေနဲ့ အမေနဲ့ အတူနေတယ်တဲ့၊ အဲ့ဒါ – သူ့သဘောနဲ့သူ ကျောက်ကပ်လှူပါမယ်လို့ပြောတော့ ဒေါ်မြင့်မော်တို့မှာ သိပ်ပြီးဝမ်းသာသွားခဲ့ကြတယ်၊ အဲဒါ – ဒေါ်မြင့်မော်တို့က ကောင်မလေးရဲ့မိဘတွေ တစ်သက်စားသောက်စရိတ် ထောက်ပံ့ပေးမယ်၊ အဲဒီကောင်မလေးကိုလည်း ရှိတဲ့ပစ္စည်းထဲက ခွဲဝေပေးပြီး အမွေစားအမွေခံနဲ့ မွေးစားမယ်လို့ ပြောခဲ့တာ၊ အဲဒါ – နိုင်ငံခြားသွားမယ်လည်းလုပ်ရော ကောင်မလေးက ကျောက်ကပ် မလှူတော့ဘူးတဲ့၊



အဲဒီမှာ အခက်အခဲတွေ့နေတဲ့အချိန် ထင်မှတ်မထားဘဲ ဒေါ်မြင့်မော်အိမ်မှာ ဆွမ်းဆန်အလှူခံရင်း ကျုပ် ရောက်သွားတော့ ဒေါ်မြင့်မော်က အစအဆုံး ပြောပြတာ၊ ကျုပ်က နင်းဆီအတွက် ကျောက်ကပ်လှူမယ်။ ဒါပေမဲ့ – ကျုပ် တောင်းဆိုတာက တစ်ခုတည်း၊ မယ်တော်ကြီးရဲ့နှလုံးရောဂါကို ကုပေးရမယ်၊

အဲဒါပဲ အမိကလိုချင်တာ ...၊

အဲဒါကြောင့် – ကျုပ်က ဒေါ်မြင့်မော်ကို ခရေစေ့တွင်းကျ ပြောပြနေမိတာ၊

ကျုပ်ရဲ့စေတနာနဲ့ ပေးဆပ်မယ့် ကျောက်ကပ်အလှူကြောင့် ... ရတော့မည်မို့ ဝမ်းသာအယ်လဲဖြစ်နေတဲ့ ဒေါ်မြင့်မော်ရဲ့မျက်နှာကို တွေ့လိုက်ရတယ်၊

"ဆရာ – ဆရာလေး – တ – တကယ်ပြောနေတာ ပြောနေတာနော်"

အထစ်ထစ် အငေါ့ငေါ့ပြောနေတဲ့ ဒေါ်မြင့်မော်၊ မေးနေတဲ့ ဒေါ်မြင့်မော် ကျုပ်အသာအရာပဲ ခေါင်းညိတ်ပြတဲ့အချိန် ဒေါ်မြင့်မော်က ကျုပ်ကို လက်အုပ်ချီရင်း ပြောမပြနိုင်အောင် ကျေနပ်နေတဲ့ပုံပါပဲ၊

"သမီး – သမီးကြီးရေ – ဒီ – ဒီကိုလာဦး၊ သမီးငယ်ရော ဆင်းခဲ့ကြစမ်း"

ဒေါ်မြင့်မော်က တိုက်အပေါ်ထပ်ကိုကြည့်ရင်း ပြော အပြီး မကြာပါဘူး၊ နင်းဆီနဲ့ ညီမငယ် ခတ္တာတို့ အပြေးဆင်းလာခဲ့ကြတယ်၊

"ဘာလဲ – မေမေ"

ခတ္တာက မေးတယ်၊ နင်းဆီမှာတော့ ခပ်မှိုင်မှိုင်နဲ့ ဘာစကားမှ မဆိုနိုင်တဲ့အထိ ခံစားနေရတဲ့ဝေဒနာအတွက် သောကဖြစ်နေတဲ့ပုံ၊ ဒေါ်မြင့်မော်က ကျုပ်ကိုကြည့်ရင်း ပြောနေတယ်၊ ကျုပ်က လိုအပ်တဲ့ ကျောက်ကပ်လှူမယ့် အကြောင်း၊

"အဲဒါ – ဆရာလေးက သမီးအတွက် ကျောက်ကပ်ကို လှူမယ်တဲ့၊ ဒီတစ်ခါတော့ ..."

www.burmeseclassic.com

"စိတ်ချပါ – ဒေါ်မြင့်မော်၊ ဆရာလေးက သာသနာ့ဝန်ထမ်း၊ ဘုရားရဲ့ သမီးတော်တစ်ပါးပါ၊ ဆရာလေးရဲ့ ဘဝတစ်ခုလုံး ဘုရားရှင်ထံရှေ့မှာ ပေးဆပ်ပြီးသားပါ၊ ဒီတော့ – ကျောက်ကပ်မှမဟုတ်ပါဘူး၊ လိုအပ်တာမှန်သမျှ ပေးလှူပါ့မယ်"

"ဟင် – တ – တကယ်"

"ဝမ်း – ဝမ်းသာလိုက်တာ"

နင်းဆီတို့ညီအစ်မနှစ်ဦးက ကြမ်းပြင်ပေါ်မှာ ပျပ်ပျပ်ဝပ်ဝပ်ထိုင်ရင်းကန်တော့ကြတော့ သူတို့ပီတိတွေကို ကျုပ် နားလည်သွားတယ်၊ ကျုပ် သူတို့ဝမ်းသာနေတာကိုကြည့်ရင်း ပြုံးနေမိတဲ့အချိန် မယ်တော်ကြီးကို ဖျပ်ခနဲ သတိရသွားတယ်၊ ကျုပ် – ဘာမဆို မွေးကျေးဇူး၊ ကျွေးကျေးဇူးတွေရှိနေတဲ့ ကြွေးဟောင်းကို ဆပ်ရလိမ့်မယ်၊ ညီမလေးမြသစ် ပစ်ပယ်ထားရင်လည်း ထားတော့၊ ကြွေးဟောင်းတွေကိုတော့ ပေးဆပ်ရလိမ့်မယ်လေ ...၊

လောကမှာ အလကားလူ၊ မယားလူ၊ အများလူ၊ ဘုရားလူဆိုတဲ့ လူလေးမျိုးထဲမှာ ဘုရားလူပဲ ဖြစ်ချင်ခဲ့တဲ့ကျုပ်၊ ဒါကြောင့်လည်း သီလရှင်ဝတ်ရင်း ကောင်းမှုတွေကို မိဘတွေကို အမျှဝေနေခဲ့တဲ့ကျုပ်၊ ဒီပေးဆပ်မှုတွေက ကြီးမားတဲ့မိဘကျေးဇူးတွေထဲက အပ်တစ်ပေါက်စာပဲ ရှိသေးတာ၊ အခု – ကျုပ် ဝမ်းတွင်းကလီစာတစ်ခုကို အခြားသူအတွက် ပေးဆပ်ရင်းနဲ့ မယ်တော် ရောဂါအတွက် ပေးဆပ်မယ်၊ အဲသလို ပေးဆပ်ခဲ့ရင် အမေ့ဘဝ နောင်ရေး အတွက်ပါ အလုပ်အကျွေးပြုရာ ရောက်မည်ဆိုတော့ ကျုပ် ပေးဆပ်ရကျိုး နပ်မှာတော့အမှန်၊

"အဲဒါ – မေမေတို့က ဆရာလေးရဲ့မယ်တော်ကြီးဖြစ်နေတဲ့ နှလုံးရောဂါ ကိုကုပေးရမယ်၊ ပြီးတော့ – ဆရာလေးရဲ့မယ်တော့်ဘဝ နေဝင်ချိန်ရောက်တဲ့ အထိ အားလုံး ဂရုလေသေးမရှိအောင်"

"အို – မေမေတလည်း ဒီတစ်ဘဝတင်မကဘူး၊ ဆယ်ဘဝအထိ တာဝန်ယူပါ့မယ်"

နင်းဆီက မပြောဘဲ ခေတ္တာကပြောတာကို ပြုံးရင်း နားထောင်ပြီးမှ ပြောလာတယ်၊

"ဟုတ်ပါတယ် – မေမေ၊ ဒီဘဝအတွက်တင် မကပါဘူး၊ ဖြစ်ရာဘဝတိုင်း ပြန်ဆုံကြမယ်ဆိုရင်လည်း အလုပ်အကျွေးပြုပါ့မယ်၊ စိတ်ချပါ – ဆရာလေး – အားလုံး – စိတ်ချပါ"

နင်းဆီက လက်အုပ်ချီရင်း ဒေါ်မြင့်မော်ကို ပြောရာကနေ ကျုပ်ဆီကြည့်ရင်း ပြောနေတဲ့အချိန်၊ နင်းဆီရဲ့အေးစက်နေတဲ့ လက်အစုံကို ကိုင်ရင်း ကျေနပ်မိတယ်၊ သေအံ့မူးမူးလူရဲ့အသက်ကိုကယ်ရတဲ့ပီတိရော၊ မွေးမိခင် မယ်တော့်ဘဝအတွက် စိတ်ချရပြီဆိုတဲ့ ဝမ်းသာမှုနဲ့ ပေးဆပ်လိုက်ရမှုပါ ရောပြွန်းနေတဲ့ ကျုပ်ရဲ့နှလုံးသားထဲမှာတော့ ငြိမ်းအေးမှုအရသာတွေက စာဖွဲ့လို့ မကုန်နိုင်တော့ဘူးလေ ...၊

BURMESE CLASSIC

အတော်ကြာအောင် ပြောခဲ့ကြပြီး လုပ်စရာရှိတာလုပ်ဖို့မှာပြီး တောင်ပေါ်ပြန်ကြွလာခဲ့တဲ့ကျုပ်၊ ဒေါ်မြင့်မော်တို့ကတော့ သူ့သမီးကြီးအတွက် နိုင်ငံခြားသွားပြီး ကျောက်ကပ်အစားထိုး သွားကုကြဖို့ ပြင်ဆင်နေကြဆဲ၊

နောက်ရက်မှာတော့ – ကျုပ် – မယ်တော့်ဆီ ပြန်ခဲ့ပြီး အမေ့နှလုံးရောဂါ ကုပေးမည့်အကြောင်းပြောပြီး ပြန်ခဲ့တယ်၊ မယ်တော်ကတော့ ပြောရှာတယ်၊

"မယ်တော်ကြီးလေ သေရမှာကြောက်လို့ မဟုတ်ဘူး – သိလား၊ ဆရာလေးနဲ့ သမီးငယ်ရယ်၊ မြေးတွေရယ်ကို ချစ်လို့မဝသေးလို့ အသက်ဆက်ရှင်နေချင်သေးမိတာ"

ခပ်ပြုံးပြုံးလေး ပြောနေတဲ့ မယ်တော်ကြီးကိုကြည့်ရင်း ပြုံးရင်းနဲ့ ကြည့်နေမိတာကလည်း ကျုပ်ပဲလေ ...၊

═●━

www.burmeseclassic.com

www.burmeseclassic.com

လောကမှာ အမေဆိုသူတွေရဲ့ဘဝက ခါးသီးမှုတွေနဲ့ ဘယ်လောက်ကြုံခဲ့ကြုံခဲ့၊ သားသမီးတွေအပေါ်ထားတဲ့အချစ်ကတော့ တန်ဖိုးဖြတ်မရဘူး။ လုပ်ရပ်တွေက ဂုဏ်ယူစရာတွေချည်းပဲ။ မွေးကျေးဇူး၊ ကျွေးကျေးဇူးတွေက ဘယ်တော့မှဆပ်လို့မကုန်ဘူး။ ဒီတော့ - ကျုပ် - အခု - ပေးဆပ်လိုက်တဲ့ တုံ့ပြန်ချက်ကရော မြားမြောင်ကျယ်ဝန်းနက်ရှိုင်းပြီး အတိုင်းအတာမသိနိုင်းစရာမရှိတဲ့ကျေးဇူးကို လုံးဝကျေပြီလို့ ကျုပ် ဘယ်တော့မှမထင်ခဲ့ဘူး။ အပ်တစ်ဖျားလောက်ပဲ ဆပ်ခွင့်ရသေးတယ်ဆိုတာလည်း သိတယ်။

တကယ်တော့ - အမေဆိုတာ သူ့ဘဝ၊ သူ့အသွေးအသား၊ သူ့နှလုံးတွေ၊ အသိတွေနဲ့ ရင်းပြီး သားသမီးတွေရဲ့ဘဝကို သာယာချောမွေ့အောင် လမ်းခင်းပေးခဲ့တာကိုသိကြရင် ဘယ်သားသမီးပဲဖြစ်ဖြစ် မွေးမေကျေးဇူးကို ဆပ်သွားကြမှာ အမှန်ပဲ။

အခု - ကျုပ်ဆပ်လိုက်တဲ့ကျေးဇူးက ချွေးတစ်စက်စာပဲ ရှိဦးမှာပါ။ မယ်တော်ကြီးက ကျုပ်အတွက် ချွေးစက်တွေနဲ့ သွေးစက်တွေအများကြီး အရင်းပြုပြီး တည်ဆောက်ပေးခဲ့တာ။ ချွေးတစ်စက်ဖိုးတော့ ကျေပြီလို့ ထင်မိနေပေမယ့် ကျန်ခဲ့တဲ့ချွေးစက်တွေ၊ သွေးစက်တွေအတွက် ဆပ်ပေးချင်သေးတာ၊ တကယ် ...။

တကယ် - ကျုပ်တွေးရင်း မကျေမနပ်ဖြစ်နေဆဲ။

— ● —

နိုင်ငံခြားသွားရတော့မယ်အလုပ် ကျုပ် ရွာပြန်ပြီး ဒကာမကြီးဆီ သွားတွေ့တယ်။ ခရီးထွက်ရတော့မယ်ဆိုတော့ မယ်တော်ကြီးအတွက် နေရေးစာရေးကို စီစဉ်ပေးရတယ်။ ဟုတ်တယ်လေ - ဒေါ်မြင့်မော်တို့က မယ်တော်ကြီးအတွက် လိုလေသေးမရှိအောင် ပေးလိုက်တာ"

"သိပ်ပြီးမကြာပါဘူး - ဒကာမကြီး။ မကြာခင် - ဆရာလေးပြန်လာမှာပါ။ အခု - အားလုံး စီစဉ်ပေးခဲ့မယ်။ ဆရာလေး ပြန်လာတော့မှ ထပ်ပြီး စီစဉ်ကြတာပေါ့"



"ဆရာလေးက ဘယ်သွားမှာလဲ၊ ဘယ်လောက်ကြာမှာလဲ - ဆရာလေး"

တုန်ယင်စွာမေးလာတဲ့ မယ်တော်ကြီးရဲ့အသံက ကျုပ်ရင်ထဲ နွေးထွေးသွားတယ်။ ကျုပ်က မယ်တော်ကြီးရဲ့ လက်အစုံကို ဒကြင်နာစွာဆုပ်ကိုင်လို့ အမြတ်နိုးဆုံး ကြည့်နေမိတယ်။

"ကိစ္စလေးရှိလို့ပါ - မယ်တော်ကြီးရယ် - နော်။ ဘာမှ စိတ်မပူပါနဲ့ - ဟုတ်လား။ ပျော်ပျော်နေ၊ ပျော်ပျော်စားနေပေါ့။ ဒါမှ - ကျန်းမာရေးကောင်းမှာ။ ဘုရား၊ တရားကို အာရုံပြုပြီး အမြဲနေပါနော်"

မယ်တော်ကြီးက ခေါင်းညိတ်အဖြေပေးတယ်။ လက်ထဲက ပုတီးကိုလည်း စိပ်နေဆဲပဲ။ တစ်နေ့လုံး၊ တစ်ညလုံး စကားတွေ ဖောင်ဖွဲ့နေပေမယ့် မြသစ်ကတော့ ပြေးပြေးလွှားလွှားနဲ့ တစ်ခေါက်ပဲရောက်လာ၊ ပြီးတော့ အပြေးပြန်သွား။ သြော် - လူ့ဘဝဆိုတာ ကိုယ်မွေးတဲ့မီးက ကိုယ့်ကိုပဲ ပြန်လောင်တာကိုး။ သားကျွေးမှု၊ မယားကျွေးမှုတွေနဲ့ ပူပန်ကြရတာကိုး။ ကြွေးသစ်ရှာနေတဲ့လူတွေချည်းပဲ။ ကျွေးဟောင်းကိုတော့ ...။

ကျုပ် - ဆက်မတွေးတော့ဘူး။ နောက်ရက် ပြန်ခဲ့တယ်။ ဒေါ်မြင့်မော်တို့ တိုက်ကိုဝင်၊ နောက်တစ်ရက်အကြာမှာ နိုင်ငံခြားခရီးစဉ်ထွက်ခဲ့ရတဲ့ကျုပ်၊ ကျုပ်ရင်ထဲမှာတော့ လက်ရှိမယ်တော်ကြီးရဲ့ဘဝ၊ နောင်တစ်ချိန် မယ်တော်ကြီးရဲ့ဘဝ မပူမပန် မကြောင့်မကြနေနိုင်ဖို့ ကျုပ်ကျောက်ကပ်ကို ပေးဆပ်လိုက်ရတော့မှာမို့ သိပ်ပြီးပျော်နေမိတာတော့ အမှန်ပဲလေ ...။

"အမေရယ် - အဲဒီထက်ပိုပြီး ဆပ်ခွင့်ရမယ်ဆိုရင် သမီးတစ်ကိုယ်လုံး အရည်ပျော်ပစ်ပြီး ပေးဆပ်ခွင့်ပြုလိုက်ချင်ပါရဲ့ - အမေရယ်"

ကျုပ် - မယ်တော်ကြီးကို အမေ၊ အမေရယ်လို့ အားပါးတရခေါ်ရင်း ရင်ထဲတပဲမှန်တန်တဲ့သစ္စာစကားကို ဟစ်ကြွေးလိုက်မိတဲ့အချိန် ကျုပ်ရင်ထဲမှာ ပေပွါးလန်းဆန်းသွားတယ်လေ ...။

→ ကျွန်းကြီးသား တင်ဝင်းဦး

www.burmeseclassic.com